www.burmeseclassic.com

# မျှား

## နတ်သမီးအတွက်ညလိမ်းခရင်(မ်)



BURMESE CLASSIC .com

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
ဝံ့ပွင့်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

BURMESE CLASSIC .com

# မျိုး

## နတ်သမီးအတွက်ညလိမ်းခရင်(မ်)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၇၄၉၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၀၀၀၀၇၁၁

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ–၀၄၅၀၆) (ချူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း ဗဟန်းမြို့နယ်၊

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ–၀၅၄၁၇) (ရွှေခြေသံပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း တော/နောက်ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

ပုံနှိပ်ခြင်း

ဒုတိယအကြိမ်

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

ဖြန့်ချိရေး

စိုးမိုးစာပေ

ဖုန်း – ၀၁– ၂၉၀၉၉၅

၈၉၅.၈၃

ချူး

နတ်သမီးအတွက်ညလိမ်းခရင်(မ်) / ချူး ။– ရန်ကုန်။ ချူးစာပေ ၊ ၂၀၁၁ ။

၂၉၆ – စ ၊ ၁၈ x ၁၂ စင်တီ။

(၁) နတ်သမီးအတွက်ညလိမ်းခရင်(မ်)

BURMESE CLASSIC .com

## အခန်း (၁)

"ဆရာ ကျွန်မသားလေး ဘယ်လိုအခြေအနေလဲဟင်"

"ဒေါက်တာ"

ခွဲစိတ်ခန်းထဲက ထွက်လာသည့် ဆရာဝန်က ခေါင်းစည်းကို အသာချွတ်၍ စိတ်မသက်မသာဟန်နှင့် အားလုံးကို ဝေ့ကြည့်သည်။

သူ့နောက်မှ ခွဲစိတ်ခန်း ဝင်ကြသည့် ဆရာဝန်တွေ အသီးသီး ထွက်ခွာသွားကြ၏။

လူနာ၏ မိဘများဖြစ်ဟန်တူသူတွေက သူ့ကိုသာ သည်းကြီး မည်းကြီး လုယက်မေးနေကြသောကြောင့် ဆရာဝန်ခမျာ ရှောင်ကွင်း မသွားနိုင်တော့ဘဲ နှစ်သိမ့်ပြုံးတစ်ချက်နှင့်အတူ

"စိတ်မကောင်းစရာပါပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ပြော၍ မျက်နှာက ပြန်လည်ညှိုးမှိုင်းသွားကာ

"ဒေါ်ရာက နှလုံးသားထဲထိ ထိုးဖောက်ခံထားရတဲ့ အတွက်"

"ဗျာ"

"သားလေးရယ်"

ဆရာဝန်လက်မောင်းမှာ ဆုပ်ကိုင်ထားသည့် လက်တစ်ဖက်က လျှောကျသွား၏။ အမျိုးသမီးကြီး မျက်နှာကို လက်ဝါးနှင့် အုပ်၍ ငိုသည်။

"အန်တီ အန်တီ စိတ်ထိန်းပါ အန်တီရယ်"

လူငယ်တစ်ယောက်က လူကြီးနှင့်အမျိုးသမီးကြီးကို ပျာယာခတ်အောင် နှစ်သိမ့်ရှာသည်။

ဆရာဝန် ခေါင်းတစ်ချက်ရမ်း၍ နေရာမှ ထွက်ခွာသွားသည်။

အလောင်းကို ပြေးကြည့်လိုက်တော့ အလောင်းရယ်လို့ ပစ်ရက်စရာမရှိ။

"သား အမလေး ကိုသော်ရယ်၊ သားလေးကို ကြည့်ပါဦး၊ အိပ်နေတဲ့အတိုင်းပဲရှင်"

အမျိုးသမီးကြီး အလောင်းကို ဖက်၍ အလူးအလိမ့် ငိုပြန်သည်။

လူငယ်ကပဲ ကူညီဖေးမ၍ နှစ်သိမ့်နေရသည်။





ဦးမင်းသော် အံကြိတ်၍ အလောင်းကို ငေးစိုက်ကြည့်နေခဲ့၏။ သူ့ရင်ထဲမှာ မထင်မှတ်ဘဲ သေဆုံးသွားခဲ့သော သားဖြစ်သူအတွက် ကြေကွဲနေရသလို သဘက်ခါ မင်္ဂလာဆောင်ရန် အားလုံး ပြင်ဆင်ပြီးနေပြီ ဖြစ်သည့် ကိစ္စအတွက်လည်း ပူပင်လာခဲ့၏။

သား ရုတ်တရက် သေဆုံးသွားခဲ့သဖြင့် မင်္ဂလာပွဲပျက်သွားတာက ဘာမှပြဿနာ မရှိပေမယ့် ဘာဖြစ်လို့ သေသွားတာလဲလို့ မေးလာလျှင် ပြန်ဖြေဖို့ ခက်ပြီ။

လူသာသေ၍ နာမည်တွင်ကျန်ခဲ့သော လူတော်လူကောင်းတို့ ရာဇဝင်မျိုးမဟုတ်ဘဲ သေတာတောင် အပုတ်နံ့ တထောင်းထောင်းနှင့် ကျန်သည့်လူတွေကို ဒုက္ခပေးခဲ့သော အပုတ်ကောင်ကြီးလိုပါလား။

ကိုယ့်သားလေးမို့ ဤသို့ မဖြစ်စေချင်ပါ။

ကရုဏာ၊ ဒေါသနှင့်အံကြိတ် စိတ်တိုမိပေမယ့်လည်း ညစ်နွမ်းသည့် သမိုင်းမတွင်ရစ်အောင် သားအတွက် ဘယ်လိုအဖတ်ဆယ်ရမလဲဆိုတာကို တွေးနေမိခဲ့သည်။

မိခင်ဖြစ်သူ ဒေါ်ဖင်မာကတော့ တက်ချက်သွားတော့ပတတ် ရင်ကွဲအောင် ခံစားငိုကြွေးနေခဲ့ရှာ၏။

ဦးမင်းသော် တစ်ခုခုကို ပြတ်သားမှ ဖြစ်တော့မည်ကို သိသည်။ သို့သော် နာရေးက တစ်ဖက်၊ သာရေးက တစ်ဖက်။



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်တွဲကြည့်မြင်လို့ မရနိုင်သော ဆုံးဖြတ်ချက်ခဲ့သည်။ လူ့ရေးဆောင်တာတို့ကို သူ ယှဉ်ကြည့်ရမည် ဆုံးဖြတ်ရမည်။ အဘယ်ကြောင့်ဆိုသော် ကိုယ့်သားသမီး ဖြစ်နေ၍ ဖြစ်သည်။

နာရေးက နာရေးပဲ ဖြစ်ကာ ပြီးဆုံးသွားခဲ့သည့်အရေးထက် ရှေ့ဆက်ဖို့ကို ဦးစားပေးရတော့မည်။

"ကဲ မင်း ဝမ်းနည်းတာတော့ ဝမ်းနည်းတာပေါ့၊ ဇင်မာ ဒါပေမဲ့ တို့တွေ ငိုနေရုံနဲ့ မပြီးဘူး။ ရှေ့မှာ လုပ်စရာတွေက အများကြီး ရှိသေးတယ်"

"ဟင် ရှင် ဘာပြောလိုက်တယ်"

ဦးမင်းသော်က ဒေါ်ဇင်မာ့လက်ကို ဆွဲ၍ အနားကို ပို၍ တိုးကပ်စေကာ

"ငါတို့သား သေပြီဆိုတာ ဘယ်သူမှမသိခင် ငါတို့ အကောင်းဆုံး အဖြေတစ်ခုကို စဉ်းစားမှဖြစ်မယ်"

ဒေါ်ဇင်မာ ထူပူနေသည့် ခေါင်းထဲမှာ ဘယ်လိုမှ မတွေးခဲ့နိုင်ဘဲ ဦးမင်းသော်ကိုသာ မျက်ရည်စက်လက်နှင့် မော့ကြည့်မိ၏။

တူဖြစ်သူ ကောင်းစံကလည်း အနားမှာ ရပ်နေသည်။

"ဟုတ်တယ် အန်ကယ်၊ ကျွန်တော်လည်း အဲဒါကို ပြောမလို့ လောလောဆယ် စီး သေဆုံးသွားပြီဆိုတာကို လူသိခံလို့ မဖြစ်ဘူး"





"ဟင်"

ဒေါ်ဇင်မာ တူဖြစ်သူကို တအံ့တဩ လှည့်ကြည့်မိပြန်သည်။ ပြီးတော့ သားလေးအလောင်းကို ကြည့်မိ၏။

သူတို့ ဘာတွေပြောနေကြမှန်းမသိ။

ဦးမင်းသော်က ဒေါ်ဇင်မာ နားမလည်တာကို သိနေသည်။ ပြောရမှာ ရှည်ပေမယ့် မပြောလို့ မဖြစ်တာကြောင့် ပြောပြရသည်။

"မင့်သားက နှယ်နှယ်ရရလူ မဟုတ်ဘူး ဇင်မာ၊ ဒုစရိုက်မကောင်းတဲ့ အရောင်းအဝယ်သမားကြီး။ မိတ်အရှိန်အဝါနဲ့ မကောင်းမှုတွေ အများကြီး သူလုပ်နေတာ သူ သေသွားပြီဆိုတဲ့နောက်မှာ ဒီအမှုကို ဖော်ထုတ်လိုက်ကြရင်"

"အဲဒီတော့ တရားခံ မိတာပေါ့ရှင်"

ဦးမင်းသော် စိတ်ပျက်စွာ ခေါင်းခါလိုက်၏။

"ပြဿနာ မီးနိုးကြွက်လျှောက် လိုက်လာရင် တို့စီးပွားပျက်လိမ့်မယ်၊ ပထမအချက်က သူ လုပ်ထားသမျှ အခြေအမြစ်ကို တို့ဖော်ထုတ်ရမယ်၊ နောက်တစ်ချက်က သား မသေဘူးဆိုရင် သူ့ကို အသေသတ်ခဲ့တဲ့ တရားခံက ထပ်ရောက်လာဦးမှာပဲ၊ ဒါဆို အလွယ်တကူ ဖော်ထုတ်နိုင်ပြီပေါ့၊ လောလောဆယ် လုပ်ရမှာက သား မသေဘူးလို့ လူသိခံရမယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ချက်က နောက်ကွယ်ကနေ ရဲနဲ့တိုင်ပင်ပြီး မကောင်းမှုတွေကို ငါတို့ ကြိတ်ဖော်ရမယ်၊ ဒါ သေးနုပ်တဲ့ကိစ္စ မဟုတ်ဘူး ဇင်မာ ရဲကို အသိမပေးလို့ ဖြစ်ကိုမဖြစ်ဘူး။ မင်းသားက လူသတ်ခံရတာ ဘာဖြစ်လို့ အသတ်ခံရတာလဲဆိုတဲ့ မေးခွန်းရဲ့နောက်မှာ ရှုပ်ထွေးလာမှာတွေ အများကြီးပဲ"

"ဒါဆို ကျွန်မတို့က ဘာ ဘာလုပ်ရမှာလဲ"

မေး၍ အင့်ခနဲ ရှိုက်သည်။ မျက်ရည်တို့က သုတ်နေရင်းမှ ကျနေဆဲ။

"လူတစ်ယောက်လုံးကြီး သေသွားတာကို ဖုံးဖိထားလို့ရမလား ကိုသော်ရယ်၊ နာရေးနဲ့ပတ်သက်တာတွေ လုပ်ဖို့ကိုင်ဖို့တွေက ရှိသေးတာ"

"အဲဒါတွေကိုလည်း မသိအောင် လုပ်ရမှာပဲ ဇင်မာ၊ စိတ်တော့ မကောင်းဘူး။ ငါတို့ အားလုံးရဲ့သိက္ခာ၊ စီးပွားရေးတွေ အားလုံးအတွက် မင်း၊ သေလူကိုတော့ လျစ်လျူရှုရလိမ့်မယ်"

ဦးမင်းသော် ဘာပြောတာမှန်း နားမလည်သေးသည့် ကောင်းစံ ကိုယ်တိုင် စိတ်ဝင်စားစွာ ရူးစိုက်နေခဲ့၏။

ဦးမင်းသော်က ဆက်မပြောသေးဘဲ အလောင်း၏ ခေါင်းရင်း နားထိ ကပ်သွားကာ ခြေစုံရပ်လိုက်၏။

ထိုနောက် လွှမ်းခြုံထားသည့် အလောင်းမျက်နှာပေါ်က ပိတ်စ

ဓ၂၂း၈၁၄၀



မြှူကို အသာဆွဲလှန်၍ ငုံမိုးကြည့်နေ၏။

သူသည် နောက်လှည့်မကြည့်ဘဲ ဆက်ပြော၏။

"ဦးစီးနဲ့ခေါင်းဆောင်က အမှာညီအစ်ကို မဟုတ်ဘူးလား"

"ရှင်"

ဒေါ်ဇင်မာ နှုတ်ခမ်းတွေ ပွင့်ဟကန်သည်အထိ အံ့သြသွားခဲ့၏။

■ ■ ■

ဓ၂၂း၀၁၄၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

နှင်းရင်းသီးတွေ လှိုင်လှိုင်ဖြစ်ထွန်းနေချိန်မို့ တစ်ခြံလုံး ခေါင်းကိုက်လောက်အောင် မွှေးကြိုင်နေခဲ့သည်။

နေ့လယ်ခင်းမို့ လေက တဟူးဟူး တိုက်နေသော်လည်း နွေးနေသည်။

မအေးပေမယ့် တစ်ခြံလုံးက သာယာအေးချမ်းနေ၏။

သို့သော် လူသားနှစ်ဦး မျက်နှာချင်းဆိုင်လျက်ရှိသည့် ကြားမှာတော့ အီကွေတာ အလယ်မျဉ်းတစ်ကြောင်း ဖြတ်သန်းထားရှိသလို နွေလယ်မွန်းတည့် အပူတောပမာသာ။

"မဖြစ်နိုင်ဘူး မေမေ၊ ဒါ အကူအညီတစ်ခုဆိုပေမယ့် အတိုင်းအတာ တစ်ခုအနေနဲ့ သတ်မှတ်ကူညီပေးလိုက်လို့ ရတာမျိုး မဟုတ်ဘူး"

"ရပါတယ် သားရယ်၊ အတိုင်းအတာ သတ်မှတ်လိုက်ပါ၊





အဓိကက လောလောဆယ် မင်္ဂလာပွဲမပျက်ဖို့ရယ် အားလုံးရဲ့ဂုဏ်သိက္ခာ မထိနိုက်ဖို့ရယ် ဒါပါပဲ၊ နောက်ကျရင် သားစိတ်ကြိုက် ဆုံးဖြတ်ပါ"

"မဟုတ်တာ မေမေ ဒါ အိမ်ထောင်ရေး"

ခေါင်းဆောင် သစ်ပင်အောက်မှာရပ်ရင်း တစ်ဖက်လှည့်ပစ်လိုက်၏။

ဒေါ်ဖင်မာက သူ့မျက်နှာရှေ့သို့ လိုက်ရပ်၍

"သား ပြောတာတွေ မှန်ပါတယ် သားရယ်၊ ဒါပေမဲ့ နောက်ဆုံး သားဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရမယ်လို့ မေမေတို့ ကတိပေးတာပါ၊ မင်္ဂလာပွဲကိုတော့ သားအစ်ကိုရဲ့ကိုယ်စား ခဏဝင်ပြီး သရုပ်ဆောင်ပေးပါ"

"ကျွတ်"

သူ ဒေါ်ဖင်မာကို ကျောခိုင်းရပ်လိုက်ပြန်၏။

ကော်ဖီရောင် ဘောင်းဘီရှည်အပွ အဖြူရောင် စွပ်ကျယ်ဂျိုင်းပြတ်နှင့် မြင့်မားကျစ်လျစ်သော ကိုယ်ဟန်သည် လက်ချောင်းများမှစ၍ လက်ဖျံ ရင်အုပ်တို့ထိ ကြမ်းရှသော အမွှေးအမျှင်တို့ ဖုံးအုပ်နေတာကလွဲလျှင် အားလုံး ဦးစီးနဲ့ ချွတ်စွတ် တူနေသူ။

ရှေ့က ဘေးက တစောင်း ဘယ်လိုပဲကြည့်ကြည့် ဦးစီးလို့ ဖြူနုမနေဘဲ အသားရောင် အနည်းငယ် ညစ်နေသည်သာ သေချာကြည့်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ကွဲလိမ့်မည်။

မျက်လုံး၊ မျက်နှာ၊ နှာတံ စကားသံကအစ တူသည်သာ။

သားကြီးနှဲ့သားငယ်ကို ဆယ့်ငါးမိနစ်ပဲခြား၍ မွေးဖွားခဲ့သည်။

အဖေဖြစ်သူ ဦးမောင်မောင်လွင်သည်လည်း တက္ကသိုလ်မှာ ကထိကလည်းက အနုပညာအသင်းမှာ ခေါင်းဆောင် သီချင်းရေး၊ သီချင်းဆို အကုန်ရသည်။ ရုပ်ကလည်း ဖြူဖြူသွယ်သွယ်နှင့် လှချောဖြစ်၏။

ဒေါ်ဇင်မာနှင့် မိဘသဘောတူ၍ လက်ထပ်ကြတော့ ဦးမောင်မောင်လွင်မှာ ချစ်သူ ရှိနေခဲ့၏။ အခြေအနေက ဦးမောင်မောင်လွင်သည် သာမန်လူတန်းစားက လာတာဖြစ်၍ ဒေါ်ဇင်မာတို့က ချမ်းသာသည်။

ရိုးသားကြိုးစား၍ ချောမောသော ဦးမောင်မောင်လွင်ကို မိဘချင်း ကျေနပ်ကြည်ဖြူသဖြင့် ပေးစားခဲ့ကြတာ ဖြစ်ပေမယ့် ဦးမောင်မောင်လွင်က မကြင်နာသလို အကြင်နာကိုမရ၍ မကျေနပ်နေသည့် ဒေါ်ဇင်မာထံမှ မောက်မာမှုကလည်း တဘက်သား သည်းခံနိုင်ဖွယ်မရှိ။

ဦးမောင်မောင်လွင်က အသည်းကို အရက်နဲ့စိမ်သည်။

ဒေါ်ဇင်မာက ရွဲ့၏။

"မဖြစ်တော့ဘူး မဇင်မာ၊ မင်းနဲ့ငါ လမ်းခွဲဖို့ သင့်နေပြီ"

"ဟုတ်လား လုပ်လိုက်လေ၊ ဇင်မာကလည်း အဲဒီအပြောကို စောင့်နေတာပါ"

လင်မယား ကွဲပုံက ညင်သာစွာ ပေါက်ကွဲခဲ့ခြင်းသာ။ ဒေါ်ဇင်





မာ အစက သားတွေကို ဖက်ထားသော်လည်း ဦးမောင်မောင်လွင်ကလည်း အရှုံးမပေးသောကြောင့် တစ်ယောက်စီ ခေါ်မည် ဖြစ်သွားသည်။

သားကြီး သူ့မလက်ထဲမှာ ကျန်ခဲ့ကာ သားငယ်ကို ဦးမောင်မောင်လွင် ခေါ်သွားခဲ့ပြီး ထိုစဉ်က ကလေးတွေပင် ငါးတန်းကျောင်းသားလေးတွေ ဖြစ်နေခဲ့ပြီ။

ဒေါ်ဇင်မာ ဦးမောင်မောင်လွင်နဲ့ လမ်းခွဲခဲ့ပေမယ့် ခြေလှမ်းမမှားအောင် နေခဲ့သည်။ ဦးမင်းသော်နဲ့ လက်ထပ်လိုက်သည့်အချိန်တွင် ဦးမောင်မောင်လွင် ဆုံးခဲ့ပြီ ဖြစ်၏။

"သားကို ကျွန်မ ပြန်ခေါ်ပါရစေ ဒေါ်ဒေါ်၊ ဟိုမှာ မိသားစုစုံစုံလင်လင် နေချင်လို့ပါ"

ကလေးကို ဖက်ထားသည့် ဦးမောင်မောင်လွင်၏ အဒေါ်ရင်း ဒေါ်လှရှင်က ခါးခါးသီးသီးပါ။

"မိသားစုလို့ မပြောပါနဲ့အေ၊ ငါကလည်း အမေအရင်း မဟုတ်ပေမယ့် ပထွေးထက်တော့ သားကို ချစ်နိုင်ပါတယ်၊ သားယောက်ျားလေးဟာ ပထွေးနဲ့ ဘဝမပျက်နိုင်ဘူးဆိုပေမယ့် ထောင်ဒဏ်ကျနိုင်တာပဲ၊ ဒီကြားထဲ တစ်ယောက်က နှစ်ယောက် ဖြစ်လာရင် ပြဿနာပိုရှုပ်ဦးမယ်၊ ခေါ်မသွားပါနဲ့ ငါ့ဆီမှာ ညည်း ဘာမှ စိတ်မချစရာ မရှိဘူး၊ ညည်းတို့လောက် မချမ်းသာပေမယ့် ငါ့မြေးကို ငါ တင့်တင့်တယ်တယ် မွေးနိုင်ပါတယ်"

www.burmeseclassic.com



ဒေါ်လှရှင်က အပြောပြတ်သလောက် စည်းကမ်းရှိသည်။ တိကျ သည်။ ဦးမောင်မောင်လွင်ကို ဒီအချိန်ထိ လူတော် လူကောင်းတစ်ယောက် ဖြစ်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့သူလည်း ဖြစ်၏။ နောက်ဆုံးတော့ သားငယ်ဟာ ဒေါ်လှရှင် လက်ထဲမှာပဲ ကြီးပြင်းခဲ့ရသည်။

နောက်ပိုင်းမှာ ကလေးနဲ့သူ တစ်မြို့တစ်ရွာ ပြောင်းသွားကြပြီ ဆိုတာသာ သိသည်။ ဘယ်မှာမှန်း မသိ။

သားငယ်ကို ပြန်တွေ့ခဲ့ရတာ သိပ်မကြာသေးပါ။ အစိမ်းရောင် အမိုးဖွင့် ဂျစ်ကားလေးနှင့် မော်တီဈေးရှေ့မှာ တွေ့တာ ဖြစ်သည်။ သိရသည်က ဒေါ်လှရှင်လည်း ဆုံးသွားပြီ ဟု။

''သား မေမေ့ဆီ ပြန်ခဲ့ပါလားဟင်၊ သားလေး ဖြစ်ရဲ့လား''

ဟု မေးတော့ ခေါင်းဆောင်က ပြုံးသည်။

ထိုစဉ်က သား၏အပြုံးမှာ နာကျည်းရိပ်တွေ စွန်းထင်းနေခဲ့ သည်ဟု ဒေါ်ဇင်မာ သံသယစိတ်လေးနှင့် ထိတ်လန့်ခဲ့ရဖူးသည်။

''မေမေ နောက်အိမ်ထောင်ပြုလိုက်တာကို နာကျည်းနေသလား သားရယ်၊ မေမေ့မှာ ဟိုတုန်းကတည်းက ချစ်သူ မရှိခဲ့ပါဘူး၊ သားရဲ့ ဖေဖေက မကြင်နာလို့ အဆင်မပြေခဲ့ရာက သူနဲ့ ဆုံခဲ့ကြတာပါ၊ ဒါတောင် သားတို့ဖေဖေ ဆုံးမှ မေမေ သူ့ကို လက်ထပ်ခဲ့တာပါကွယ်၊ သူ သူလေ သားရဲ့ ကိုကိုကို သိပ်ချစ်တာ မေမေနဲ့ သူနဲ့ သားသမီးမှ မရခဲ့တာပဲ

ဗျူး၁၁၆ပ



သားရယ်၊ သူဟာ မင်းရဲ့ ကိုကိုကို သိပ်ချစ်ခဲ့တာပါ၊ မင်းကိုလည်း သူ ချစ်မှာပဲ မေမေ ယုံတယ်''

ထို စကားများကို ရင်ဟွင်းမှာပဲ ပြောဖြစ်ခဲ့သည်။

သားငယ်ကို ဖွင့်ဟမပြောဖြစ်ခဲ့ပါ။

ဦးစိုးနဲ့ခေါင်းဆောင် သားနှစ်ယောက်ဟာ အမွှာဖြစ်သော်လည်း ခေါင်းဆောင်ချင်ကြသည့်စိတ်တွေ တူညီစွာ ရှိကြတာ မှန်ပေမယ့် ကွဲပြား မှုတွေ ရှိနေခဲ့သည်။

ဦးစိုးက နာမည်နှင့်လိုက်အောင် စီးပွားရေးမှာ ထိပ်ဆုံးကပြေး ခဲ့သည်။ ဦးစိုး နာမည်ကို မည်သူမှ မသိသူမရှိအောင် ရေပန်းစားခဲ့၏။

ဒါကို ဦးစိုးကလည်း ကျေနပ်သည်။ ရုပ်ကချော၍ နာမည်ကျော် တော့ မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်နေခဲ့၏။

ဒါကိုလည်း သူ ကျေနပ်နေခဲ့သည်လား။

တပည့်တပန်းများနှင့် အောင်မြင်ကျော်ကြားမှုမှာ သားကြီးက ပျော်မွေ့ခဲ့၏။

သားငယ်ကို တွေ့လိုက်ရတော့ အတွင်းခံ စပို့ရှပ်အဖြူမှာ ပုံမလှ၊ တန်ဖိုးနည်းသော ဂျင်းမွမွအရှည်ကြီးနှင့် ဆံပင်တွေကလည်း ဂုတ်အောက်ကျော်နေပြီ။ သားကြီးမှာ စိမ်းမြလှပနေသည့် ပါးသိုင်းမွေး ရာများကြောင့် ဗိုမိုတင့်တယ်နေရသလောက် သူ့မှာတော့ မုတ်ဆိတ်

ဗျူး၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဘိုမှားနှင့် ရုပ်ကြွမ်းနေတယ်။

တမည့်တမန်များကို ခေါင်းဆောင်ကြတာချင်း တူမမယ့် သားကြီးမှာ သားရေးအညီဝိမ္ဘရှိကာ သားယေမှာပေတော့ မကာသေ မပါပေ။

ထိုကြောင့် ဦးစီးက ဦးစီးပဲဖြစ်ကာ ခေါင်းဆောင်ကလည်း ခေါင်းဆောင်ပဲ ဖြစ်သည်။

နှစ်ယောက်မှာ တူညီတာ မရှိ။

"ဝအေးဝအေးဆေးဆေးပဲ ဖြစ်ပါ၊ မေမေ မဖြစ်နိုင်တာကို ဖြစ်အောင် လုပ်နေတာက ပိုမင်မနိုးပါတယ်"

ပြောနေရင်း ခေါင်းဆောင်က ခပ်နွဲ့နွဲ့ မီးဆောက်ကာ အစပေးကို စပေးလျက်

"မေမေ ပြောခဲ့မှုတယ်၊ မင်း မေမေနဲ့မေမေ လမ်းခွဲရတဲ့ အကြောင်းရင်းမှာ မေမေ လွှန်တာ၊ နေနေ သူ အိမ်ထောင်သစ် ထူသွားလည်း၊ သူမှန်တယ် မေမေလွှန်နေတာပဲတဲ့ ဒါပေမဲ့"

ခေါင်းဆောင်ရဲ့ မျက်ကြည့်မှာ ခေါင်းမော့ ဖြစ်ရောက်နေတယ်။

"မေမေ ပြောသွားတာ ရှိသေးတယ်၊ သူတို့ ကွဲသွားတာက ဘယ်တော့မှ မဆုံသင့်တဲ့ မျဉ်းပြိုင်နှစ်ကြောင်းတဲ့၊ သားကြီးကို မေမေ ဆုံမဆုံခဲ့တာ အဲဒါကြောင့်ပဲ၊ မင်း သူတို့နဲ့ ရောနှောပြီ ကြိုးစားရင်



မင်မနိုးမှာပဲတဲ့"

"မဟုတ်တာပဲ သားရယ်၊ မိအေနှစ်ပါးက သဘောတူထားချင်း မတိုက်ဆိုင်ရှိ ကွဲကြတဲ့ဟာ၊ သားတို့ တာဆိုင်ရှိလဲ၊ အရက သားစေကို မေမေမှတ်သားဆိုပြီး မေမေ ပြောလေ့ရှိတာပါ၊ သားသော တကျွန်မယ်ဆိုရင် တကယ် အတည့်ပဲ လက်ထပ်ယူလိုက်ရုံ"

"ဟာ အဓိပ္ပါယ်မရှိတာ လုံးဝ ဆောရီး မေမေ၊ အဲ့ဒါ ဆက်မပြောပါနဲ့"

သူ ခါးခါးသီးသီး ဖြစ်သွားတာကို ကြည့်ကာ ခေါင်းမော မျက်နှာမကောင်းနိုင်။

"မပြောတော့ဘူး သား၊ ဒါပေမဲ့ သား လက်ခံသောကောင်မလေးမှာကော ပြောစရာတွေ ရှိသေးတယ်၊ နားထောင်ပါဦး သားရယ်"

ခေါင်းမော့က ဦးစီးနဲ့ မတော်သက်သောအကြောင်းအရာ တချို့ကို သေချာပြောပြီး ခေါင်းဆောင်က နားထောင်နေကာ ဆူဝဲသော မျက်နှာက တဖြည်းဖြည်း တွန့်ချိုးသွားကြပြီး

"ကိုကိုက အဲ့ဒါတွေ လုပ်နေတာကို မေမေတို့ သိရက်နဲ့ မတားဘူးလား"

"တားပါတယ် သားရယ်၊ ကိုယ်အသိနဲ့ဆို ဆုံးမပြီ ကြိုးစားပါပေ ဖြစ်ကြသေးတာ၊ ခုဆိုနောက်မှာ အပေါင်းအသင်းတွေကများ ငွေရှိမှ မိတ်အားရန်နဲ့ ဘယ်နှယ်တာစဉ် ဆောင်သွားတာ ဒီတာမှာ ပြောနိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ အစက ဒီလောက် ကြီးပွားနေတာ ဟုတ်ရဲ့လားလို့ တွေးမိသေးတယ်၊ နောက်ပိုင်းကျမှ သူ ပေါင်းတဲ့လူတွေကို ကြည့်ပြီး သိလာရတာ ဒါပေမဲ့ သားလေးက မေမေ့ကိုတော့ ချစ်ရှာတယ်၊ သူ့ငွေတွေ မေမေ့ကို အပ်ခဲ့တာ''

ဒေါ်ဖင်မာ ပြောနေရင်း မျက်ရည်ကျ၏။

ကိုကို့ သတင်းကြားရတော့ ခေါင်းဆောင် မျက်ဝန်းမှာလည်း မျက်ရည်ကြည်တွေ ဝေ့လို့ပါ။

အံတစ်ချက် ကြိတ်ကာ မေမေ့ကိုလည်း မကြည့်ဘဲ မျက်နှာလွှဲထားမိ၏။

''သားငယ်က ဒီကိစ္စကို လက်ခံမယ်ဆိုရင် ဒဏ်ရာကြောင့် ဘာမှမလုပ်နိုင်တော့ဘူးဆိုပြီး ခုလိုပဲ အပန်းဖြေသလိုလိုနဲ့ ခြံထဲမှာ နေလို့ ရတယ်၊ သားကြီးကိစ္စတွေလည်း အုတ်အော်သောင်းနင်း ဖြစ်မကျ အောင် မင်္ဂလာပွဲကို သားက သားကိုကို့ရဲ့ ကိုယ်စား ဝင်ပေးဖို့ပဲ''

ခေါင်းဆောင် မျက်နှာက ထပ်၍ ပျက်ကျစရာ မရှိတော့အောင် တွန့်မဲ့ ညိုမှောင်နေ၏။

''ဒီကိစ္စက မေမေပြောသလို မလွယ်ဘူး မေမေ၊ သားက ဝင်သရုပ်ဆောင်တာ လွယ်တယ်၊ ကိုကို့ကို သဘောကျလို့ လက်ခံခဲ့တဲ့ သူကို ကျွန်တော်က ညာယူသလို ဖြစ်နေမယ်၊ ခဏလေး လက်ထပ်ပြီး ကျွန်တော် နောက်ပြန်ဆုတ်ဖို့ ဆိုတာကျတော့ကော အဲ့ဒီ မိန်းမ ဘာဖြစ်

ဗျူး၈၁၄၀



သွားမလဲ''

''သူက သားကြီးကို မြင်ဖူးတာပဲ ရှိတာ၊ မရင်းနှီးကြပါဘူး၊ သားကြီးက မြတ်နိုးလို့သာ လက်ထပ်ဖို့ စွတ်လုပ်ခဲ့တာ မိန်းကလေး နာမည်က ထင်ထင်ရှား''

''ဘယ်လို''

ဒေါ်ဖင်မာက လက်ပွေ့အိတ်ထဲမှ ထည့်ယူလာသည့် ဖိတ်စာကို ထုတ်ပေးလိုက်၏။

ထင်ထင်ရှားဆိုသော နာမည်ကို ဘေးက ဘွဲ့များနှင့် တွဲဖက်၍ စိတ်ညစ်ခြင်းက ပို၍ ကြီးထွားသွားခဲ့၏။

''မိန်းကလေးက ဘွဲ့နှစ်ခု ရနေပြီးသား၊ မိဘမျိုးရိုးမြင့်တယ်၊ မာနကြီးတယ်၊ ဒါပေမဲ့ မိဘကို ရိုသေတဲ့သူ၊ ဒါကြောင့် လူကြီးချင်း သဘောတူတာကို ခေါင်းညိတ်ခဲ့တာပေါ့''

''အဲဒါ ကိုကို့ကို လက်ခံခဲ့တာ မေမေ၊ ကျွန်တော် လိမ်ပြာမသန့်ဘူး၊ ပြီးတော့ ကိုကို့ အသိုင်းအဝိုင်းနဲ့ လုပ်ငန်းတွေ၊ အဲဒါတွေ ပတ်သက်လာဦးမှာ''

''ဒါတွေကို ကိုသော် ရှင်းသွားမှာပါ ကိုသော် ကိုယ်တိုင်က သားကြီး နာမည်ပျက်သွားမှာကို စိုးရိမ်ပြီး သားငယ်ဆီကို အကူအညီ တောင်းဖို့ လွှတ်လိုက်တာ လက်ခံပေးပါ သားရယ် နော်''

■ ■ ■

ဗျူး၈၁၄၀

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

"ကဲ ကဲ သားတို့သမီးတို့လည်း နားကြတော့၊ လက်ဖွဲ့တွေက အားလုံးအေးအေးဆေးဆေးမှ ဖောက်ကြမယ်။ မနက်ခရာ ညခရာ ဧည့်ခံပွဲတွေ လုပ်ရတော့ ပင်ပန်းနေကြပြီ"

"ဟုတ်တယ် သား၊ သမီးက ပင်ပန်းနေပြီ သွားနားလိုက်တော့ နော်၊ ရော့ သမီးပါ လက်ဖွဲ့တွေ ယူသွားဦး"

နှစ်ဖက်မိဘတို့၏ လက်ဖွဲ့တွေနှင့် သူတို့နှစ်ယောက် အိမ်ထောင် ရေးအတွက် လိုအပ်ချက်တွေက ပြည့်စုံသလောက် ဖြစ်နေပါပြီ။

ဦးစီးအဖြစ် ရပ်တည်ပံ့ရသည့် ခေါင်းဆောင်ရင်ထဲမှာ ဟန် ဆောင်ထားရသည့်ကိုလား၊ ထင်ထင်ရှား၊ ထိုသော မိန်းကလေးတစ် ယောက်၏ မျက်နှာပေါ်က အေးစက်စက် ပြုံးလွှာကြောင့်လား၊ မသိ။ တင်းကြပ်အနေခက်နေသည်မှာ ဘယ်သူ့ကြောင့်လည်း၊ စကားမဆိုဖြစ်။





မေမေက တစ်ခုခုအတွက် စိုးရိမ်ပူပန်နေသလို တစ်စုံတစ်ရာ မပြောချင်သည့် အကြည့်နှင့် လှမ်းလှမ်းကြည့်နေတာကိုလည်း၊ မသိချင် ယောင် ဆောင်နေခဲ့၏။

သူ သိနေသည်။

"သားရယ် ပြုံးပြုံးရယ်ရယ်ကလေး နေမှပေါ့"

"သူများ သတိထားမိကုန်ပါ့မယ်ကွယ်"

မေမေ့ဖြင့် တိုးတိုးကပ်ကြိတ်၍ သတိပေးတာတွေ သူကြားရ မည်သာ။ ထို့ကြောင့် မသိနိုင် မကြားနိုင်အောင် မေမေ့ကို မကြည့်မိ အောင် နေသည်။ မဖြစ်သာ၍ ပြုံးပြရသည်မှလွဲလျှင် အာစကားမှ မဆိုဖြစ်။

"သား၊ မင်း နည်းနည်းတော့ ဟန်ဆောင်ပေးရမှ ရှိမှ ဖြစ် မယ်ကွ၊ ဟော ဟိုမှာ ကားပါကင် ထိုးနေကြတဲ့ အပျော်ဆင်းလာကြရင် ဟန်မပျက်စေနဲ့ အိမ်ထဲက ခေါင်းဆောင်က ပါရာမက်ဆင်လို့ သူ့ကိုယ်သူ နားမလည်ပေမဲ့ တိုက်ရှုံးနေတဲ့ တကယ့် ဟိုက်စတာစ်ပဲ၊ လောလောဆယ် သူ တာအာလုပ်မှ မလုပ်ရသေးတာ၊ သားကြီးနဲ့ လက်တွဲပြီး အရောင်း အဝယ်တစ်ခုမှာ ရပ်နိုင်ပါ့ဝင်မို့ ကြိုးစားနေတာ သူ့ကို မရွတာ မက်ဆင် လို့ ခေါ်ကြတယ်"

မင်္ဂလာပွဲထဲမှာ ဦးမင်းအောင်လည်း၊ လိုအပ်လျှင် လိုရင်းသလို



www.burmeseclassic.com

www.burmeseclassic.com



ကပ်ပြောနေတတ်၏။ ထိုအခါ သူ့နားထဲမှာ သားဆိုသည့် ခေါ်သံ၏ နောက်မှ ကပ်ပါလာသ၍ ဘာစကားကိုမှ ဂရုတစိုက် မရှိခဲ့တော့ဘဲ သားဟု ခေါ်သံမှာ မနှစ်မြို့ခြင်းတွေ စုပြုံဖြစ်တည်နေခဲ့သည်။

ကိုကိုနိုင်ယာရီကို ဖတ်ပြီးတဲ့သူချင်း ဒါလောက်တော့ သူ သိသည်။ ပြောစရာ မလိုဘဲပြော၍ သားဟုခေါ်ကာ တမင်အသားယူတာဟု မြင်မိသည်။ နဂိုကတည်းက သူက လွတ်လပ်မှုကို မြတ်နိုးခဲ့သူ။

ဦးစီးဆိုသည့် ကိုကိုအကြောင်းကို ဘာမှ ဂဃဏန မသိဘဲနှင့် ဦးစီး အဖြစ်ရှိနေရပေမယ့် စိုးရိမ်စိတ်လည်း မရှိခဲ့ပါ။

ငါ ဦးစီး မဟုတ်တာ တစ်ယောက်ယောက် ရိပ်မိသွားမလားဟု လည်း မပူပန်ခဲ့။ သူကိုယ်တိုင်က ဦးစီး အဖြစ်ကို လိုလား၍ ဟန်ဆောင် ပါဝင်ခဲ့တာလည်း မဟုတ်။ မဟုတ်ဘူးဆိုတာ ပေါ်သွားတော့လည်း ဝမ်းနည်းကြေကွဲဖို့ မရှိပါ။

သို့သော် လူသိသွားတာလည်း မဟုတ်ဘဲ လူသိသွားမလားဟု ကိုယ့်ကိုကိုယ် မလုံမလဲ ဖြစ်နေခဲ့မိသည့် စိတ်က နှိပ်စက်လှသည်။

သူ မင်္ဂလာအိပ်ခန်းဆီ အတူတွဲတက်ခဲ့ကြတော့ ခြေလှမ်းတို့က တဖြည်းဖြည်း လေးလံလာခဲ့ရင်း မေမေတို့တွေ ပြန်သွားကြသော ကားသံတို့ကို နားစွင့်နေမိသည်။

"သာယာစံ" ရိပ်မြုံ ဆိုသည့် ဘန်ဂလိုဆန်ဆန် နှစ်ထပ်တိုက်





ပြာလေးသည် ထင်ထင်ရှားနှင့် အတူတူနေဖို့ ကိုကို ကိုယ်တိုင် စိတ်တိုင်းကျ တည်ဆောက်ခြယ်မှုန်းခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့် တိုက်ကလေးဆီ လိုက်ပို့ပြီး လူကြီးတွေက ပြန်သွားကြပြီ။

လှေကားထိပ်ရောက်သည်အထိ ထင်ထင်ရှားသည် သူ့ထံ တစ်ချက်မှ မော့မကြည့်ဘဲ နုတ်ခမ်းအစုံ တင်းတင်းစေ့လျက် တစ်ချက်တစ်ချက်ကလေးမှ တွန့်ဆုတ်ခြင်းမရှိဘဲ ဆက်တက်သွား၏။ သူ့မှာသာ ဖြည်းလေးစွာ လှမ်းရင်း နောက်ဆုံးမှာ လှေကားထိပ်တွင် ခြေစုံရပ်ပြီး မိမိအောက်ကို ပြန်ငုံ့ကြည့်လိုက်တော့ အိမ်ဖော်ဟု ပေးသွားသော ဆံပင်ဘိုတို ပိန်ညှောင်ညှောင် ကောင်မလေး ပစ္စည်းတွေ သိမ်းဆည်းနေတာကို မြင်လိုက်၏။

သူ အောက်ကို ခပ်မှန်မှန် ပြန်ဆင်းခဲ့ပြီး လှေကားရင်းမှာ ရပ်ကာ

"ဟော့"

"မင်း ဘယ်သူ"

"ဝေဝေ ပါရှင့်"

ကောင်မလေးက သူ့ဘက်လှည့်ရပ်လိုက်ပြီး တရိုတသေ ပြန်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ဝေဝေ မင်း၊ သွားနားတော့၊ ကျန်တာတွေ မနက်မှ ဆက်လုပ်၊ အပေါ်တက်လာပြီး ဘာလိုသလဲ ညာလိုသလဲ မေးဖို့ မလိုဘူး ကြားလား"

"ဟုတ်ကဲ့ရှင်"

ဟု မှာပြီး အဘနံကြီး မျက်မှောင်တွန့်တွန့်နှင့် ရပ်နေပြီးမှ အပေါ် ပြန်တက်ခဲ့၏။

"မင်းက လုပ်စရာရှိတာလည်းလုပ်၊ သားနဲ့သမီးကို မစိုးမ ချိုး၊ ဘာလိုအပ်သလဲဆိုတာ လိုလေသေးမရှိ လုပ်ကိုင်ပေး။ သူတို့ အိပ်ပြီးမှ အိပ်ရမယ်နော်"

ဆင်ထင်ရှား၏ မိဘဘက်က ဝေဝေကို တားပေးသွားပြီး သေချာမှာထားခဲ့သည်။

ထို့ကြောင့် အပေါ်ထပ် တက်လာမှာစိုး၍ သူက ထပ်မှာတာ ဖြစ်သည်။

စိတ်ထဲမှာ တစ်ခုခုကို စဉ်းစားမိနေသည်။

ထင်ထင်ရှား ဆိုသော မိန်းကလေး တစ်ယောက်၏ မျက်နှာ ထက်မှ လျှို့ဝှက်သော မာန်မာနများကို သူ မြင်နေသည်။

ဘာကြောင့်ပဲဖြစ်ဖြစ် သူမထဲမှ စိတ်တိုင်းမကျမှုယ် တစ်စုံ တစ်ရာသော စကားသံတို့သာ ထွက်လာပါက သူကလည်း ငြိမ်ခံနေမှာ



မဟုတ်တာ သေချာသည်။

ထိုအခါ ငါဟာ ကိုကို ဖြစ်နေပါလား၊ ဆိုသည့်အချက်ကိုလည်း ထည့်တွက်ချင်မှ တွက်တော့မည်။

အားလုံး၏သိက္ခာတရားများအတွက် သူဟာ ကိုကိုနဲ့ ပတ်သက်သော တချို့ပြဿနာတို့ကို လိုက်မဖြေရှင်းပေးဖို့ ဖြစ်လာလျှင်တောင် သဘာဝကျသေးသည်။

ကိုကို ချစ်သော မိန်းမကို ကိုကိုအဖြစ် အသာလေး သိမ်းပိုက်လိုက်ဖို့က သဘာဝမကျ မဖြစ်သင့်ဟု တွေးမိ၏။ စိတ်တွေ နောက်ကျိလာခဲ့သည်။

အမြဲတမ်း ရှင်းလင်းနေတတ်ခဲ့သော ဦးနှောက်ထဲမှာ ငါမှား သွားလေလားဆိုသည့် မောင်တာ မေးခွန်းတွေပဲ ဆက်တိုက် ပေါ်လာနေ၏။

အဆင်မပြေမှုတွေ ဖြစ်လာလျှင် ဟု တွေးမိကာ ဝေဝေကို အပေါ်တက်မလာဖို့ သတိတရ မှာနေတာ ဖြစ်သည်။

အပေါ်ကို ပြန်တက်လာသည့် ခြေလှမ်းတို့က အိပ်ခန်းဆီသို့ မဟုတ်ဘဲ လှေကားထိပ်မှာ တခမ်းတနား ပြင်ထားသည့် ဧည့်ခန်းလေး ဆီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မဂ်လာဝတ်စုံကို လဲဝတ်ပြီးသည်အထိ သူ ဝင်မလာသေး။

ရှား၏ ခြေလှမ်းတွေ တံခါးဝဆီ ပြန်ရောက်သွားသည်။

စေ့ထားသည့် တံခါးကို အသာတွန်းဖွင့်လိုက်လျှင် ညောင်ခန်းဆိုဖာ ထက်မှာ ခပ်လျှောလျှော မှီထိုင်ကာ နဖူးမှစ၍ ဆံပင်ကြားထဲထိ လက်ဝါးနှင့် ဖိအုပ်ပွတ်သပ်နေသော မျက်နှာနားအပေါ်ပိုင်းကို နောက်ကျောမှ လှမ်းမြင်လိုက်ရသည်။

ရှား၏ မျက်ဝန်းတို့ စူးရဲကျဉ်းမြောင်းသွားသည်။

ဖြန့်ချထားသော ခါးထိ ရှည်သည့် ဆံနွယ်တို့က ထိပ်ဦးမှခွဲ၍ တစ်ဖက်တစ်ချက် တန်းဆင်းနေသော်လည်း ပါးပြင်လေးနှစ်ဖက်ပေါ်ထိ အုပ်ကွယ်ကျနေသည်။ ပေါ်နေသော မျက်နှာဖွေးနုနုလေးမှာ ကော့စင်း





နေသည့် နှာတံကလေးလည်း ထင်းနေသည်။

နှုတ်ခမ်းနီ မကျန်အောင် ဖျက်ထားပေမယ့် ဖူးပြည့်သော နှုတ်ခမ်းလေး နှစ်လွှာက စိုရဲနေ၏။

"မင်း သိပ်လှတာပဲ ရှား၊ မင်းကို မြင်လိုက်ကတည်းက မင်းကို တို့ မရှိမဖြစ် လိုအပ်သွားတာ၊ ပြောပါဦး မင်းမှာ ချစ်သူရှိခဲ့ဖူးလား"

ဦးစီး ဆိုသော ယောကျ်ားဟာ တွေ့တွေ့ချင်း ဆောက်နဲ့ထွင်းခဲ့သူ။ အကြည့်က ရိုင်းသလောက် အပြောကလည်း ရဲသည်။

"သမီးရေ အောက်မှာ ဦးစီး ရောက်နေတယ်"

"သမီး မတွေ့ချင်ဘူး မာမီ"

"ကိုယ် လက်ထပ်မယ့်သူပဲ သမီးရယ်၊ နေရာတကာ ငြင်းလို့ မကောင်းဘူး။ နည်းနည်းပါးပါးတော့ လိုက်လျောလိုက်ပါ"

"လိုက်လျောတာပဲ မာမီ၊ နေရာတကာတော့ မဖြစ်နိုင်ဘူး။ လက်ထပ်ရမှာပေမယ့် လက်ထပ်သေးတာမှ မဟုတ်တဲ၊ ဒီလူ့အကြည့်တွေက သိပ်ရိုင်းတာ ရှား မကြိုက်ဘူး"

လက်မထပ်ခင်ကတည်းက ဦးစီးဆိုသော လူ၏အကြည့်တွေ အပြုံးတွေကို ရှား မကြိုက်ခဲ့။ ထိုယောကျ်ားသည် အပြောရဲသလို လက်ကလည်း ရဲသေး၏။

"အို ရှင့် လွှတ်"



www.burmeseclassic.com

www.burmeseclassic.com



ပနံကြီးထဲမှာ မလှုပ်သာ၍ စကားရပ်ပြောခဲ့မိသည်။

ဆော်စနီ မွေ့ကာ ရှာ၊ ပါးလေးကို နမ်းမပစ်ခဲ့ပါ။

“မင်းက အသည်းယားအောင် လှပ်နေတာကိုး။ မှတ်ထား၊ ယောကျ်ားလေးတိုင်းမှာ မာနရှိတယ်၊ ကိုယ့်လိုလူက ပိုတာပေါ့၊ မရတာ ဘာမှ မရှိခဲ့သေးဘူး။ မင်း ကျွန်တော့်တာတွေ သိပ်များနေပြီ”

စီးစီးပိုးပိုး ပြော၍ ရွှတ်ဘာရွတ် အနိုင်ကျင့်တတ်၏။

အသားသေမြှင့် အမြဲပြုံးရိနေတတ်သည့် မျက်ဝန်းတို့မှာ ညှို့အား က မြင့်သည်။

ခပ်လှလှနဲ့ အမြဲတို့မှာ ချည့်နှောင်နိုင်စွမ်းတွေ ရှိနေသည်။

ရှာ၊ အယ်လောက် မာနကြီးကြီး သူ့အကြည့်တစ်ချက်မှာ ကတော်မကပါ၊ ပြိုခဲ့မူသည်။

ချောင်မရအောင် ချောင်ပိတ်မိတဲ့ သတ်ခြင်းကို ကြောက်ခဲ့မူ သည်။

“သမီး သေတော်ကြာတယ် ဟာမီ၊ သူ သိပ်မှတာ၊ သူ့မှက မှတ်မှာမို သမီး၊ လက်မထပ်ချင်ဘူး”

အကယ်ရှိုးရှိုးစိတ်နှင့် ငြီးငွေ့စိတ်တော ဖြစ်သည်။

ကိုယ်က သူ့ကို ချစ်မိသွားလျှင် ရှုံးပြီ။

ဒီလိုလှကို သူ့မ မလိုချင်ပါ။



‘ရှိမြဲဝင်၊ ရှိသွား’လို့ သတ်မှတ်လိုက်ပြီက သူက ရွားမှ မဟုတ် ဘဲ။

သူ့ကို ဈေးထဲမှာ မမှည့်တစ်ခု နမ်းမောက်အတွက် ကိုယ်ကြီးရေ ဆုံနိုင်ကြသည်။

တွေ့ဆုံကာ ခပ်ရှိုးရှိုးပဲဖြစ်ကာ ကာလအားဖြင့်လည်း သိပ်မကြာ လိုက်ဘဲ သူနှင့်ကိုယ် ရင်းနှီးကျွမ်းဝင်ချိန်လည်း မရခဲ့။

နေ့စဉ်ဘာကို ကျော်လွန်၍ လက်ထပ်ဖို့ထိ မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားခဲ့သည်။

“သားက တိုက်တောင် ဝယ်လိုက်ပြီးပြီကွယ်၊ တော်တော် ချော်မိပြီ၊ လှတယ်ဆိုပဲ မင်္ဂလာမှ လုပ်ချင်ပြီတဲ့လေ”

ဒေါ်ဝင်းမာကလည်း မုန်းရှုံတစ်မျိုး၊ ကိုယ်တိုင်လာတာလည်း ရှိကာ တကျိကျီ နားပူ၏။

“အချိန် မဆွဲပါနဲ့တော့ သမီးရယ်၊ မိဘအရိပ်ကို မမှီတဲ့ ကိုယ့်ဘီးပေါ်ကိုယ်နင်းပြီ၊ မီလောက် ချမ်းသာအောင်မြင်နေတဲ့ လူတစ် ယောက်ကို ငြိမ်းနေတာ [illegible] သဘောကျကြမှဲ့ ယောကျ်ား။ သမီး မငြင်းပါနဲ့”

နောက်ဆုံး မာမှီတိုက်တွန်းမှုကြောင့်မှာ ရှာ၊ လက်ခံခဲ့လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲမှာ ဆုံမိလိုက်သည့်အချိန်တွင် သူမ အံ့ဩခဲ့ရ၏။

နှစ်ယောက်အတူ မင်္ဂလာပွဲအတွက် ပန်းတွေ သွားမှာကြဖို့ သူပဲ ဖုန်းဆက်ချိန်းပြီး သူပဲ ရောက်မလာခဲ့။

မင်္ဂလာပွဲကျမှ တွေ့လိုက်ရသည်က ပုံစံတစ်မျိုးနှင့်

ဆံပင်ကို ဖွလိုက် ခေါင်းကို ဆိုဖာနောက်မှီမှာ ခဏလှန့်လိုက် ပြန်မတ်လိုက် မတည်မငြိမ် အမူအရာတို့ကို စူးစိုက်ကြည့်၍ ရှား မဲ့လိုက်မိသည်။

ထိုစဉ် သူ ထရပ်လိုက်တာကြောင့် ရှား တံခါးကို ဖျတ်ခနဲ ပြန်စေ့လိုက်သည်။

တံခါးဝကို ကျောပေးရပ်လိုက်မိပေမယ့် နေရာကနေ မရွေ့ဖြစ်ပါ။

မျက်ဝန်းထဲမှာ မျက်နှာတစ်ခုက ပြုံးရီစွာ ပေါ်နေခဲ့၏။

နောက်ဘက်မှ လှုပ်ရှားသံ သဲ့သဲ့နှင့်အတူ သူ ဝင်လာခဲ့၏။

တံခါးနောက်မှာ ကျောပေးရပ်နေသော ရှားကို တစ်ချက်ငုံ့ကြည့်၍ အဝတ်ဗီရိုတွေနား လျှောက်သွား၏။

သူမ တံခါးဝဘက်ကို ပြန်၍ မျက်နှာမူလိုက်ရသည်။

မျက်ဝန်းများမှ အေးစက်၍ နှုတ်ခမ်းအစုံမှာ လှုပ်ခတ်စ ပြုခဲ့၏။

"မင်း မအိပ်သေးဘူးလား"





ဝတ္ထုရှားဆန်သော မေးခွန်းတစ်ခု သူ့ထံမှ ပထမဆုံးထွက်လာကာ အိပ်ရာဆီ လျှောက်သွားတာကို သိလိုက်၏။

ရှား ဖျတ်ခနဲ လှည့်လိုက်လျှင် သူက ခေါင်းအုံးတစ်လုံးကို ကောက်ယူကာ

"ကိုယ် အပြင်မှာ ထွက်အိပ်မယ်၊ မင်းလည်း လွတ်လွတ်လပ်လပ် နေလို့ရတာပေါ့"

"အိပ်သင့်တာပေါ့၊ ဒါပေမဲ့ ခဏနေဦး"

ရှားကပြော၍ ရှေ့တစ်လှမ်းတက်လိုက်သည်။

မျက်ဝန်းတို့၏ စကားသံတို့က အသံတိတ်ဆူညံသွားခဲ့ပြီး

"ရှင် ဘယ်သူလဲ"

"ဘာ"

သူ မျက်နှာပျက်ပျက်နှင့် ရှေ့တိုးရပ်လိုက်သည်။

ထိုမျက်နှာကို အမိအရ ဖမ်း၍ ရှားက ပိုင်နိုင်သောအပြုံးနှင့် မျက်နှာကို အုပ်လုလုနေသည့် ဆံပင်တွေကို ခါထုတ်ပစ်လိုက်သည်။

ပြီးတော့ ပျက်ပြွင်းသွားသည့် မျက်နှာကို ချက်ချင်းပြင်ဆင်၍ သူ့ကို မဲ့ပြုံးနှင့် ကြည့်၏။

သူမ အကဲခတ်တာ လွဲဖို့ မရှိတော့ပါ။

"ရှင်ဟာ ဦးစီး မဟုတ်ဘူးဆိုတာ သေချာပြီဆိုရင် သူ့ရဲ့အလှ



www.burmeseclassic.com

www.burmeseclassic.com



ညီပေါ့''

ရှုးစိုက်ကြည့်နေပေမယ့် သူ မဖြေသေးပါ။

''ကျွန်မ ထင်ပါတယ်၊ ရှင် ဝန်ခံရဲမှာပေါ့၊ ဒါပေမဲ့ ရှဥ့်လည်း မျှော်ကသာ ပျားလည်းစွဲသာ စကားမျိုး မပြောပါနဲ့နော်၊ ရှင်ပြော… ရှင် ဝန်ခံလား''

သူ ဆတ်ခနဲ ခေါင်းညိတ်၏။

''ဆက်ပြောပါဦး''

သူက ခေါင်းအုံးကို အိပ်ရာပေါ် ပြန်ချကာ စားပွဲက ကုလား… ထိုင်မှာ ခပ်လေးလေး ထိုင်ချလိုက်၏။

သူမ ဤမျှထိ မြန်မြန်ဆန်ဆန် ဖော်ထုတ်နိုင်မည်ဟု မထင်… တာတော့ အမှန်ပင်။ မြုန်းခနဲ ဟန်မဆောင်နိုင်အောင်ကို အံ့သြသွား… ခဲ့မိသည်။

မေမေ ပြောတော့ သူတို့ချင်း သိပ်မရင်းနှီးဘူးတဲ့။

မရင်းနှီးခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို သူမ ဤမျှ မြန်မြ… ဆန်ဆန်ကြီး အကဲခတ်နိုင်ပါ့မလား။

''ဘာလဲ ရှင် အံ့သြနေသလား။ ဟွန့် ရှင်တို့ရဲ့ လျှို့ဝှက်ချက် ကို ဘယ်သူမှ မသိနိုင်ဘူးလို့ တွက်ထားပုံရတယ်''

''မတွက်ပါဘူး အမြဲတမ်း လျှို့ဝှက်ထားလို့ရတဲ့ အရာ ရှိတာ…





မဟုတ်ဘဲ၊ ကိုယ်ကလည်း မင်းကိုပြောဖို့ စိတ်ကူးထားပြီးသားပါ''

''တော်ပါတော့''

ဒေါသက အဝိုင်းအဆမဲ့ ဖြစ်လာ၏။

ကိုယ်က ဖော်လိုက်လို့ ချော်လဲရောထိုင်လိုက်တာ ဟွန်း။

ရှားက လက်သီးလေး နှစ်ဖက်ဆုပ်၍ ရှေ့ထပ်တိုး၏။

''ရှင်တို့ ဘာတွေ ကြံစည်နေကြတာလဲ၊ ဘာအကြံနဲ့လဲဟင်၊ ဟိုတစ်ယောက်က ဘယ်မှာလဲ''

''သေသွားပြီ''

''ဟင်''

ဒီတစ်ခါ မထင်မှတ်စွာ ကြောင်တက်သွားသူက ရှားပဲ ဖြစ်၏။

''သေပြီ ဒါဆို ဦးစီးက သေသွားပြီပေါ့''

''ဟုတ်တယ်''

သူက ကုလားထိုင်ကျောမှီမှာ တံတောင်တစ်ဖက်တင်၍ ရှား၊ မျက်နှာကို မော့ကြည့်၏။

''မင်းနဲ့သူက ဖနီးမောင်နှံ ဖြစ်ရမှာပဲ၊ မဖြစ်ခဲ့ရပေမယ့် အခု မင်း ယောကျ်ားက ဦးစီးဆိုတော့ သူနဲ့ပတ်သက်ပြီး ဆိုးတာကို မင်းခံရ မယ်၊ ကောင်းတာကိုလည်း စံရမှာပဲ၊ ဒီတော့ ငါ မချွင်းမချန် ပြောပြမယ်''



www.burmeseclassic.com

www.burmeseclassic.com



"မရတော့ဘူး၊ ခုမှ သိတော့ ဘာလုပ်ရမှာလဲ၊ ပြောစမ်းပါ ရှင့်နာမည် ဘယ်သူလဲ"

"ခေါင်းဆောင်"

"ဦးစီး ခေါင်းဆောင် ဟွန်း နာမည်တွေကတော့ တစ်ယောက်မှ နောက်လိုက် မရှိပါလား၊ ရှင်တို့ ဘာကို ကြံစည်ကြတာလဲ၊ အားလုံး ပိပိရိရိ လိမ်ကြတာ ဘာလုပ်တာလဲ"

"အဲဒါ ကိုယ် ရှင်းပြမလို့ပဲ မင်းက"

"ခုမှ ရှင်းတော့ ဘာလုပ်ရမှာလဲ၊ ဦးစီး ဟုတ်ဟုတ် မဟုတ်ဟုတ် လူလိမ်လူညာပဲ၊ ရှင်က လက်ထပ်ပြီးပြီလေ၊ ခုမှ ရှင်းပြနေတော့ ဘာထူးမှာလဲ ဘာတွေဖြစ်ကုန်ကြတာလဲ"

"ထင်ထင်ရှား"

ခေါင်းဆောင် နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

သွေးဆူလွယ်သော စိတ်ဆတ်ခြင်းက သူ့အားနည်းချက်။

ကိုကို့လို သူ သွေးမအေးပါ။

ဒါကို ကိုယ်တိုင် သိပေမယ့် ပြုပြင်ဖို့ မကြိုးစားနိုင်ခဲ့တာလည်း အမှန်ပင်။

မိန်းမတစ်ယောက် ကျေနပ်သွားအောင် ဘာအလုပ်သင့်ဆုံးလဲ ဆိုတာကို မတွေးဖြစ်ဘဲ ဒေါသက ရှေ့ကနေ ခုန်ထွက်၏။





"မင်း မေးခွန်းတွေပဲမေးပြီး ဖြေခွင့်မပေးဘဲ ငါက ဘာကို ရှင်းရမှာလဲ၊ အကျိုးအကြောင်းဆိုတာ ရှိတယ်၊ အဲဒါ မင်း နားထောင်ပါဦးလား"

"မထောင်ဘူး မပြောနဲ့ ကျွန်မမှာ ငွေတော့ မက်စရာ မရှိပါဘူး၊ ကျွန်မ ချမ်းသာတာထက် ရှင်တို့က ပိုချမ်းသာတာပဲ၊ ဘာကိုလိုချင်တာလဲ၊ လူကိုလား၊ ကျွန်မကိုလိုချင်လို့ ရတဲ့နည်းနဲ့ ဝင်တာလား"

"လူမျက်နှာကို သေသေချာချာ ကြည့်ပြီးမှ မင်း စွပ်စွဲ၊ မိန်းမ တစ်ယောက်က ငါ့အတွက် ဒီလောက် အရေးမပါဘူး"

ရှား မျက်နှာ မှောင်ကျသွားသည်။

ဒေါသနှင့် မာန်မာနကြောင့် မျက်ရည်များပင် ဝဲလေသည်။

"ဒါဆို ဦးစီး သေတာ သေပြီလို့ ပြောလိုက်ပါလား၊ ရှင် ဘာဖြစ်လို့ ညာပြီး လက်ထပ်တာလဲ၊ ချော်လဲရောထိုင်တာလဲ၊ ဒါ ဘွာခတ်လို့ရတဲ့ ကိစ္စလား ဟင်"

"ဘွာခတ်လို့ မရတာကို သိတယ်၊ ဘွာခတ်ဖို့လည်း မဟုတ်ဘူး အခြေအနေက ဘယ်လိုမှ ရှန်းလို့မရအောင် ဖြစ်ကုန်တာ၊ ဒီဘက်မှာ မင်္ဂလာပွဲ ဟိုဘက်မှာက ပြဿနာနဲ့"

"မင်္ဂလာပွဲ ဘာဖြစ်လဲ သူ သေသွားလို့ လက်မထပ်ဖြစ်တာမှဆိုးမ ဖြစ်စရာ မလိုဘူး၊ အခု ကျွန်မက ဘာလုပ်ရမှာလဲ၊ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြီးတဲ့အထိ ရှင်တို့ လိမ်ညာဖို့ မကောင်းဘူး၊ လူလိမ် လူညာတွေ"

"ထင်ထင်ရှား မင်းမအော်နဲ့ မင်းကိုငါ လိမ်ညာပူတာ မဟုတ်ဘူး၊ ဒီမင်္ဂလာပွဲမဖြစ်ခဲ့ရင် ထပ်ဖြစ်လာစရာတွေ ရှိလို့ ချုပ်တည်းလိုက်ရတာ မင်္ဂလာပွဲနဲ့စပြီး ဖုံးဖိမရတာတွေ ဖြစ်လာရင်"

"ဒါ ရှင်တို့ သမိုင်းပဲ ဦးစီးနဲ့ပတ်သက်ပြီး ရှုပ်တာရှင်းတာတွေက ကျွန်မနဲ့ ဘာဆိုင်လဲ၊ ရှင်တို့ ဒီပွဲကိုလိမ်ညာပြီး တည်ခင်းခဲ့တာ သိပ်ကို လွန်တယ် သိလား၊ မုန်းတယ် အားလုံး လိမ်ကြတာ လူလိမ်တွေ"

"မင်း မင်း ဒီလောက်ထိ မအော်နဲ့"

"အော်မှာပဲ"

"ထင်ထင်ရှား"

ခေါင်းဆောင် ရှားနား ရောက်လာကာ ပခုံးနှစ်ဖက်ကို ဆောင့်ခါပစ်လိုက်၏။

ရှားက ဖျတ်ခနဲ ရုန်းကာ ခေါင်းဆောင်ကို လွှဲရိုက်ပစ်လိုက်၏။

ပြင်းထန်စွာ ထိခတ်သံက တစ်ချက်တည်းနှင့် မပြီးဘဲ နောက်တစ်ချက် အထွက်မှာ ရှား ကြမ်းပြင်ပေါ်သို့ ပုံခနဲ ခွေကျသွား၏။

"ရှင်"

ပါးပြင်တစ်ဖက်ကို ဆုပ်ကိုင်ကာ မျက်ရည်စက်တွေ ဖိုးဖိုးပေါက်ပေါက် ကျ၏။





ဦးစီးနှင့်လုံးဝ မတူသော အေးစက်မာကြောခြင်းကို ခေါင်းဆောင်ဆိုသူ၏ မျက်ဝန်းများမှာ သူမ စတွေ့ကတည်းက ခံစားခဲ့မိသည်။

ထို့ထက် အဆမျှားစွာ ရက်စက်တတ်ခြင်းကိုတော့ ခုကျမှ ...င်ထဲ အသည်းထဲထိ နစ်ဝင်သွားအောင် စူးရှစွာ ခံစားခဲ့ရသည်။

ရှား မျက်နှာကို ဆတ်ခနဲပင် မော့၍ နေရာမှ ကျုံးထသည်။

"ဦးစီးပဲဖြစ်ဖြစ် ခေါင်းဆောင်ပဲ ဖြစ်ဖြစ် ရှင်တို့ကို ကျွန်မ ရွံ...တယ်၊ တစ်ယောက်က ဖြားယောင်းတယ်၊ တစ်ယောက်က ကြမ်းတမ်း...တယ်၊ လက်ထပ်ပြီးတဲ့ မိန်းမမို့ ကျွန်မဘဝ ဘာဖြစ်သွားသွား ဂရုမစိုက်...ဘူး"

ရှား ချာခနဲ နောက်လှည့်လျှင် ခေါင်းဆောင်က လက်ကို ...မ်းဆွဲလိုက်ကာ

"ဒါ ဘယ်လဲ"

"အိမ်ပြန်မယ် ရှင့်ကို ကျွန်မ လုံးဝ မပေါင်းနိုင်ဘူး လွှတ်"

သူမ ရုန်းသော်လည်း ခေါင်းဆောင်က မလွှတ်ပါ။

"အဲဒီကိစ္စတွေ မနက်ကျမှ အေးအေးဆေးဆေး ဆွေးနွေးလို့...တယ် ထင်ထင်ရှား၊ မင်းကိုလည်း ငါက ပေါင်းပါရစေလို့ မပြောဘူး၊ ...ဉ့်နက်နေပြီ ဒီညတော့ မျိုသိပ်နေလိုက်ပါ"

"မနေနိုင်ဘူး ဖယ်နော် လွှတ်"



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်လို့ မရဘူး။ ဘယ်အချိန်ရှိပြီလဲ မင်းသိလား။ မနက်ကျ ရင် မင်းသဘောကျ ဖြစ်စေရမယ်လို့ ငါ ကတိပေးတယ်"

"မသိဘူး မလိုဘူး ရှင်ကြီးကို မုန်းတယ်၊ လွှတ်နော် ကျွန်မမှာ ပါးတစ်ဖက် ကျန်သေးသလို ရှင့်မှာလည်း ပါးတစ်ဖက် ရှိသေးတယ်။ ကျွန်မ ကြောက်သွားပြီလို့ ရှင် ထင်နေသလား လွှတ်ဆို လွှတ်"

ရှား သူ့မျက်နှာကို ခေါင်းနဲ့တိုက်ပစ်လိုက်သဖြင့် အမှတ်တမဲ့ ကာကွယ်ချိန် မရလိုက်ဘဲ မိုက်ခနဲ ဖြစ်သွား၏။

လက်တို့ပြေကျသွားသည်နှင့် ရှား ပြေးထွက်သွား၏။

"ထင် ထင်ရှား မင်း"

သူ တက်တစ်ချက် ခေါက်၍ တံခါးကို ဒိုင်းခနဲ မြည်အောင် ဆောင့်ကန်ပစ်လိုက်သည်။ အခြေအနေဟာ မြန်မြန်ဆန်ဆန်ကြီး ပေါက်ကွဲသွားသဖြင့် ဘယ်လိုမှ ထိန်းသိမ်းမရခဲ့။ ခေါင်းဆောင် မင်း ဘာလုပ်နေတာလဲ။

မိန်းမ တစ်ယောက်က ပစ်သွားတာကို ရပ်ကျန်နေခဲ့ရသလား။

သူ ကိုယ့်ကိုကိုယ် သတိတရ ဖြစ်သွားသည်။

ဒါ ကိုယ်က စခဲ့တာမှ မဟုတ်ဘဲ။

မေမေ အပြစ်တင်လျှင် ကိုယ် မလွန်တာကို ပြောလိုက်ဖို့သာ ရှိတော့သည်။





ဖိနပ်ယူချ၍ သေချာစီးလိုက်၏။

"ရှင့်ကို ကျွန်မ လုံးဝ မပေါင်းနိုင်ဘူး"

"သေပြီလို့ ပြောလိုက်ပါလား။ ဘာဖြစ်လို့ ညာပြီး လက်ထပ် ရတာလဲ"

"ရှင်ကြီးကို မုန်းတယ်"

"လူလိမ် လူညာတွေ"

"တောက်"

အထဲက ဂျာကင်နက်ကို ဆွဲယူပြီး ဗိုက်ကို ဆောင့်ပိတ်ပစ်လိုက် မိ၏။

တဆက်တည်း အဲဒါ မေမေ့ကြောင့်ဟု ပြစ်တင်စိတ်ပါ ဖြစ်မိ သည်။

ပြဿနာတစ်ခု ဖြစ်လာရင် တစ်ခုရှင်းမှ တစ်ခုကို လုပ်ပါလား။ ခုတော့ ကိုယ့်မှာ ဘာမှရှင်းပြချိန် ပြောချိန်မရဘဲ လူလိမ်လူညာ ဖြစ်ခဲ့ရပြီ။

"ရှင်ကြီးကို မုန်းတယ်"

"လူလိမ် လူညာ"

သူမ အသံတွေက နားထဲမှာ စွဲနေသည်။

လူလိမ်လူညာ ဖြစ်သွားတာတော့ ဟုတ်တယ် ထင်ရှား။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မင်းကို လိုချင်လို့ လိမ်ယူတာ မဟုတ်ဘူး ဆိုတာတော့ မင်းသိအောင် ပြမယ်၊ မင်း သွားနိုင်သလို ငါလည်း သွားနိုင်တယ်၊ ဘာမှုလို့လဲ။

သူ လေ့ကားအတိုင်း ပြေးဆင်းခဲ့သည်။

"ကိုကိုလေး ဖုန်း"

"ဟင်"

အိပ်မပျော်ဘဲ သူတို့ ဆူညံ ဆူညံ ဖြစ်နေကြတာကိုလည်း သိနေပုံပေါ်သော ဝေဝေ့မျက်နှာမှာ ရှားထွက်သွားတာကိုပါ သိနေပုံရသည်။

ပြူးကျယ်ချောက်ချားနေသော မျက်ဝန်းများနှင့် မဝံ့မရဲ ကြည့်ကာ ဖုန်းကို ဘေးမှာချခဲ့ပြီး ဝေဝေ အပြေးတစ်ပိုင်း ထွက်သွား၏။

အချိန်မတော် ဘယ်ကဖုန်းလဲ။

အိမ်အသစ် နေရာအသစ်မှာ ပထမဆုံး ဝင်လာတာ နှစ်ဖက်မိတ ဘယ်သူ့ဆီက ဖြစ်မလဲ၊ ရှား အိမ်ပြန်ရောက်သွားလို့ ဦးသာကောင်းတို့ဆီက ဆက်တာလား။

ဒါလည်း မဖြစ်နိုင်။ ဟိုနဲ့ဒီ ခရီးက သိပ်မနီး။

သူ ဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟလို"

"သာယာစံ ကလား ခင်ဗျာ"

"ဟုတ်ပါတယ် ခင်ဗျ၊ ဘယ်သူများပါလဲ ကျွန်တော် ဦးစီးပါ"

ဗျူး၀၇၆ပ



ခဏ ဆွံ့အသွားပြီးမှ ဦးစီးဟု ပြောဖြစ်သည်။

ပေါက်ကုန်တော့လည်း နောက်မှပေါ်ပါစေတော့ လောလောဆယ်ကိုယ်က ဦးစီးပဲ ဖြစ်၏။ ဖုန်းထဲက အသံက လူစိမ်းတစ်ယောက်အသံ။

"ကျွန်တော်က၊ တက္ကသိုလ်ရိပ်သာလမ်းက မြို့ (...)ကပါ၊ ကျွန်တော်တို့ ညဦးကပဲ မင်္ဂလာပွဲက ပြန်လာခဲ့ကြတော့ သတို့သမီးထင်ထင်ရှားကို သိနေပါတယ်၊ သူ့ကား ကျွန်တော်တို့ မြို့ရှေ့က ယူကာလစ်ပင်ကို ဝင်တိုက်လို့"

"ဗျာ ဘယ်လို"

သူ့ရင်တွေ ဒိန်းခနဲ ဆောင့်ခါသွား၏။

ဖုန်းကို ညာဘက်နဲ့ ဘယ်ဘက် ကူးယူပြောင်းကိုင်၍ စိတ်လှုပ်ရှားစွာ မေးမိသည်။

"ဟုတ်ပါတယ် ဒဏ်ရာကတော့ ပြင်းတယ် ထင်တယ်၊ ညနက်နေပြီဆိုတော့ အနီးအနားကလူတွေပဲ သိကြတယ်၊ အခု ကျွန်တော့်သားနဲ့ အနားက လူတွေ ဆေးရုံကို အရေးပေါ် ခေါ်သွားကြပါပြီ"

သူ ဆက်နားမထောင်နိုင်တော့ဘဲ ဖုန်းကို ချလိုက်၏။

ပြီးတော့ မိတတွေဆီ ဖုန်းဆက်ကာ ကားပေါ် ပြေးတက်ခဲ့သည်။

စောစောက ဆင်းခဲ့သလို 'သာယာစံ'ကို စွန့်ခွာ၍ အဝေးထွက်သွားရန် ဒေါသများနှင့်မဟုတ်ဘဲ စိုးရိမ်ပူပန်မှုများနှင့် ဆေးရုံသို့ ဖြစ်၏။

■ ■ ■

ဗျူး၀၇၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဖြစ်ရလေ သမီးရယ်"

ဒေါ်ပွင့်ဖြူ သမီးအဖြစ်ကို ကြည့်၍ ရှိုက်သံမထွက်အောင် ကြိတ်ငိုသည်။

ဒေါ်ဖင်မာ စိတ်မချမ်းသာပါ။

အဖေဖြစ်သူ ခေါင်းတယမ်းယမ်းနှင့် ဖြစ်နေ၏။

ဦးမင်းသော်က ခေါင်းဆောင်ကို လှမ်းကြည့်သည်။

စကားများပြီး ထွက်လာသည်ဆိုရုံသာ သိပြီး ဘယ်သူ့ဆီကမှ ဘာစကားမှ မမေးသဖြင့် ဘာမှန်းမသိပေမယ့် တစ်ခုခုကို ဦးမင်းသော် သိနေသည်။

ခေါင်းဆောင်ကတော့ ဘာကိုမှ ဂရုမစိုက်ပါ။





မျက်ဝန်းလေးတွေကို ပတ်တီးစည်းထားရသည့် ရှားအဖြစ်ကိုသာ မသက်သာစွာ ငေးကြည့်နေမိ၏။

"အာရုံကြောတွေ ထိခိုက်မထိခိုက် မျက်လုံးအခြေအနေကို ပတ်တီးဖြေမှပဲ သိရမယ်၊ ကံကောင်းပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့"

ဆရာဝန်ကြီး ပြောတာကို သတိရနေမိ၏။

အကယ်၍ ရှား မျက်လုံးတွေ မမြင်ရတော့ဘူးဆိုလျှင်

"အားမငယ်ပါနဲ့ သမီးရယ်"

ဒေါ်ဖင်မာက ရှား လက်ခုံနုနုလေးကို ထွေးဆုပ်၍ အားပေး၏။

"သမီး မျက်လုံးတွေ ဘာမှမ မထိခိုက်ဘဲ ပြန်ကောင်းလာမှာပါ"

ရှားက လှပသော နှုတ်ခမ်းလေးကို တွန့်မဲ့ကာ ဒေါ်ဖင်မာ ကိုင်ထားသည့် လက်ကို အသာရုန်းဖယ်ပစ်လိုက်၏။

"ရှား အားမငယ်ပါဘူး၊ ကန်းသွားလည်း ပိုတောင် ကောင်းပါသေးတယ်၊ မမြင်ချင် မတွေ့ချင်သမျှ မမြင်ရမတွေ့ရအောင် အထူး မကြိုးစားရတော့ဘူးပေါ့ မာမီ"

"ဟင် သမီး"

ဒေါ်ပွင့်ဖြူ ပျာပျာသလဲ ထူး၏။

"သမီး နေကောင်းနေပြီပဲ အိမ်ပြန်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပွင့်ဖြူ အကြည့်တွေ ခေါင်းဆောင်ဆီ ရောက်လာ၏။

''သား၊ သမီးလေး ပတ်တီးဖြေဖို့က ဘယ်နေ့လို့ ဆရာဝန် ပြောလဲဟင်''

''သဘက်ခါပဲ အန်တီ၊ မနက်ပိုင်း ဖြေမယ်တဲ့''

ခေါင်းဆောင်အသံကြားလျှင် ရှား မျက်နှာလေး သိသာစွာ တင်းမာသွား၏။

''မာမီ''

''သမီး''

''သမီး အိမ်မှာပဲ ပတ်တီးဖြေချင်တယ် အိမ်ပြန်ပါရစေ''

''ဘယ်ဖြစ်မလဲ သမီးရယ်၊ သမီးကို စိတ်ချရမှ ဆရာဝန်က ဆင်းခွင့်ပြုမှာပေါ့၊ ပြီးတော့ ဟိုမှာ သားက တစ်ယောက်တည်း သမီးကို ထောင့်နေအောင် ပြုစုနိုင်မှာ မဟုတ်ဘူးလေ၊ အလွန်ဆုံး သုံးလပဲဖြစ်မှာပါ၊ စောင့်လိုက်ဦးနော် သမီး၊ သမီးက ကလေးမဟုတ်ဘဲနဲ့ကွယ်''

''ဟင့်အင်း ဟင့်အင်း''

ရှား ခေါင်းတွင်တွင်ခါလျှင် ဖားလျားဖြန့်ချထားသည့် ဆံပင်တွေပါ လှုပ်ခတ်ကုန်၏။

''သမီး မာမီတို့နဲ့ပဲ နေမှာ၊ သာယာစံကို မပြန်ဘူး၊ သူနဲ့မနေဘူး မာမီ''





''အို သမီးရယ် မဟုတ်တာ''

''မဟုတ်တာပဲ သမီးရယ်၊ သမီးက လက်ထပ်ပြီးပြီဥစ္စာ''

ဒေါ်ဖင်မာကလည်း ဝင်ပြောသည်။

ရှားက ခေါင်းခါနေဆဲ။

သူ ဝင်သင့်ပြီမှန်း သိပေမယ့် ခေါင်းဆောင် မလှုပ်ပါ။

''သမီး သူနဲ့''

ရှား စကားမဆက်နိုင်မီ ဆရာဝန်ကြီးတွေ အခန်းထဲဝင်လာကြ၏။

အားလုံး နောင်ဆုတ်ရပ်လိုက်ကြစဉ် ဦးမင်းသော်က သူ့ကို လက်တို့၍ ကော်ရစ်ဒါ အစွန်းထိ လျှောက်ခဲ့ကြသည်။

''သား မင်းနဲ့သူ ဘာဖြစ်ကြတာလဲ''

''စကားများကြတာ''

တိုတိုပဲဖြေ၍ ခေါင်းဆောင်က မျက်နှာလွှဲထား၏။

ဒီနေ့ထိ ဦးမင်းသော်နှင့်သူ သေချာမျက်နှာချင်းဆိုင် နှစ်ယောက်တည်း ပြောဆိုခဲ့မှုခြင်း မရှိ၊ ပြောဖြစ်ဖို့လည်း သူ မကြိုးစားခဲ့ပါ။

ဦးမင်းသော်ကတော့ သူ့အမူအရာတွေကို နားလည်သလို ခွင့်လွှတ်ပြုံးနှင့် ကြည့်တတ်မြဲ။

''သား မင်းဟာ ခေါင်းဆောင်ဆိုပေမယ့် ဦးစီးနဲ့အမှာ ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ သားသမီး မရှိတဲ့အတွက် ဦး မင်းကို သားလိုပဲ ချစ်ပါတယ်၊ သား ကြီးကို ချစ်သလိုမျိုးပါပဲ၊ မင်းသာ ကြည်ဖြူနိုင်မယ်ဆိုရင် မင်းမှာလည်း အဖေ ဆုံးခဲ့ပြီဆိုတော့ ဖေဖေလို့ သဘောထားပေးပါ၊ ဖွတ်နေရာယူတာ မျိုး မဟုတ်ဘူးနော်၊ သား ဆန္ဒရှိမှာပါ''

လက်မထပ်ခင်ကတည်းက ရှုပ်ထွေးနေတာတွေကို ဘာမှ မပြောဖြစ်ခင် ဦးမင်းသော်က ထိုကိစ္စကိုပဲ ပထမဆုံး ဆွေးနွေးခဲ့၏။

သူ ပါးစပ်ပိတ်နေခဲ့သည်။

သာယာမှုတိုင်းမှာ ပျော်ဝင်ခဲ့တတ်သည့် စိတ်က မလိုလားစိတ် ဖြစ်နေလျှင်လည်း ဟန်မဆောင်တတ်သောကြောင့် စကားပြောမိလျှင် အမှားပါမှာကို သိနေသည်။

ထို့ကြောင့် သူ မပြောဖြစ်ခဲ့၊ အတွေးလွန်နေခဲ့သော ခေါင်း ဆောင် မျက်နှာကို ကြည့်၍ ဦးမင်းသော်က ဘာမှထပ်မမေးသေးဘဲ အကြာကြီး စောင့်နေ၏။

စကား ရှေ့မဆက်တော့မှ သူကပဲ ဆက်ပြော၏။

''စကားများကြတာက ဘာအတွက်နဲ့လဲ၊ ဦးက သူများအိမ် ထောင်ရေးကို ဝင်စွက်တာ မဟုတ်ပါဘူး။ သိသင့်တာရှိလို့ မေးကြည့် တာပါ၊ ဟိုကိစ္စတွေကို သူ့ကို သား ပြောပြလိုက်သလား''

ခေါင်းဆောင်က မျက်နှာချာခနဲ လှည့်လာ၏။





''ပြောပြဖို့ မလိုဘူး၊ သူက သိနေတာ''

''ဟင် သိနေတယ်''

ဦးမင်းသော် ပျာပျာသလဲ ပုံစံ ချက်ချင်း ဖြစ်သွား၏။

''သား သားကြီး လုပ်ကိုင်ခဲ့သမျှတွေ သူ အကုန်သိနေတာလား ဒါ မဖြစ်နိုင်ဘူး။ ငါ့သားကြီး ဒီလောက်ထိ နာမည်ပျက် မရှိခဲ့ဘူး''

ဦးမင်းသော် ပုံစံက သေဒဏ်ကျတော့မည့်လူလို တုန်လှုပ် ချောက်ချားနေခဲ့၏။

သားသမီး တစ်ယောက်အတွက် မိဘက ရှေ့ကနေ ရင်စည်း ဘာကွယ်ပေးလိုသော စေတနာ အနစ်နာတွေ သူ့မျက်ဝန်းမှာ ပြည့်ကျပ် နေ၏။

ခေါင်းဆောင် ထိုမျက်နှာနှင့် မျက်ဝန်းအစုံကို ငေးကြည့်လိုက် မိသည်။

''သူက ဒါတွေ ဘယ်က သိတာလဲ၊ သူ့အလိုလို သိတယ်ဆို တာကို ဦး ဘယ်လိုမှ မယုံနိုင်ဘူး''

ကြာလျှင် သူ့ကိုပါ စွပ်စွဲလာနိုင်တာမို့ ခေါင်းဆောင် မဖြေလို့ ရတော့။

''သူ ဒါတွေကို သိတာ မဟုတ်ဘူး၊ ကိုကိုနဲ့ကျွန်တော့်ကို ခွဲခြားမိသွားတာ သူ့ကို ညာယူတယ်လို့ စွပ်စွဲပြီး ထွက်သွားရင်းနဲ့ အခု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာ အဲဒါကို ကျွန်တော် ဘာမှ ရှင်းမပြလိုက်ရဘူး၊ ပြောချိန်က မရခဲ့ဘူး''

''ကောင်းတယ် မရှင်းနဲ့ သား၊ အဲဒါကို ရှင်းရင် မင်းရဲ့ အစ်ကို''

စကားရပ်သွားပြီး ဦးမင်းသော် မပြောရက်တော့သလို တံတွေး တစ်ချက် မျိုချ၏။

အတန်တန် အားယူသော်လည်း အင်အား မဖြစ်ခဲ့သလို မျက်နှာသည် ပြိုကျလုလု မိုးတိမ်မည်းများနှယ်။

''မရှင်းလိုက်ပါနဲ့ လူလေးရယ်၊ မင်းအစ်ကိုရဲ့ သေဆုံးပြီးတဲ့ နာမည်တစ်ခုကို ညှာတာပါ၊ သူ သူလမ်းလွဲ ရောက်ခဲ့ပေမယ့် အခု သေသွားပါပြီ၊ သူနဲ့အတူ သူ ပြုခဲ့သမျှကို မြှုပ်နှံပစ်ဖို့ ဦးနဲ့မင်းရဲ့မေမေတို့ တရားဥပဒေနဲ့ ပူးပေါင်းပြီး တိုးတိုးတိတ်တိတ် ဆောင်ရွက်နေကြတာပါ ဒီအမှုမှာ တရားခံလည်း ပေါ်အောင် နောက်တွဲက မကောင်းမှုတွေလည်း ပေါ်လာအောင် အားလုံး ပြီးဆုံးသွားတဲ့အခါ မဆိုင်သူတွေ မသိသင့်တာ မသိဘဲ ဦးစီးဟာ လူတော်တစ်ယောက် အဖြစ်ပဲ သေဆုံးခွင့်ရအောင် ကြိုးစားနေကြတာကို လူလေး စကားတစ်ခွန်းတည်းနဲ့ ဖျက်ချမပစ်လိုက်ပါနဲ့၊ မိန်းမဆိုတာ လိုနေရင် မိတ်ဆွေ၊ မလိုတဲ့အခါ အကြီးမားဆုံး ရန်သူ၊ ဒီရန်သူမျိုးက ကြိုတင်ကာကွယ်ထားလို့လည်း မရ၊ မျက်နှာချင်း





ဆိုင်ပြီး အလဲထိုးလို့လည်း မရတဲ့ ရန်သူ၊ သိပ်ကို ကြောက်စရာကောင်းတယ်၊ ကိုယ့်ရဲ့ လျှို့ဝှက်ချက် ဘာဆိုဘာမှ မသိစေနဲ့ အသိမပေးလိုက်ပါနဲ့ သားရယ်''

ဆက်မပြောဖြစ်သော်လည်း 'တော်ပါသေးရဲ့၊ ခုချိန်ထိ သူ့မိဘတွေကို ဒီကောင်မလေး ဘာမှပြောပြသေးပုံ မပေါ်ဘူး' ဟု တွေးမိ၏။

တဆက်တည်း

ဒါလည်း ဆေးရုံပေါ်မှာ ပြောချိန်မရသေးလို့ ဖြစ်ချင်ဖြစ်မှာဟု တွေးမိပြန်သည်။

ထိုနေ့က ဦးမင်းသော် အထပ်ထပ် ပြောဆို နားချနေခဲ့သော်လည်း ခေါင်းဆောင်ထံမှ နောက်ထပ် တုံ့ပြန်မှုကို မရခဲ့ပါ။

မပြောတော့ဘူးလို့ ဆုံးဖြတ်လိုက်သလား ဒါမှမဟုတ်

ပြန်မပြော နားမထောင်ပုံစံမျိုး ရှား အထင်မလွဲဖို့ အတွက်ပဲ ကြိုးစားမည်လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

အားလုံး၏ မျက်နှာတွေမှာ စိတ်လှုပ်ရှားမှုဖြင့် ပြည့်နှက်နေ၏။ မိခင်ဖြစ်သော ဒေါ်ပွင့်ဖြူမှာ စိတ်ပုတီးကုံး သေးသေးလေးကို အမြန် အဆန် ဆွဲချစိတ်ရင်း စိတ်တွင်းမှ ဘဂဝါရွတ်ခြင်းက နှုတ်ဖျားမှ အကျယ် ကြီး ထွက်လာသည်။

ချက်ချင်း ပါးစပ်ပြန်ပိတ်၍ စိတ်တွင်းမှ ပြန်ရွတ်ရသည်။

သို့သော် ပါးစပ်ကနေ ဘဂဝါ ဘဂဝါဟု ပြန်ထွက်လာ၏။

ဒီလိုကျတော့လည်း မလုံမလဲ ရက်မီကာ နောက်ဆုံး ပုတီးစိပ် ခြင်းကို ရပ်တန့်ပစ်၍ ပတ်တီးဖြေနေသည့် ဒေါက်တာ့လက်ကိုသာ ရင်တုန် ပန်းတုန် ငေးကြည့်နေမိတော့သည်။

တံခါးဝနားမှာ ခေါင်းဆောင် ရပ်နေသည်။





နံရံကို ပခုံးစောင်းတစ်ဖက်နှင့် မထိတထိ မှီ၍ လက်ပိုက်ရပ် ကြည့်နေခြင်း ဖြစ်သည်။

ဆရာဝန် ဖြေနေသည့် ပတ်တီးစကုန်သွားသောအခါ ဂွမ်းကပ် လေးတွေ ရှိနေသေးသည့် မျက်လုံးနှစ်ဖက်ကို သူတို့အားလုံး စိုးရိမ်တကြီး ကြည့်မိကြ၏။

မျက်လုံးတွေ အောင့်သည် နာသည်ဟု ညည်းညူလွန်းသော ကြောင့် ပတ်တီးစည်းလိုက်ရ၏။ ထိခိုက်သွားနိုင်သည်ဟု ဆရာဝန်တွေက ခန့်မှန်းထားသည်။

ပွန်းပဲ့ရှနာ မရှိသော်လည်း တခြားအာရုံကြောများနှင့် ဆက်စပ် ၍ ထိခိုက်ခဲ့လျှင် သူမ မျက်လုံးကွယ်နိုင်သည်တဲ့။

"ဖြည်းဖြည်းဖွင့် သမီး၊ ဖြည်းဖြည်းနော်"

ဂွမ်းစနစ်ခုကို ဖယ်ပြီး မျက်လုံးတွေ တဖြည်းဖြည်း ဖွင့်လာ သည်။

"မျက်လုံးတွေ အောင့်သေးလား။ ဘာတွေမြင်လဲ သမီး"

"ဟင်"

ရှား ပေါင်ပေါ်မှာ ထားသော လက်ဖဝါးနှစ်ဖက်က စောင်စကို တင်းခနဲ ဆုပ်လိုက်၏။

နှုတ်ခမ်းလေးတွေ တဆတ်ဆတ် ခုန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေ ချောက်ချားစွာ ပြေးလွှားလာ၏။

"အရိပ်တွေ အရိပ်တွေပဲ ဒေါက်တာ ရှား ရှား ဘာမှမမြင်ရဘူး"

"အို"

"သမီးလေးရယ်"

"မာမီ"

"သမီး"

"သမီး သမီး မျက်လုံးတွေ ဖွင့်ထားတာ ဟုတ်ပါတယ်နော် ဟုတ်တယ်မို့လားဟင်"

"သမီးလေး"

"အို မျက်လုံးကို လက်နဲ့ နှိုက်မိမယ် သမီးရဲ့"

ဒေါ်ဖင်မာက ရှား လက်ဖဝါးလေးကို ဆွဲထားလိုက်ရသည်။

ရှားသည် အသံလာရာကို နားစွင့် မော့ကြည့်ကာ လက်ကို ပြန်ရုန်း၏။

"ဟင့်အင်း ဖယ်ပါ ရှား မျက်လုံးတွေကို ကိုင်ကြည့်ချင်လို့ ဘာမှမမြင်ရတာ မဖြစ်နိုင်ဘူး"

ခေါင်းဆောင် သက်ပြင်းချလိုက်မိသည်။

ရင်ထဲမှာ တကယ်ပဲ မကောင်း။





ဒီနေ့ မျက်လုံးကွယ်သွားခဲ့ပြီ။ ခြေတစ်ဖက်က အခြေအနေ ကောင်းသေး။ ဒါတောင် ခြေထောက် ဘာဖြစ်နေသည်ကို ရှား မသိသေး။

သိများ သိသွားလျှင် သူမ ဘယ်လောက် ခံစားရရှာမလဲ။

"သမီးရယ် မငိုပါနဲ့တော့"

"မငိုနဲ့ သမီး။ မျက်လုံး ပိုထိခိုက်သွားမယ်၊ လောလောဆယ် ဒီလို ဖြစ်သွားပေမယ့် နောင် ပြန်မြင်နိုင်တာပဲကွယ်၊ ဘဘတို့ ပြန်ပြီး မ်းသပ်စစ်ဆေးကြဦးမှာပါ၊ စိတ်ဓာတ် မကျနဲ့"

"တိတ်ပါ သမီးရယ်၊ မငိုနဲ့နော်"

အားပေး ချော့မြူသံတွေကို သူ ကြားနေရသည်။

အစက သူ့ရှေ့ကထွက်မှတော့ ကိုယ်က လိုက်မထွက်ရဲရင် ဘာဖြစ်သွားမလဲ။

ရင်ထဲမှာ မာနတွေ အပြည့်နှင့် သူ့ထက် ပိုပြဦးမလို့ ဖြစ်သည်။

ဒီအခြေအနေဖြစ်သွားကာမှ သူ ခွဲခြားထွက်သွားဖို့ မဖြစ်နိုင်တော့ပါ။

တခြား လူတွေ ဘာပြောကြမလဲ။

သူနှင့်ကိုယ် ဖြစ်ကြတဲ့ ပြဿနာကို သူနှင့်ကိုယ်သာ သိသည်။

သူမ ဒီလိုမဖြစ်မီကတည်းက စိန်ခေါ်ခဲ့ကြတာ လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့ကြတာတွေ ဘယ်သူ သိမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ကျမှ လူပြောခံရဖို့က သေချာနေပြီ။

"ကောင်မလေး မျက်လုံးကွယ်သွားတော့ ဘယ်ပေါင်းချင်တော

မလဲ"

"ခြေထောက်ကလည်း မကောင်းဘူးဆိုတော့ ရှောင်ထွက်တော

တာပေါ့"

"ကောင်မလေး သနားပါတယ်"

စသော စကားသံတွေနှင့် ဦးစီး ဆိုသော ကိုကိုနှင့်တကွ မေမေတို့ကပါ မရှိးသားတာဟု ပတ်ဝန်းကျင်က ကဲ့ရဲ့ကြမည်။

သူ ဆုံးဖြတ်ဖို့က တစ်ခုတည်း ရှိတော့သည်။

ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ် ခုချိန်မှာ သူ ထွက်သွားဖို့ လုံးဝ မဖြစ်နိုင်။

ရှေ့ဆက် ရန်ဖြစ်ဖို့တွေ ရှိနေသေးသည်။

■ ■ ■



## အခန်း (၇)

"ဖြစ်ရဲ့လား သား။ မေမေ အလုပ်သမား တစ်ယောက် ထပ်ရှာ လိုက်ရမလား"

"မလိုပါဘူး မေမေ၊ သူလည်း အနည်းအကျဉ်းတော့ ထနိုင် ကြွနိုင်တာပဲ၊ အိမ်မှာ လူစိမ်းတွေ သိပ်များရင် မကောင်းဘူး"

မေမေ ပြောချင်နေသေးတာကို သိသောကြောင့် စကားကို အမြန်ဆုံးဖြတ်ကာ လှည့်ထွက်လိုက်ပေမယ့် မရ။

"သား"

ဒေါ်ဇင်မာ သူ့လက်ကို ဆွဲလိုက်၏။

"အဆင်ပြေအောင် နေလိုက်ပါ သားရယ်နော်၊ သူ မသိသေး တာတွေကို ဖော်ပြပြီးတော့ အလွှတ်မရှုန်းလိုက်ပါနဲ့၊ ပေါက်မိတဲ့ နှုး



www.burmeseclassic.com

www.burmeseclassic.com



မထူးတော့ပါဘူး၊ ဒီတိုင်းပဲ ဆက်နေလိုက်ပါတော့၊ ဒါမှ မဟုတ်ရင်လည်း မိန်းကလေး ပြန်ကောင်းလာမှ သား ဆုံးဖြတ်ပါ''

တင်းနေသည့် သူ့မျက်နှာကို တကြည့်ကြည့်နှင့် မေမေ ပြန်သွားသည်အထိ စိတ်ဖြောင့်ပုံမပေါ်။ သူ အသစ်စက်စက် ဗိုး(လ်)ချဲလေးကို တွန်းကာ ငုတ်တုတ်လေး ထိုင်နေသည့် ရှား ရှိနေသော ခုတင်ဘေးသို့ ယူလာခဲ့၏။

''ထင်ထင်ရှား''

နားစွင့်နေပုံပေါ်ပေမယ့် ကျင့်သားမရှိသောကြောင့် ရှား လန့်သွားဟန် ရှိ၏။

ပြီးတော့ မျက်နှာလေးကို ချက်ချင်း တင်းပစ်သည်။

''ဒီမှာ ဗိုး(လ်)ချဲရလာပြီ၊ မင်း ထိုင်ပြီး ကိုယ့်ဟာကိုယ် သွားလာတတ်အောင် ကျင့်ကြည့်ဦး''

''မလိုပါဘူး ရှားက ဒုက္ခိတကြီးမှ မဟုတ်တာ၊ ကိုယ့်ဟာကိုယ် ကြိုးစားထမယ်''

''ဒုက္ခိတကြီး မဟုတ်ပေမယ့် ဒုက္ခိတလေး ဖြစ်သွားတာတော့ သေချာတယ်လေ၊ မင်းခြေထောက် တစ်ဖက်က ထောက်လို့မှ မရဘဲ၊ အလွန်ဆုံး ခြောက်လ ခုနစ်လ ကုမှရမယ်၊ ဒီဗိုး(လ်)ချဲကလည်း မင်းကို ပူပန်လွန်းလို့ ကိုယ် စီစဉ်လိုက်တာ မဟုတ်ဘူးနော်၊ မင်း မာမီကိုယ်တိုင်





ပေးသွားတာ ကဲ လာ''

''မလိုဘူး လိုအပ်မှ သုံးမယ်၊ ရှင် ထွက်သွား''

''ပြီးတာပဲ''

သူ ထွက်လာခဲ့သည်။

ဒါပေမဲ့ ဝေဝေ့ကိုတော့ သေချာမှာထားရမည်။

''ဂရုစိုက်နော် ခြေထောက်တစ်ဖက်လည်း ထိထားတယ်၊ အနားမှာပဲနေ''

လောလောဆယ် သူ ကိုယ်တိုင် ဘယ်မှ မသွားလာဖြစ်ဘဲ အိမ်ထဲမှာပဲ နေခဲ့ရ၏။

တစ်နေ့ သူ နေ့လယ်စာ စားပြီး ခြံထဲဆင်းလာစဉ်

''အစ်ကိုလေး အစ်ကိုလေး''

ဝေဝေ အပြေးအလွှား ရောက်လာတော့သည်။

''မမလေး ဗိုး(လ်)ချဲ မှောက်သွားလို့ လုပ်ပါဦး''

''ဟင်''

ခေါင်းဆောင် အိမ်ပေါ် ပြေးလွှား တက်လာခဲ့မိသည်။

နောက်ဖေးခြံထဲ ဆင်းသည့် လှေကားနားမှာ ဗိုး(လ်)ချဲနှင့် ရောထွေးလျက် ပုံပုံလေး လဲကျကာ လူးလွန့်ညည်းညူနေသော ရှားကို သူ ပွေ့ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ် အသာချလျှင် လူထက်အရင် ဆံနွယ်ရှည်တွေက ခေါင်းအုံးပေါ် ခွေဝိုက်ကျကာ ဝင်းဖန့်နေသည့် မျက်နှာလေး ရှုံ့မဲ့နေပုံက သနားဖွယ်ဖြစ်၏။

"ထင်ထင်ရှား မင်း ဘယ်နေရာ နာသွားသေးလဲ"

သူမ ကိုယ်လေးဘေးမှာ လက်ထောက်ငုံ့ကြည့်၍ မေးတော့ မျက်လုံးတွေ ပွင့်လာ၏။

နီးနီးလေး ငုံ့ကြည့်နေတယ်ဟု စိတ်က ခံစားမိလာသဖြင့် မျက်နှာလွှဲပစ်ကာ

"ဘာမှမဖြစ်ပါဘူး ရှင် သွားပါ"

"သွားလို့ ဖြစ်မလား။ မင်း တစ်ခုခုဖြစ်တော့ ဝေဝေက နိုင်နင်းတာ မဟုတ်ဘူး။ ဒီအိမ်က မင်းနဲ့ ရင်းနှီးခဲ့တဲ့ နေရာမဟုတ်တဲ့အတွက် ခုလို မင်း မမြင်ရတော့ မှန်းရမ်းသွားလို့ မရဘူး။ မင်းသွားလာလို့ရအောင် လေ့ကျင့်ထားဖို့ လိုတယ်၊ အနားမှာ လူတစ်ယောက်ယောက် အမြဲ ရှိနေပေးတာ၊ ဘေးလူလည်း တာဝန်ပိုတယ်၊ ကိုယ်လည်း စိတ်ကျဉ်းကျပ်တာပဲ၊ ဒီတော့ ကိုယ့်ဟာကိုယ် သွားလာနိုင်ရင် နေရာတကာ လူပို မလိုတော့ဘူး"

သူ ပြောနေတော့ လက်ခံနေတာလား၊ မျှိုသိပ်နေတာလား မသိပေမယ့် ရှား မျက်နှာလေး တစ်ဖက်စောင်း၍ ငြိမ်သက်နေ၏။





စိမ်းမြနေသော နားသယ်စပ် ဆံစလေးများမှ ဆင်းစွယ်နှစ်ပမာ ဝင်းနှစ်ကြည်စင်နေသည့် ပါးပြင်လေးထိ သူ ငေးခံနဲ့ ကြည့်မိသည်။

ရင်ဘတ်အောက်နားမှာ ယှက်တင်ထားသည့် လက်ချောင်းကလေးများထက်မှာထိ မွေးညင်းနုနုလေးတွေ ဖုံးလွှမ်းကာ ထိရက်ဖွယ်ရှိအောင် အိစက်နေတာမျိုး ဖြစ်၏။

ထိုအချိန်တွင် သူ့စိတ်တို့ အဆုံးစွန်ထိ ညှို့သက်နေခဲ့သည်။ ရှား မျက်နှာလေးကိုသာမက လှပသော အစိတ်အပိုင်း တမျက်နှာများကို လှန်လှောဖတ်နေမိသည်။ ဒါကို ဘယ်သူမှ မသိလိုက်။

ထင်ထင်ရှားဆိုသော မိန်းမတစ်ယောက်ဟာ နာမည်နဲ့ လိုက်အောင်လည်း ရှားပါးစွာ လှပသူ ဖြစ်ပါ၏။

ထို့ကြောင့် အလွန် အလှအပ ကြိုက်သော ကိုကိုက နှစ်သက်တာ ဖြစ်လိမ့်မည်။

ကိုကိုသည် သူ့ထံသို့ နှစ်ကြိမ်သာ ရောက်လာခဲ့ဖူးသည်။ မိဘတွေ ကွဲသွားပြီးကတည်းက မတွေ့ခဲ့ကြတာ ဆယ်တန်းအောင်ပြီးကြတော့ တစ်ခါ ရောက်လာသည်။

အဲဒီတုန်းက မေမေပါ ပါလာ၏။

ဖေဖေ ဆုံးသွားပြီးစလည်း ဖြစ်၏။

သူ့မှာ သားအဖအတူ လုပ်ကိုင်ခဲ့ကြသည့် ခြံလုပ်ငန်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပညာက တစ်ပိုင်းဝဲစစ်။

"လိုက်ခဲ့ပါလား သားရယ်၊ သားရဲ့ ပညာရေး တစ်ပိုင်းတစ်စနဲ့ ဝမ်းရေးက တစ်ဖက်၊ ဒုက္ခရောက်မှာ စိုးလို့ပါ"

"ဟုတ်သားပဲ ညီရ၊ လိုက်ခဲ့ပါ ဦးသော်က မဆိုးပါဘူး၊ မင်းနဲ့ ငါ တက္ကသိုလ်ဆက်တက်ကြတာပေါ့"

သူ့ရှေ့မှာတော့ ကိုကိုက ဦးမင်းသော်ကို ဖေဖေဟု မခေါ်ခဲ့ပါ။

ဘယ်သူ ပြန်ခေါ်ခေါ် သူ မလိုက်ခဲ့ပေ။

ခြံလုပ်ငန်းတွေကိုလည်း နိုင်အောင် ဦးစီးသည်။

အင်ဂျင်နီယာ ဘွဲ့ရအောင် ယူခဲ့၏။

ကိုယ့်မာနနဲ့ကိုယ် နေခဲ့သော်လည်း မေမေ့ကိုလည်း မမျှော်လင့်ခဲ့ပေမယ့် ကိုကို့ကိုတော့ သူ မျှော်လင့်နေခဲ့မိသည်။

သူ့ထံ နောက်ထပ်တစ်ခါ လာဖို့ စိတ်ပျက်ကုန်ခမ်းသွားခဲ့လေသလား မသိ။

ကိုကို ရောက်မလာခဲ့တော့တဲ့ တကယ့် ပညာတတ် လုပ်ငန်းရှင်ကြီး ဖြစ်တော့မှ 'ငါ ဒီနားကို ရောက်လာရင်း ဝင်တာကွ'ဟု အားမနာစွာ ပြော၍ ရောက်လာခဲ့သည်။

သူက အသားရောင် နီကျင်ကျင် ညိုညစ်ညစ်။

ကိုကိုက ဖွေးနုသန့်စင်နေသည်။





သူ့မှာ မှတ်ဆိတ်ငုတ်တိုများရှိပေမယ့် ကိုကို့ပါးသိုင်းမွေးရာလေးတွေက စိမ်းမြကာ နှုတ်ခမ်းတို့က ဆေးဆိုးထားသလား ထင်ရအောင် နီမြန်းနေတတ်သူ။

သူနဲ့ကိုကို ရုပ်ချင်း ခွဲမရအောင် ချွတ်စွတ်တူသည့် အမွှာတွေဆိုတာ လူတွေ ခေါင်းညိတ်လာအောင် သူ့ဘက်က အတော်ကြီး ပြုပြင်ယူရမည်ဟု တွက်ခဲ့ဖူးသည်။

ကိုကို့ လက်ဖဝါးတွေက နီရဲနုဖတ်နေသလောက် သစ်ပင်စိုက်ကိုင်းခုတ်ရင်း သူ့လက်တွေကတော့ မာကျောနေခဲ့သည်။

ကိုကို သူ့ဆီ နောက်ဆုံးတစ်ခါ ရောက်လာစဉ်မှာ ဝတ်စားပြောဆိုပုံကအစ အများကြီး ပြောင်းလဲသွားခဲ့၏။

ထိုစဉ်ကပဲ သူ လက်ထပ်တော့မည့်အကြောင်း ပြောခဲ့တာဖြစ်သည်။

နာမည် ပြောသွားသလား မပြောခဲ့ဘူးလား မမှတ်မိတော့ပါ။

"သိပ်လှတာကွ မင်းကို မိတ်ဆက်ပေးချင်တာ ညီ၊ မင်း ငါ့မင်္ဂလာပွဲကိုတော့ မလာလို့ မရဘူးနော်၊ နှစ်ရက်လောက် ကြိုရောက်မှဖြစ်မှာ၊ ငါ့မှာ အမွှာညီ ရှိတယ်ဆိုတာ သူ့ကို ပြောထားသေးတယ်၊ သူ သိတယ်"

ကိုကို ပြောတုန်းက သူ အမှတ်တမဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုလို ကိုကိုအယောင်ဆောင်နေတာကို ခန့်မှန်းမိသွားတာ သိရမှ ဒါတွေကို ဆက်စက် တွေးသွားတာမှန်း နားလည်ခဲ့သည်။

ဒီ့ထက်ပို၍ ချိုမွမ်းထိုက်သူဖြစ်အောင် အေးအေးဆေးဆေး ကျမှ မေးရပါဦးမည်။

သူ ရှားကိုကြည့်၍ အတွေးတွေ လွန်သွားမိစဉ် ဖုန်းသံပြည်လာ၏။

စားပွဲဆီ ထသွားပြီး ကောက်ကိုင်လိုက်၏။

''သားလား သမီးလေး နေကောင်းရဲ့လားဟင်''

ဒေါ်ပွင့်ဖြူ အသံမို့ သူ စကားပြောခွက်ကို ပိတ်ထားပြီး ရှားကို ငဲ့ကြည့်ကာ

''မင်းမာမီ မေးနေတယ်၊ နေကောင်းလားတဲ့၊ ဘယ်လိုပြောလိုက်ရမလဲ''

ရှား မျက်လုံးတွေ ချက်ချင်း ပွင့်လာ၏။

ဒေါသများနှင့် ဖြစ်သည်။

''နေကောင်းတာ မကောင်းတာ ရှင် မမြင်ဘူးလား။ တစ်ဖက်က စိုးရိမ်အောင် သက်သက်လုပ်နေတာ''

''မသိလို့ပေါ့ကွ မင်း ခုပဲ လဲကျထားတာ၊ မင်း ဘယ်နေရာမှာ ဘာဖြစ်သွားလဲ၊ ကိုယ့်ကိုကိုယ်တောင် သိလို့လား။ ဒီမှာ ဖြေပြီးမှ တစ်ခုခု





ထဖြစ်တော့ ကိုယ်ကပဲ ဘာမှ ဂရုမစိုက်မိလို့ ပြီးစလွယ် ဖြေတယ် ဖြစ်ဦးမယ်''

''ဖြစ်ဖြစ် ရှင် အနေသာကြီး''

''အနေသာကြီး သဘောထားလို့ မရလို့ မင်းအနားမှာ နေပေးနေတာ တလွဲထင် မခံနိုင်ဘူး''

သူ စကားစဖြတ်ကာ တစ်ဖက်က ဖုန်းကို ပြန်ဖြေလိုက်၏။

''နေကောင်းတယ် အန်တီ''

''သားရယ် ဒါလေးကို ကြာလိုက်တာ၊ မာမီဖြင့် စိတ်ကို ပူသွားတာပဲ''

''ကြာတာက သူ့ကို ပြန်မေးနေရလို့ပါ၊ အန်တီ့သမီးက မေးရင် ဖြေချင်မှ ဖြေတာ''

''ဟုတ်လား သမီးက ဒီလိုပဲ၊ သည်းခံပါ သားရယ်၊ မာမီ အားရင် လာခဲ့ဦးမယ် သိလား။ နေထိုင် မကောင်းတော့ စိတ်တိုနေတယ် ထင်ပါရဲ့''

သည်းခံဖို့ပဲ အထပ်ထပ်ပြောနေတော့ သူ နှုတ်ခမ်းတွန့်ပစ်သည်။

သည်းမခံခဲ့ဖူးတော့ သည်းခံတယ်ဆိုတာ ဘာမှန်းကို မသိတာ ပြောလိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြစ်လွယ်တာ ယောကျ်ားမပီသဘူးဆိုလျှင် သူဟာ ဘာလဲတော့ မသိ။

အရှုံးပေးချင်စိတ် မရှိတတ်တာက ဟိုတုန်းကတည်းက

"ခေါင်းဆောင်"

ရုတ်တရက် ခေါ်သံကြောင့် သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။

"မင်း ဘယ်လိုခေါ်လိုက်တာလဲ"

"ရှင့်နာမည်ကို ခေါ်တာလေ"

မမြင်ရသော မျက်ဝန်းလေးတွေက ရွှေတစ်နေရာတည်းကို စူးစိုက်ထားရင်း နှုတ်ခမ်းလေးတွေ စေ့၍ ရှားက အရှုံးမပေးနိုင်သည့် မျက်နှာလေးကို ပင့်ထား၏။

သူ ရှားဘေးကို ချက်ချင်း ရောက်သွား၏။

"မင်း ငါ့ကို မခေါ်ချင်ရင် ပါးစပ်ပိတ်နေလိုက် ထင်ထင်ရှား အဲဒီလို မခေါ်နဲ့"

"ခေါ်မှာပဲ ရှင်က ခေါင်းဆောင်၊ ဦးစီး ဖြစ်ချင်လို့ မရဘူး"

"တိတ်စမ်း"

သူ သတိလက်လွှတ် အော်လိုက်ပြီးမှ စိတ်ကို ပြန်ထိန်းလိုက်ရ၏။

"ငါက ဦးစီးလုပ်ချင်လို့ ကြိုးစားနေတာ မဟုတ်ဘူး။ လိုအပ်လို့





သရုပ်ဆောင်နေတာ၊ ငါ သရုပ်ဆောင်တဲ့ထဲမှာ မင်းကို ဘာတစ်ခုမှ ထိခိုက်ဖို့ မပါဘူး။ ငါ့အစ်ကိုနဲ့ ငါ့မိဘအတွက်"

"ဘာလို့ မထိခိုက်ရမှာလဲ၊ အားလုံး ကြေမွပျက်စီးကုန်တာ၊ အဲဒါ ရှင်တို့ထက် အများကြီး ပိုတယ် သိလား။ ဒီလို ပျက်စီးမှုတွေကို ရှင်တို့ ဘာနဲ့မှ လျော်ပစ်လို့ မရဘူး။ ဘာမှလည်း အကောင်းတိုင်း ပြန်ရတော့မှာ မဟုတ်ဘူး၊ ရှင်ကတော့ အစ်ကိုအတွက် မိဘအတွက် ဆိုပွန်း ရှားက ဘာအတွက် နစ်မွန်းရတာလဲ"

"မင်းကို နစ်မွန်းအောင် ဘာမှမလုပ်ဘူး"

"ရှင်နဲ့လက်ထပ်ခဲ့ရတာကို ဘာနဲ့ဖျောက်ဖျက်တော့မလဲ၊ ရှားကို ရှင် မစော်ကားပေမယ့် ရှင့်ရဲ့ဇနီးဆိုတာက အတည်ဖြစ်သွားခဲ့ပြီးပြီ၊ ရှင့်ကို မကျေနပ်ဘူး သိလား။ ဦးစီး ဘာဖြစ်လို့ သေသွားတာလဲ၊ ရှင်က ဘယ်လိုကိစ္စတွေကြောင့် အစားဝင်ခဲ့တာလဲ ပြောပြ၊ မပြောရင် ရှင့်ကို ရှားကတော့ ထင်ရာမြင်ရာတွေ ပြောနေမှာပဲ"

"မင်း တိုးတိုးပြောစမ်း"

ဝေဝေ အပေါ်ထပ်မှာ ဘုရားပန်း သွားလဲနေတာကို သိပေမယ့် အမှတ်တမဲ့ ကြားသွားမည်စိုး၍ သူကြိတ်ပြောမိသည်။

"မပြောဘူး ဒေါသဆိုတာ အချိုးကျအတိုင်း ထွက်ပေးလို့ရတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသချင်း ပြိုင်မလားဟု ကလေးကလား သူ့ စိန်ခေါ်ချင်စိတ်တွေ ဖြစ်လာမိ၏။

မျက်လုံး မမြင်ဘဲ တစ်စက်မှလည်း လေသံမလျှော့သည့် ရှာကို သူ အသည်းယားနေမိ၏။

လှူကြီးတွေက အထပ်ထပ် တားခဲ့သည်။

ဒါ ဖွင့်မပြောသင့်မှန်းလည်း သိကာ သူ မျိုသိပ်ခဲ့သည်။

သို့သော် ပြောချလိုက်ချင်သည့် စိတ်နှင့် စကားလုံးတွေက လျှာဖျားထိ ခုန်ပေါက်တက်လာကြ၏။

ဒီတစ်ခါလည်း သူ ရှုံးပါသည်။ မိန်းမနဲ့ယောကျ်ား၊ လူမမာနဲ့ လူကောင်း ရန်ဖြစ်နေလျှင် သူပဲ လွန်ရာကျတော့မည်။

"ကဲ ကိုယ် မင်းနဲ့ ရန်မဖြစ်ချင်ဘူး၊ ခဏ ထထိုင်ကြည့်စောစောကလဲတာ ဘာဖြစ်သွားလဲ"

"ဘာဖြစ်သွားသွား မလိုဘူး"

"မလိုရင် ပြီးတာပဲ"

သည်းမခံနိုင်စွာ သူ လှည့်ထွက်လာခဲ့သည်။ ရှား အံကြိတ်ထားလျက် ကျန်ခဲ့၏။ တကယ်ဆို သူလုပ်ချင်ရာ လုပ်ခဲ့ပြီးပြီ။

တစ်ဖက်သား ကျေနပ်အောင် တောင်းပန်ဖို့ကို နားလည်မည်။





ခုတော့ စကားပြောတာ တစ်ချက်မှ အောက်စည်းက မရှိ။

သူမ အဖြစ်က ဦးစီးဟာ ဘာတွေလုပ်ကိုင်နေ၍ ဘယ်လိုလူမှန်းသေး။

အစားထိုးဝင်နေသည့် ခေါင်းဆောင်ဆိုသူက ဘာလဲ။

ဘယ်သူ့အကြောင်းကိုမှ မသိရဘဲ ဘာမှတုံ့ပြန်ခွင့်မရသည့် အပြင် မျက်မမြင် ဒုက္ခိတ ထပ်ဖြစ်ခဲ့ရသည်။

ထားသွားရင်လည်း သွား။ ဒုက္ခိတမို့ မပေါင်းနိုင်ပါဘူး ပေါ်တင်ပေါ့။

အနားမှာနေပြီး တရိရိ နှိပ်စက်နေတာ ဘာရည်ရွယ်ချက်နဲ့လဲ။

"သမီး မာမီတို့နဲ့ပဲ နေပါရစေ၊ ဒုက္ခိတ ဖြစ်နေကာမှ ဒီလူနဲ့ အတူ ထပ်နေရရင် သမီး သေမှာပဲ သိလား"

"သေစရာလား သမီးရယ်၊ မာမီတို့ပါ သိက္ခာကျ အရှက်ရတာပဲရှိမှာ၊ သမီးကကော လက်ထပ်ပြီးမှ သူနဲ့မပေါင်းဖြစ်ရင် ကိုယ်က မပေါင်းချင်တာပဲ ထားဦး၊ အများအမြင်မှာ ယောကျ်ားက ဒုက္ခိတဖြစ်လို့ ထားသွားပြီဆိုပြီး ဘယ်လောက် မျက်နှာငယ်ရမလဲ၊ သူနဲ့သမီး ပေါင်းပေါင်း မပေါင်းပေါင်း လက်ထပ်ပြီးမှ မပေါင်းဖြစ်ရင် တစ်ခုလပ်ပဲ"

မာမီ့ရှေ့မှာတော့ သူက ခေါင်းဆောင်တဲ့၊ မာမီ ဦးစီး မဟုတ်ဘူးဟု မပြောဖြစ်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးစီးနဲ့ ပတ်သက်သော လူသိမခံနိုင်ဘူးဆိုသည့် ပြဿနာတွေကို သူမ ကြောက်နေမိ၏။

ဘာတွေလဲ ခေါင်းဆောင်ပုံစံကလည်း သူမအပေါ် စိတ်ဝင်စားမှု ရှိလို့ မဟုတ်ဘဲ ဦးစီး၏ ပြဿနာများကြောင့် သိုဝှက်ကာကွယ်ရန် အစားထိုး ဂင်ဖရောက်ခဲ့ခြင်း၊ ဖြစ်သည်မှာ ထင်ရှားသည်။

တကယ်တမ်း ပြဿနာ ရှာပစ်ဖို့ကျတော့ ကိုယ့်ဘက်မှာလည်း နစ်နာမှုတွေ ရှိလာနိုင်၏။

အကြောင်းအမျိုးမျိုးနှင့် လျှောက်တွေးရင်း ဦးစီးနဲ့ခေါင်းဆောင် ပြောင်းလဲသွားခဲ့ခြင်းအား ရှား မာမို့ကိုတောင် မပြောဖြစ်ခဲ့။

မာမိကိုယ်တိုင် ခေါင်းဆောင်က တာဝန်သိတတ်စွာ စောင့်ရှောက်မည်ဆိုသည့် အဖြစ်အတွက် ကျေနပ်ဝမ်းသာနေခဲ့သည်။

"တစ်ယောက်နဲ့တစ်ယောက် ပေါင်းသင်းကြရသေးတာ မဟုတ်ဘူး။ ပေါင်းသင်းနေကြတဲ့ လင်မယားတွေတောင် ယောကျ်ားတွေ ဖောက်ပြန်နေကြတာ အများကြီး။ သူသာ မပေါင်းနိုင်တော့ဘူးဆို မာမို့ သမီးလေးပဲ နစ်နာမှာ"

ဒါကိုပဲ တဖွဖွပြော၍ ရှားကို နားချနေခဲ့သည်။

ဒီလို ယောကျ်ား ဒီအချိုးချိုးနေတာကျတော့ ပေါင်းနေရတာထက် ကွဲသွားတာကမှ စိတ်ချမ်းသာစရာ ဖြစ်ဦးမည်။



• သွား မစံချင်အောင်ပဲ ပြောမယ်။ မကြိုက်တာပဲ လုပ်မယ်။

ဦးစီး ဘာကောင်လဲဆိုတာ ရှင် ပြောမလာမချင်း ရှင်ရောသွန်မရော စိတ်ချမ်းသာရမှာ မဟုတ်ဘူးဆိုတာ မှတ်ထား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

“ဝေဝေ”

“ရှင် မမလေး”

လှေကားခြေရင်းမှာရပ်၍ ဝေဝေကို ခေါ်လိုက်ပြီး အသံကြားမှ လှေကားထစ်တွေကို တစ်ထစ်ချင်း နင်းတက်ခဲ့သည်။

“မမလေး မမလေး နေပါဦး ကျွန်မ လာပြီ”

ဝေဝေ ခလုတ်တိုက်မတတ် ပြေးလာသည်။

ရှားက လှေကားလက်ရမ်းကို ဆုပ်ကိုင်ထား၍ လှေကားကို ဖြည်းဖြည်းလေး တက်၏။

“မမလေး မမလေး အပေါ်တက်မလို့လား”

“အင်း အမလေး”





“အား”

ရှား ပုံခနဲ ခွေကျကာ ဝေဝေက လန့်အော်သည်။

“ဟော ဘာဖြစ်ကုန်တာလဲ”

ခေါင်းဆောင် လှမ်းအော်ရင်း ပြေးလာသည်။

ဗိုး(လ်)ချဲက လှေကားရင်းမှာရပ်လျက် ရှား လှေကားပေါ်မှာ နစ်ထစ်တောင် ရောက်နေပြီ။

သို့သော် သူ ပြေးလာစဉ်မှာပဲ ရှား ကြိုးတစ်စလို ခွေကျကာ လှေကားရင်းထိ ထွေးထွေးလေး ပြန်လိမ့်ကျ၏။

ဝေဝေ ဆွဲချိန်မရလိုက်ဘဲ အနားရောက်နေသည့်တိုင် ဘာလုပ်ရမှန်း မသိဘဲ အော်၍သာ နေ၏။

“ရှား”

ခေါင်းဆောင် ရှား ကိုယ်လေးကို ပွေ့ယူလိုက်စဉ် နဖူးပြင်မှာ သွေးစို့နေတာ တွေ့လိုက်ရ၏။

လူကတော့ သတိမလစ်သေးဘဲ ညည်းညူနေ၏။

“ရှား”

သူ ရှားဟု ခေါ်မိသည့်အချိန်သည် သတိလွှတ်သွားချိန်မှာ ဖြစ်သည်။

ရှားက မျက်လုံးဖွင့်ကြည့်ကာ သူ့ကို တွန်းဖယ်ဖို့ ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမလေး မမလေး ခေါင်းကို ထိသွားပြီ"

"ဆေးထည့်ဖို့ ပတ်တီးနဲ့ ဆေးတွေ သွားယူထား"

"ဟုတ်ကဲ့"

သူ နိုင်းသည်နှင့် ဝေဝေ ချက်ချင်းထွက်သွားသည်။

"မင်း အပေါ်တက်ပြီး ဘာလုပ်မလို့လဲ ရှား။ ကိုယ့်ကိုကိုယ် လှကောင်းမဟုတ်ဘူးဆိုတာကို သတိမရဘူးလား"

ရှားကိုသူ အခန်းထဲ ပြန်ပွေ့လာရင်း ဆူသလို ပြောမိသည်။

ရှားက မျက်နှာလေးမဲ့နေပေမယ့် အပြစ်ရှိသူတစ်ယောက်လို မဟုတ်။

"အပေါ်ထပ် အိပ်ခန်းထဲမှာ ကျွန်မ ယူစရာပစ္စည်းရှိလို့"

ရှားကလည်း ကိုယ့်ကိုကိုယ် ရှားဟု ထည့်ပြောမိခြင်းက သတိ လက်လွတ်သွားချိန်ပဲ ဖြစ်ကာ သူ့ကိုဆို ရှင်နဲ့ကျွန်မသာ ပြောတတ်သူ ဖြစ်၏။

"ပစ္စည်းယူစရာ ရှိတာ ဝေဝေကို ယူနိုင်းပေါ့၊ ကိုယ်လည်း ရှိ တာပဲ၊ ဘာလဲ လူမြင်မခံရဲတဲ့ပစ္စည်းလား။ ထိလို့ ကိုင်လို့မရတဲ့ ပစ္စည်းမျိုး လား"

"ဟုတ်တယ် အထူးသဖြင့် ရှင် သိမှာစိုးလို့လေ၊ ကျွန်မ ညည်း စားရဲ့ အမှတ်တရ ပစ္စည်း"



သူ့မျက်နှာ တင်းခနဲ ဖြစ်သွား၏။

သဝန်တိုသွားမိတာ မဟုတ်ပါ။ ဒီစကားမျိုးလိုပြောချလိုက်တာ ကိုယ့်သိက္ခာကို ထိပါးတာဟု သူ မြင်သည်။

"မင်းညည်းစားမကလို့ မင့်ဟာမင်း နောက်တစ်ယောက်ပဲ ထား ထား ငါ့အရေးမပါဘူး၊ ကိုယ် ရှိရဲ့သားနဲ့ မင်း လိမ့်ကျသေသွားရင်သာ ပြောတာဆိုတာတွေ လာကြမှာ"

"ဘာ ရှင် ဘာပြောတယ်၊ လူကို ဘယ်လိုအစား အောက်မေ့ နေလဲ ဟင်"

"မင်းပြောတဲ့အတိုင်း ပြောတာပဲ"

"ကျွန်မက ရှင့်ကို ရွဲ့ပြောတာ ရှင် မေးပုံကို ရှင်ပြန်ကြည့်လေ"

"မကြည့်တတ်ဘူး၊ ကိုယ်လည်း မင်းပြောလို့ ပြောတာပဲ"

တက်ခေါက်လိုက်ပြီးမှ ခေါင်းထဲက ပြင်းထန်စွာ ကိုက်ခဲသွား ကာ ရှား မျက်နှာလေး ရှုံ့မဲ့သွား၏။

ထိုစဉ် ဝေဝေ ရောက်လာသည်။

ဆေးစည်း ပတ်တီးစည်းဖို့ အစုံပြင်ဆင်လာ၏။

"သွား ပြန်ယူသွား၊ ဘာမှ လာမလုပ်နဲ့"

ဝေဝေ ခပ်တွန့်တွန့်လေးကြည့်ကာ အနားမှာ ရပ်နေသဖြင့် သူ မေးဆတ်ပြလိုက်တော့ ကပျာကယာလေး ထွက်သွားရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



မမြင်ရရှာသည့် မျက်ဝန်းလေးတွေမှာ မျက်ရည်တွေ ပြည့်ကျွံနေတာ တွေ့တော့ ခေါင်းဆောင် သနားသွားမိသည်။

"ထင်ထင်ရှား မင်းခေါင်းက ဒဏ်ရာ သွေးကျနေပြီ ဆေးထည့်ရအောင်"

သူ ပျော့ပျောင်းစွာ ဆက်ဆံပေမယ့် ရှားက ခါးခါးသီးသီး။

"မထည့်ဘူး ရှင် ကျွန်မ ရှေ့က ထွက်သွား"

"မင်း ဆေးမထည့်ဘဲ ကိုယ် သွားလို့ မဖြစ်ဘူး၊ ငြိမ်ငြိမ်နေ"

"မနေနိုင်ဘူး"

"ရှား မင်း"

ရှား အိပ်ရာထဲက ထဖို့လုပ်တော့ သူက ရှားလက်မောင်းလေး တစ်ဖက်ကို အိပ်ရာနဲ့ ဖိကပ်ထားလိုက်၏။

"ရှင် လွှတ်နော်၊ ကျွန်မကို အကန်းဆိုပြီး အနိုင်မကျင့်နဲ့ သိလား၊ ရှင့်ကို မုန်းတယ်"

"မင်းကိုကော ချစ်ပါကြိုက်ပါလို့ ကိုယ်က ပြောနေလို့လား။ ဒဏ်ရာက သွေးတွေ သိပ်ထွက်နေပြီ ဘာမှ မဟုတ်လောက်တာလေးကို အခြေအနေဆိုးသွားအောင် မလုပ်ချင်နဲ့ ငြိမ်ငြိမ်လေးနေလိုက်"

"ဟင့်အင်း အား"

ရှား စိတ်ရှိလက်ရှိ ခေါင်းခါလိုက်ပြီးမှ မျက်နှာလေး မဲ့သွား၏။





မျက်ရည်ကြောင်းလေးနှစ်ဖက် ဖြတ်စီးကျလာသည်။

ခေါင်းဆောင် မျက်နှာပြေကျသွားကာ ရှား လက်ဖဝါးလေးကို အမှတ်တမဲ့ နွေးထွေးညင်သာစွာ ဆုပ်ကိုင်လိုက်မိ၏။

"ထင်ထင်ရှား ကိုယ်ပြောတာတွေ ရင့်သီးသွားတာပါရင် ကိုယ် တောင်းပန်တယ်ကွာ၊ မင်း ကိုယ့်ကို ခင်တွယ်ဖို့ မလိုပါဘူး၊ ရန်သူလိုတော့ မဆက်ဆံနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ မင်းနဲ့ကိုယ် နှစ်ယောက်ပဲ ရှိတာလေ၊ ဝေဝေ ဆိုတာက အသေးအမွှား ဝေယျာဝစ္စလောက်ပဲ လုပ်နိုင်မှာပေါ့၊ မင်းနားမှာ ကိုယ်ပဲရှိနေမှာ၊ မင်း ကိုယ့်ကို ရန်သူလို သဘောထားနေရင် အမြဲတကျက်ကျက် ဖြစ်နေမှာပဲ"

သူ အေးဆေးညင်သာစွာ ပြောပြတော့ ရှားက မျက်နှာလေး လွှဲ၍ နှုတ်ခမ်းနှစ်လွှာကို အတင်းဖိပိတ်ထား၏။

အတိုက်အခံ ဖြစ်နေကြတုန်းက တစ်မျိုး။

သူက အလျှော့ပေးလာတော့ ဘာကို ကြေကွဲသွားမှန်းမသိ။

"ဆေးထည့်ရအောင် ခဏ ထထိုင်ပေး"

"အို မကိုင်နဲ့"

သူ ဆွဲထူလိုက်သည်။ ရှား တွန့်ခနဲ ဖြစ်သွားသော်လည်း သူ့ လက်ထဲမှာပဲ ပါလာကာ ထိုင်လျက်လေး ဖြစ်သွား၏။

မွေ့ရာပြင် ညွတ်ခနဲ ဖြစ်သွားသဖြင့် သူ ကိုယ့်နားကပ်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှန်း သိလိုက်ကာ ဘေးကို ရှေ့ထိုင်မိ၏။

"မတိုးနဲ့လေ၊ မင်း ခေါင်းကို ကိုယ် ဘယ်လို ကိုင်မလဲ"

သူက ရှား လက်ကလေးကို ဖိဆွဲထားလိုက်၏။

ဆေးထည့်ဖို့ အလုပ်တစ်ခုကို သူ့မှာ ကလေးငယ်တစ်ယောက်နဲ့ လုပ်နေရသလို ခက်ခဲစွာ လုပ်ရတာ မပြီးနိုင်တော့။

"အား"

သူ့လက်ကို ဖျတ်ခနဲ ပုတ်ချပစ်၍ ဒဏ်ရာကို အုပ်ထားတော့ ထိုလက်ကလေးကို သူ အသာဆွဲဖယ်ရသည်။

ကရုဏာစိတ်နှင့် ပါးမို့လေးတွေထက်က မျက်ရည်ကြောင်းလေးများကိုပါ သုတ်ပေးလိုက်ချင်စိတ်တွေ ဖြစ်မိသည်။

သို့သော် ထင်ထင်ရှားဟာ သူနဲ့မသက်ဆိုင်သူ။

■ ■ ■

အခန်း (၉)

ဝိုး(လ်)ချဲနားမှာ ရပ်လျက် ပြတင်းပေါက်ကိုကိုင်၍ မှိန်နွဲ့ရပ်နေသော ရှား နားကို သူ လျှောက်လာခဲ့၏။

"ထင်ထင်ရှား မင်း ဘာမှာဦးမလဲ၊ ကိုယ် အပြင်ခဏသွားမလို့"

ရှားက သူ့ကို လှည့်မကြည့်ဘဲ မြို့ထဲကို ငေးနေရာမှ နှာခေါင်းလေးတစ်ချက် ရှုံ့သွား၏။

"ရှင် တော်တော် စီးကရက်ကြိုက်သလား ခေါင်းဆောင်"

"ဘာဖြစ်လို့လဲ"

"နံလို့ပေါ့၊ ရှင် ကျွန်မနားကို စကားကပ်မပြောပါနဲ့"

သူက ပြုံး၍ စီးကရက်ပန့်ကို မြိပြင်ကို တောက်ထုတ်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ပြဿနာမရှိပါဘူး၊ မင်းကို ကိုယ် အရေးကြီးတာ ပြောချင်တယ်"

စကားဖြတ်၍ နားစွင့်ထားပုံရသည့် ရှား မျက်နှာလေးကို သူ စိုက်ကြည့်ကာ

"မင်း ကိုယ့်ကို ခေါင်းဆောင်လို့ ခေါ်လို့ မဖြစ်ဘူး"

"ရှင်က ခေါင်းဆောင်ပဲ"

"ဒါပေမဲ့ မခေါ်နဲ့၊ ကိုကို့မှာ ရှင်းလင်းဖို့တွေ အများကြီး ကျန်ခဲ့သေးတယ်၊ ဒါတွေ ကိုယ်ရှင်းရဦးမှာ၊ ကိုကို မသေဘူးဆိုတာ သူတို့ သိသွားမှ ဒါတွေ ရောက်လာမှာ၊ မဟုတ်ရင် ကိုယ် သရုပ်ဆောင်နေရတာ အလဟဿ ဖြစ်ကုန်မှာပဲ"

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

"ကိုကို့ မိတ်ဆွေတွေပေါ့၊ ရန်သူတွေရောပဲ"

"သူက လူဆိုးတစ်ယောက်လား"

"လူတိုင်းမှာ ရန်သူကော မိတ်ဆွေရော ရှိကြတာပဲ၊ ကိုယ်တို့ မသိကြလို့ပါ"

မမြင်ရသော မျက်ဝန်းလေးတွေမှာ ရောင်ရိပ်တစ်ချက် ထင်ကာ ရှားက ပြုံးလိုက်၏။

သူမ သဘောပေါက်သလိုတော့ ရှိပါပြီ။





ညှို့ငင်လှည့်ဖြားတတ်သော မျက်ဝန်းများကို သတိရမိ၏။

သူ့ ဟုတ်မှာပါ အလွန်ကြည့်ကောင်းသော နှုတ်ခမ်းအစုံမှာ မာယာတွေ ရှိသည်။

မျက်ဝန်းအစုံက ယောကျ်ားတန်မယ့် ငေးကြည့်နေချင်အောင် ညှို့ငင်နိုင်စွမ်းရှိ၏။

ရိုးသားခြင်း မရှိတတ်သော ထိုမျက်နှာဟာ လူဆိုးတစ်ယောက် ဖြစ်မှုယ်တွေလည်း အများကြီး ရှိနိုင်သည်။

ခေါင်းဆောင် လှည့်ပတ် ရှောင်ထွက်သွားပေမယ့် ရှား တွေးယူနိုင်ခဲ့၏။

"အဲဒီ ရန်သူတွေ ရှင့်ဆီလာမှာကျတော့ ရှင် မကြောက်ဘူးလား"

"မကြောက်ပါဘူး၊ အဲဒါတွေ ကိုယ် ရှင်းဖို့ ဆုံးဖြတ်ပြီးသား၊ ကိုကို့နေရာမှာ ကိုယ် ရှိပေမယ့် ကိုယ်က အလင်းရောင်ထဲကလူ၊ ကိုယ့်ကိုကိုယ် စိတ်သန့်တယ်"

ထိုစကား အရောက်မှာ ရှား ပြုံးလိုက်ပြန်သည်။ လှောင်ပြုံးပဲ ဖြစ်၏။

ခေါင်းဆောင် သူ့စကား မှားသွားပြီကို သိလိုက်ကာ မျက်နှာပူသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရှားက မြင်နိုင်သည်မှ မဟုတ်ဘဲ။ ထုပ္ပသွားသည့်
သူ့အမူအရာကို အကဲခတ်နိုင်မှာ မဟုတ်။

"ထင်ထင်ရှား မင်းကို ကိုယ် ပြောတာ ခေါင်းထဲနည်းနည်း
ထည့်စမ်းပါ"

သူ စကားလမ်းလွှဲပစ်လိုက်၏။

မျက်ဝန်းလေးတွေ သူ့မျက်နှာသို့ မရောက်ပေမယ့် ရှား မျက်နှာ
လေး သူ့ဘက် လှည့်လာ၏။

"ဘာလဲ"

"မင်း ကိုယ့်ကို ခေါင်းဆောင်ဆိုတဲ့ နာမည်တစ်လုံးမှ မပါဘဲ
ခေါ်ဖို့"

"ကျွန်မ ပြောပြီးပြီလေ၊ ရှင်က ဦးစီး မဟုတ်တာကို ကျွန်မ
သိနေတဲ့ဟာ ဦးစီးလို့ ခေါ်ရမှာလား၊ မခေါ်နိုင်ဘူး"

"အဲဒီလို မခေါ်လည်း ရတယ်"

ရှား မျက်ခုံးလေး တွန့်သွား၏။

ဦးစီး လို့ မခေါ်ရဘူး။ ခေါင်းဆောင် နာမည်လည်း တစ်လုံးမှ
မခေါ်ရဘူးဆိုတော့ ကိုကိုခေါင်းလို့ ခေါ်လည်း အကြားမတော်။

ကိုဆောင် လို့လည်း မခေါ်ရ။

ဦးစီး မဟုတ်ဘဲ ကိုဦးတို့ ကိုစီးတို့ ခေါ်ဖို့ကျတော့လည်း လက်





...နိုင်ပါ။

ဒါဆို မောင် ကိုကို အစ်ကို ဒါတွေပဲ ကျန်မှာပေါ့။ ရှား
...နှာလေး နီလာ၏။

"အို မခေါ်နိုင်ပါဘူး ဘယ်နာမည်မှ မပါရင် ပြီးရော"

ရှား အနိုင်နိုင် ရပ်နေရသည့် ကိုယ့်ကိုကိုယ် မေ့လျော့ကာ
သူ့ရှေ့က ထွက်သွားဖို့ ကိုယ်ကို လှည့်လိုက်ပြီးမှ ခြေထောက်က မပါ။

လူက ဖြစ်နေကျအတိုင်း ခွေခနဲ လဲပြိုသွား၏။

"အား"

ခြေထောက်က ဒဏ်နှင့်မို့ နဲ့သွားပြီဆို ဘယ်လိုမှ ဟန်ဆောင်
...ိန်းချုပ်လို့မရ။

သို့သော် ကြမ်းပြင်ထက်သို့ ပုံမကျဘဲ ခေါင်းဆောင် ရင်ခွင်ထဲ
...ရောက်သွားခဲ့၏။

ဒဏ်ရာက နာကျင်ကာ သူမကိုယ်တိုင် ခေါင်းဆောင်၏ ကျော
ပြင်ကို တအား ဖက်တွယ်ထားလိုက်မိ၏။

ခြေထောက်က နာကျင်မှုကြောင့် ကိုယ်ကို ပြန်မမတ်နိုင်ဘဲ
သူ့ရင်ခွင်ထဲမှာ ရှား အရုပ်ကြိုးပြတ် ဖြစ်နေသည်။

"အား နာတယ်"

"ခဏ ခဏလေး"



www.burmeseclassic.com

www.burmeseclassic.com



ရှား တအားဖက်ထားသဖြင့် ခေါင်းဆောင်လည်း နေရာရွေ့မရ။

ရှား ခါးလေးကို တစ်ဖက်က ပွေ့ထားကာ ဝိုး(လ်)ချဲကို မနိုင်တ လှမ်းဆွဲ၏။

"ဒီမှာ ရပြီ သာသာလေး ထိုင်ချလိုက်တော့"

"အား"

ထိုင်ချလိုက်ဖို့ ပြင်တော့ မထိုင်နိုင်။

ရှား ကိုယ်လေး တွန့်ခနဲ ဖြစ်သွားကာ သူ့ကိုပြန်၍ ဖက်တွယ်ထား၏။

"ခြေ ခြေထောက်က ရွှေ့လို့ကို မရတော့ဘူး၊ လှုပ်ပါဦး အရမ်းနာတယ်"

"ဒါဆို ခဏလေးနေ ကိုယ် ပွေ့သွားမယ်၊ အိပ်ရာထဲ သွားနေနော်"

"ဟင့်အင်း ဒီမှာပဲ ချပေး"

သူ ခေါင်းညိတ်ကာ ရှားကို အသာလေး ပွေ့၍ ဝိုး(ဇ်)ချဲပေါ်မှာ ချပေးလိုက်၏။

"အ အား"

"ဘယ်လိုလဲ နာနေသေးလား"





"အင်း"

ရန်တွေ့ဖို့တွေ မျက်စောင်းထိုးဖို့တွေ ရှား မေ့သွားပြီ ထင်သည်။

မျက်နှာလေး ရှုံ့မဲ့ကာ နာနေသည့်ခြေထောက်ကို ဖိဆုပ်၍ ညည်းညူနေ၏။

"အဲဒါကြောင့် ပြောတာ၊ အိပ်ရာထဲမှာ သွားနေလိုက်ပါကွာ"

"အိုး မနေချင်ပါဘူး။ ခြေထောက်က အရမ်းနာနေတာ၊ အိပ်ရာပေါ်ရောက်ရင် မလှုပ်နိုင် မရှားနိုင် ဒီတိုင်းပဲ နေရတော့မှာ"

"ဒီပေါ်မှာကျတော့ မင်း ခြေထောက်က မနာတော့ဘူးလား"

"နာပေမယ့် လက်နဲ့လှုပ်ရှားပြီး သွားလာလို့ ရတယ်"

သူ ခပ်သဲ့သဲ့ပြုံးလိုက်မိတာကို ရှားက မမြင်ပေမယ့် ငြိမ်ကျ ခြင်းအတွက် သံသယဝင်သွားသလို မျက်မှောင်လေး ကုတ်သွား၏။

"ရှင် ဘာလုပ်နေလဲ"

"မင်း နားမှာ ရပ်နေတယ်"

"ဘာရပ်လုပ်နေတာလဲ"

"မင်းကို ကြည့်နေတာ"

"ရှင်နော်"

"ဟော မှသားမပါဘဲ ပြောတာလေ၊ ညာပြောရမလား"

"ဘာမှကြည့်နေဖို့ မလိုဘူး ရှင် သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



သူက ရှေ့ကို စူးစိုက်ကြည့်နေသော်လည်း တင်းမာသော မျက်နှာလေးနှင့် အမိန့်တွေ ပေးနေသည့် ရှားကို လက်ပိုက်ကြည့်ရင်း အသံမထွက်ဘဲ ရယ်၏။

"ဒီမှာ ရှင် ဘာလုပ်နေတာလဲ"

သူ ရပ်နေရာကို မှန်းဆလှည့်ကြည့်၍ ရှား မနေတတ် မထိုင်တတ် ဖြစ်နေပုံလေးကို လှည့်မေးပြန်သည်။

"အမိန့်ပေးသလို မပြောရဘူး၊ ကိုယ်က မင်းယောကျ်ား"

"အို ဘာဖြစ်ဖြစ် ခယတောင်းပန် မပြောနိုင်ဘူး၊ ကျွန်မ သက်သာသွားပြီ ရှင် သွားတော့"

"ဘာမှာဦးမလဲ ပလာဇာနား ရောက်မှာ"

"မမှာဘူး"

"လိုအပ်မယ် ထင်တာ စဉ်းစားဦးလေ၊ ကိုယ်စောင့်နေမယ်"

"မလိုဘူးလို့ ပြောနေတာပဲ၊ ရှင် ကျွန်မနားမှာ နေတာကို မကြိုက်ဘာ၊ သွားပါတော့"

"ဘာဖြစ်လို့လဲ မင်းအတွက် ကိုယ်ရှိနေတာ ပိုမလုံခြုံဘူးလား"

"မလုံခြုံပါဘူး ပိုတောင် ဆိုးသေးတယ်၊ ဒီက ဘာမှ မြင်ရတာ မဟုတ်ဘူး၊ အနားမှာရပ်ပြီး ရှင့်မျက်လုံး ဘယ်ရောက်နေမှန်း မသိ၊ ဘာလုပ်နေမှန်း မသိ"





"ဟား ဟား ဟား"

သူ ရယ်မောလိုက်မိရင်း ထိုခဏလေးမှာ ကလေးဆန်ဆန် နှုတ်လင်းစွာ ပြောချလိုက်သည့် ရှား ပုံစံလေးက ရင်ထဲထိ ထိုးခွင်းဖောက် ဝင်သွားသည်။

မချင့်မရဲ ဆွဲမွှေ့ပစ်လိုက်ချင်၏။

"ရှင် ဘာရယ်တာလဲ"

"အဟွန်း ဆောရီး ကဲ မင်း မသက်ာ ဒီလောက် ဖြစ်နေရင် မနေတော့ဘူးကွာ၊ သွားပြီ ဝေဝေ"

"ရှင်"

သူ တဆက်တည်း ဝေဝေ့ကို လှမ်းခေါ်လိုက်တော့ အနားမှာပဲ ရှိနေသော ဝေဝေ ချက်ချင်း ရောက်လာသည်။

"အစ်ကိုလေး ဘာခိုင်းမလို့လဲရှင့်"

"မင်း မီးဖိုထဲ ဝင်မနေနဲ့၊ ဒီနားမှာပဲနေ"

"ဟုတ်ကဲ့ ရှင့်"

"ခြေထောက်ကို ဆေးလိမ်းပြီး ဆေးပါတိုက်ထား"

"ဟုတ်ကဲ့ပါ"

သူ အပြင်ထွက်ခဲ့ပြီးမှ တံခါးဝကနေ ပြန်လှည့်ကြည့်ကာ

"ဝေဝေ ဆေးလိမ်းပေးရင်း အရမ်းလျှောက် မနှိပ်နဲ့နော်၊



www.burmeseclassic.com

www.burmeseclassic.com



ညင်ညင်သာသာပဲ လိမ်း၊ အဝတ်တွေ အထူကြီးလည်း လျှောက်ပတ်မထားနဲ့''

''ဟုတ် ဟုတ်''

သူ ထွက်သွားပြီး ကားသံပါ ပျောက်သွားတော့မှ ရှား သက်ပြင်းနိုးလေးချမိသည်။

တအောင့်လောက် ကြာတော့ ဝေဝေ အနားရောက်လာ၏။

''မမလေး''

''ဟင်''

''ဆေးလိမ်းရအောင်''

ပြော၍ ခြေထောက်ပေါ်က ဂါဝန်စကို လှန်တော့ သူမ လက်နဲ့ ပြန်ဖိထားမိ၏။

''ဆေးက ဲတယ်၊ မလိမ်းတော့ဘူး''

''အို မမလေးရယ်၊ အစ်ကိုလေး ပြန်လာရင် ကျွန်မကို ဆူမှာပေါ့၊ ပြီးတော့ မေမေကြီးကလည်း ဖုန်းဆက်ပြီး ဆက်မေးတာ၊ ဆေးမှန်မှန်တိုက်ရဲ့လား၊ လိမ်းဆေး မှန်မှန်လိမ်းရဲ့လားနဲ့ ကျွန်မ အဆူခံရအောင်တော့ မလုပ်ပါနဲ့ မမလေးရယ်နော်''

''စိတ်ညစ်တယ်''

ဆေးလိမ်းပေးနေရင်း မျက်နှာလေး မသာမယာ ဖြစ်နေသည့်





ူးကို ဝေဝေက မော့တကြည့်ကြည့်နှင့် ရှိကာ ကြာတော့ သူမ ပြုံးလိုက်မိ၏။

''မမလေး''

''ဘာလဲ''

ငေါက်ဆတ်ဆတ် ပြန်ထူးတော့ ဝေဝေ ခစ်ခနဲ ရယ်ကာ

''အားလုံးက ဝိုင်းချစ်နေကြတာကို မမလေးက စိတ်ညစ်နေသလိုပဲနော်''

''ဘာချစ်တာလဲ မာမီတို့က ချစ်တာ၊ ဟိုလူက အလကား''

''ဘယ်လူလဲဟင် မမလေး''

''အခု အပြင်ထွက်သွားတဲ့ တစ်ယောက်''

ဝေဝေ ပါးစပ်လေးပိတ်၍ ရယ်ပြန်သည်။

အစ်ကိုလေးကိုဆို မမလေး 'ဒီမှာ'လို့ ခေါ်သည်။ 'ဟိုတစ်ယောက်' ဆိုတာလည်း ရှိ၏။ တစ်ခါတလေကျတော့ 'ရှင်ကြီး' ဆိုတာလည်း ပါသည်။

သူများတွေလို နူးညံ့ညင်သာစွာ ဘာရေ ညာရေလို့ ခေါ်တာမျိုး မရှိ။

ဥပမာ ''မောင်ရေ' 'ကိုရေ'ဆိုတာမျိုး။

''မမလေး''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဘာပြောမလို့လဲ၊ မြန်မြန်လိမ်း နံလှပြီ"

ဆေးလိမ်းပြီးလျှင် ရှားက လေတိုက်သည့်နေရာမှာ သွားနေ၍ ဆေးနံ့ကို ပြယ်စေသည်။

အစကဆို ခြေထောက်နားမှာ ပန်ကာ ကပ်ဖွင့်တတ်သူ။

"အဲဒါ ဘာလုပ်တာလဲ၊ မင်းခြေထောက် မြန်မကောင်းအဲ နှစ်ဖက်စလုံးချိုပြီ၊ ကျုပ်က တစ်သက်လုံးပွေ့ချီနေရဦးမယ်"

ဟု အစ်ကိုလေး ပြောချလိုက်တော့မှ ပန်ကာကို ဖယ်ခဲ့တာ ဖြစ်၏။

မမလေးက ခြေထောက်ကောင်းဖို့ကိုတော့ အထူး ဂရုစိုက်သည်။

တစ်ခါတလေဆို တစ်ယောက်တည်းရှိတုန်း ထရပ်ဖို့ ကြိုးစား လမ်းလျှောက်ဖို့ ကြိုးစားနှင့် ကြမ်းပေါ်ကနေ အစ်ကိုလေး လိုက်လိုက် ကောက်ရတာ အခါခါ။

"မမလေးနဲ့ အစ်ကိုလေး ဘာလို့ မတည့်တာလဲဟင်"

ဟု မရဲတရဲလေး မေးမိ၏။

ရှား မျက်နှာ တင်းခနဲ ဖြစ်သွားသည်။

ဒေါသနှင့် ပြောပစ်လိုက်ဖို့ ပါးစပ်ပြင်ပြီးမှ

"မုန်းလို့ပေါ့၊ သိပ်မုန်းဖို့ကောင်းတဲ့လူ"





"အစ်ကိုလေးက ချောပါတယ် မမလေးရယ်၊ မမလေးကိုလည်း အရမ်း အလိုလိုက်တာ"

ရှား အော်လိုက်တာနဲ့ ဝေဝေ လန့်သွားသည်။

စကားကို ကပျာကယာ ပြန်ပြင်ပြော၏။

"ဟိုလေ ဂရုစိုက်တာကို ပြောတာပါ၊ ညညဆိုလည်း မမလေး ကို ခဏ ခဏ လာကြည့်တယ်၊ ကျွန်မ ဆေးတိုက်ထားတဲ့ ခြေရာလက် ရာတွေကို လိုက်ကြည့်တယ်၊ တစ်ခါတစ်ခါ ပိုး(လ်)ချဲကို စစ်ဆေးနေတယ် အစ်ကိုလေးက အင်ဂျင်နီယာလို့ မပြောရဘူး၊ စက်ကိုတော့ တကယ် ကျွမ်းကျင်တယ်၊ တစ်နေ့ တစ်နေ့ ပိုး(လ်)ချဲကိုပဲ သနေတာ၊ မမလေး သွားရလာရ လွယ်အောင်လို့တဲ့ ပြောသေးတယ် မမလေး သွားတဲ့လာတဲ့ နေရာတွေနဲ့ ပိုး(လ်)ချဲကို ရင်းနှီးသွားပြီဆိုရင် ခလုတ်နှိပ်တဲ့ ဘာဆိုလား တပ်ပေးမှာတဲ့၊ လက်နဲ့လှည့်နေရတာ ပင်ပန်းတယ်တဲ့"

"အဲဒါတွေ ဘယ်တုန်းက ပြောတာလဲ"

"သန်းခေါင်ကျော်ပြီ မမလေးကို စောင့်နေရင်း ကျွန်မ မှေးခနဲ အိပ်ပျော်သွားတော့ ပြီးမှ နားထဲမှာ အသံကြားပြီး ကမန်းကတန်း ခေါင်းထောင်လိုက်တာ အစ်ကိုလေးက ပိုး(လ်)ချဲကို ကိုင်နေတာနဲ့ တိုးလို့"

"ငါ အဲဒီလောက်ထိ အိပ်နေခဲ့သလား"

"အိပ်တာပေါ့ မမလေး၊ လေ့ကားပေါ်က ပြုတ်ကျတဲ့ညလေ



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာပြန်ဖြစ်ပြီး ဆေးတွေက တအားသောက်ထားတာ၊ အိပ်ပျော်နေတာပေါ့လို့၊ အဲဒီညက အစ်ကိုလေး မအိပ်ဘူးထင်တယ်၊ နင့်မမလေး ညည်းသေးလား၊ ဘယ်နှခါ နိုးလဲ၊ အိပ်ရဲ့လား၊ ညက ဆေးဘယ်အချိန်တိုက်လဲ၊ အို ခဏ ခဏ ဝင်ဝင်လာတယ်၊ စောစောပိုင်းကဆို ကျွန်မ ငိုက်ခနေလို့ အဆူခံရသေးတယ်၊ လူနာအိပ်မပျော်သေးဘဲ မင်း အိပ်ပျော်သွားရင် ဖန်ခွက်နဲ့ ထုခံရမယ်တဲ့''

ဝေဝေက အားရပါးရ ပြောပြနေတာ ဖြစ်သည်။

ရှား မျက်နှာလေး လွှဲထားရင်း ရင်ထဲမှာ ဘာခံစားချက်မှ မရှိဘဲ ဗလာသက်သက်နဲ့ နားထောင်နေနိုင်အောင် ပြောသမျှကို သရော်လှောင်ပြောင်နေမိ၏။

ဒါတွေကို ကျေနပ်ဖို့ မလိုပါဘူး။

သူ အသုံးချချင်လို့ ငါ့ကို ဂရုစိုက်တာပဲ။

တကယ်ဆို ဦးစီးနဲ့ခေါင်းဆောင် ကြားမှာ ငါက အသုံးချခံသက်သက်။

ဦးစီး သေပြီဆိုတာ သူမ ဖော်ထုတ်လိုက်လျှင်လည်း ဒီပုံစံတိုင်းဆို နာမည်ပျက်တွေ ရှိနေနိုင်သည့် ဦးစီး၏ ဇနီးအဖြစ် ကျန်ခဲ့ရမှာ။

ခေါင်းဆောင်နဲ့ရော ထာဝရ ဘယ်လို လက်တွဲသွားမလဲ။

ဒါက အဓိက သူ ဟန်ဆောင်နေတာကို ကိုယ် သိနေပြီ။





သူကလည်း ဝန်ခံထားသည်။ နှစ်ယောက်လုံး ကိုယ့်စည်းကိုယ့်ကမ်းနဲ့ နေနေကြပေမယ့် လင်မယား တော်နေတာကို ဖျောက်ပစ်လို့မရ။

တစ်နေ့နေ့ သူ လိုချင်သော အရာအားလုံး ပြည့်စုံသွားတော့မှ ဆောရီးလို့ လက်ပြသွားတာကို သူမ ထိုင်ကြည့်ကျန်ခဲ့ရမှာလား။

ထိုအဖြစ်ကို တွေးမိတိုင်း မခံချင်စိတ်တွေ ဒေါသတွေ စုပြုံဖြစ်တွန်းကာ အားလုံးကို ဖွင့်ချပစ်လိုက်ဖို့လည်း အခါခါ ကြိုးစားဖူးသည်။

သို့သော် တစ်ရက်ပြီးတစ်ရက် မပြောဖြစ်လေ ပြောမထွက်တော့လေ။

ကိုယ်တိုင် ကြိုတင် သိထားပါလျက် ဘာလို့ မျိုသိပ်ထားခဲ့တာလဲလို့ မေးကြရင် ဘယ်လိုပြောရမလဲ။

ငါကကော ဘာဖြစ်လို့ မပြောဖြစ်ခဲ့တာလဲ။

''မမလေး''

''ဟင်''

ဝေဝေ ရုတ်တရက် ခေါ်လိုက်တော့ ရှား လန့်သွားမိသည်။

''အစ်ကိုလေးက မမလေးကို သိပ်ချစ်တာ၊ ကျွန်မတို့တောင် သိတယ်၊ မမလေးက မသိဘူးလားဟင်''

''ဘာတွေလာပြောနေတာလဲ သွားတော့ သွား''



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ မမလေး၊ ဆေးသောက်လိုက်ပါဦးနော်”

“ထားခဲ့”

“ဟုတ် အဲ သောက်လိုက်ပါ မမလေးရယ် အစ်ကိုလေးက မမလေး ဆေးသောက်တာကို သေချာရပ်ကြည့်နေရမယ်လို့ မှာသွားတာ”

“မုန်းဖို့ကောင်းလိုက်တာ မ[illegible]ာက်ဘူး သွား ထွက်သွား”

“မမလေး”

“သွားလို့ ပြောနေတယ်နော်”

ဝေဝေ မဲ့တဲ့တဲ့ မျက်နှာလေးနှင့် ထွက်သွားရှာသည်။

မေ့ထားလို့ ရနိုင်လျှင် အကောင်းသား။

ဒါတွေပေါ်လာတော့ ပို၍သာ မုန်းတီးလာခဲ့သည်။

ကိုယ်က ကန်းနေတာတောင် သူတော်ကောင်းလုပ်ပြီး ကပ်တွယ်နေခဲ့သေးသည်။

အများအမြင်မှာတော့ ချစ်လိုက်တာ ဂရုစိုက်လိုက်တာပေါ့။

ရှား ဒေါသတွေ လှိုက်ဆူကာ ခြေထောက်နာတာ နတာတွေကိုပင် မေ့သွားခဲ့၏။

■ ■ ■





## အခန်း (၁၀)

အင်ဂျင်နီယာဘွဲ့ ရထားတာချင်း အတူတူပါပဲ။

ဒါပေမဲ့ တကယ် လုပ်ကြတော့ သူက ဝပ်ရှော့ရုံဘာစ်ရဲ့ ထောင်

သည်။

ခြံစိုက်သည်။

စားပင်သီးပင်တွေ စိုက်သလို ကိုယ့်ကုန်ကို ကိုယ့်ကားနဲ့ ကိုယ်ပို့

သည်။

ခြံသုံးခြံမှာ ကားကြီးနှစ်စီးရှိသည်။ ဒါက အလုပ်သက်သက်ပဲ

သုံးတာ ဖြစ်၏။

ဖေဖေနဲ့သူ စီးတာက အမိုးပွင့်ဂျစ်ကားလေး။

ကားတွေကို ဝပ်ရှော့မှာပဲ ထိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်စိုက်တာကို ဝါသနာပါသလို စက်တက်ဆိုင်ရာကိုလည်း သူ ဝါသနာကြီးသည်။

ဘော်ဒီရုံထောင်ထားတာကိုက ကိုယ်တိုင် တည်ဆောက်ချင်၍ ဖြစ်၏။

ကားတစ်စီးကို သူဆင်ပြီးချိန်မှာ ဖေဖေ အားပါးတရ ဖြစ်ခဲ့ရှာသည်။

"ငါ့သားက ကြိုးစားတဲ့သူမို့ တော်သေးတာပေါ့ကွာ၊ ခုလို တစ်စတစ်စ တိုးတက်ကြီးပွားလာခဲ့တာ မဟုတ်ရင် ဖေဖေဟာ ယောက်ျား ဖြစ်ပြီး မိန်းမဖြစ်တဲ့ မင်းရဲ့မေမေလောက်တောင် သားတစ်ယောက်ကို ပြောင်ရောင်အောင် မမွေးနိုင်ဘူးလို့ ကဲ့ရဲ့စရာ ဖြစ်တော့မှာ"

"ဘာဆိုင်လဲ ဖေဖေ၊ မေမေက အစတည်းက ချမ်းသာတာ၊ အခု အိမ်ထောင်ပြုထားတဲ့ လူကြီးကလည်း သူ့ဌေးပဲ၊ ဖေဖေနဲ့ ကျွန်တော်က လက်ချည်းပဲ ကြိုးစားရတာ"

သူ ဖြေသိမ့်စရာ ပြတော့လည်း ဖေဖေက လက်မခံ။

"မဟုတ်သေးဘူး သားရဲ့၊ ကျွေးမွေးမပျက် ဆောင်ရွက်စီး မွေခံထိုက်စေ လျှမ္မဝေ၍ စောင့်လေမျိုးနွယ် ဆိုတဲ့ သားသမီးဝတ္တရား တွေထဲမှာ မိဘအမွေကို ထိန်းသိမ်းတာ၊ မပျက်မယွင်းအောင် စောင့် ရှောက်တာ၊ မိဘမျိုးရိုးဂုဏ်သရေကို မထိခိုက်အောင် စောင့်ထိန်းတာ





အားလုံးပါတယ်လေ၊ အခု ငါ့သားက မိဘကို ကျွေးမွေးစောင့်ရှောက် တယ်၊ မိဘပေးတဲ့ အမွေနဲ့ အဲ ဖေဖေ ပိုင်ဆိုင်သမျှ ငွေလေးအနည်း အကျဉ်းနဲ့ပေါ့ကွာ၊ ဒီလောက်ထိ တိုးတက်ကြီးပွားအောင် ကြိုးစားခဲ့တယ်၊ ဒါ ဘယ်လောက် အားရဖို့ ကောင်းလဲ၊ ဒီကြားထဲ ပညာလည်း ကြိုးစား တာပဲ၊ မင်းအစ်ကို အင်ဂျင်နီယာဘွဲ့ရသလို မင်းဘွဲ့ရတာပဲ မဟုတ်လား။ တစ်ခုပဲကွာတယ်၊ အရည်အချင်း တူရင် ငါ့သားငယ်က သားကြီးထက် သာတယ်၊ သူက မိဘစည်းစိမ်နဲ့ သက်သက်သာသာလေး ကြိုးစားခဲ့ရတာ၊ ငါ့သားကတော့ ပင်ပန်းခဲ့ရတယ်၊ ဒါပေမဲ့ ဒါတွေဟာ နောင်ရေကြည် သောက်ဖို့ ရေတွင်းတူးနေတာပေါ့"

ဒီတုန်းက ကိုကို ဘာတွေလုပ်နေတယ်ဆိုတာ သူ မသိခဲ့သေး ပါ။

ဖေဖေကလည်း သေဆုံးသွားခဲ့သည်အထိ သိမသွားခဲ့ပေ။

ကိုကို့အလုပ်စားပွဲမှာ ထိုင်မိကတည်းက ဒိုင်ယာရီကို တတိယ အကြိမ်မြောက် ဖတ်ရင်း မှတ်သင့်သည့် လူတွေ၊ ဖုန်းနံပါတ်တွေကို တွေ့၍ သေချာမှတ်သည်။

မှတ်နေရင်း စိတ်က အတိတ်နဲ့ပစ္စုပ္ပန်ကို ကူးလူးနေခဲ့၏။

"သူဌေး အပြင်မှာ ဦးမြတ်ကျော် ရောက်နေပါတယ်၊ တွေ့ခွင့် တောင်းနေလို့"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ရောက်လာ၏။

သူ ဖျတ်ခနဲ မော့ကြည့်ကာ ဘာပြန်ပြောရမှန်းမသိ။

ဦးမြတ်ကျော်ကို သူ မသိသေး။ စာအုပ်ထဲမှာလည်း မပါ။

စကားပြောလို့ အိုးနင်းခွက်နင်း ဖြစ်ကုန်လျှင် အခက်။

"ဦးခက် ဘယ်မှာလဲ"

ဦးခက်က ဒီဆိုဒ်ထဲမှာ ဦးစီး လွှဲထားသော မန်နေဂျာ။

"အန်ကယ်ခက် ဧည့်သည်တွေနဲ့ ဆွေးနွေးနေပါတယ်"

"အေး သူပြီးအောင် စောင့်သွားလို့ ပြော၊ မစောင့်နိုင်ရင် ပြန်ပစေ"

"ဟုတ်"

အလုပ်သမားလေးက ထွက်သွားမလို လုပ်ပြီးမှ ပြန်လှည့်လာကာ

"စားစရာ ဘာပို့ပေးရဦးမလဲ သူဌေး"

"မလိုဘူး၊ နောက်ထပ် ငါ မခေါ်ဘဲ ဝင်မလာနဲ့၊ ဘယ်သူမှ မဝင်ခဲ့နဲ့နော်"

"ဟုတ်ကဲ့ပါ"

ကောင်လေး ထိတ်ထိတ်ပျာပျာ ထွက်သွား၏။

အများပါမှာစိုး၍ အပြောအဆို အနေအထိုင် ထိန်းနေရတာ





စားအသောက်ပါ ပါသည်။

တော်ကြာ ကိုကိုက အကြိုက်စားသောက်သည့် အရာတစ်ခုကို ကိုယ်က မကြိုက်ဘူး သွားလုပ်မိလျှင် ပြဿနာ။

အရေးထဲ လောကွတ်ချော်နေတာကို ဒေါသဖြစ်လာမိ၏။

စာအုပ်ကို အသာပိတ်ထားလိုက်ကာ ဖုန်းဆက်လိုက်၏။

"ထွန်းထွန်းလား"

"..."

"အေး ငါ အဲဒီမှာ အဆင်ပြေရဲ့လား"

"..."

"ငါ့ကို မမေးနဲ့၊ လောလောဆယ် လာလို့မရသေးဘူး"

"..."

"ဖုန်းလည်း မဆက်နဲ့၊ မဖြစ်သေးဘူး၊ အကြောင်းရှိရင် ငါပဲ ဆက်မယ်၊ မင်းဟိုကားကို ဘော်ဒီပြီးရင် ဒီတိုင်းပဲ ထားလိုက်ဦး အလုပ်သစ် ဘာမှ လက်မခံနဲ့နော်၊ ငါ့ကိုမေးရင် ခရီးသွားတယ်လို့ ပြောထား၊ မှိုင်ထဲကိုရော ဆက်လိုက်ဦး၊ မြေညှိဓာတွေ ဝယ်ထားလို့ မလိုအပ်ဘဲလည်း အရမ်းကျွေးမနေနဲ့ ဈေးလှုပ်နေလို့"

"..."

"အေး ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖုန်းချလိုက်သည်နှင့် ထမြည်လာပြန်သည်။

ဒီကောင် ဘာမရှင်းတာ ရှိလို့လဲ။

စိတ်မရှည်တတ်သည့် အကျင့်ကြောင့် ဖုန်းကို ဆတ်ခနဲ ကောက်ယူနားထောင်လိုက်၏။

"ဘာလဲပြော"

"အို၊ မိတ်ဆက်ပေးပုံလေးက ယဉ်လှချေလား။ ဦးစိုး ကျွန်ကိုယ်မှန်း မင်းကြိုသိနေတယ် ထင်တယ်"

သူ မျက်မှောင် ကုတ်သွားမိ၏။

စိတ်ထဲမှာ အပြေးအလွှား တွေးကြည့်သည်။

ဒါ ဘ သ်သူဖြစ်နိုင်မလဲ၊ ့်ဝယာရီထဲမှာ အထင်ကရ ပါနေသူ ယောက်ျားငါးဦး မိန်းမသုံးဦးထဲမှာ သူ ဘယ်သူဖြစ်နိုင်မလဲ။

"ဦးစိုး"

"ပြော"

"နေကောင်းတယ်နော်"

အသံကတော့ ကိုယ်နဲ့ရွယ်တူလောက်ပဲ ဖြစ်မည်။

ခနဲ့သံ ပွဲသံများနှင့်မို့ မိတ်ဆွေ မဟုတ်နိုင်တာ သေချာသည်

ထို့အတူ ဒါဟာ အန္တရာယ်အပေးနိုင်ဆုံး လူတစ်ယောက်ဖြ မည်ကိုလည်း သူ ခန့်မှန်းလိုက်မိ၏။ သူ့လက်တစ်ဖက်သည် အသံဖမ်း





လေှတ်လေးကို နှိပ်လိုက်၏။

"ဘယ်လိုလဲ ဦးစိုး၊ ဘာတွေမကျေမနပ် ဖြစ်နေလို့ ငြိမ်နေတာလဲ၊ ဒဏ်ရာပြင်းသွားလို့ မင်း ခပ်ကြောင်ကြောင် ဖြစ်သွားတယ်လို့ ကိုယ် ကြားတယ်၊ ဟုတ်ရဲ့လား အဟွန်း ကိုယ်တော့ မယုံဘူးကွ၊ ဒဏ်ရာက ဘယ်တက်လက်ပြင်မှာပါ ဦးနှောက်နဲ့ အဝေးကြီးဆိုတော့ ကြောင်တောင်တောင် ဖြစ်ဖို့ မရှိပါဘူးကွာ၊ ဖြစ်နိုင်တာ တစ်ခုက မင်း မိုးမျှော်တို့အဖွဲ့ကို လန့်ပြီး ရူးသွားတာလား"

"မင်းတို့အတူတူပဲဟာ၊ ငါ့ကို ဘာဖြစ်လို့ လာအစ်နေတာလဲ"

"နိုး နိုး လုံးဝနော်၊ လုံးဝမဆိုင်ဘူး၊ မင်းကို ကိုယ်ဖိတ်ခဲ့တာက တကယ် ဆွေးနွေးဖို့ပါ၊ မျှော်စင်ကြီးက အစကတည်းက ပစ္စည်းတွေကို မင်းအလွယ်တကူ ထုတ်မပေးရင် အကြမ်းဖက်ဖို့ ရှင်းပစ်ဖို့ ကိုယ့်ကို လာညှိနေတာ ကိုယ် သဘောတူခဲ့တာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်လည်း လူကောင်းတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ဒါ လူသတ်လောက်တဲ့ ကိစ္စမဟုတ်ဘူးလို့ မြင်လို့"

စကားသံ ခဏရပ်သွား၏။ ပြီးမှ ပြန်ဆက်သည်။

"မင်းက ခေါင်းမာနေတော့ မှားကုန်တာပေါ့၊ နေပါဦး မင်္ဂလာပွဲမှာ မင်း မရှုမလှ တက်လိုက်ရတာ မင်းရဲ့ မင်္ဂလာဦးညက ဘာအဓိပ္ပါယ် ရှိတော့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲမှာ သတို့သား မကျန်းမာလို့ဟု တရားဝင် ကြေညာ ကာ ခဏလေးပဲ သူ ဝင်ခဲ့သည်။

ဒုတိယအကြိမ်မှာ ဘာလိုလိုမှန်း သိရပ်ဆောင်ပြခဲ့တာ သဘော ကျသွားသည် ထင်ပါ၏။

ဖုန်းကိုင်ရင်း သူ ပြုံးလိုက်မိသည်။

''ဦးစီး''

''ပြောပါ''

''မင်း ကိုယ့်ကိုတော့ မှတ်မိပါတယ်နော်''

''မသေလို့ တွေ့ရတာ မေ့ပါ့မလားကွာ၊ ဆိုပါဦး ဖုန်းဆက်တဲ့ ကိစ္စ''

''မင်း သိပါတယ်ကွာ ဟိုပစ္စည်း''

ဘာပစ္စည်းမှန်း တကယ်သိချင်လာသော်လည်း သူ မျိုသိပ်နေ ရသည်။

''ဦးစီး မင်းဆီမှာ အားလုံး ရှိသေးတယ်မို့လား''

''မရှိတော့ဘူး''

''ဟင် ဘာ''

သွေးအေးအေးနဲ့ ခန့်နေ ရှဲ့နေသူက ချက်ချင်း ပျာပျာသလဲ ဖြစ်သွား၏။





''ဘယ်နှပွင့်တောင် ထုတ်ပစ်လိုက်ပြီလဲ၊ အကုန်လုံးလား အဖြူ ...ကို ငါ ပြောထားတာ မင်း သိတယ်နော်''

''မျှော်စင်နဲ့ပဲ တွေ့ချင်တာ''

''သူ လစ်သွားပြီကွ၊ ပြန်လာဖို့ လမ်းသိပ်မရှိဘူး။ မင်း မသေ ...ဆိုတာ ကြားတာနဲ့ လစ်တာပဲ၊ မင်းဖော်ရင် သူ နာပြီ''

ခေါင်းဆောင် ခဏမျှ စဉ်းစားလိုက်ပြီး

''သူ ပြန်လာဖို့ရှိလား''

''ပြန်တော့ လာမှာပါ၊ ဒီမှာ မပြတ်ခဲ့သေးတာတွေ ရှိတယ်၊ ...ထူးသဖြင့် ငါ ဒီမှာနေရဲတာကို သူ သိရင် ပြန်လာမှာပါ''

''သူ ပြန်လာရင် မင်းကို ငါ ဆက်သွယ်မယ်''

''ဟာ ဦးစီး ဒီလို မလုပ်နဲ့လေ၊ သူနဲ့ငါက သပ်သပ်စီပဲ၊ ပြီး ...တော့ သူ လိုချင်တာက အစိမ်း၊ ငါက အဖြူ။ သူလိုချင်တာ လောလော ...ဆယ် မင်းကိုင်ထားတာ မဟုတ်ဘူး။ ငါ လိုချင်တာ မင်းဆီမှာ ရှိတာပဲ ...ကွာ၊ ကျန်တာတော့ ငါ့ကိုပေးပါ မင်းမှာ အများကြီး ရှိနေတာ ငါ သိတယ်၊ အကုန်လုံး မင်း ထုတ်မပစ်နိုင်သေးဘူးဆိုတာလည်း ငါ သိပါတယ်၊ ပြောပါ ငါတို့ ဘယ်နေ့ ဆုံကြမလဲ''

ကိုယ်တွေ ဘာတွေနှင့် ထေ့လုံးငေါ့လုံးတွေဆိုဖို့ ထိုပုဂ္ဂိုလ် မေ့သွားပြီ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင် ပြုံးလိုက်မိပြီ၊ ထိုသူ့နာမည်ကို သိအောင် ဘယ်လို လုပ်ရမလဲ စဉ်းစားနေမိ၏။

"ဦးစိုး"

သူ ထပ်မေးတော့မှ

"တစ်ပတ်လောက်ကျရင် ငါ ပြောမယ်၊ တစ်ခုတော့ ရှိတယ် နော်၊ ငါ ပြောမှာက မင်း မျှော်လင့်သလို ဖြစ်ချင်မှ ဖြစ်မှာ၊ ဒီကြားထဲမှာ စဉ်းစားပြီးရင်လည်း ပြောမယ်၊ ငါ မသေမှန်းသိတော့ မိတ်ဆွေတွေက ကမ်းလှမ်းမေးကြတာ အများကြီးပဲကွ"

"ဈေးကိုင်မနေပါနဲ့ကွာ ဒီပစ္စည်းတွေ မင်းဆီရောက်လာတာ ငါနဲ့မိုးမျှော်ကြီးဘို့အပြင် ကျောက်ဆူးပဲ သိတာ၊ ကျောက်ဆူးက ဒီလို အထည်မျိုးကို မကိုင်နိုင်ဘူး၊ ဒါမျိုးဆိုတာ လူသိများလေ အန္တရာယ် ကြီးလေပဲ၊ ဒီမှာ ဦးစိုး"

"ပြော"

"အခု ငါ မင်းကို မလုပ်ဘူးနော်၊ ဒါပေမဲ့ ရှေ့လျှောက် အာမမခံဘူး။ မိတ်ဆွေကနေ ရန်သူ ဖြစ်သွားတဲ့လူဟာ ကြောက်စရာ အကောင်းဆုံးတဲ့၊ မင်း ငါ့ကို ထားခဲ့လို့ မဖြစ်တဲ့အကြောင်းတွေ အများ ကြီးပါ ဟင်း ဟင်း"

ဘာအကြောင်းတွေမှန်း သူ မသိပေမယ့် အသာငြိမ်နေလိုက်၏။

"ငါ့ကိုလည်း မင်း မခြိမ်းခြောက်ပါနဲ့ လိုချင်ရင် ဖုန်းဆက်၊ ငါ မရှိရင် နာမည်နဲ့ ပြန်ဆက်မယ့် နေ့အချိန်ကို ရှိတဲ့လူကို ပြောထားခဲ့၊ ဒီရက်ပိုင်း ရုံးခန်းကို ငါ သိပ်မထိုင်ဘူး၊ ထိုင်လည်း ပင်ပန်းလို့ ဖုန်းတိုင်း ကို မကိုင်ဘူး၊ မင်းဆိုရင်တော့ ဦးစားပေးအဆင့်နဲ့"

သူ ပြောပြီး အသံတူအောင် ခပ်မျှင်းမျှင်း ရယ်ပစ်လိုက်၏။

"ကောင်းပြီလေ၊ မင်းအဖြေကြောင့် ငါတို့ ငြိမ်းချမ်းချင်ပါတယ်"

ခြိမ်းခြောက်စကား ပျော့ပျော့လေး သုံးပြီး ဖုန်းချသွားခဲ့သည်။

သူလည်း အသံဖမ်း ခလုတ်လေးကို ပိတ်ပစ်လိုက်သည်။

ဆယ်မိနစ်ခန့်ထိ စဉ်းစားနေပြီးမှ ဒိုင်ယာရီ စာအုပ်ကို ပြန်ဖွင့် လိုက်သည်။

ပြီးတော့မှ ပြတင်းတံခါးနားမှာ တအောင့်သွားရပ်ကာ အပြင်က တစ်ယောက်ကို ခေါ်လိုက်၏။

"ကျွန်တော် ရောက်ပါပြီ သူဌေး"

ခေါင်းဆောင်က နှုတ်ခမ်းမှာ ခဲထားသည့် စီးကရက်ကို ဖြုတ် ၍ ခွက်ထဲ လှမ်းထည့်သည်။

စာအုပ်လေးကို ကောက်ကိုင်လိုက်ရင်း

"မနက်ဖြန် ဦးခက် မအားဘူး။ ဆိုဒ်ထဲမှာ မင်းဦးနဲ့မင်းစိန်တို့



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ပဲ ရှိမှာ၊ မင်းရဲ့စားပွဲနားမှာ ဒီဖုန်းတွေ ယူထားပါ၊ လာတဲ့ဖုန်းတွေကို သေချာ မှတ်ထား ကြားလား''

''ဟုတ်ကဲ့''

''ဒီရုံးခန်းကို ငါနဲ့ ဦးခက် တစ်ယောက်ယောက် မဟုတ်ဘဲ ဘယ်သူ့မှ မဝင်စေနဲ့''

ဆောက်လုပ်ရေးဆိုဒ်ထဲ သူ ဆင်းလာတော့ အလုပ်သမားတွေ ထမင်းစားနေကြပြီ။

■ ■ ■



## အခန်း (၁၁)

''ဟင် အိပ်ခန်းက ဘာဖြစ်လို့ နှစ်ခန်း ဖြစ်နေရတာလဲ''

မာမို့အသံကြားတော့ ရှား ထိတ်ခနဲ ဖြစ်သွားမိ၏။

''ဟင် သမီး ဒါ ဦးစီး အိပ်တာလား''

''ဟုတ်''

သူမ ဖြေလိုက်လျှင် ဒေါ်ပွင့်ဖြူ အနားသို့ ခပ်သုတ်သုတ် ပြန်လျှောက်လာသံ ကြား၏။

ပန်းလေးတစ်ဖက်ကို စိုးရိမ်စိတ်များနှင့် ဆုပ်ကိုင်၍

''သူက ဘာဖြစ်လို့ အခန်းခွဲအိပ်တာလဲ၊ သမီးက အိပ်နိုင်းတာလား။ သူ့ဟာသူ အိပ်တာလား၊ သမီးတို့ မသင့်မြတ်ကြဘူးလား ဟင်''



www.burmeseclassic.com

www.burmeseclassic.com



မိခင်မို့ စိုးရိမ်စိတ်နှင့် မေးခွန်းတွေ ဆက်တိုက် ထွက်ကျလာ၏။

သမီးလေးကို တာဝန်ကျေ လူကြားကောင်းရုံ သဘောထားကြီးစွာ ပေါင်းသင်းခဲ့ရပြီး အတူမအိပ်ချင်လောက်အောင် စိတ်ပျက်သွားသည်လား။

ဒါမှမဟုတ် သူမ အကဲခတ်မိသမျှတိုင်း သမီးက ဆိုးလွန်း၍များ သည်းမခံနိုင်တော့၍ သပ်သပ်ခွဲ အိပ်နေတာလား။

ရင်ထဲမှာ သားသမီးအတွက် သောကအိမ်ဖွဲ့သွားခဲ့သည်။

"ဟင် ဖြေစမ်း သမီး၊ အိမ်ထောင်သည် ဖြစ်နေကာမှ မဆိုးရဘူး၊ ဒါက မိဘမဟုတ်ဘူး တစ်စိမ်း၊ သမီးကို မိဘလောက် သည်းခံမှာ မဟုတ်ဘူး၊ တစ်ဖက်က မခံနိုင်လို့ ကွဲကြ ပြဲကြရင် ကိုယ်က မိန်းကလေး ကိုယ်ပဲ နစ်နာမှာ"

စကားတွေ လောကြီးကာ သမီးဖြေတာကို မစောင့်ဘဲ ဆူသလို ပြောနေမိသည်။

"မဟုတ်ဘူး မာမီရာ၊ သူ့ဟာသူ ခွဲအိပ်တာပါ"

"ဘယ်လို ဘယ်လို သူက ခွဲအိပ်တာ ဟုတ်လား"

ကိုယ့်အပြစ်မကျအောင် ပြောလိုက်မိကာမှ မာမီ ရုပ်ပျက်ဆင်းပျက် တုန်ခါသွားသည့် အသံကြောင့် ရှား အံ့သြမိရင်း နားစွင့်ထားမိ၏။





"ဒါဆို သူက ဘာဖြစ်လို့လဲ ဟို လက်ထပ်ပြီးကတည်းက သူ ခွဲအိပ်တာလား သမီးနဲ့သူ ဟို"

"မာမီရယ် ဒုက္ခပါပဲ သမီးက လုံမမာပဲဟာ၊ ဒီလိုနေတာ ပို မကောင်းဘူးလား ကဲ"

"ကောင်းတယ် ဒါပေမဲ့ မကောင်းဘူး သမီး၊ သူ သမီးနားမှာ အနီးကပ်ရှိနေရမှာ၊ နေမကောင်းပေမယ့် ဖနီးမယားဟာ ကိုယ့်ယောကျ်ား ရင်ခွင်ထဲမှာပဲ ရှိနေရမယ်၊ ကြင်စဦးဆိုတာ ဘယ်သူရှောင်နိုင်မှာလဲ၊ သမီးတို့က ကင်းရှင်းကြတယ်ဆိုရင် ဒါဟာ နှစ်ယောက်ကြားမှာ သိပ်ကို ကြောက်စရာကောင်းတဲ့ အေးစက်မှုပဲ၊ မာမီ စိတ်မကောင်းဘူးကွယ်"

"ဟော အန်တီ ရောက်နေသလား၊ ထိုင်လေ အန်တီ"

ရှား ဘာပြောရမှန်းမသိ ဖြစ်နေဆဲ အပြင်က ပြန်လာသည့် ခေါင်းဆောင် အသံကို ကြားလိုက်ရသဖြင့် စိတ်သက်သာရာ ရသွား၏။

မဟုတ်လျှင် မာမို့ မေးခွန်းနဲ့ပဲ မွန်းကျပ်မှုးလဲ့ရတော့မည်။

"သား အလုပ်က ပြန်လာတာလား"

"ဟုတ်ကဲ့ သူ ကျန်းကျန်းမာမာ ဖြစ်လာပြီဆိုတော့ အလုပ်က ပစ်ထားရတာ ကြာပြီလေ"

"သြော် သြော်"

ဒေါ်ပွင့်ဖြူကတော့ လင်ယောက်ကိုသာ တကြည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆိုဖာကို မကြည့်ဘဲ ထိုင်ချလိုက်၏။

ထိုစဉ် ဝေဝေက အအေးနှစ်လုံး လာပို့၏။

ခေါင်းဆောင်က သူကိုယ်တိုင်ယူ၍ ဒေါ်ပွင့်ဖြူကို တစ်လုံးပေးကာ တစ်လုံးကို ကိုင်ပြီး ဗိုး(လ်)ချဲလေးပေါ်မှာ ထိုင်နေသည့် ရှားဆီ လျှောက်လာ၏။

"အစ်ကိုလေး မမလေးက ခုနကပဲ နို့သောက်ထားတာ"

ဝေဝေ လှမ်းပြောတော့ သူ တွံ့ခနဲ ရပ်သွား၏။

"ဟုတ်လား ဒါ ငါ့အတွက်လား၊ နေဦး ထမင်းစားချိန်ကြီး ဘာဖြစ်လို့ နို့သောက်တာလဲ၊ စားချင်စိတ် မရှိလို့လား၊ မင်း နေကောင်းရဲ့လား ရှား"

"ကောင်းတယ်"

ဖြေနေသားနဲ့ ခေါင်းဆောင်က အနားလာကာ နဖူးလေးကို လက်ခုံနဲ့ ကပ်ကြည့်တော့ ရှား မျက်ခုံးလေး တွန့်သွား၏။

ခါတိုင်းလည်း သူ ဒီလိုပဲ တရင်းတနှီး ပြုမူနေကျပါ။

ဒါပေမဲ့ မာမီ့ ရှေ့မှာတော့ ရှက်သည်။

ဒေါ်ပွင့်ဖြူကဖြင့် သဘောတွေ ကျနေပါသည်။

အခြေအနေက သူမ ထင်သလောက် မဆိုးသေးဟု တွက်ပြီး ပြုံးနေမိ၏။

ဗျူး၈၁၆၆၅



"သမီးလေး ပျင်းနေရင် မာမီတို့အိမ် အလည်လိုက်မလားလို့ မာမီ လာတာ၊ ဒီမှာက သား အလုပ်ပြန်ဝင်ပြီဆိုတော့ သမီး တစ်ယောက်တည်းလေ"

ခေါင်းဆောင်က မတ်တပ်ရပ်ရင်းမှ အအေးကို မော့သည်။ နှစ်ကျိုက်မော့မျိုချပြီး ပုလင်းကို ကိုင်လျက်နှင့် ဗိုး(လ်)ချဲ နောက်မှီကို ကိုင်၍ ရပ်ကာ

"အဲဒါက ပိုဒုက္ခများမှာ အန်တီ၊ အလုပ်သွားတယ်ဆိုပေမယ့် သူ့ကို စိတ်မချလို့ ကျွန်တော် တစ်နေ့ နှစ်ခါလောက် ပြန်တယ်၊ ဖုန်းဆက်တယ်၊ ဟိုနဲ့ဒီ သွားပြန်နေရင် သူ့ ပင်ပန်းမှာ၊ ဒီမှာလည်း အလုပ်ပိုမယ်၊ ဒါပေမဲ့ သူ လိုက်ချင်နေရင်တော့ ခေါ်သွားလို့ ရပါတယ်"

မဖြစ်နိုင်ဟာတွေ ပြောခဲ့ပြီးမှ ခေါ်သွားပါဆိုတော့ ဒေါ်ပွင့်ဖြူ မပြောသာတော့ပါ။

အစကတည်းက လိုက်သွားဖို့ ဆန္ဒမရှိခဲ့ပေမယ့် သူက ဆရာကြီးလိုလို လာပြောတော့ မခံချင်စိတ်ကလေးက ခေါင်းပြူလာ၏။

"သမီး လိုက်မယ် မာမီ"

မာမီက လေသံပျော့သွားပါပြီ။

"သမီးရယ် မာမီက သမီးကို သတိရလို့ လာတာ၊ ဒီမှာ အဆင်ပြေနေရင်လည်း ကောင်းကောင်း ကျန်းမာလာတဲ့အထိ နေလိုက်ပါ

ဗျူး၈၁၆၆၅

www.burmeseclassic.com

www.burmeseclassic.com



ဦး၊ မာမိုအိမ်က အချိန်မရွေး သမီး လာလို့ ရတာပဲဟာ၊ အဟွန်း ဒီမှာက ဝေဝေရယ်၊ သားရယ် နိုင်နိုင်နင်းနင်း ဟိုမှာ သမီးနဲ့ မာမီ နှစ်ယောက်တည်း လုံးထွေးနေမှာ''

မာမီ လွဲချနေတာ သိသာပါသည်။

ဘာပဲဖြစ်ဖြစ် သူ ဂရုစိုက်သလို လုပ်ပြနေတာကို မာမီ ကျေနပ် သွားပြီဆိုတာ ရှား တွေးလိုက်မိသည်။

''သားကော ကျန်းမာရေး ကောင်းရဲ့လား၊ အလုပ်တွေကော ပိမနေဘူးလား''

''ရပါတယ် ကျွန်တော် နိုင်နိုင်နင်းနင်းပဲ အန်တီ၊ ထမင်းစား ပြီးပြီလား''

''အေး စားပြီးပြီ သား၊ သားစားဖို့ ပြန်လာတာလား၊ သွားလေ သွားစား''

''ပြင်ပြီးပါပြီ အစ်ကိုလေး''

နောက်တစ်ခေါက် ထွက်လာပြီး ပြောတာနှင့် တစ်ထပ်တည်း ဖြစ်သွား၏။

''ဝေဝေ ရှားအတွက်ပါပြင်''

''ဟုတ် ပြင်ထားပြီးပြီ အစ်ကိုလေး''

သူ ရှိနေလျှင် စားချိန် အိပ်ချိန်လွဲလို့ မရတာကို ဝေဝေလည်း





သိနေ၏။

ထို့ကြောင့် ရှားကို မမေးဘဲ တစ်ခါတည်း ပြင်လိုက်တာမှန်း သိသာပါသည်။

လုပ်ချင်ရာလုပ် အနိုင်ကျင့်နေကြတာဟု တွေးမိရင်း ဒုက္ခိတ ကျက်မမြင်ဘဝကိုပါ နာကျည်းလာမိသည်။

"ကဲ ကဲ သားတို့ သမီးတို့ စားကြသောက်ကြဦး၊ မာမီ ဟိုဘက် ခြံမှာ လူနာသတင်း သွားမေးဦးမှာ၊ ပြန်ခါနီးမှ ဝင်ခဲ့တော့မယ်နော်''

အရေးထဲ မာမီက အလိုက်တွေ သိပြနေပြန်သည်။

''ထမင်းသွားစားမယ် ထလေ''

"ခုနပဲ နို့သောက်ထားတာ ဘယ်လိုလုပ် စားနိုင်မှာလဲ''

"နို့သောက်တာကိုက အလုပ် မဟုတ်တာ''

မာမီ ထွက်သွားတော့ အခြေအနေက စလာ၏။

ခေါင်းဆောင်က ဝှီး(လ်)ချဲကို ရှပ်ခနဲ တွန်းလိုက်ပြီး ဆိုဖာနဲ့ နီးမှ ဆိုဖာလက်တင်မှာ နောက်ပြန်ထိုင်ကာ ဝှီး(လ်)ချဲမှာ လက်ဘင် လိုက်၏။

"ထမင်းစားချိန်မှာ ထမင်းစားဖို့ပဲ မင်းကို ကိုယ် အထပ်ထပ် မှာသွားတာတောင် ဘာလဲ ရွဲ့တာလား၊ ကိုယ့်ကိုကိုယ် အငတ်ခံပြီးတော့ ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ရှင် စကားပြောတာ ငါ့စကား နွားရ မပြောနဲ့၊ ကိုယ့်စိတ်နဲ့ ကိုယ့်ပါးစပ် ဆာရင် စားမယ်၊ မဆာရင် မစားနိုင်ဘူး။ ရွှေရလောက်အောင် ကို ရှင့်ကို စိတ်မဝင်စားဘူး။ ကိုယ့်ကိုကိုယ် သိပ်အထင်မကြီးနဲ့"

"မကြီးပါဘူး မင်းကို ပူလို့ ပြောနေတာ၊ မင်းကကော လူကို ခံကိုက်ဖို့ပဲ စဉ်းစားနေတော့မှာလား၊ နည်းနည်းပါးပါး စေတနာကို မြင် အောင် ကြည့်ဦး"

"ကြည့်စမ်း ရှင် ရှင်က လူကို ခွေးနဲ့နှိုင်းတယ်ပေါ့"

ရှား ခါးလေးမတ်သွားတော့ သူ ပြုံးလိုက်မိ၏။

"သဘောပြောတာပါ၊ မင်း မြင်တတ်အောင်လို့"

"မြင်ရအောင် ကျွန်မက အကန်းပဲ ရှင် မသိဘူးလား"

"စေတနာ မေတ္တာဆိုတာ ခံစားဖို့ပဲကွ မြင်စရာ မလိုပါဘူး မင်းကို ကိုယ်ပြောသမျှ ဆိုသမျှထဲမှာ ကိုယ့်ညီမလေးတစ်ယောက် ပြော မရ ဆိုမရ ဖြစ်နေသလို ကရုဏာဒေါသနဲ့ ရင့်သီးသွားတာမျိုး ရှိချင် ရှိမယ်၊ ချိုးနှိမ်တာ မပါဘူး၊ မုန်းတီးတာ မပါဘူး၊ အသားလွတ် ရန်လိုနေတာ တစ်ခုမှ မရှိဘူး"

"ယောက်ျားဖြစ်ပြီး ရှင် မရိနဲ့"

"ဝါသနာကို မပါဘူး၊ ကဲ ထမင်းသွားစားမယ်ကွာ၊ ဝင်သ လောက် စား"



ကိုယ့်မှာ ထလျှောက် ရှောင်ထွက်သွားလို့ မရ။

မျက်နှာကို တည့်တည့်ကြည့်၍ မုန်းတာ နာကျည်းတာကို င်အောင် မပြနိုင်။ သူ့ကိုမှ ကိုယ် မမြင်ရတာ၊ ကိုယ့်မျက်လုံးကို ဘယ်လို ပြမလဲ။

ညနေပိုင်းကျတော့ ခြံထဲမှာ လမ်းလျှောက်ကျင့်ဖို့ ရှားကို (လ်)ချဲပေါ်တင်ပြီး သူ တွန်းခေါ်လာသည်။

အစက သူနဲ့တွဲလျှောက်ခိုင်းခဲ့သည်။

မဟာန်နိုင်၍ ယိုင်သမျှ သူ့ရင်ခွင်ထဲချည်း ရောက်တော့ ရှား မ်းလျှောက်ဖို့ကို ငြင်းတော့သည်။

"မင်းကို ကိုယ်ထိတာ မကြိုက်ရင် မထိဘူး၊ ခြံထဲမှာ မင်း ိုင်ဖို့ တန်းတွေ ကိုယ်လုပ်ထားတယ် လာပါ"

တန်းကိုင်လျှောက်ရတော့ အဆင်ပြေသည်။

ခုဆို ခြေနှစ်လှမ်းခန့် ကြွနိုင်နေပြီ ဖြစ်၏။

ခြံထဲဆင်းမိသည်နှင့် ပန်းရနံ့လေးတွေက တိုးတိုက်ကျိစယ် ာသည်။

ဩော် ပန်းခြံကလေး ဘယ်လောက်လှသလဲ ဘယ်လို ပုံလဲ ိတာတောင် ရှား မမြင်ခဲ့ရပါ။

မင်္ဂလာဦးညမှာပဲ ဒီကိုရောက်ကာ မိုးလင်းတော့ မျက်စိကွယ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။

တွေးမိတော့လည်း ဆိုးဝါးလွန်းသည့် ကံကြမ္မာသည် သူမ
ကန်းစေ ကျိုးစေခဲ့သည်က ရက်စက်စွာ။

ပုန်းညက်ပန်းရနံ့ကလေးတွေကို တသုန်သုန် သယ်ဆောင်လာ
သည့် လေပြည်ကို ဘယ်အရပ်ကလည်းဟု မှန်းဆလိုက်ကြည့်ရင်း
ပန်းနံ့လေးတွေ ပါလာသည်။

ပြီးတော့ စကားပန်းနံ့။

ပြီးတော့ နှင်းဆီနံ့တွေ။

"ဒီမှာ"

"ပြော"

"ရှင် ဘာလုပ်နေတာလဲ"

"ရပ်နေတာလေ၊ ကိုယ် မင်းကို မကြည့်ပါဘူး၊ တစောင်
ရပ်နေတာ"

မမေးဘဲ ဖြေရှင်းနေသေးသည်။

"ဒီနားမှာ ပန်းတွေစုံနေတာပဲနော်"

"ပန်းနံ့တွေ မင်း ရနေလား"

"ဟုတ်တယ် စုံနေတာပဲ၊ အဲဒီပန်းနံ့တွေ ကျွန်မ အားလုံးကြိုက်
တယ်"





"မမွှေးတဲ့ပန်းကော ကြိုက်လား"

ရှားက စဉ်းစားသလိုလေး ခေါင်းငြိမ်သွားပြီးမှ ခန့်မှန်းကြည့်နေ
သည့် မျက်ဝန်းလေးတွေ သူ့ဘက်သို့ ဝေ့ဝဲရောက်လာ၏။

"သစ်ခွတိုင်တွေ ရှိသေးလို့လားဟင်"

သူ့ထံမှ ရယ်သံသဲ့သဲ့ ထွက်လာကာ လက်ရမ်းပေါ်မှာ တင်ထား
သည့် ရှားလက်ခုံလေးကို ဖျစ်ညှစ်ဆုပ်ကိုင်သည်။

"မင်းတော်တယ် ပြောလိုက်တာနဲ့ ဖျတ်ခနဲ တွေးလိုက်တာပဲ၊
ဟုတ်တယ် သစ်ခွတိုင်တွေကြားမှာ မင်း ရောက်နေတာ၊ ဒီနားတဝိုက်
မှာ သစ်ခွတွေပဲ ရှိတယ်"

"ဒါဆို မွှေးတဲ့ပန်းတွေက ဘယ်မှာလဲဟင်"

ရှား လက်ကို ရှန်းတော့ သူက လွှတ်ပေးလိုက်၏။

"ဒီကနေ ညာဘက်တည့်တည့်ကို မိုင်ဝက်လောက် သွားရင်
ရပြီ"

"ဟင် အဲဒီလောက်တောင် ဝေးတယ်"

"ဟုတ်တယ်"

"ဒါနဲ့များ ပန်းနံ့တွေ မွှေးကြိုင်နေတာပဲနော်"

"လေသင့်လို့ပေါ့"

ရှား မျက်ဝန်းလေးတွေ ပြုံးပြက်လက်နေတာကို သူ ငေးနေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပန်းရင့်ရောင် ခါးစည်းပါသော လက်ပြတ်ဂါဝန်အပါးလေးနှင့် ပန်းသာသာ ဆံနွယ်ညိုများဖြန့်ချလျက် ရောင်စုံသစ်ခွတွေကြားမှာ ရှား လှချင်တိုင်း လှနေ၏။

နေမဝင်ခင် ဆည်းဆာအလှမှာ ရှား တစ်ကိုယ်လုံး ဝင်းဝါ အိဖတ်နေသည်။ နုညက်သည့် မွှေးညင်းနုနုလေးတွေ ဖုံးနေသော ပန်းနု ရောင် ပါးပြင်လေးတွေက အကျိုရောင်နှင့် ပြိုင်နေကြသည်။

"ဒီမှာ"

"ဒီမှာ ဒီမှာနဲ့ကွာ၊ ကိုယ့်ကို တစ်ခုခုလေး ခေါ်စဉ်တပ်ပြီး ခေါ်ကြည့်ပါလား"

"မခေါ်ချင်ပါဘူး။ အဲဒါကိုပဲ ထည့်ထည့်ပြောမနေပါနဲ့၊ ကျွန်မကို ပုန်းညက်ပင်အောက် ပို့ပေးပါလား"

"အင်းပို့မယ် ဒါပေမဲ့ ခဏနေဦး၊ အဲဒီအောက်မှာ အိတ်ခွံတွေ စုထပ်ထားတာ ရှိလို့ ကိုယ် သွားရှင်းလိုက်ဦးမယ်၊ ခဏပဲ မကြာဘူး"

သူ ထွက်သွားသံ ကြားသည်။

ရှား သစ်ခွတိုင်တွေ ဆီတာကို လိုက်စမ်းကြည့်၏။ အောက်ပိုင်း မှာ တိုင်ကို စမ်းမိသောကြောင့် ဝိုး(လ်)ချဲကို မျက်နှာချင်းဆိုင် လှည့်ယူကာ တိုင်ကို ကိုင်၍ ဖြည်းဖြည်းချင်း ထရပ်လိုက်သည်။





ထိုအခါ မတ်မတ်ရပ်မိသည်နှင့် ခေါင်းနှင့် တစ်စုံတစ်ခု ထိ …တ်မိသွား၏။ မျက်နှာမော့၍ စမ်းလိုက်လျှင် သစ်ခွရိုးတံလေး တစ်ခုကို ကိုင်မိ၏။

လက်ကို နှစ်ဖက်လုံး လှမ်းကြည့်ကာ ထိန်းရပ်ရင်း သစ်ခွပွင့် [က]လေးကို ကိုင်ကြည့်ချင်စိတ်နှင့် သေချာလိုက်စမ်းကြည့်သည်။

မမြင်မစမ်းနဲ့ပေမယ့် ပန်းကလေး တစ်ပွင့်ကို ကိုင်လိုက်မိတော့ [ဘ]ာရောင်လေးလဲဆိုတာပါ သိချင်လာခဲ့ပြန်သည်။

ပန်းပွင့်ကလေးတွေကို သေချာကိုင်တွယ်စမ်းနေစဉ် ပျားကလေး တစ်ကောင် အလန့်တကြား ပျံထွက်သွားတာကို ရှား မသိခဲ့ပါ။

ထို့နောက် မေးဖျားအောက် လည်တိုင်စပ်စပ်မှာ ပူခနဲ ဖြစ်သွား သည်။

"အား"

မခံမရပ်နိုင်အောင် နာကျင်သွားကာ လက်နဲ့စမ်းကိုင်လိုက်မိ သည်။

"အား"

ညာဘက်လက်ခလယ်လေးမှာ တစ်ချက် ထိသွားပြန်၏။ လက်နဲ့ ပုတ်ခတ်လိုက်မိသည်က ပျားကောင်လေးမှန်းကို သိ လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးကို ခါထုတ်လိုက် လည်တိုင်ကို ဖိပွတ်လိုက်နှင့် ရှား ဖျတ်ဖျတ်လူးနေ၏။

"ရှား မင်း ဘာဖြစ်တာလဲ"

သူ မြေးလာသံကို ကြားလိုက်ရသည်။

"ပန်းကို ကိုင်လိုက်လို့ ပျား ပျားတုတ်သွားတာ အား"

လက်ကို ခါလိုက် လည်ပင်းနှံ့ပွတ်လိုက် ဖြစ်နေသောကြောင့်

"ပြစမ်း"

ခေါင်းဆောင်က ရှား လက်ဖျားလေးကို ဆွဲယူကြည့်လိုက်၏

"ဘယ်မှာလဲ"

ဟု မေးရင်း လက်ချောင်းထိပ်ဖျားလေးမှာ အနီစက်လေး ရဲ နေတာ မြင်လိုက်သဖြင့် ပါးစပ်ထဲ ထည့်ငုံထားလိုက်၏။

"အို"

ရှား ပြန်ရုန်းပေမယ့် မရ။

နွေးနေသည့် ပါးစပ်ထဲမှာ ငုံထားခံရသဖြင့် အနာက သက်သာ သွားပေမယ့် ရှက်သည့်မျက်နှာကို ဘယ်သွားထားရမှန်း မသိ။

ထို့ကြောင့် လည်ပင်းကိုလည်း မထိရဲတော့ မထိလို့လည်း မနေနိုင်။

မီးသံချောင်းနှင့် အသားထဲ တတိတိ ထိုးသွင်းနေသလို မခံ





ရပ်နိုင် ဖြစ်လာရာ အားခနဲ အော်မိရင်း တစ်ဖက်လက်နှင့် အုပ်ပစ်လိုက် မိ၏။

"ဟင် အဲဒီကိုရော ထိထားသလား"

"ဟုတ်တယ် နာလိုက်တာ၊ ဘယ်လိုကြီးမှန်း မသိဘူး"

ခေါင်းဆောင် ရှား ပခုံးလေးနှစ်ဖက်ကို ဆွဲယူကာ ရင်ချင်းအပ် မတတ် ထိကပ်လိုက်၏။ ထို့နောက်

"မလုပ်နဲ့ ဟင့်အင်း ဟင့်အင်း"

ရင်ထဲက လိပ်ပြာတောင်ပံခတ်သံတွေ ဆူညံသွားသည်။

အနာကို ကုစားပေးခဲ့သော စေတနာတို့က မေ့မှူးဖွယ် ထိတွေ့မှု တစ်ခု၏ နောက်မှာ ရောင်စဉ်တွေ တရှုပ်ရှုပ် ဖြာလျက် နွေးထွေးသော အနမ်းများသို့ ပြောင်းလဲကုန်၏။

စက္ကန့်တွေ မြောက်မြားစွာ ပြေးဆော့သွားသည့်တိုင် ရှားကို သူ မလွှတ်ခဲ့။

"ခေါင်းဆောင် ရှင် ရှင်လွှတ်နော်"

တုန်လှိုက်နေသော အသံလေးက အလဲလဲ အပြိုပြို။

မျက်ဝန်းမှ မျက်ရည်စက်တို့ ကျလာကြ၏။

"မငိုပါနဲ့ ရှားရယ် မင်းကို ကိုယ် ဇော်ကားသလို ဖြစ်သွားတာ တောင်းပန်ပါတယ်၊ ကိုယ် ကိုယ် အဲဒီလောက် စောင့်ထိန်းဖို့ထိ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မရှိသွားနိုင်တာ ခွင့်လွှတ်ပါ''

တောင်းပန်ရင်း လဲပြိုကျမသွားအောင် ရင်ခွင်ထဲမှာ ပွေ့လျက်သားနှင့် မျက်ရည်တွေကို သုတ်ပေးမိသည်။

ကိုယ့်မှာလည်း ရင်တွေ ပြောင်းဆန်အောင် ခုန်နေတာ ထိန်းချုပ်ရ ခက်နေပါ၏။ ရှားကို သူ ချစ်နေခဲ့သည်ပဲ။

ရှား လည်တိုင်လေးကို တယုတယ ပွတ်သပ်ပေးရင်း နဖူးပြေပြေလေးကို ငုံနမ်းမိတော့ ရှား ဆတ်ခနဲ လှည့်ပစ်သည်။

''အိမ်ထဲဝင်မယ်''

''ကိုယ့်ကို စိတ်ဆိုးသွားလားဟင်၊ ကိုယ် တောင်းပန်ပါတယ် ရှားရယ် ကျေပါနော်''

''မကျေဘူး ရှား ရှင့်ရှေ့က ထွက်မသွားနိုင်ဘူး၊ မရှောင်နိုင် မရှန်းနိုင်တဲ့အကန်းပဲဆိုပြီး ရှင် သက်သက်''

''ထင်ထင်ရှား''

သူ ရှားကိုယ်လေးကို ဆွဲခနဲ ပွေ့ချီလိုက်ကာ အဝတ်စနီလေးတစ်စလို နီရဲလှုပ်ခတ်နေသည့် နှုတ်ခမ်းလေးအား စူးစိုက်ကြည့်၏။

ပြီးတော့ ဗိုး(လ်)ချဲပေါ်မှာ အသာလေး ချပေးလိုက်သည်။ လှပသော ဆံနွယ်လေးကို သူ နမ်းမိပြန်သည်။ ရှားက ခါးခါးသီးသီး တိမ်းဖယ်၍ သူမဘာသာ ဗိုး(လ်)ချဲကို လှိမ့်ထွက်သွား၏။





''နေဦး''

သူက ရှား လက်ကလေးကိုရော ဗိုး(လ်)ချဲလက်တန်းကိုပါ ဖိဆုပ်ဆွဲထားလိုက်ပြီး

''အဲဒီလိုကြီး ကိုယ့်ကို စိတ်ဆိုးဆိုးနဲ့ ထွက်မသွားနဲ့ကွာ၊ တကယ်ပါ လုံးဝ မထင်မှတ်ဘဲ ဖြစ်သွားတာ နောက် မနမ်းမိအောင် ကိုယ် ဆင်ခြင်ပါ့မယ်''

''ရှင် ရှင် လွှတ်လိုက်နော်၊ ရှင် လုပ်နေသမျှ ကျွန်မကို အနိုင်ကျင့် စော်ကားနေတယ်လို့ပဲ ကျွန်မ ထင်တယ်၊ ဒီလို အခွင့်အရေး ယူတတ်တာ ကျွန်မ မုန်းတယ် သိလား''

''အခွင့်အရေး ယူတာ မဟုတ်ဘူး ထင်ထင်ရှား၊ မင်းနဲ့ကိုယ် လက်ထပ်ထားတာ ကိုယ့်ဘက်က မှားယွင်းမှုရှိခဲ့လို့ မင်းနဲ့ စည်းခြားနေပေးခဲ့တာကို တစိမ်းတွေလို့ဘာ စောင့်ထိန်းဖို့ မတောင်းဆိုပါနဲ့၊ သိပ်လှတဲ့ မိန်းမတစ်ယောက်ကို ရသက်ပန် ရှိသားစွာ စောင့်ရှောက်ပေးသွားရုံပါပဲလို့ ကိုယ် အာမ မခံနိုင်ဘူး၊ အဲဒါ အပွင့်လင်းဆုံး ပြောတာ''

''သိတယ်လေ ရှင်တို့ ဒါပါပဲ၊ အစကတည်းက ဒီယုန်မြင်လို့ ဒီချုံထွင်ကြတာပဲ၊ အစ်ကိုလှုဆိုး ညီက အခွင့်အရေးသမား ရှင်တို့ကိစ္စနဲ့ ရှားက အလွတ်ကြီး၊ ဒါကို သက်သက်ချည်နှောင်ပစ်တာ၊ လူကြီးတွေရှေ့မှာ အားလုံးဖွင့်ပြောပြီး ရှင့်ကို ကျွန်မ ကွာမယ်''



www.burmeseclassic.com

www.burmeseclassic.com



ရှား ငိုလည်းငိုလျက် သူ့ကို ရန်တွေ့တော့သည်။ တသိမ့်သိမ့် တိမ်းမူးဖွယ်ကောင်းသည့် ရင်ခုန်သံတွေ ဘယ်ဆီပြေးလွင့်ကုန်မှန်း မသိတော့။

ကြည်ဖြူလက်ခံ မြတ်နိုးစွာ ပေးအပ်လာမည့် ချစ်ခြင်းကို ခေါင်းဆောင် ရင်ထဲမှာ တမ်းတမ်းတတ ဖြစ်လာခဲ့၏။

''ကျွန်မကို ဒီညပဲ မာမီ့ဆီ ပို့ပေးတော့''

''ဘာလဲ ကွာဖို့ရှင်းဖို့လား အဟွန်း''

''ဟုတ်တယ် ရှင့်ကို ကျွန်မ မပေါင်းနိုင်တော့ဘူး။ ဦးစီး မဟုတ်ဘူးဆိုတဲ့ အကြောင်းအားလုံးကို အသိပေးမယ်၊ ဒါကို သူတို့သိတာနဲ့ ရှင်နဲ့ကျွန်မ ပြီးပြီ''

''ကိုယ်က ကွာပေးမှ ဖြစ်တာပါ၊ မင်း အဲဒီလို အတိအလင်း ဖြစ်လာရင် ကိုယ်ကလည်း အတိအလင်း ဆုံးဖြတ်လို့ ရပြီပေါ့''

''ဘာ''

''ဟုတ်တယ် ကိုယ်က ကွာမပေးနိုင်ဘူး''

ရှား မျက်နှာလေး ရဲခနဲ ဖြစ်သွား၏။

သူ ပြုံးလျက် ရှုစိုက်ကြည့်မိသည်။

ဒေါသတွေကြီးကာ ကလေးဆန်ချင်နေတဲ့ ထင်ထင်ရှား။ သူ တိတ်နေတာကို ရှားကလည်း သိနေသည်။





အနားမှာ ခါးထောက်၍ ရပ်နေသလား။ လက်ပိုက်နေသည်လား။ ဘယ်လိုပုံစံပဲနေနေ သူ ရှားကို စိုက်ကြည့်နေမှာပါ။

ငါ ဘာတွေပြောလိုက်မိတာလဲ တစ်ဖက် ယောကျ်ားလေးကို မခံချင်စိတ်နဲ့ ဖွတ်ရှေ့တိုးချင်အောင် ပြောမိသလို ဖြစ်သွားပြီလား။

သူ့ကို ပို၍ ကြောက်လန့်လာခဲ့ရင်း ရှား လက်တန်းကို ဖိဆုပ်ထားမိတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ခြံထဲမှာ လမ်းလျှောက်သည့်အခါတိုင်း စကားတွေ ကြည်ကြည်သာသာ ပြောဆိုတတ်သည့် ရှား မျက်နှာလေးက ပို၍ တည်နေသည်။ စကားသံတွေလည်း တိတ်ဆိတ်နေ၏။

ရှား သူ့ကို ပညာပေးနေပါပြီ။ တကယ်ပဲ မနေတတ် မထိုင်တတ် ဖြစ်ကာ ရှားကို သူ အရင်လို နေခွင့်လေးရဖို့ ဘယ်လို ကြိုးစားရမှန်း မသိ။

ရှားက ဝါးတန်းလေးကို ကိုင်၍ ခပ်ဖြည်းဖြည်း စမ်းလျှောက်နေ၏။

ခြေလှမ်း ငါးလှမ်း ခြောက်လှမ်းလောက်ထိ အတော်ကြီး ဟုတ်နေပြီ ဖြစ်သည်။

ပ၂၂း၈၁၄ပ



"ထင်ထင်ရှား မင်းနားဦးလေ၊ တော်ပြီပေါ့၊ ကြာရင် ပင်ပန်းလို့ လဲဦးမယ်"

"လဲပစေ ဒုက္ခိတနဲ့စာရင် သေသွားလည်း ကောင်းတာပဲ"

ပြောသာ ပြောသည်။ မောသွားတော့ ဝါးတန်းလေးကို ကိုင်၍ ရှား ရပ်လိုက်၏။

ထိုစဉ် ဖုန်းလာသဖြင့် သူ ထုတ်ကိုင်လိုက်သည်။ ဟိုတုန်းက ငွေရှိပေမယ့်လည်း သူ ဖုန်းမကိုင်ခဲ့ပါ။

ဘယ်သွားသွား ဘာလုပ်နေနေ တတီတီမြည်၍ အလုပ်ရှုပ်စေတတ်သည့် လက်ကိုင်ဖုန်းကို သူ မနှစ်သက်။

ဒီရောက်တော့လည်း ချက်ချင်းမကိုင်ဖြစ်တာက ဦးစီးလို လူမျိုးတာ ဘယ်လောက် အလုပ်ရှုပ်မလဲဆိုတာ တွေးမိ၍ ဖြစ်သည်။

ခုကျမှ ကိုင်ဖြစ်သည်။ ကိုင်မိသည်နှင့် ကောင်းကောင်းနေရသည် မရှိ။

"အေး အောင်အောင် မင်းပဲ ဒီကိစ္စ ပြောလိုက်၊ ညနေ ငါ သွားစရာရှိတယ်"

သူ ဖုန်းပိတ်လိုက်လျှင် ရှားက အေးစက်စက် လေသံလေးနှင့်

"ရှင် သွားစရာရှိတာ သွားလေ၊ ကျွန်မ ရတာပဲ"

"ရပေမယ့် စိတ်မချလို့ပေါ့၊ နောက်ဆို မျက်လုံးကုသဖို့ အေး

ဗ၂၂း၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ခန်းကို သွားရတော့မှာ အလုပ်ကြားထဲရောက်သွားရင် မင်းဘက်ကို ပြန်လှည့်နိုင်မှာ မဟုတ်တော့ဘူး''

သူ ဖုန်းကို ပြန်သိမ်းကာ ဒီဘက်ပြန်လှည့်လာသည်။ ရှား လက်ကလေးကို တွဲ၍ အသာထိန်းပေးလိုက်၏။

ဒါကို ရှား ဖယ်ချပစ်လို့မရ။

ရှေ့ကို လျှောက်နေတာက ဖောနဲ့မို့ ရသေးသည်။ ပြန်ရတ်ပြီ ဆို ဒူးက ခွေခွေကျ၏။

ဒီနေ့ ပိုဆိုးပါသည်။ စိတ်အချဉ်ပေါက်ပေါက်နှင့် မရမက ဖွတ် လျှောက်နေသမျှ ဒူးတွေလည်း တုန်နေပြီ။

ဒူးကြောမှစ၍ ပေါင်ရင်းထိ မခံရပ်နိုင်အောင် နာကျင်နေကာ ချွေးသီးတွေ တပေါက်ပေါက် ကျနေခဲ့တာ သူ မမြင်အောင် မျက်နှာလွှဲ ကွယ်ထားရ၏။

''ရှား''

ဟန်ဆောင်ချုပ်ထိန်းနေဆဲ ဘယ်လိုမှ မရပ်နိုင်တော့ဘဲ ရှား ခွေကျသွား၏။

အနားမှာ သူ ရှိနေချိန်များတွင် ရှား ဘယ်တော့မှ မြေသို့ မကျခဲ့ပါ။

သူက ရှားကိုယ်လေးကို အသာထိန်းဖယ်ထားကာ ဝိုး(လ်)ချဲပေ





ခေါ်လာပေး၏။

''ဟာ ချွေးတွေကို ရွှဲနစ်နေတာပဲကွာ''

ဘောင်းဘီအိတ်ထဲက လက်ကိုင်ပဝါထုတ်၍ သူကိုယ်တိုင် ချွေး တွေကို သုတ်ပေး၏။

နားသယ်စပ် လည်တိုင်လေးများမှစ၍ သေသေချာချာ တယု တယ သုတ်ပေးသည်။

ရှား မငြင်းနိုင်ပါ။

မျက်လုံးတွေလည်း ပြာနေပြီ ဖြစ်သည်။

ခေါင်းဆောင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

ရှားကို ပွေ့ယူကာ အိပ်ရာထဲ ပြေးချ ဆရာဝန်ဆီ ဖုန်းဆက်၊ ဆရာဝန်လာလျှင် အဆင်သင့်ဖြစ်ဖို့ ဝေဝေ့ကိုလည်း မှာထားကာ သူ ရှား လက်ဖဝါးလေးကို ထွေးဆုပ်နေမိ၏။

ဆရာဝန် ရောက်လာတော့ သေချာစမ်းသပ်ကြည့်ကာ

''လူနာက နှလုံးခုန်အား တအားမြန်နေတယ်၊ ကိုယ်ခံအား သိပ်မရှိဘဲ အရမ်းအလုပ်လုပ်ထားတဲ့ လက္ခဏာမျိုး''

ဒီတော့မှ သူ ဖွင့်ပြောရသည်။

ခြံထဲမှာ သူ တားလို့လည်းမရ၊ ဆွဲထားလို့လည်း မဖြစ်၊ ချန် သင့်တာ ချန်၍ ရှား မဟန်နိုင်ဘဲ လမ်းလျှောက်ဖို့ ဖွတ်ကြိုးစားခဲ့တာကို



www.burmeseclassic.com

www.burmeseclassic.com



ဘော့ ပြောပြလိုက်ရသည်။

ဆရာဝန်က ပြင်းပြင်းထန်ထန် တားဏ်။

"မလုပ်ရဘူးကွယ် မလုပ်ရဘူး။ ဒါဟာ ရောဂါကုတာ မဟုတ်ဘူး။ ပိုပြီး ကြီးကျယ်သွားအောင် ဆေးကြောင့်ပိုလေးစေတာပဲ၊ တစ်ခါတလေ ဆေးက ဘေးဖြစ်တတ်တယ်၊ လူနာဟာ ခံနိုင်ရည် ရှိမရှိ ဂရုစိုက်ရတယ်၊ ဒီရောဂါမျိုးဟာ ကိုယ်ပူ ခေါင်းကိုက်သလို ချက်ချင်းကု ချက်ချင်းကု မနက်ဖြန်ပျောက် ဖြစ်တာမျိုး မဟုတ်ဘူး"

"ဟုတ်ကဲ့ ဒေါက်တာ ကျွန်တော် ဂရုစိုက်ပါ့မယ်"

"လူနာကတော့ ဝေဒနာ ခံစားရတဲ့သူဆိုကော့ ပျောက်ချင်စောသန်နေမှာပဲ၊ ဒါကို သမမျှတမှု ရှိအောင် ကိုယ်က ဂရုစိုက်ရတယ်၊ သူနားလည်လက်ခံအောင် ဖြစ်သင့်တာကို သေချာပြောပြရမယ်၊ အန္တရာယ်ကြီးတယ်ကွယ့် ဂရုစိုက် ကြားလား"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ဂရုစိုက်ချင်ပါသည်။ ရှား ဒီလိုဖြစ်ရတာ ကိုယ့်ကြောင့်ဟု ထင်၍လည်း ပို သနားခဲ့မိသည်။

ဒါပေမဲ့ ရှားက လက်မခံ။

မေမေတို့ ဒေါ်ပွင့်ဖြူတို့ ရောက်လာကြတော့ ပြဿနာက ပို၍ ကြီးထွားသွား၏။





ဒေါ်ပွင့်ဖြူက မျက်ရည်လည်ကာ မေမေက သူ့ကို ရှုံ့ရှုံ့စမ်းစမ်းကြည့်သည်။

မေမေကတော့ ဘာပဲဖြစ်ဖြစ် သူ့ကိုပဲ တလွဲထင်မို့ အဆင်သင့်ရှိနေသလား မသိ။

"သမီးက အဲဒီလောက်ထိဖြစ်သွားတယ်ဆိုတော့ သားက ဘာမှ အပြောအဆို မရှိဘူးလို့ ဘေးက ထင်စရာတွေ ဖြစ်ကုန်ပြီ"

ဟု စကားစလာသည်။

သူ ခပ်ထွေထွေပြုံး၍ သတိရနေပြီဖြစ်သည့် ရှားကို လှမ်းကြည့်သည်။

"ဘေးဆိုတဲ့ထဲမှာ မေမေ မပါဘူးလား"

ဟု ပြန်မေးတော့ ဒေါ်ဖင်မာက ကျေအေးသော အပြုံးနှင့် မျက်နှာတစ်ချက် လွှဲ၏။

ဒီကိစ္စမှာ သားကိုယ်တိုင် စေတနာပါပါ လှုပ်ရှားပါဝင်နေတာမှန်း သူမ ခန့်မှန်းမိနေပါသည်။

ငပြောကာစက ခါးခါးသီးသီး ဖြစ်ခဲ့သည့် သားသည် အခုဆိုသားကြီး၊ လုပ်ငန်းတွေထဲထိ ဘယ်သူကမှ မတိုက်တွန်းရဘဲ ပါဝင်လှုပ်ရှားနေခဲ့သည်။

ဒီဘက်ကိုလည်း သူ သတိရသမျှပို့ မသိမသာ လှုပ်ရှားလျှ



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းသော်နဲ့ အဆက်အသွယ် မပြတ်ခဲ့ပေ။

ဒါပေမဲ့ တစ်ခုကိုတော့ ရင်တမမ ဖြစ်နေသေးသည်။

ခရီးဆုံး မရောက်မီ သားနဲ့ရှားတို့ အိမ်ထောင်ရေး ပြိုကွဲသွားလို့မဖြစ်။ ဦးစီးမှုန်း ခေါင်းဆောင်မှုန်း ခွဲခြားသိနေပြီဖြစ်သော ရှားထံမှ လူသိရှင်ကြား ဖွင့်ချလိုက်သံ ကျယ်ပြန့်သွားလို့ မဖြစ်။

ခုဖြစ်နေသည်မှာ သားကြီး ဦးစီးသည် လူပေါင်းမှား၍ ခြေလှမ်းပျက်ကာစ မကောင်းမှုဟာ ဘာမှန်းမသိဘဲ လောဘနောက် လိုက်ရင်း ဒုက္ခဖြစ်သွားတာ ဖြစ်သည်။ ရှက်ဖွင့်လိုက်သည်နှင့် ရှက်တိုင် ကျိုးခဲ့ရတာမျိုး။

သူမ ထင်သည် ဒီလိုပဲ ဖြစ်မှာပါ။

သူ့အဖေကလည်း ဒီလိုပဲ ယုံကြည်နေသည်။

ကိတ္တိမသားဆိုပေမယ့် ကိုယ့်ရင်သွေးလို ချစ်ခဲ့ရှာသော ဦးမင်းသော်၏ စေတနာကိုလည်း ဒေါ်ဖင်မာ သိသည်။

"ငါ့သား ဒီလိုကောင်မျိုး မဟုတ်ဘူး။ ဒါ လူပေါင်းမှားတာ မလည်မဝယ်နဲ့ ဝင်ပါလို့ လူလည်တွေ တစ်ပတ်ရိုက်တာကို ခံရတာ သားရယ် မင်း ဒါတွေနဲ့ ငြိတာ ဒယ်ဒီ့ကို ဘာဖြစ်လို့ မပြောခဲ့တာလဲကွာ"

ဦးမင်းသော် တဖျစ်ဖျစ် ပြောမဆုံး။

တကယ်တမ်းမှာလည်း ဦးစီးသည် အလှမ်းဝေးနေသည့် ဖခင်





အရင်းတစ်ယောက်လုံးကို တမ်းတခဲ့သည် သိပ်မရှိဘဲ ဦးမင်းသော်ကို သံယောဇဉ် ဖြစ်သွားခဲ့သည်။

တစ်ဦးမေတ္တာ တစ်ဦးမှာလို့ပဲ ပြောရမလား။

အဖေရယ် ပထွေးရယ်ဆိုတာ ခွဲခြားသိတတ်နေသည့် အရွယ်မှာပဲ ဦးမင်းသော်ကို ပထွေးအဖြစ် လက်ခံခဲ့ရသည်။

ဒီနေ့ထိ သားနဲ့ပထွေးဆိုသော ပဋိပက္ခလည်း မရှိခဲ့။

အမေ့စကားကိုလည်း နားထောင်သည်။ ဦးမင်းသော် ပြောဆိုတာကိုလည်း လက်ခံ၏။

လူပျိုလေး ဖြစ်လာတော့ သားအဖလိုပဲ ရင်းနှီးချစ်ခင်လာခဲ့သည်။

သူ့လုပ်ငန်း သူ့စီးပွားနှင့် ထူထောင်ပြီးခဲ့သည်အထိ ဦးမင်းသော်ကို တိုင်ပင်ကာ အကြံတောင်းတာ မရှိခဲ့ပေမယ့် ရင်းနှီးမပျက် ခင်မင်မပျက်။

"လုပ်ငန်းမှာ အဆင်ပြေရဲ့လား။ ကျွန်တော် အဆင်ပြေတယ် အရင်းအနှီး လိုချင်ရင် ယူထည့်လေ"

"ရပါတယ် သားရာ၊ မင်း အဆင်ပြေရင် ပြီးတာပါပဲ၊ ဦးရှာတာကလည်း သားတို့ သားအမိအတွက်ပဲရှာတာ၊ အခု သားကြီးက ရှာနေပြီဆိုတော့ သိပ်လောဘမကြီးတော့ဘူး။ မင်းအမေကိုပဲ မေး။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ချင်သလဲ''

သားအဖ သင့်မြတ်နေကြတာကို ဒေါ်ဖင်မာ ကျေနပ်ခဲ့ရသည်။

''ကျွန်တော့်မှာ ပဋိပက္ခတွေနဲ့နေရတယ်ဆိုပေမယ့် ဦးက အသောက်အစား လောင်းကစား မရှိသူ၊ တရိုတ္ထမဖောက်ပြန်ဘူး၊ ကျွန်တော်တို့ သားအမိအတွက် ဘာမှ ထိခိုက်တာမရှိဘူး။ ပြီးတော့ မေမေ့ကို ကြင်နာတယ်၊ ကျွန်တော့်အပေါ် မဆိုးခဲ့ဘူး။ အဲဒီတော့ ဘာလိုတာရှိလို့လဲ၊ သူက ပဋိပက္ခလိုမနေဘဲ အဖေနဲ့တူတောင် နေနေ သားနဲ့ ပဋိပက္ခဆိုတာကြီးကို မမေ့ဘဲ အပြစ်ရှာနေရင် အဓိပ္ပါယ်မရှိပါဘူး''

BURMESE CLASSIC .com

အရွယ်လေးရလာတော့ သား သဘောကို နည်းနည်းပါးပါး စမ်းတောက်ကြည့်ခဲ့သည်။

သားက ဒီအတိုင်းပဲ ပြောတ၏။

ခုလို ပိုးစိုးပက်စက် ဖြစ်သွားခဲ့တော့ သားလို ချစ်ရသည့် သားအတွက် သူ့တိုလည်း အဖေလိုရင်းနှီးခဲ့သဖြင့် ဦးမင်းသော် ရင်နာကြေကွဲရတာ မယုံစရာတော့ မရှိပါ။

ထို့ကြောင့် ဤအမှုကို အမှန်အတိုင်း ပေါ်ပေါက်ဖို့ ဦးမင်းသော် အပတ်တကုတ် ကြိုးစားနေခဲ့၏။

''အမှုမှန်ပေါ်မှ သား လူဆိုးကြီး မဟုတ်ဘူးဆိုတာ ထင်ရှားလာမှာ၊ ဒါမှမဟုတ်ရင် ဒီအုပ်စုနဲ့ရောနှောပြီး နိုးထုပ်နိုးထည်နဲ့ မိတယ်ဆို





တဲ့ သတင်းဒနောက်မှာ ငါ့သားနာမည်ကို ဘာနဲ့မှ အဖတ်ဆယ်လို့ ရမှာ မဟုတ်တော့ဘူး''

ဦးမင်းသော် ဒီဘက်မှာ ကြိုတ်ကုတ် ကြိုးစားဆဲတွင် သားငယ်လှုပ်ရှားပေးနေတာကိုလည်း ကျေးဇူးတင်မိသည်။

အမြဲတမ်းက မသိသလို မဆိုင်သလို နေလာခဲ့သည့် သား။ အခုတဖြုတ် သွားတွေ့တာတောင် ခပ်စိမ်းစိမ်းကြည့်တတ်သူ။

သားဟာ သူမအပေါ် နောက်အိမ်ထောင်ပြုထားသူ ဟူသော အမြင်တစ်မျိုးနှင့် စိမ်းနေတာမှန်းလည်း ဒေါ်ဖင်မာ သိသည်။ ခုတော့ ဦးမင်းသော်နှင့် အပြောအဆို အပေးအယူတွေ သင့်တင့်လာကြတာမို့ စိတ်အေးစရာ။

တစ်ခုပဲရှိသည်။ သားနဲ့ရှား အဆင်မပြေကြဘူးလား။

အတွေးကိုယ်စီနှင့် ငြိမ်သက်သွားကြစဉ် တိတ်ဆိတ်မှုကို မနှစ်မြို့နိုင်သလို ဖြစ်လာကာ ရှားက အနီးဆုံးမှာ ရှိမည်ထင်သော ဒေါ်ပွင့်ဖြူသက်ကို လိုက်စမ်း၏။

''မာမီ''

''သမီးလေး မာမီ ရှိတယ်''

ဒေါ်ပွင့်ဖြူက ရှားလက်ကလေးကို ဆုပ်ကိုင်၍ နားနားကပ်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ"

"ဟင်"

"ရှား မာမီနဲ့ ပြန်လိုက်ချင်တယ်"

"အို"

ဒေါ်ပွင့်ဖြူက ခေါင်းဆောင်ထဲ ဖျတ်ခနဲ လှမ်းကြည့်၏။

သေချာ မကြားလိုက်ပေမယ့် သူ နားလည်လိုက်သည်။

ဒါပေမဲ့ မသိသလိုပဲ နေခဲ့မိသည်။ ကိုယ့်ကို လာပတ်သက်သေးတာ မဟုတ်။

ဒေါ်ဖင်မာကတော့ ဒေါ်ပွင့်ဖြူနှင့် တစ်ဖက်စီမှာ ထိုင်နေတာမို့ ရှင်းလင်းစွာ ကြားလိုက်၏။

မျက်နှာတစ်ချက်ပျက်ကာ နားစွင့်ထားမိသည်။

"ဘာဖြစ်လို့လဲ သမီးရယ်၊ သူက သမီးကို ဂရုမစိုက်လို့လားဟင်"

စိုက်ပါတယ်ဟု မပြောချင်။ ပြောလိုက်လျှင် မာမီ့ ဖျောင်းဖျစကားတွေ တစ်သီကြီး ထွက်လာတော့မည်။

ဂရုမစိုက်ပါဘူးဟုလည်း မဟုတ်တာကို ပြောလို့မထွက်။

"မဟုတ်ဘူး မာမီ၊ ရှား ခုလို ဖျားနာနေတုန်းမှာ မိဘနဲ့ နီးနီးနေချင်တာ အကြောင်းပြချက် ပေးရဦးမှာလား"



BURMESE CLASSIC .com



"မဟုတ်ဘူးလေ သမီးရဲ့၊ သမီး မာမီ ပြောချင်တာက သမီးကို မလာစေချင်တာမျိုး မဟုတ်ပါဘူး။ သမီးတို့ လက်ထပ်ထားတာ ခုမှ လပိုင်းပဲ ရှိသေးတာ၊ မိဘနဲ့ နေချင်တယ်ဆိုတော့ အဆင်မပြေဖြစ်ကြသလား၊ တစ်ခုခုများလားဆိုပြီး ပူပင်တဲ့ သဘောပါ၊ မေမေလည်း စိတ်ထဲမှာတော့ မကောင်းလှဘူးကွယ်၊ ဘာပဲဖြစ်ဖြစ် လင်နဲ့မယားပဲ အတူရှိသင့်တယ်လေ၊ အိမ်ထောင်လည်း ကျနေပြီ၊ သမီးကလည်း ကျန်းမာရေး မကောင်းဘူးဆိုတော့ ဒီကြားထဲ မိဘဆီ ပြန်မယ်ဆိုရင် မိဘကို ဒုက္ခပေးသလို ဖြစ်နေမယ်၊ ကိုယ်ကတော့ ချစ်တာ အားကိုးတာ၊ ဒါပေမဲ့ မိဘမှာ ဟိုပူဒီပူ ကိုယ့်ဝေယျာဝစ္စ ပြန်လုပ်ပေးရနဲ့ ဘယ်လောက် ဒုက္ခများသလဲ"

ဒေါ်ဖင်မာ ဝင်ပြောတော့ ရှား ငြိမ်ကျသွားသည်။

"သမီးလေး ပြောစမ်း၊ အခု မျက်နှာစုံညီရှိနေတုန်း၊ သားက သမီးကို ဂရုမစိုက်တာ စိတ်ဆင်းရဲစေတာ ဘာတွေလုပ်ခဲ့သလဲ၊ ဒါမျိုးရှိခဲ့ရင် မေမေ ခွင့်မလွှတ်ဘူး၊ သမီးက ဝေဒနာသည်၊ ဘာမဆို သားဘက်ကပဲ လိုက်လျှောရမှာ"

မေမေက ဘာလိုင်းကြီးပါလား။ စိတ်ထဲမှာ နိုးလို့ခုလုတော့ ဖြစ်သွားသည်။ ဒါပေမဲ့ ခေါင်းဆောင် ငြိမ်နေလိုက်သည်။

"ပြောလိုက်လေ သမီး"



www.burmeseclassic.com

www.burmeseclassic.com



ရှား စိတ်တွေ ညစ်လာသဖြင့် မျက်လုံးတွေကို မှိတ်ချပစ်လိုက်သည်။

ကလေးတွေမှ မဟုတ်တာ။ လူစုံတုန်း ပြောဆိုတော့ လူကြီးတွေကို ဒါက ဒီလိုရှိပါသည် ဆိုတာမျိုး တိုင်တန်း လက်ညှိုးထိုးရမလား။

ကာယကံရှင် အချင်းချင်းရှေ့မှာ အဲဒီလိုမျိုး ရှားက တိုင်ရမလား။ ဒေါ်ဖင်မာကတော့

သူ့သားက ဒီလောက် ဂရုစိုက်နေတာ အပြစ်ရှာကြည့်ဆိုတာမျိုး တမင်အစ်ထုတ် မေးမြန်းနေတာလား။

ကိုယ့်ကိုကိုယ် မကျေမနပ် ခံစားရင်း ဒေါ်သက ဟိုဟိုဒီဒီ ဝေ့လာသည်။ မျက်နှာက မသာယာ ဖြစ်လာ၏။

ဒါကို ဒေါ်ပွင့်ဖြူက သဘောပေါက်သည်။

"ကဲပါ သမီးရယ် သမီးက မာမီနဲ့ နေချင်တာ သက်သက်နဲ့ ပြောတာ မာမီ သိပါတယ်"

"ဒါပေမဲ့ သမီးက အရင်လို အပျိုမှ မဟုတ်တော့တာ၊ မာမီတို့က သမီးကို ခေါ်ချင်တိုင်း ခေါ်လို့ မရတော့ဘူး။ သမီး ယောက်ျားက ခွင့်ပြုမှရမှာ"

ပြောပြီး ဒေါ်ပွင့်ဖြူက ခေါင်းဆောင်ကို မော့ကြည့်သည်။

"သား ဘယ်လိုသဘောရလဲဟင်၊ သမီးကို မာမီတို့ ခဏပြန်





ခေါ်သွားလို့ ရမလား"

"မလိုက်ရ မနေနိုင်အောင် ဖြစ်နေရင်တော့ ကျွန်တော် ဖွတ်မထားပါဘူး အန်တီ၊ ဒါပေမဲ့ ဝေးသွားပြီဆိုတော့ ဒီမှာ အလုပ်တစ်ဖက်နဲ့ ကျွန်တော်က ဝတ္တရားပျက်ကွက်တာမျိုး ဖြစ်လာနိုင်တယ်လေ၊ တမင်တကာလို့ မထင်ဘဲ ဒါကို သူကော အန်တီတို့ပါ နားလည်နိုင်မယ်ဆိုရင်တော့ ခေါ်သွားပါ"

ပြောပုံက

မမြင်ရပေမယ့် အသံကို မှန်းဆ၍ ပြေးဝင်လာသည့် ဒေါ်သရောင်ခြည်တန်းက မျက်နှာဆီကို တန်းလို့ပါလား။ ခေါင်းဆောင် ပြုံး၍ ရှေ့တိုးရပ်လိုက်သည်။ မင်းသဘောအတိုင်းလုပ် ထင်ထင်ရှား။

ကိုယ့်ဘက်ကတော့ လျှော့ပေးပြီးပြီ။ ဒီထက် မပိုတော့ဘူး။ တိတ်ဆိတ်စွာ အပြန်အလှန် ပို့လွှတ်နေကြသော စကားသံတို့ကို မကြားနိုင်ကြသည့် လူကြီးတွေမှာ ကြားထဲက ဆုံးဖြတ်ရ ခက်နေတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ရှား တစ်ရေးနိုးလာတော့ နားထဲမှာ သော့တွဲမှ လှုပ်ခတ်သံ တစ်မျိုးကို တိုးတိုးသဲ့သဲ့လေး ကြားလိုက်ရ၏။

ပြီးတော့ သော့ကျသွားသံ။

နာရီက ခြေရင်းတံခါးဝမှာ ရှိသည်။

အခန်းထဲမှာ အမြဲထွန်းထားသည့် မီးရောင်နှင့် လှမ်းကြည့်လို့လည်း မြင်နိုင်သည်။ သို့သော် ရှားက မျက်မမြင်မို့ မျက်လုံးတွေ ဖွင့်လိုက်ပေမယ့် မမြင်ရပါ။

အချိန်ဟာ ညဉ့်နက်သန်းခေါင်တော့ ရှိလောက်ပြီ။

အခန်းထဲမှာ လျှို့ဝှက်လှုပ်ရှားနေသူ တစ်ယောက်ယောက်တော့ ရှိနေပြီဟု စိတ်က သိလိုက်၏။





ဒါမှမဟုတ် နှစ်ယောက် သုံးယောက် ရှိနေမလား။ ဒီထဲမှာ ခေါင်းဆောင် မအိပ်ပေမယ့် မီးခံသေတ္တာကို ဒီမှာပဲ ထားသည်။

သူမ မျက်စိမမြင်သော်လည်း ငွေလာထည့်တိုင်း ခေါင်းဆောင်က ဘယ်လောက်လာထည့်ထည့် ဘယ်မှာငွေ ဘယ်တက်က လက်ဝတ်လက်စား၊ သူမ လက်ကလေးကို ဆွဲ၍ ထိကိုင်ပြသထားတာလည်း ရှိ၏။

သော့ကိုလည်း သူမကိုပဲ ပေးထားသည်။

အမြဲတမ်း ထားခဲ့သည့် သော့က ခေါင်းအုံးအောက်မှာ။ သူမ ဒီလောက်ထိ အအိပ်ကြီးသွားခဲ့တာလား။

အနားမှာ သက်ပြင်းကျယ်ကျယ်ချတာတောင် နိုးတတ်သည့် သူမကိုယ်သူမ ယုံကြည်ခဲ့သည်ဆိုလျှင် ဒီသော့ကို ဝေဝေ ယူထားခဲ့တာလား။

မမြင်ရသည့်ဘဝက ဆိုးလှပါသည်။

အသံတွေလည်း ကြားနေရင်း မျက်လုံးလည်းဖွင့်ထားပြီးပြီ။

ဒါပေမဲ့ ဘာကိုမှ မမြင်ရ။

အလင်းအား ရှုလွန်းလျှင် မျက်လုံးထဲမှာ အလင်းရိပ်ဝင်သည်။

ထိုရှေ့မှ အရိပ်ဖြတ်လျှင် အရိပ်ကို မြင်နေရသည်။

မှောင်သွားလျှင် အမှောင်အတိုင်း မြင်ရ၏။ ဒီ့ထက် ဘာမှမမြင်



www.burmeseclassic.com

www.burmeseclassic.com



ရပါ။ လှုပ်ရှားနေသံတွေကတော့ မီးခံသေတ္တာရှေ့မှာပဲ ဖြစ်သည်။

ထိုစဉ် တီးတိုးစကားသံတချို့ကို ရှား ကြားလိုက်ရ၏။

"တွေ့လား"

"ဘာမှမတွေ့ဘူး၊ ငွေတွေ ရတနာတွေတော့ အများကြီးပဲ ယူမလား"

"မယူနဲ့ ဆရာက ဟိုပစ္စည်းကိုပဲ ယူခိုင်းတာ"

တစ်ယောက်နဲ့တစ်ယောက် တိုးတိုးလေး ကပ်ပြောနေကြတာ ဖြစ်ပေမယ့် ညည်သန်းခေါင်မို့ စကားသံတွေကို ပြတ်သားစွာ ကြားနေရ၏။

သူခိုးတွေ မီးခံသေတ္တာ ဖောက်နေတာမှန်း သိလိုက်ရသဖြင့် ရှား ထိတ်လန့်သွား၏။

ဝေဝေရော အနားမှာပဲ ဝေဝေ အိပ်နေတာ မနိုးဘူးလား။

သေချာနားစွင့်ကြည့်တော့မှ ဝေဝေ တရှူးရှူး အိပ်မောကျနေသံကို ကြားရ၏။

"ငါကတော့ ငွေနည်းနည်း ရွှေနည်းနည်း ယူမယ်ကွာ"

"မယူပါနဲ့ဆို"

"ယူမယ်ကွာ ငါတို့ တစ်ခါတစ်ခါ သက်စွန့်ဆံဖျား လုပ်ရရင် သေမတတ်ပဲ၊ ဒီလောက် ရဖူးလို့လား၊ နည်းနည်းစီ ယူမယ်"

"ဒါဆို ငါ့ကို ရတနာပဲပေး၊ ယူမယ့်ယူ အကုန်ယူကွာ"





"မြန်မြန်လုပ် ဟိုအကန်းမ နိုးဦးမယ်"

"နိုးတော့ ဘာဖြစ်လဲ၊ အကန်းမပဲ လက်သီးတစ်ချက်စာပဲ ရှိတာ"

"ငါတော့ မထိုးရက်ဘူး ဟဲ ဟဲ"

ထိုစဉ် အခန်းထဲမှာ ဖွေးခနဲ မီးလင်းသွားတာကို ရှား သိလိုက်၏။

"အပြောလေးတွေ လျှော့ပြီး အလုပ်နဲ့သက်သေပြရအောင် သက်ထဲက ဆုပ်ကိုင်ထားတာတွေ ချထားလိုက်ပါ"

"ဟင်"

"ဦး ဦးစီး"

"ဟုတ်တယ် တိုက်ခိုက်သတ်ပုတ်တာတွေ ငါ မလုပ်ချင်ဘူး၊ မင်းတို့ လက်တွေ မြှောက်ပြီး ကြမ်းပေါ်မှာ ဒူးထောက်နေကြ"

"မင်း ဘာလုပ်မလို့လဲ"

"မင်းတို့ကိုပါ အရစ်ထဲပို့မှာပေ့ါ"

"ဟား ဟား ဟား"

တစ်ဖက်က ရယ်သံသည် ပိုင်နိုင်စွာ ရယ်သံမျိုးဖြစ်၏။

"ရယ်စရာတွေ ပြောမနေပါနဲ့ ဦးစီးရော၊ မင်း မနေ့တစ်နေ့ကမှ အပြုံမှန်း အစိမ်းမှန်း သိတာပါ၊ ဒီမှာ မင်းက ငါတို့ကို ရဲလက်အပ်ရဲ



www.burmeseclassic.com

www.burmeseclassic.com



သလား၊ လုပ်လိုက်လေ၊ မင်းလည်း ပါရမှာပဲ၊ မင်းကကော လူကောင်းမို့လို့လား၊ ဆောက်လုပ်ရေး အင်ဂျင်နီယာ ကန်ထရိုက်ဟာလို လုပ်ငန်းအကြောင်းပြုပြီး မင်း လုပ်နေတာတွေ မဖော်ဘဲနေရအောင် ငါတို့ မရူးသေးဘူး''

''မရူးရင် လုပ်ပေါ့ကွ၊ ဒီညတော့ မင်းတို့ ဘဝဆုံးပြီ''

တစ်ယောက်က အဆင်မချောတော့ဘူးဆိုတာ ရိပ်မိသွားသည်နှင့် ကိုင်ထားသမျှ ပြန်လွှတ်ချလိုက်ကာ အိပ်ရာထက်မှာ ရှိနေသည့် ရှားထဲ လွှားခနဲ ခုန်ဝင်လိုက်၏။

ခေါင်းဆောင်က သူတို့ထက် လျင်သည်။ ထိုသူ့ရှေ့ကနေ ခြေထောက်နှင့် မျက်နှာကို ပိတ်ကန်ပစ်လိုက်သည်။

''ဖန်း''

''အား''

တိုက်ခိုက်သတ်ပုတ်သံတွေ ကြားလိုက်ရတာ ခဏလေးဖြစ်၏။

ဘာတွေဖြစ်ကုန်ပြီလဲဆိုတာ သိချင်နေမိဆဲ ခေါင်းဆောင် အသံထွက်ပေါ်လာသည်။

''ငြိမ်ငြိမ်နေနော် ဒီတစ်ခါ ငါ လုံးဝ ခွင့်မလွှတ်တော့ဘူး''

ထိုစဉ် ဝေဖဝေ နိုးလာသည်။

ပြူးပြူးပြဲပြဲ လန့်အော်မို့ ပြင်သဖြင့် ဖက်ပိုးတစ်ချက် အုပ်ပေး





လိုက်သည်။ ခွေခနဲ ပြန်ကျကာ မေ့မျောသွား၏။

သူနိုးဆိုသူ နှစ်ယောက်လုံး ခေါင်းဆောင် ကြိုးတုတ်နေတာကို ခံနေရရင်း အံ့ဩသော မျက်နှာများနှင့် ကြည့်နေကြဆဲ၊ သူတို့သိသော ဦးစီးက လူချော လူငယ်လေးတစ်ယောက်၊ သူ့ဟာသူ ဘာလုပ်ငန်းရှင်ကြီးပဲဖြစ်ဖြစ် သူတို့လောကမှာတော့ မနူးမနပ် ကလေးသာသာပဲ ဖြစ်သည်။

ပြီးတော့ ကိုယ်ခံပညာလေးမှ မတတ်ခဲ့ဘဲ ရင်းနှီးမြှုပ်နှံမှုတွေ တစ်ပွေ့တစ်ပိုက်နှင့် အမှောင်နယ်ထဲ ဝင်လာခဲ့သူ။ သူတို့အတွက်ကတော့ သနားသေးတယ်ဆိုသည့် အဆင့်မှာပဲရှိသူ။

မလည်ဘဲ လည်ချင်တော့ ပစ္စည်းတွေနဲ့ ကြားညပ်ပြီး သေဆုံးသွားခဲ့ရသည်။

ခုတော့ ဦးစီး သွက်လှချေလား။ အရေးကြီး လုပ်ငန်းတွေမှာသာ အလွှဲခံရသည့် သူတို့နှစ်ယောက် ကြားမှာ ခဏလေး ဝင်မွှေသွားကာ ဟိုကောင်မလေး ထရုပ်လိုက်သဖြင့် လွှားခနဲ ခုန်၍ ဖက်ပိုးရိုက်ချလိုက်တာ မျက်စိတစ်မှိတ်ပင် မကြာ။

သူတို့တော့ အမိခံလိုက်ရပြီ ဖြစ်၏။

ဆရာကတော့ ပစ္စည်းရတာနဲ့ မရတာ နှစ်ခုကိုသာ တွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောကသားချင်း ရဲလက်အပ်လိမ့်မယ်လို့ ထင်ပါ့မလား။ သူတို့ရှေ့မှာ ဒူးတစ်ဖက်ချ၍ လုလုပပ ထိုင်ချလိုက်ပြီး ဦးစီး ရယ်သည်။

''ဘယ့်နှယ်လဲ လန့်နေလား၊ တိုက်ခိုက်သတ်ပုတ်ပြီး မနိုင်ရင်းနိုင်ရင်ပြန်လို့ မင်းတို့ဆရာက မှာလိုက်တာမို့လား၊ စိတ်တော့ မကောင်းဘူး''

မျက်နှာတွေ တင်းနေကြတာကို စိုက်ကြည့်ကာ သူ ထရပ်လိုက်၏။

''တော်ကြာ မင်းတို့ကို အိပ်ရာပေးမယ့်သူတွေ လာလိမ့်မယ် အဲဒီမှာ မင်းတို့ ဖော်ကြပေါ့၊ ငါကတော့ အလင်းရောင်ထဲ ပြန်ဝင်ဖို့ ဆုံးဖြတ်ပြီးပြီ''

တစ်ဖက်က အသံတိတ်နေသည်။

ဒါပေမဲ့ ပြောသမျှကို ရှား ကြားနေရ၏။

မေးချင် ပြောချင်တာတွေ ရင်ထဲမှာ ပွထနေသောကြောင့် ငုတ်တုတ်လေး ထထိုင်လိုက်မိသည်။

ထိုညက လူတွေရောက်လာကြတာ စကားပြောသံ ကားသံတွေပါ ကြားရပြီး သိပ်မကြာဘဲ အသံတွေ ပြန်ငြိမ်သွား၏။

သူနိုးနေစ်ယောက်ကို ရဲလက်အပ်လိုက်ပြီမှန်း ရှား သိနေသည်။

အကြာကြီး ထိုင်စောင့်နေသော်လည်း အသံတွေ တိတ်ဆိတ်





သွားပြီး နာရီဝက်လောက်ထိ သူ့ထံမှ လှုပ်ရှားသံ မကြားရ။

ဒေါသကြောင့် အံကလေးကြိတ်လိုက်မိစဉ်

''ဟော မင်း မအိပ်သေးဘူးလား''

မေးသံနှင့်အတူ ဝင်လာသံပါ ကြားရပြီး

''ပုံစံကြည့်ရတာ ကြောက်နေတာ မဟုတ်ဘူး ထင်တယ်၊ ဘာလဲ ကိုယ့်ကို စကားပြောဖို့ စောင့်နေတာလား''

''ဟုတ်တယ် မေးစရာရှိလို့''

''မင်း ကြားလိုက်တာပဲကွာ၊ ဒီ့ထက် ဘာမှမရှိတော့ဘူး''

''ဒါဆို ရှင့်အစ်ကိုက မှောင်ခိုသမားကြီးပဲ''

''မဟုတ်ပါဘူး စည်းရုံးတဲ့သူတွေရှိလို့ မြေစမ်းခရမ်းပျိုးရင်း လုပ်ကွက်မှားသွားတာပါ''

နှုတ်ခမ်းလေးတွန့်ကာ ပျစ်ပျစ်နှစ်နှစ် မဲ့ပစ်သည့် ရှား မျက်နှာကို သူ စူးစိုက်ကြည့်နေခဲ့မိသည်။

''သုံးနာရီ ထိုးနေပြီ၊ မင်း အိပ်တော့''

''ရှင် နေဦး''

သူ ခြေလှမ်းပြင်လိုက်တာကို မမြင်လိုက်သည့်နှယ် ရှား ကပျာကယာ လှမ်းတား၏။

''ဘာပြောစရာ ရှိသေးလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာလဲ"

"မင်း သိတာပဲ"

"မသိလို့ မေးနေတာပေါ့၊ ရှင်တို့ညီအစ်ကိုက ဘာတွေလဲ နားစွင့်ကြည့်ရတာ ရှင်လည်း တော်တော်သွက်ပုံပါပဲ၊ လူကောင်း မဖြ နိုင်ဘူး"

"ဩော် ဒါဆို လူကောင်းတွေအားလုံး ခပ်ထုံထုံ ခပ်အအတွေ ပေါ့၊ လူဆိုးတွေပဲ သွက်ကြတယ် ဒီလိုလား"

"အများကြီး သိပ်မပြောပါနဲ့ ကျွန်မ ရှင့်ကိုပဲ ပြောတာ"

"ကိုယ့်ကိုကိုယ်တောင် ဘာမှန်းမသိသေးဘူး၊ ဒီနေ့နဲ့ မနက်ဖြ မှာ ပြောင်းလဲမှုတွေ အများကြီး ရှိတယ်၊ မင်းကို ကိုယ် စိတ်ချမ်းသာ ပေးဖို့လည်း ဆုံးဖြတ်ပြီးပါပြီ၊ ဒါပေမဲ့ တစ်နေ့နေ့ပေါ့၊ မင်း ကိုယ်နဲ့နေ တာ စိတ်ညစ်နေတယ်မို့လား၊ သိပ်မကြာတော့ဘူး မင်းကို ကိုယ် ကွာရှ ပေးမယ်"

အသံ ခဏတိတ်သွားပြီးမှ

"မဟုတ်ရင် မင်းကို ကိုယ်က ဂရုစိုက် လိုက်လျောသမျှ မင်းကို တပ်မက်ပြီး ကြဲဖန်ရယူဖို့ ကြိုးစားတာလို့ မင်းက ထင်နေမှာပဲ ဟိုတစ်နေ့က ကိုယ့်အပြုအမူကိုယ် ပြောခဲ့သမျှ မင်းမေ့ပစ်လိုက်ပါ ကိုယ်ကတော့ မင်းကိုယ့်လက်ထဲမှာ ရှိနေသမျှ ဘာမှထိခိုက်မှုမရှိအောင်





ဘာကွယ်စောင့်ရှောက်သွားမှာပဲ၊ မင်း အဲဒါကို မျက်လုံးစိမ်းနဲ့ပဲ မကြည့်ပါ နဲ့

"ရှင်က ဘာလုပ်ပါ ဘာမှတ်ပါနဲ့ အမိန့်တွေ ပေးလာရျလား၊ ရှင့်ရဲ့အမြင်မှာ ကျွန်မက ဘာလဲ"

"သိပ်လှပြီး ဇွဲလမ်းမြတ်နိုးဖို့ကောင်းတဲ့ မိန်းမတစ်ယောက်ပဲ"

ရှာ၊ မျက်နှာလေး မီးရောင်အောက်မှာ နီရဲသွား၏။

သူမ အိပ်ရာထက်မှာ လှဲချပစ်လိုက်သည့် အချိန်မှာ သူ ပြန် ထွက်သွားသံ ကြား၏။

မေ့လိုက်ပါ မုန်းလိုက်ပါပြောရအောင် သူနဲ့ကိုယ်က ဘာလဲ။

ပြောသွားသည့် စကားသံများကို သတိရနေရင်း ဒေါသတွေ ကြီတ်ဖြစ်ရင်း ဝေဝေ တစ်ယောက် ဘယ်ရောက်နေသည့် အဖြစ်ကို သတိမရခဲ့ပါ။

သူမ ခုတင်နှင့်တစ်ဖက်က ခုတင်ကြားထဲမှာ ဝေဝေ ခွေခွေ လေး မေ့မျောနေဆဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဝေဝေ မင်း အစ်မကို သွားခေါ်၊ ငါ စောင့်နေတယ်လို့"

"ဟုတ်ကဲ့ အစ်ကိုလေး"

ဝေဝေ ဝင်သွားပြီး သိပ်မကြာမီ ဗိုး(လ်)ချဲလေး တွန်း၍ ပြန်ထွက်လာ၏။

ရှားက ၎ဝါရောင် ပိုက်ပျော့အကျီပွပွလေးကို ဝတ်ကာ မျက်နှာပြောင်ပြောင်လေးနှင့် ဆံပင်တွေကိုလည်း ဒီတိုင်းပဲ ဖြန့်ချထား၏။

ဘယ်လိုလုပ်လာလာ ရှားက လှပါသည်။

သူ လှေကားထစ်တွေပေါ် ပြန်တက်သွားပြီး ရှားကို ကားပေါ် ပွေ့တင်လိုက်၏။

"ဝေဝေ ဗွီခ်ျဲတံခါး ခြံတံခါး အားလုံးပိတ်ထား။ ဘယ်ခဲ့သည်

[illegible]



သာလာ ဖွင့်မပေးနဲ့၊ ဘာသံကြားကြား ထွက်မကြည့်နဲ့"

"ဟုတ်ကဲ့ အစ်ကိုလေး"

ခေါင်းဆောင်မှာ သော့ပိုတစ်စုံ ရှိသည်မို့ ဘယ်သွားသွား ဘယ်အချိန်ပြန်ပြန် တံခါးစောင့်ဖွင့်ပေးဖို့ မလိုပါ။

ဝေဝေ့ကို သူ မှာခဲ့ပြီး ကားမောင်းထွက်လာခဲ့သည်။

"ရှင် ကျွန်မကို အပြန်ကျရင် မာမီတို့အိမ်မှာ ဝင်ပို့ပေးခဲ့"

သူ ရှားကို လှည့်ကြည့်မိလိုက်၍

"နောက်နေ့ကျမှ ဝင်ပါလား၊ ဒီနေ့ ကိုယ် အပြန်နောက်ကျမှာ မင်းကို ပြန်ဝင်ခေါ်နေရရင် ပိုပြီး နောက်ကျသွားမယ်"

"အို ရှင် လာခေါ်ဖို့ မလိုပါဘူး၊ မာမီတို့ ပြန်ပို့မှာပေါ့"

"ပြန်လာချင်တဲ့ စိတ်ရော ရှိရဲ့လား"

ခပ်ထေ့ထေ့ မေးသံကြောင့် ရှား မျက်နှာလေး တင်းသွား၏။

"ဘယ်ပြန်ချင်မလဲ ဟိုနေ့က ရှင့်အမေပြောသလို မိဘကို ဒုက္ခမပေးချင်လို့"

ပွင့်လင်းစွာ ပြောချလိုက်တော့ သူ ရယ်မိသည်။

"ထားပါတော့ ကိုယ်က ဒီဒုက္ခကို ကျေနပ်ပါတယ်၊ တစ်ခု မေးချင်သေးတယ်၊ ခုချိန်ထိ မင်း ကိုယ့်ကို နည်းနည်းလေးမှ ခင်မင်စိတ် မဖြစ်မိဘူးလား"

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး"

"မှန်းလား"

"မှန်းသလိုလိုပဲ"

"တော်သေးတာပေါ့"

ပြော၍ သူ သက်ပြင်းချမိရင်း

"မင်း ကိုကို့ကို ချစ်ခဲ့လား"

မချစ်ခဲ့ပါဘူးဆို သူ့ကို လမ်းဖွင့်ပေးသလို ဖြစ်နိုင်သည်။ ချစ်ခဲ့ပါသည်ဟုလည်း မညာချင်။

"ရှင့်ထက်စာရင် လက်ခံနိုင်ဖို့တွေ ရှိတယ်"

"ဟုတ်လား"

ဟုတ်လားကို သဘောပေါက်သွားသလိုမျိုး သံရှည်နှင့်ဆွဲ၍ ကြေကွဲသွားပုံရှိတာကို သိလိုက်ကာ ရှား ဝမ်းသာအားရ ဖြစ်သွားခဲ့၏။

မှတ်ထား အဲဒါ ခပ်ကြောကြော ပြောချင်ဦး။

"ကိုယ်လည်း မင်းကို လက်ထပ်ခဲ့တုန်းက မဖြစ်နိုင်မှန်း သိလျက်နဲ့ တာဝန်တစ်ခုကို မဖြစ်မနေ ပါဝင်လှဲယူလိုက်ရသလိုမျိုးပါပဲ။ မင်း ဒီလောက်ထိ လှနေလိမ့်မယ်လို့လည်း တကယ် မထင်ဘူး"

ကားလေးက အင်းလျားကန်ပတ်လမ်းအတိုင်း မောင်းနေခဲ့၏။ သူ ရှား မျက်နှာလေးကို မှန်ထဲကနေ ငေးမောကြည့်ရင်း





မြူးဖို့ပင် မတတ်နိုင်တော့ဘဲ ဖြစ်သွားခဲ့သည်။

ဘဝတိုးတက်ဖို့သာ အစဉ်သဖြင့် ကြိုးစားနေခဲ့သည့် အသည်းနှိုင်းက နေ့စဉ် ထိတွေ့နေရသော အတွေးရိုင်းတို့မှာ ရင်ခုန်တတ်ခဲ့သည်။

ဒါပေမဲ့ သူ အချစ်ကို လက်လှမ်းယူဖို့တော့ မကြိုးစားခဲ့ပါ။ ဖြစ်ပေါ်ခဲ့မှုသော သူမထံမှ ကြည်ဖြူစွာ ပေးအပ်ခြင်းကို မျှော်လင့်ခဲ့မိခြင်းများကိုလည်း ပြန်၍မေ့ပျောက်ခဲ့ရသည်။

ဒီလောက်ထိ သူမဟာ သူ့အပေါ် ရင့်သီးပြတ်သားနေတာ မှန်းနေတာများလားဟု တွေးမိ၏။

မှန်းတယ်ဆိုလျှင် မျက်မမြင်ဘဝကို ရောက်ခဲ့ရခြင်းအတွက်လား။

ကိုကို့နေရာကို အစားထိုး ဝင်လာသူဆိုသည့် အစားမထိုးနိုင်သော အချစ်ကြောင့် မုန်းခဲ့တာလား။

မသိနိုင်သော အရာနှစ်ခုကို သူ့ဘက်က ဘာမှလုပ်ပေးနိုင်စွမ်းမရှိ။ ကန်းသွားခဲ့ခြင်းဟာ ဦးဖွ မန်းလိုက်လို့ရမှာ မဟုတ်။

ကိုကို့နေရာမှာ အစားဝင်ခဲ့ရတာကိုလည်း သူမ မကြည်ဖြူလို့ဆိုပြီး ချက်ချင်းပြန်၍ နုတ်ထွက်လို့မဖြစ်။

ထို့ကြောင့် သူ ရှေ့မတိုးမိအောင် ကြိုးစားခဲ့သည်။

ခုလို ရှင်းလင်းစွာ သိလိုက်ရတော့လည်း ပြီးပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရာမှာ အေးအေးဆေးဆေး စကားပြောကြဖို့ စောစော ထွက်လာမိသည့်အဖြစ်ကြောင့် ကားကို လျှောက်ပတ်မောင်းနေပြီးမှ ဆေးရုံကို ဦးတည်ရသည်။

ရှားကတော့ မာနကြီးလွန်းသည့် နှုတ်ခမ်းလှလှလေးအစုံကို တင်းတင်းစေ့လျက် ရှေ့တူရှုသို့သာ ငေးနေသည်။

မျက်မှန်နက်လေးအတွင်းမှ မျက်တောင်ကော့လေးများနှင့် ကြည့်လှဲတောက်ပနေသည့် မျက်ဝန်းလေးတွေက မျက်လုံးမမြင်ရသူဟု ပင် ပြောရက်စရာမရှိ။ လက်ပြတ်အနားမှ ဇာနားအတွန့်လေးတွေ ပြန့် အုပ်ချထားသည့် ပိုက်ပျော့ အင်္ကျီလေးအောက်တွင် ဆင်စွယ်နှစ်လို ဝင်းပြည့်နေသော လက်မောင်းသားလေးတွေသာလျှင်သည်း မြင်နေရသည်။

သူ သက်ပြင်းတွေ အကြိမ်ကြိမ်ချမိရင်း ဆေးရုံကိုရောက်လာခဲ့သည်။

ဆေးရုံမှာ သေချာစမ်းသပ်ကြည့်ပြီးကြတော့ ဆရာဝန်ကြီးက အားရဝမ်းသာ ပြောသည်။

"အခြေအနေ သိပ်ကောင်းတယ် ကိုဦးစီး၊ ဒီတော့ ကျွန်တော်တို့ သူ့ကျန်းမာရေးကို ကျေနပ်အားရတဲ့ တစ်နေ့မှာ ခွဲစိတ်ကြမယ်။ သမားတော်ကြီးနဲ့ တိုင်ပင်ပြီး အမြန်ဆုံး စီစဉ်မယ်ဗျာ"

"ကောင်းပါတယ် ဒေါက်တာ၊ မြန်လေ ကောင်းလေပါပဲ"



သူ့အပြုံးတွေ ပိပြင်ရဲ့လား။ ပြောလိုက်တဲ့စကားက ရိုးသားစွာသား မရိုးသားစွာလား၊ သူကိုယ်တိုင်ပင် မသိ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဆိုဖာမှာ ထိုင်၍ ဩဇာသီး စားနေတုန်း ဖုန်းသံမြည်လာသည်။

ဝေဝေ မီးဖိုထဲမဝင်မီ အနားမှာ တစ်ခါတည်း ချပေးသွားသော ကြောင့် ဖုန်းသံကြားတာနဲ့ ဩဇာသီးကို သာသာလေး ပြန်ချထားလိုက်၏။

ပြီးမှ ဖုန်းဆီ စမ်းကိုင်လိုက်သည်။

"ဟဲလို"

သူမ ထူးလိုက်တော့ တစ်ဖက်က အသံတိတ်ကျသွား၏။

"ဟလို သာယာစံခြိကြ ပြောနေပါတယ်၊ ဘယ်သူဆက်တာလဲ ဟင်"

ရှား ထပ်မေးလိုက်မှ

ဗျူး၀၁၆၀



"ခု ပြောနေတာ ဘယ်သူလဲ မသိဘူး"

မိန်းကလေးသံ တစ်သံ ထွက်လာ၏။

ရှားက လျှင်မြန်းသား။ အသံကို နားထောင်လိုက်တာနှင့် မော် လမြိုင်သံ ခပ်ဝဲဝဲနှင့် အမျိုးသမီးသံဟာ ကိုယ့်မိတ်ဆွေထဲမှာ မရှိ။

ဒါဆို သူ့မိတ်ဆွေပဲ ဖြစ်မည်။

သူ့မိတ်ဆွေဆိုလျှင်လည်း သာယာစံခြိလိပ်စာကို သိ၍ ဆက် တာဆိုကတည်းက လက်ထပ်ပြီး ခွဲထုတ်ခဲ့တဲ့ အပိုင်းကို သိပြီးဖြစ်ရမည်။

"သာယာစံခြိကိုတောင် မင်းဆက်နေတာပဲ၊ ဖုန်းကိုင်လိုက်တာ ဘယ်သူလဲလို့ သိရမှာပေါ့"

တစ်ဖက်က အသံပျောက်သွားပြန်သည်။ ပြီးမှ

"ထားပါတော့ ဘယ်သူပဲဖြစ်ဖြစ်ပါ၊ ကျွန်မက 'သီရိသူရဇော်' တိုက်ကြက ဆက်တာ၊ ဖုန်းဆက်နေရတာ အခက်အခဲတွေ ရှိတယ်၊ နောက် တစ်ခါဆက်ဖို့ မလွယ်ဘူး၊ ကိုကို့ကို ပြောပေးပါ နှုတ်ဆက်ဖို့ပဲဖြစ်ဖြစ် ရှေ့ဆက်ဖို့ပဲဖြစ်ဖြစ် ခရစ်စမတ်မလွန်ခင် ဖုန်းပြန်ဆက်ပါလို့ ဘိုင်"

သူမပဲ ပြောပြီး ဖုန်းချသွားသဖြင့် ရှား မခံချိမခံသာ ကျန်ခဲ့၏။

ထိုစဉ် အပေါ်ထပ်က သူ ဆင်းလာသံ ကြားလိုက်ရသည်။

"စောစောက ဖုန်းလာသလား"

ကိုယ်က မပြောရဘဲ သူက စမေးသည်။

ဗျူး၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



နာခေါင်းထဲမှာ ရေမွှေးနံ့က ထောင်းခနဲ ဝင်လာသဖြင့် သူ အပြင်သွားတော့မည်မှန်း သိလိုက်၏။

ရတာလော ညနေရောက်ပြီဆို သူ အပြင်ထွက်စရာ အကြောင်းတစ်ခုခုက အမြဲပေါ်လာနေတတ်၏။

ဖုန်းတွေလာတိုင်း အလုပ်ကိစ္စတွေက ဟိုချိန်း ဒီချိန်း ဦးစီး အလုပ်ရှုပ်ခဲ့သလောက် သူ့ပဲ နိုင်နင်းအောင် လှုပ်ရှားနိုင်လွန်းပါ၏။

ဖုန်းဆက်တဲ့ မိန်းကလေးဟာ ဦးစီးကို ဆက်သူလား၊ ခေါင်းဆောင်ကို ဆက်သူလား။

"ဟော့ မေးနေတယ်လေကွာ"

"ဟုတ်တယ်လေ ဖုန်းလာတာ ရှင် ကြားတာပဲ မဟုတ်လား"

"ဘယ်သူလဲ ဘာပြောသွားလဲ"

သူ အနားလျှောက်လာသဖြင့် ရှားကို ဖုန်းကို အသာချကာ

"သိရှိသူရဇော် တဲ့ တိုက်ရိုက ဆက်တာ၊ ရှင် လက်ထပ်ထားတာကို သိတဲ့သူလား၊ မသိတဲ့သူလား၊ မပြောတတ်ဘူး၊ ဒါပေမဲ့ ဆက်ချင်ရင် ရဦးမယ် ထင်တယ်၊ ခရစ်စမတ် မကျော်ခင် ဖုန်းပြန်ဆက်ပါတဲ့ ဒါပဲ"

သူ့ထံမှ လှုပ်ရှားသံ တိတ်ဆိတ်နေ၏။

ခေါင်းဆောင်က နက်ခ်တိုင်ကို ပြုပြင်ရင်း မျက်မှောင်ကုတ်လျက် ရှား ဘာအဓိပ္ပါယ်နဲ့ ပြောသည်ကို အကဲခတ်သည်။





'သိရှိသူရဇော်'ကို သူ ကောင်းကောင်း သိသည်။

ဒါပေမဲ့ လူကို သိတာမဟုတ်။ ကိုကို ဒိုင်ယာရီထဲမှာ သူ့အကြောင်း တော်တော်များများ ရေးထား၍ သိခဲ့တာ ဖြစ်သည်။

ကိုကို တော်တော်ချစ်ခဲ့မှန်းလည်း သိခဲ့ရ၏။ ခေါ်တာကိုက 'ဇော်'။ ဖတ်မိကာစ သူငယ်ချင်းအကြောင်းလိုလို ဘာလိုလို။ ဇော့်ကို သူ (အထက)ကျောင်းသားဘဝတည်းက စွဲလမ်းခဲ့ရကြောင်း။

ဇော်သည် မိဘအသိုင်းအဝိုင်း ဂုဏ်နေကြောင့် မာနကြီးသလောက် သူ့ကိုလည်း အရေးမလုပ်ခဲ့ကြောင်း။

နောက်တော့ ဇော့်အချစ်ကို တက္ကသိုလ် ဒုတိယနှစ်မှာ ရခဲ့ပေမယ့် ပျော်ရွှင်လှသည် မဟုတ်တဲ့ သူ့နှလုံးသားက မထင်မှတ်စွာ အေးစက်နေခဲ့ကြောင်း အတော်စုံအောင် ရေးထားပါသည်။

ပြီးတော့ အလုပ်အကြောင်းတွေ ပြီးတော့ ပါလာသည်က ထင်ထင်ရှား။

ထင်ထင်ရှားအကြောင်းက စာမျက်နှာ သုံးခုလောက်မှာ အပိုဒ်ငယ်လေး သုံးပိုဒ်မျှသာ ပါခဲ့ပေမယ့် ဘယ်လိုလှတာ၊ သူ ဘယ်လောက် ရူးသွပ်သွားတာကအစ မရမနေ ယူဖို့ ကြိုးစားတော့မှာ ဖြစ်ကြောင်း ဆုံးဖြတ်ချက်နှင့် တွဲရေးထားသဖြင့် အခိုင်အမာ ရှိနေခဲ့၏။

ထို့ထက် မပိုခဲ့သော ဇော်နှင့်အကြောင်းတွေကို သူလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီ့ထက်ပို မသိပါ။

နောက်ပိုင်းထိ မပြတ်မသား ဖြစ်နေခဲ့၍သာ ခုလို ဖုန်းဆက်တာ ဖြစ်မည်။

ရှား ဘာတွေပြောလိုက်ပါသနည်း။ သူ ဩစာသီးလေးကို ပြန်၍ စမ်းကိုင်နေသော ရှား၏ လက်ချောင်းပြည့်ပြည့်လေးတွေကို ငူငိုက်ကြည့်နေရာမှ မျက်နှာလေးဆီ ဖျတ်ခနဲ ရောက်လာကာ

"မင်း ဘာပြန်ပြောလိုက်သလဲ"

ဟု ထပ်မေးလိုက်မိ၏။

ရှား မျက်နှာလေးမှာ ထူးခြားပြောင်းလဲမှုမရှိ။ သူ့ဘက်လည်း လှည့်မလာခဲ့။

"ဘာမှမပြောလိုက်ရဘူး၊ ဒါပဲမှာပြီး ဖုန်းချသွားတာ"

"မင်းကို ဘယ်သူလဲလို့ မမေးဘူးလား"

ရှား ရုတ်တရက် မပြောဘဲ တွေခနဲ ဖြစ်သွားပြီးမှ

"ဘာလဲ ရှင် လက်ထပ်ထားတာကို ပေါ်သွားမှာစိုးလို့လား ကျွန်မက"

"နေဦး မေးတာကိုပဲ ဖြေလေ၊ ကိုယ် ထင်တာ မြင်တာတွေ မင်းက အဖြေမထုတ်နဲ့၊ ကိုယ် သိချင်တာက သူ မင်းကို သိနေသလား မသိလို့ ဆက်တာလားဆိုတာ"





"ဒါကတော့ ရှင် ဖုံးထားရင် မသိဘူး၊ ပြောထားမှ သိမှာပေါ့"

ဘယ်လိုပဲ ရှောင်ရှောင် ရှားက သူ့ကို စွပ်စွဲပြီးသားပဲ ဖြစ်နေ၏။

"မင်းက သူနဲ့ကိုယ့်ကို ထင်နေတာလား"

"ကျွန်မနဲ့ မဆိုင်ပါဘူး၊ ရှင်နဲ့ဆိုင်တာပဲဖြစ်ဖြစ် ဦးစီးနဲ့ ပတ်သက်တာပဲဖြစ်ဖြစ် ရှင့်အလုပ်က စီးတဲ့အတိုင်း မျောဖို့ပဲ မဟုတ်လား၊ ဟွန့် ...င်က သရုပ်ဆောင်တတ်တာပဲ"

"ထင်ထင်ရှား မင်း စကားပြောတာ မရှိနဲ့၊ ကိုယ် သရုပ်ဆောင် ...တတ်လို့ ခုချိန်မှာ မင်းဖွဲ့သမျှ လိုမ့်ခံနေရတာ၊ အဲဒါ ကိုယ်နဲ့မဆိုင်ဘူး၊ ...ပေမဲ့ မဆိုင်တာတွေကိုပဲ ဒိုင်ခံဖြေရှင်းနေခဲ့ရတာ ဒါကို သိရက်နဲ့ ...င်းထပ်ဖွဲ့ဖို့ပဲ ကြိုးစားနေတာ"

"ရှင် ထင်လို့ပါ၊ ကျွန်မက ခံစားမိနေတာကိုပဲ ပြောတာ၊ ...င့်မျက်နှာပေါ်မှာ ကောက်ကြောင်းတွေ ရှုပ်ထွေးနေလည်း ကျွန်မက ...င်နိုင်တာမှ မဟုတ်ဘဲ၊ ဘယ်သူ့ကိုစွပ်ပဲဖြစ်ဖြစ် သရုပ်ဆောင်ရမှာပဲဆို ...ာ ကျွန်မ ပြောတာ လွန်သွားသလား"

ပြောနေရင်း နေရာမှ ဖြည်းဖြည်းထရပ်၍ ဝိုး(လ်)ချဲပေါ် ပြောင်း ...ိုင်ဖို့ ရှားက ခြေထောက်ကို တဖြည်းဖြည်း ရွေ့သွားသည်။

သူမှာ ဒေါသဖြစ်တာကော စိုးရိမ်စိတ်များပါ ရောထွေးကာ ...ိုဟကျောမှီဘက်က ပတ်၍ ရှားနဲ့နီးအောင် လျှောက်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မ ပြောတာတွေကြောင့် ရှင် အရိုက်ထိသွားရင်လည်း ဆောရီးပဲ၊ ကျွန်မက ရှင် ဝမ်းသာပျော်ရွှင်သွားစေချင်လို့ပါ၊ လောလော ဆယ်မှာ ရှင်က အလာဒင်ထက်သာတယ်လေ၊ လိုတာမတရာဘဲ ရနေတာ မဟုတ်လား''

''မင်း''

''အား''

ပိုး(လ်)ချဲပေါ် ထိုင်ဖို့ပြင်နေသည့် ရှား ပခုံးလေးကို သူ ဖွေ့ခနဲ လှည့်ယူပစ်လိုက်သဖြင့် ရှား လန့်ဖျပ်အော်မိသည်။

ပခုံးလေးနှစ်ဖက် စုကျုံ့ပါလာအောင် ဖျစ်ညှစ်ထားသဖြင့် မျက်နှာနှစ်ခုက နီးကပ်စွာ ရင်ဆိုင်မိကြ၏။

''ငါ့အတွက် ဒါတွေ မလိုဘူး ထင်ထင်ရှား၊ မင်းလို လှပတဲ့ မိန်းမတစ်ယောက်ကိုတောင် ငါ ဘေးမဲ့ပေးထားခဲ့တာ၊ မင်း သိပ်တော် လို့ မမှတ်နဲ့၊ ဒီနေ့ထိ မင်း မဲ့တစ်ပေါက် မစွန်းခဲ့တာ ငါ စောင့်ထိန်းခဲ့ လို့''

''ရှင် လွှတ်''

''ယောကျ်ားတစ်ယောက်ကို မင်း တကယ်စိန်ခေါ်ရဲသလား''

''ရှင့်ကို လွှတ်လို့ ပြောနေတယ်နော်''

ရှား ကြောက်စိတ်တွေ ဖြစ်လာပါ၏။





ပခုံးသားလေးတွေမှာ သူ ဖျစ်ဆုပ်ထားသဖြင့် နာနေပြီ။ ဘယ် သို့ပဲရုန်းရုန်း၊ သူ့လက်က မလွှတ်။

''ကိုယ်ဟာ မင်း ပြောခဲ့ဖူးသလို ချော်လဲရောထိုင်တတ်တဲ့ အကျင့်ရှိရင် ဒီပြင်တစ်ယောက်ကို စိတ်ကူးနေဖို့ မလိုပါဘူး၊ အဲဒါ မင်း သိလား''

''ခေါင်းဆောင် ရှင် ရှင် ကျွန်မကို ဒေါသတွေနဲ့ မဆက်ဆံနဲ့ နော်၊ ကျွန်မ မုန်းတယ် သိလား၊ လွှတ် ခုလွှတ်ပေး''

မျက်ရည်ကြည်တွေ ဝဲသီလာသော မျက်ဝန်းလေးတွေကို မြင် တော့ ရိုင်းစိုင်းချင်ခဲ့သော စိတ်တို့ကို သူ ပြန်ထိန်းလိုက်သည်။

ရှား ပခုံးလေးမှာ ဆုပ်ထားမိသည့်လက်ကို အသာဖြေ၍ ပိုး(လ်) ချဲပေါ်မှာ သူကိုယ်တိုင်ပဲ ညင်သာစွာ ချပေးလိုက်သည်။

''နောက်တစ်ပတ်ဆို ခွဲရတော့မှာ၊ မျက်လုံးတွေကို မထိခိုက်ပါ စေနဲ့၊ ကိုယ် အပြင်ခဏသွားမလို့ ဘာမှာဦးမလဲ''

''ဟင့်အင်း''

ပြော၍ ရှား မျက်နှာလေး လှည့်ပစ်စဉ် မျက်ရည်တစ်စက် လက်ခနဲ စင်ကျသွား၏။

သူ စိတ်မကောင်းဖြစ်သွားမိသည်။

ရုန်းလိုက်မှာကို ကြိုသိထားသဖြင့် လက်တန်းပေါ် တင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် လက်ဖမိုးလေးကို သူ ပိုင်နိုင်စွာ ဆုပ်ကိုင်လိုက်၏။

"ထင်ထင်ရှား"

ပြော၍ ရှား မျက်နှာလေး လှည့်ပစ်စဉ် မျက်ရည်တစ်စက် လက်ခနဲ စင်ကျသွား၏။

သူ စိတ်မကောင်း ဖြစ်သွားမိသည်။

ရှန်းလိုက်မှာကို ကြိုသိထားသဖြင့် လက်တန်းပေါ် တင်ထားသည့် လက်ဖမိုးလေးကို သူ ပိုင်နိုင်စွာ ဆုပ်ကိုင်လိုက်၏။

"ထင်ထင်ရှား"

ရှောင်ဖယ်နေသည့် မျက်နှာလေးထက်မှ မျက်ရည်ကြောင်းလေးကို သူ သုတ်ပေး၍

"မင်းနဲ့ကိုယ် ရန်မဖြစ်ချင်ဘူး၊ ကိုယ့်ကို ခဏ ခဏ မရိနဲ့ကွာ အထူးသဖြင့် ကိုယ့်ရဲ့ခံစားချက်တွေကို မင်း မလှောင်ပါနဲ့၊ ကိုယ်နဲ့ မသက်ဆိုင်ခဲ့တဲ့ ဘဝတစ်ခုထဲမှာ ဝင်နေခဲ့ရတဲ့ ကိုယ့်အတွက် အခက်အခဲတွေ အများကြီးပဲ၊ အဲဒီအထဲမှာ ဆိုးဆိုးဝါးဝါး ကိုယ် ခုခံတိုက်ခိုက်နေရတာတွေ ရှိတယ်၊ ကိုယ် အပင်ပန်းဆုံး အချိန်မှာ မင်းရဲ့စကားလုံးတွေကို ဘယ်လိုမှ ခေါင်းငုံ့ခံနိုင်မှာ မဟုတ်ဘူး။ မင်းကို ကိုယ် စိတ်ချမ်းသာစေချင်ပါတယ်၊ အဲဒါ ကိုယ်စားဝင်ပေးနေရတဲ့ ဘဝနဲ့မဟုတ်ဘူး။ ခေါင်းဆောင်ရဲ့ ဘဝနဲ့ ခံစားချက် သပ်သပ်"





ပြော၍ လက်ဖဝါးလေးကို သူ လွှတ်လိုက်သည်။

သူ ဘာတွေ ပြောသွားသည်ကို အလုံးစုံ နားလည်သော်လည်း အကျုပ်အတည်းတစ်ခုမှ လွတ်မြောက်သွားခဲ့ခြင်းအတွက် ရှား ရင်ထဲ ပေါ့သွားသည်။

ဝမ်းနည်းလိုက်ခါ ကျန်ခဲ့သော ရင်ထဲမှာ မျက်ရည်တို့ ဝေ့ကျန်ရစ်၏။

ဘာကြောင့်မှန်း သူမ မသိပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဒယ်ဒီ သိပ်ဖြစ်နေတုန်း ရှား မျက်လုံး မခွဲချင်သေးဘူး မာမီ"

"အို မဆိုင်တာ သမီးရယ်၊ သမီး မျက်လုံးကောင်းဖို့က ဒီ လောက် အရေးကြီးနေတာ၊ ဒါ ရွှေဆိုင်းတားလို့ဖြစ်တဲ့ကိစ္စလည်း မဟုတ် ဘူး။ သမီး ဒယ်ဒီက ဒီရက်ပိုင်းမှာ သက်သာပါတယ်၊ သမီးသာ မျက်လုံး ပြန်ကောင်းသွားရင် ဒါကို ဝမ်းသာပြီး ပိုတောင် ကျန်းမာလာဦးမှာ စိတ်ဖြောင့်ဖြောင့်သာ ခွဲလိုက်ပါ"

ရှား မျက်လုံးခွဲစိတ်ဖို့ရက်မှာ ဒယ်ဒီ အိပ်ရာထဲ လဲနေသဖြင့် မာမီလည်း ဟုတ်တိပတ်တိ မလာနိုင်ရှာ။

ကံကြမ္မာဟာ ဘာဖြစ်လို့ ဒီလောက် တိုက်ဆိုင်နေခဲ့တာလဲ

ဗျူး၁၁၆၀



တကယ်လို့သာ ရှား မျက်လုံးတွေ ပြန်မမြင်ရတော့ဘူးဆိုရင် ဒယ်ဒီ့ကို ညာရဦးမှာလား။

အမှန်အတိုင်းသာ သိလျှင် ဒယ်ဒီ စိတ်ဆင်းရဲတာနှင့် ဘဝ ကူးသွားနိုင်သည်။

ထို့ကြောင့် သူမ မျက်လုံးကို မခွဲစိတ်ချင်သေး။

ဒါပေမဲ့ ဒီမျက်လုံးကိုလည်း သူမ အလင်းရောင် လိုချင်လှပါပြီ။

ငယ်ငယ်ကတည်းက မျက်လုံးကွယ်ခဲ့တာဆိုလည်း-နေတာစား တာ၊ သွားတာ ကျင့်သားရနေပြီမို့ တစ်ဖက်က မစွမ်းလျှင် တစ်ဖက်က စွမ်းဦးမည်။

ခုတော့ ချက်ချင်းကြီး ထဖြစ်လိုက်တာ သူမမှာ လကွယ်ည ကြယ်ရောင်မရှိသော အခန်းကျဉ်းကလေးထဲမှာ မီးပျက်သွားခဲ့သလို ဟိုနေရာ ဒီနေရာလေး၊ ရွှေ့ရ သွားရဝဘာတောင် အသည်းတအေးအေး စမ်းတဝါးဝါး ကျင့်သားရအောင် လုပ်ယူနေရပေမယ့် ဆေးကုလိုက်ရင် ပြန်ကောင်းသွားမှာဆိုသော မျှော်လင့်ချက်နှင့် အမြဲတမ်းကန်းနေခဲ့ရသူ တွေလို တစ်ခုတည်းအပေါ် အလေ့အကျင့် မလုပ်ဖြစ်။ မျက်မမြင်ဘဝဟာ သူမအတွက် မဟာ ငရဲပဲဖြစ်၏။

ဒယ်ဒီ့ကျန်းမာရေးနှင့် သူမဘဝ အမှောင်နှစ်ခုကြားမှာ ရှား မွန်းကျပ်လာ၏။

ဗျူး၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"ဟင် မင်း ငိုနေတယ်"

ခုတင်ပေါ်မှာ ခြေချထိုင်ရင်း မျက်ရည်ကျနေသော ရှား ရှေ့ ကုလားထိုင်မှာ သူ ဝင်ထိုင်လိုက်တော့ ဝေဝေ ချက်ချင်း ထွက်သွားသည်

ရှားက မျက်ရည်ကို သုတ်ပစ်လိုက်ပြီး

"ဒယ်ဒီ့တို့ စိတ်ပူလို့ပါ"

"မနက်ကပဲ ကိုယ် ဖုန်းဆက်သေးတယ်၊ ကျန်းမာရေး အခြေ အနေ မဆိုးဘူးတဲ့၊ လောလောဆယ် ခွဲစိတ်ရတော့မယ့် မင်းက အရေး ကြီးတာ၊ ကိုယ်လည်းလူကောင်းမှ မဟုတ်တာ၊ ဘာဖြစ်လို့ ကြိုတင်ပူပ နေရတာလဲ ထင်ထင်ရှား၊ အရေးကြီးတာကို အရင်ရှင်းပြီးတော့ အာ လုံးက သူ့ဟာသူ တစ်ခုပြီးတစ်ခု ဖြစ်လာမှာပဲ မဟုတ်ဘူးလား"

"ဖြစ်လာမှာကို ကိုယ်မှမမြင်နိုင်တာ၊ ကျွန်မ မျက်စိခွဲပြီးလို့ အဖြေက မကောင်းရင် ဒယ်ဒီ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့ အဖြေ မကောင်းရမှာလဲ၊ မင်းမျက်လုံးက ရ တောင်မှ ဝါတာနီတာ မသိတာပဲရှိတယ်၊ အလင်းနဲ့အမှောင်ကို သိတယ် အရိပ်ထင်ရင် သိတယ်၊ ပျောက်တာကွယ်တာကို မြင်နိုင်နေတာ ဘာ ထပ်မလိုတော့ဘူး။ ခွဲစိတ်ကုသလိုက်ရင် ပြီးပြီပေါ့"

"ခေါင်းဆောင်"

"ပြော"





"မာမို့ဆီ ကျွန်မ ဖုန်းဆက်ချင်တယ်"

"ဆက်လေ"

သူ ဖုန်းထရွှေ့ပေးလိုက်တော့ သူ့ဟာသူ ခေါ်၍ ရှားက ဖုန်း ဆက်၏။

"ဒယ်ဒီ နေကောင်းလား မာမီ"

"ကောင်းတယ် သမီး၊ ခုလေးတင်ပဲ စွပ်ပြုတ်နဲ့ ဆေးသောက် ပြီး အိပ်သွားတာ၊ သမီးကိုတောင် မေးသေးတယ်၊ ခုထိ မျက်လုံးမခွဲ ရသေးဘူးလားတဲ့"

"ဒီနေ့ ဆေးရုံတက်ရမှာ မာမီ"

"အေး မာမီ ပြောပြလိုက်မယ်၊ သမီး ဒယ်ဒီက မာမို့ကို ပုတီးစိပ်ပါ အဓိဋ္ဌာန်ဝင်ပါနဲ့ကွယ် သူ့အတွက် မဟုတ်ဘူး၊ သမီးအတွက် တဲ့"

"ဒယ်ဒီရယ်"

ဖုန်းကိုင်ထားရင်း မျက်ရည် ပြိုက်ခနဲ ကျ၏။

"သမီး"

"ရှင်"

"ကျန်းမာရေးကို ဂရုစိုက်၊ မျက်လုံး ပြန်ကောင်းမှာပဲဆိုတဲ့ စိတ္တနဲ့ ယုံယုံကြည်ကြည် နေနော်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်''

''သမီး မျက်လုံးကောင်းရင် သမီး ဒယ်ဒီလည်း ကျန်းမာသွားမှာပဲ၊ မာမီ လောလောဆယ် မလာဖြစ်သေးရင် အားမငယ်နဲ့ သိလား သမီးရဲ့ ကြီးကြီးတွေ လာနေမှာ၊ မျက်လုံးခွဲမယ့်နေ့ မာမီ လာမယ်''

''ရှား သိပါတယ် မာမီရယ်၊ ဒယ်ဒီ့ကိုသာ ဂရုစိုက်ပါ၊ ဒီမှာ ဘာမှမလိုပါဘူး''

''သမီး အနားမှာ သား ရှိလားဟင်''

''ရှိတယ် မာမီ''

''မာမီ စကားပြောချင်တယ်၊ ခဏပေးလိုက်ပါဦး''

ရှား လှမ်းကြည့်၍ ဖုန်းခွာလိုက်တယ်ဆို သူက လက်ကမ်းပြီး သားဖြစ်ကာ

''ဟလို ကျွန်တော်ပါ''

''သား သမီးလေး စိတ်ဓာတ်မကျအောင် အားပေးပါကွယ်''

မှာသမျှ ပြောသမျှကို သူ နားထောင်ပြီး ဖုန်းချလိုက်တော့ ရှားက ချက်ချင်းမေး၏။

''မာမီက ဘာတွေပြောတာလဲဟင်''

''မင်းကို ဂရုစိုက်ဖို့ပေါ့၊ ကဲ ဘာလိုအပ်သေးလဲ၊ ကားပေါ်မှာ အကုန်ရောက်နေပြီ မလိုတော့ရင် သွားမယ်''





ရှားပုံစံလေးက မျက်လုံးခွဲရမှာကို စိတ်လှုပ်ရှား တက်ကြွနေတာမျိုး မရှိ။

''ဒီမှာ''

''ဟင် ပြောလေ''

''ကျွန်မကို တုတ်ကောက် တစ်ခုခု ရှာပေးပါလား၊ ဝှီး(လ်)ချဲနဲ့ ကျွန်မ မသွားချင်တော့ဘူး''

''မင်း အခြေအနေက အဲလောက် မရသေးဘူးလေ၊ တုတ်နဲ့ဆိုလည်း လူတွဲရမှာ''

''ရှင်တွဲပေါ့''

''ကိုယ် မရှိတဲ့အခါ ဝေဝေလည်း မအားတဲ့အခါ ဒီတုတ်ရှိနေရင် မင်း ဖွတ်ထလျှောက်တော့ လဲပြိုသွားရင် ဘယ့်နယ်လုပ်မလဲ''

''လဲသွားလည်း ဟလို့ရတာပဲ အသက်နဲ့အဝေးကြီး ရှင် ပူမနေပါနဲ့''

''မပူလို့ရမလား မင်း''

သူ ဆက်ပြောရန် ဆွံ့အသွား၏။

နှစ်ယောက်ကြားမှာ တခဏ တိတ်ဆိတ်သွားသည်။

''သွားရအောင်''

ခေါင်းဆောင်က ထရပ်လိုက်ရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဝိုး(လ်)ချဲပေါ် မတင်နဲ့"

"ဖွတ်မလုပ်နဲ့လေ၊ တုတ်တစ်ချောင်းဆိုတာကော ချက်ချင်း ဖန်ဆင်းလိုက်လို့ ရတာမှ မဟုတ်တာ၊ ပြီးတော့ အခု ဆေးရုံသွားရမှာ မင်း သိပ်ပင်ပန်းလို့ မဖြစ်ဘူး စိတ်ချပါ ကိုယ် စီစဉ်ထားပေးမယ် မင်း ဆေးရုံက ဆင်းလာရင် မျက်လုံးလည်း မြင်မယ်၊ ကိုယ့်ခြေထောက် နဲ့လည်း စမ်းသွားလို့ရမယ် ဆန္ဒမစောပါနဲ့"

ပြော၍ သူက ဆွဲတူလိုက်သဖြင့် ရှား ထရပ်လိုက်ရသည်။

အထိုင်အထမှာ နာသွားတာ မျက်သွားတာမျိုးတော့ ခြေထောက်က မရှိတော့ပါ။

ခြေထောက်က ဒရွတ်မဆွဲတာပဲ ရှိသည်။ တစ်လှမ်းနဲ့တစ်လှမ်း ကို ချွေးကျအောင် ကြွယူနေရ၏။

ဒါဆို ဖွတ်ကြိုးစားနေသည်နှင့် ရှား ဖျားသည်ပဲ ဖြစ်သည်။

ထို့ကြောင့် ဖွတ်လျှောက်ဖို့လုပ်တိုင်း ခေါင်းဆောင်က တားဆီး ခဲ့သည်။

ဝိုး(လ်)ချဲပေါ်တင်၍ တွန်းလာပြီး ကားနားမှာ သူပဲ ကားပေါ် မွေ့တင်လိုက်သည်။

ထုံးစံအတိုင်း ပစ္စည်းတွေ စုံမစုံ စစ်ကြည့်ပြီး ဝေဝေ့ကို သေချာ မှာကာ မောင်းထွက်လာခဲ့၏။





ခြံဝမှာ ဒေါ်ဖင်မာတို့ ကားနှင့် ဆုံမိသည်။

ဒေါ်ဖင်မာ ကားထဲက ခေါင်းပြူလာကာ

"ဆက်မောင်း သားရေ့ မေမေ နောက်ကျသွားတာ တော်သေး တာပေါ့၊ မသွားခင် မိသေးလို့၊ သမီးလေး နေကောင်းလား"

ဟု မေးသံကြားရသေးသည်။

"ကောင်းတယ်"

သူ့ဆံမှ ဒါပဲဖြေသံကြားရပြီး ကားက ဆက်မောင်းခဲ့သည်။

ခေါင်းဆောင်ဟာ ဘယ်လိုလူစားလဲ။ သူ၏ အေးစက်စက် ခပ်တင်းတင်းပုံစံဟာ မိဘအပေါ်မှာလည်း ထိုသို့သာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

လောကကြီး၏ အလင်းအမှောင်ကိုသာမက ရောင်စုံအလှတို့ကို ပါ တစ်စစ ဝိုပြင်စွာ မြင်လာရသည်။

ရင်ထဲမှာ ဝမ်းသာမှုလေး အတိုင်းအဆမရှိ ဖြစ်ထွန်းလာ၏။

ရှား နှုတ်ခမ်းလေးတွေ ပြုံးရယ်နိုင်လာတာ မြင်လျှင် စိုးရိမ် တကြီး ငေးစိုက်ကြည့်နေကြသော မျက်နှာတွေ ဝင်းလက်ကုန်ကြသည်။

"သမီးလေး မြင်ရပြီ"

"အမလေး ဝမ်းသာလိုက်တာ မဖင်ရယ်"

"ကောင်းမယ်ဆိုတာ ကျွန်တော်သိနေပါတယ်"

ဒေါ်ဖင်မာ့အသံကို ပထမဆုံး ကြားရသည်။

မာမီ့အသံဟာ သာယာလှပါ၏။

ပ၂၂း၈၁၃၉ပ



ဦးမင်းသော်လည်း အနားမှာ ရှိနေသည်ပဲ။ ဒယ်ဒီ့မှာတော့ ကျန်းမာရာ၍ ခုလောက်ဆို အိပ်ရာထက်ကနေ ရှားအတွက် ဆုတောင်း နေ၊ စိတ်လှုပ်ရှား တုန်ယင်နေမှာ ပေါ့။

"မာမီ"

"သမီးလေး"

"ရှား ရှား ပြန်မြင်ရပြီ မာမီရဲ့"

"အေးပါ သမီးရယ်၊ မာမီ ဝမ်းသာလိုက်တာ"

"ဒယ်ဒီ့ဆီ ဖုန်းဆက်ပေးပါ၊ ရှား ပြန်မြင်ရပြီလို့ ဖုန်းဆက်ပေး ပါ မာမီ"

"ဆက်မယ် သမီး၊ ခုပဲဆက်မှာ၊ သမီးလေး သတင်းကြားရင် သမီးဒယ်ဒီ ဆေးမကုရဘဲ ကောင်းသွားမှာ"

ဆရာဝန်ကြီးတွေလည်း ဝမ်းသာနေကြသည်။

မျက်လုံးကို ဟိုဒီဝေ့ကြည့်ရင်း ခေါင်းဆောင်ကို ရှား ရှာကြည့် သည်။

အနားမှာ သူ မရှိခဲ့ပါ။

ဒေါ်ဖင်မာသည် ရှားက မေးမလားလို့ စောင့်နေပေမယ့် ကြည့် ရုံသာ ကြည့်၍ မမေးသောကြောင့် သူမကပဲ

"သား ခုနကပဲ အလုပ်ထဲက အရေးကြီး ဖုန်းဆက်လို့ ထသွား

ပ၂၂း၈၁၃၉ပ

www.burmeseclassic.com

www.burmeseclassic.com



ရတယ် သမီးရယ်၊ ပြီးတာနဲ့ ချက်ချင်းပြန်လာမယ်တဲ့''

''ဟုတ်ကဲ့ ရပါတယ်''

သူတို့ အားလုံးဝိုင်းညာကြတာဆိုသော နာကျည်းချက်နှင့် ရှား ဟန်ဆောင်မပြုံးနိုင်တော့။

ထိုညက အားလုံးကို ရှင်းဖို့ သူမ ကားနဲ့ ထွက်ခဲ့တာ။

မရှင်းဖြစ်ဘဲ ဒီဘဝ ရောက်ခဲ့ရသည်။

တကယ်တော့ ထိုပြဿနာတွေကို စခဲ့ကြတာ ဦးမင်းသော်နဲ့ ဒေါ်ဖင်မာ။

''အန်တီ ခဏနေပါဦး၊ ရှား ပြောစရာရှိလို့''

အိမ်မှာ လူနာတစ်ဖက်နဲ့မို့ မာမီ ပြန်သွားတော့ ရှားက ဒေါ်ဖင်မာကို မျက်နှာတင်းတင်းလေးနှင့် စကားစလိုက်၏။

''ပြောလေ သမီး၊ သမီးနားမှာ ဘယ်သူမှ မကျန်ခဲ့ဘဲ မေမေတို့က မပြန်ပါဘူး၊ သားကလည်း မှာခဲ့တယ်၊ သူ လာမှ ပြန်မှာ၊ သမီး ဘာပြောမလို့လဲ''

အနားမှာ လူသူကင်းရှင်းနေသည့် ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပြီး ရှား ခေါင်းအုံးနှစ်လုံးဆင့်၍ မှီနေရာမှ ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်သည်။

''ဟန်ဆောင်ပန်ဆောင်တွေ ပြောနေရတာ ပင်ပန်းပါတယ်





အန်တီ၊ ရှားတို့ ပွင့်ပွင့်လင်းလင်း ပြောကြတာပေါ့''

ရှား မျက်နှာလေးကို ကြည့်၍ ဘာကိုပြောတော့မည်ဆိုတာ ဒေါ်ဖင်မာ သိလိုက်သည်။

ဦးမင်းသော် အကြည့်တွေ သူမထံ ရောက်လာခြင်းကို ရှား သိသလို နေလိုက်၏။

''ရှားကို နဝံ့လုပ်ပြီး အန်တီတို့ လှုပ်ရှားနေတဲ့ လမ်းကြောင်းပေါ်မှာ ဘာတွေ အကျိုးသက်ရောက်မှု ရနေသလဲဆိုတာ ရှား စိတ်မဝင်စားပါဘူး၊ ပြီးခဲ့တာတွေကိုလည်း ထားခဲ့လိုက်နိုင်တယ်၊ ရှေ့ဆက်ဖို့ပဲ ရှား ပြောချင်တာ၊ ဆေးရုံက ဆင်းတာနဲ့ ခေါင်းဆောင်နဲ့ ရှားကို ကွာရှင်းပေးပါ''

''အို''

''အကျယ်တဝင့် မဖြစ်ချင်ဘူးဆိုရင်တော့ မာမီတို့ အမြင်မှာ ခေါင်းဆောင်ရဲ့ဆန္ဒအရ ကွာရှင်းတာမျိုးပေါ့၊ ဒီအတွက် အန်တီတို့ မနစ်နာပါဘူး၊ ပြောကြကြေးဆို ရှားဘက်ကသာ အဆမတန် နစ်နာခဲ့တာ''

''ဟုတ်တယ် သမီး၊ အဲဒီလိုတော့ မေမေ မလုပ်ချင်ဘူး၊ ဖြစ်လည်း မဖြစ်နိုင်ဘူး၊ မဖြစ်မနေ လုပ်တော့မယ်ဆိုရင်လည်း သမီးဆန္ဒအတိုင်းဆိုတာ ပေါ်လွင်မှဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အခြေအနေကို ငုံ့ရှဦးမယ်၊ မိန်းကလေးတစ်ယောက်ကို ယောကျ်ား
လေးကစပြီး အဲ ဒါမှမဟုတ် ယောကျ်ားလေးရှင်က စိတ်ပျက်လို့ ပြတ်
နိုင်းတယ်ဆိုတာ အဲဒီ မိန်းကလေးအတွက် သိပ်ကို ဆိုးဝါးမယ့် သမိုင်းပဲ''

''ဒါက ရှားမှာ ဖြေရှင်းစရာ ရှိပါတယ်၊ မရိုးသားခဲ့တာ ရှား
မဟုတ်ဘဲ''

''မဆိုင်ဘူး သမီး၊ ဒါတွေက သပ်သပ်၊ သမီးရဲ့ အိမ်ထောင်ရေး
က တခြား၊ မေမေ မေးပါရစေကွယ်၊ အခု ဦးစီးနဲ့ခေါင်းဆောင် လဲလှယ်
သွားခဲ့တဲ့ပြဿနာမှာ မေမေတို့က မရိုးသားမိခဲ့တာ မှန်တယ်၊ ဒါပေမဲ့
လုပ်ယူဖန်တီးခဲ့တာ ပါသလား၊ ဦးစီး ရှိနေသားနဲ့ ခေါင်းဆောင်နဲ့ လဲပ
ခဲ့တာမှ မဟုတ်ဘဲ၊ ဒါကို မရိုးသားဘူးလို့ ပြောနိုင်သလား''

ရှား ကိုယ်လေး ဆတ်ခနဲ မတ်သွားသည်။

ဒီစကားတွေကို ပြောချင်နေခဲ့တာ ကြာပြီပဲ။

''သိပ်ပြောနိုင်တာပေါ့ အန်တီ၊ မင်္ဂလာ မဆောင်ရသေးဘူး
သတို့သားလောင်း သေသွားတာ၊ ဘယ်သူ့မှာမှ ထိခိုက်မှု မရှိသေးဘူး
ဒီဇာတ်လမ်းကို ဘာဖြစ်လို့ လိမ်ညာမှုတွေနဲ့ ဆက်ခဲ့တာလဲ၊ ဒါနိုက်တာနဲ့
မင်းသားကြားမှာ ရှားက ဇာတ်မသိဘဲ ကကြိုးရုပ်လို ပါခဲ့ရတာ၊ အဲဒီထဲ
မှာ ရှား ဘယ်လောက် နစ်နာခဲ့ရသလဲ''

''ဦးစီး မဟုတ်ပေမယ့် သားငယ်က အပြစ်အနာအဆာ ကင်း





တဲ့သူပါကွယ်၊ သားကြီးဆိုရင်တောင် ခုလောက်ဆို မင်း''

''တော်ပြီ ဇင်မာ မင်းဒါတွေ မပြောနဲ့တော့''

ဦးမင်းသော်က သူ့သားကြီးနဲ့ပတ်သက်၍ ထိခိုက်ဖွယ်ရာတွေ
ပါလာတော့ လက်မခံဘဲ စကားဝိုင်းထဲ ဝင်လာသည်။

''လူငယ်ပီပီ ဒီကိစ္စအပေါ် မခံမရပ်နိုင် ဖြစ်နေခဲ့မယ်ဆိုတာကို
အန်ကယ် နားလည်ပေးလို့ ရပါတယ်၊ ဒါပေမဲ့ သမီးရယ် ပြဿနာထဲမှာ
မြုပ်ကွက်လေးတစ်ခု ပါသွားခဲ့တာကလွဲရင် အားလုံးအတွက် အဆင်ပြေ
သွားခဲ့တာပဲ၊ သမီး လက်ထပ်ဖို့ သတ်မှတ်ပြီးသားဟာ လက်ထပ်ဖြစ်ခဲ့
တယ်၊ အိမ်ထောင်ရေးမှာ အဆင်ပြေခဲ့တယ်၊ အားလုံးလည်း အသားကျ
နေပြီပဲ၊ သမီးတို့ အိမ်ထောင်ရေး အဆင်ပြေသွားပြီဆိုပြီး စိတ်ချမ်းသာ
ခဲ့ကြတာပဲ၊ ဆက်ပြီး စဉ်းစားရတော့မှာက အခြေအနေဟာ ပြန်ဆုတ်ဖို့
ဆက် ရှေ့ဆက်ဖို့ပဲ ရှိတော့တာ၊ သမီးပဲ နစ်နာမှာဆိုတဲ့ စကားကို
ချိန် အန်ကယ် ပြောရင် သမီးကို ခြိမ်းခြောက်တယ် ထင်မှာပဲ၊ ဒါပေမဲ့
ဒီတိုင်း ဖြစ်လာမှာပဲ သမီး၊ သမီး သမီး နစ်နာမှာက သမီးရဲ့ ဘဝတစ်ခု
တည်း မဟုတ်ဘူး၊ သမီး ဒယ်ဒီ ရှိသေးတယ်''

ရှား ငိုင်သွားမိစဉ် ဒေါ်ဇင်မာက ပြောလာပြန်သည်။

''စဉ်းစားပါဦး သမီးရယ်၊ အမှုကိစ္စတွေက ပြီးဆုံးလုပါပြီ၊
မေမေတို့မှာ သမီးက ဖွင့်ချပစ်လိုက်လို့လည်း အနှောင့်အယှက်ဖြစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



သိပ်မရှိတော့ဘူး၊ စခဲ့တဲ့အချိန်တုန်းက မာမီတို့မှာ ရည်ရွယ်ချက်တွေ ရှိခဲ့တာ မှန်တယ်၊ ဒါပေမဲ့ အဲဒီအထဲမှာ သမီးလေးကို မေမေတို့ ချွေး လေးအဖြစ်ကနေ လက်လွှတ်မခံချင်ခဲ့တာလည်း ပါပါတယ်၊ ပြီးတော့ စိစဉ်ပြီးကာမှ သမီးလေး နာမည်ပျက် အရှက်ရမှာလည်း စိုးခဲ့တာပါ ဖြစ်နိုင်ရင် သမီးကို ဒီတိုင်းပဲ နေသွားစေချင်ပါတယ်ကွယ်''

''ရှား မနေနိုင်ဘူး၊ ငါဟာ အသုံးချခံလိုက်ရတာပဲဆိုတဲ့ အသ က ဘာနဲ့မှ ဖျောက်ဖျက်ပစ်လို့ ရမှာမဟုတ်ဘူး၊ ပထမတစ်ခါ ပြော ကြိုးစားခဲ့တုန်းက ရှား ဒုက္ခိတ ဖြစ်သွားခဲ့တယ်၊ မိဘကို တစ်ပူပေ နှစ်ပူဆင့်သလို ဖြစ်မှာစိုးလို့ မျိုသိပ်ခဲ့ရတာ''

ဦးမင်းသော် မျက်နှာသည် ဟန်ဆောင်ပြောနေရင်း နီမြန်းလာ သဖြင့် ဒေါ်ဖင်မာ တစ်ခုခုဆိုတာ ရိပ်မိလိုက်၏။

နေရာမှ ထရပ်လိုက်ကာ

''ကိုသော် သား ဘာဖြစ်''

''ဘာမှမဟုတ်ဘူး မင်း ဒီမှာနေခဲ့ပါ၊ ငါကိစ္စသိပ်သိပ်ရှိလို့''

ဦးမင်းသော် ထွက်သွား၏။

ဒေါ်ဖင်မာ မငြိမ်မသက် ကျန်ခဲ့လေသည်။

ဘယ်လိုမှ ဟန်မဆောင်နိုင်ဘဲ မျက်ဝန်းမှ မျက်ရည်တွေ ပြည့်အိုင်လာ၏။





သားလေး ဘာဖြစ်သလဲ၊ သား ဘာမှမဖြစ်ပါစေနဲ့။ အရေး တကြီး ထွက်သွားသော ဦးမင်းသော် မျက်နှာကြီးကို မြင်ယောင်ကာ စိုးရိမ်စိတ်တို့က တားဆီးလို့မရ။

သားနှစ်ယောက်ပဲ ရှိတာ တစ်ယောက်ကို စွန့်လွှတ်ခဲ့ရပြီးပြီ။

သားငယ်လေးက သန့်စင်တဲ့ ကလေးပါ။ မိဘ ညီအစ်ကိုကို ငဲ့ညှာ၍သာ ဒီပြဿနာတွေထဲမှာ ကြားညပ်နေရသည်။

တကယ်ဆို ဘာမှမသက်ဆိုင်သော နယ်ပယ်တစ်ခုထဲတွင် စမ်း တဝါးဝါး လျှောက်ခဲ့ရရှာတာ။ ဘယ်နေရာက ဘယ်လိုပုံစံနဲ့ ထွက်လာမည် မသိသော လက်နက်ပုန်းတွေကို သား ရှောင်တိမ်းနိုင်မှာမဟုတ်။

ဒီသားလေး တစ်ယောက်ကိုသာ ထပ်၍ ဆုံးရှုံးရပါမူ

ရှား ဒေါ်ဖင်မာ ဆောက်တည်ရာမရ ဖြစ်နေသမျှကို မြင်နေရ သည်။

ခေါင်းဆောင် အန္တရာယ် တစ်ခုခုဖြစ်နေပြီဟုလည်း တွက်မိ၏။

ဒါကြောင့် သူ ရောက်မလာသည်ကို။

ကိုယ့်လက်ပူတော့ ပူမှန်းသိပြီပေါ့။

မိဘတိုင်းဟာ သားသမီးအတွက် ဒီလိုပဲ ယူကျုံးမရဖြစ်တတ် ကြတာ သိပြီးသား။ ဦးသာကောင်း ဒေါ်ပွင့်ဖြူတို့ဟာ သူတို့သမီးလေး ပြဿနာတစ်ခုထဲမှာ အသုံးချခံလိုက်ရပြီး ကြားညပ်နေခဲ့တယ်ဆိုတော



www.burmeseclassic.com

www.burmeseclassic.com



သိရင် ဘယ်လိုနေကြမလဲ။ ကိုယ်ချင်းစာတတ်ဖို့ ဖြစ်လာတာ။

ရှား မဲ့ပြုံးပြုံး၍ စူးစိုက်ကြည့်နေမိတယ်။

■ ■ ■



## အခန်း (၁၈)

ဒဏ်ရာကို ဆေးထည့်နေရင်း မီးခဲ မျက်နှာကြီးကို ပြန်မြင်လာခဲ့သည်။

"မင်းကို လှော့တွက်မိတာ ငါ မှားသွားတယ် ဦးစီး၊ မင်းကို ငါက ချာတိတ်လေးသာသာပဲ မြင်တာ၊ ချစ်ဖို့ ကြိုက်ဖို့ပဲသိတဲ့ ခပ်ချောချော ကောင်လေးဆိုတာထက် ပိုမမြင်ခဲ့ဘူး။ ဒါကြောင့် ငါ ခံလိုက်ရတာပေါ့"

ချိုးမွှမ်းသွားခဲ့တာ မဟုတ်ပါ။ နှိမ်ချဖဲ့ထွက်သွားတာလည်း မဟုတ်။ အပိုပါပုံလည်းမရသော သူ့စကားတွေမှာ ခြိမ်းခြောက်သံပါသော်လည်း တကယ် ပြောသွားတာမှန်း သူ သိနေသည်။

"ငါကလည်း မင်းကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူး ဦးစီး



www.burmeseclassic.com

www.burmeseclassic.com



အေး ငါ ခံလိုက်ရသလို ဟိုတစ်ယောက်ကတော့ မင်းကို ခံမှာမဟုတ်ဘူ
ပါရာမက်ဆင် မင်းဆီ ရောက်လာလိမ့်မယ်၊ ကံကောင်းခြင်းလက်ဆော
တွေ ပွေ့ပိုက်ပြီး ရောက်လာမှာ မဟုတ်ဘူးဆိုတာတော့ ယုံထား။ ငါ
လိုချင်လို့ လောဘတက်ခဲ့သူ၊ သူက ဆုံးရှုံးခဲ့ရလို့ ဒေါသကြီးနေတဲ့သူ
မင်း ရှောင်နိုင်အောင် ပြင်ထားပေါ့၊ တစ်ရာ့တစ်ပွင့်နှင်းဆီကို မင်
လုံအောင်ထား''

သူတို့ တင်စားသော အဖြူရောင် ငွေကြယ်များနှင့် တစ်
တစ်ပွင့်နှင်းဆီ ဆိုတာတွေကို အပြင်လောကသားတွေရှေ့မှာ ချပြော
သိကြမှာမဟုတ်။

အဖြူ အနီဆိုသော ပစ္စည်းတွေကို သူ ရှာဖွေထားခဲ့ပြီးပြီ

တကယ်တော့ ဦးစီးဟာ ဒီလောကထဲကို ဝင်ဝင်ချင်းမှာ နာမည်
တစ်လုံးနဲ့ ရပ်တည်ဖို့ မိုက်မိုက်ကန်းကန်း ကြိုးစားခဲ့တာ ဖြစ်သည်

သို့သော် နာမည်ကျော် ထင်ရှားမလာသေးမီ အမှောင်ထဲ
မားချက်များနှင့် သေဆုံးသွားခဲ့သည်။

သူသည် ပစ္စည်းတွေကို လှည့်ယူထားပြီး အသေခံ၍ နှုတ်ပိတ်
သွားခဲ့၏။

ဘိုပစ္စည်းတွေကို ခေါင်းဆောင် တော်တော် ရှာခဲ့ရသည်။ သူ
ရှာတွေ့တော့ မေမေတို့ကိုပါပြ၍ နိုင်ငံတော်ကို အပ်ဖို့ တိုင်ပင်သည်





မီးခဲတို့နောက်ဆုံးရသည့် သတင်းက ဦးစီးသည် အစိုးရဘက်
တော်သားလုပ်ကာ အမှုကို ဖော်ထုတ်တော့မည်ဟူ၍ ဖြစ်၏။

အမိအရ နှုတ်ပိတ်ဖို့ ပစ္စည်းလုဖို့ ကြိုးစားသော်လည်း ပစ္စည်း
တွေကိုလည်း အပ်ပြီးနေပြီ။ ခေါင်းဆောင်ကိုလည်း အသေလုပ်ကြလို့
မအောင်မြင်။

ထို့ကြောင့် အံကြိတ်ကြိမ်းဝါးသွားခဲ့၏။

ခေါင်းဆောင်နှင့်သူ နှစ်ဦးနှစ်ဖက် ဒဏ်ရာများ အသီးသီး
ရခဲ့ကြပြီး မီးခဲဒဏ်ရာများနှင့်ပဲ အဖမ်းခံသွားရ၏။

ပြစ်မှုပေါင်းများစွာနှင့် မျှော်လင့်ချက် မဲ့နေသော်လည်း မကျေ
နိုင် မချမ်းနိုင် ကြိမ်းဝါးသွားခဲ့သေးသည်။

ပျောက်နေသည့် ပါရာမက်ဆင်ကို စုံစမ်းနေဆဲ။

မက် (ခေါ်) ပါရာမက်ဆင် သည် နိုင်ငံခြားမှာ ပုန်းနေသလိုလို
မြည်မာပြည်ထဲမှာပဲ ရှိနေသလိုလို။

သူ ဒဏ်ရာကို ကိုယ့်ဟာကိုယ် ဆေးထည့်၍ အတွေးလွန်နေ
ဆဲမှာ ကားသံကော လူသံတွေပါ ကြားလိုက်ရ၏။

သူ ဒဏ်ရာပေါ် အင်္ကျီ ကပျာကယာ ဝတ်ထားလိုက်ပြီး ဒီတိုင်း
နေလိုက်ဖို့ စိတ်ကူးပြီးမှ နေရာမှ ထရပ်သည်။

ကျောဘက်က ရှုံးအောင့်သော ဝေဒနာကို ဆိုဝါးစွာ ခံစားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

တားဒဏ်ရာက ဘယ်ဘက်လက်ပြင်မှာ တစ်ချက်၊ လက်မောင်းမှာတစ်ချက်။

ဒဏ်ရာနှစ်ချက်စလုံးကို ချုပ်ထားရသည်။

ပတ်တီးစည်းဖို့ အတန်တန်ပြောသော်လည်း သူ ဆရာဝန်ကွယ်ရာကျတော့ ဖြုတ်ပစ်ခဲ့၏။

ပတ်တီးအဖွေးသားနှင့် မည်သူတစ်စုံတစ်ယောက်ကိုမှ မမြင်စေချင်။

အထူးသဖြင့် အခုလိုမျိုး

"သားရေ့ သမီး ပြန်ဆင်းလာရပြီ"

အခန်းဝမှာ မေမေ လာရပ်တော့ သူ့မျက်နှာ ရှုံ့မဲ့နေဆဲ။

"အို နေမကောင်းဘဲနဲ့ သားရယ်၊ လှဲနေပါ၊ အင်္ကျီလက်ရှည်ကြီးက ဘာဖြစ်လို့ ဝတ်ထားတာလဲ"

"အ နေ နေပစေ မေမေ"

ဒေါ်ဇင်မာက အင်္ကျီကို ချွတ်ပစ်ဖို့ကိုင်တော့ ကမန်းကတန်းလက်ကာလိုက်စဉ် နာကျင်သွားသဖြင့် ညည်းသံထွက်သွားမိသည်။

သူ ဒေါ်ဇင်မာ့ လက်ကို အသာဖယ်ချကာ

"ရှား မြင်သွားမှာစိုးလို့ ပတ်တီးတွေနဲ့ ဘာဖြစ်တာလဲ၊ ဘာညာနဲ့ မေးနေရင် ရှင်းနေရဦးမယ်"





"ဪ သားရယ်၊ မေးတော့လည်း အဖြေရှိရမှာပေါ့၊ ကြည့်ကောင်းအောင် ပြောဖို့တွေ အများကြီးပါ၊ ဒဏ်ရာကို ဒီလို ပစ်ထားစရာလားကွယ်"

"နေပါစေတော့ မေမေ၊ စဖြစ်တဲ့နေ့ကတောင် ကျွန်တော်ပြန်ရောက်တာနဲ့ ဖြည်ချလိုက်တာ၊ လူတွေက သိပ်စပ်စုတာ"

ဒေါ်ဇင်မာ သက်ပြင်းချလိုက်မိသည်။

သားမျက်နှာကို မော့ကြည့်ရင်း ခုတင်ထက်မှာ ပြန်ထိုင်ဖို့ပြောရ၏။

"သား နေမကောင်းဘူးဆိုတာ သူ သိပါတယ် သားရယ်၊ သား ထွက်ကြိုဖို့ မလိုပါဘူး၊ ဒီလိုကြီး မြင်လိုက်မှ နေကောင်းသားနဲ့ နေနိုင်လိုက်တာလို့ ထင်စရာဖြစ်ဦးမယ် ထိုင်ဦး မေမေ ပြောစရာ ရှိလို့"

"ဘယ်သူတွေပါသေးလဲ မေမေ"

သူ ခပ်ဖြည်းဖြည်း ထိုင်လိုက်ရင်း အပြင်ကို လှမ်းကြည့်မေးတော့ ဒေါ်ဇင်မာက ခေါင်းခါ၏။

"ပွင့်ဖြူ တော်ကြာ လာမယ်လေ၊ သမီးကို မေမေ အခန်းထဲမှာ သေချာ နေရာချပေးခဲ့တယ်၊ ဝေဝေ ရှိတယ် သားရဲ့၊ မေမေ့မှာ လူမမာနှစ်ယောက်ရှိနေတော့ ဟိုမှာချည်းပဲ ဘယ်နေနိုင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က လူမမာမှ မဟုတ်ဘဲ မေမေ၊ သူ ကျေနပ်ဖို့ လိုပါတယ်၊ ရှားက ကျွန်တော်တို့ အားလုံးကို အမြင်မကြည်ဘူး"

ဒေါ်ဇင်မာ စိတ်ပါလက်ပါ ခေါင်းညိတ်လိုက်ရင်း သူ့သားမှာပဲ ထိုင်ချလိုက်၏။

"ဟုတ်တယ် သား၊ သားကို မေမေ အဲဒါပဲ ပြောမလို့ ဆေးရုံမှာ မျက်စိပြန်မြင်ရပြီ ဆိုကတည်းက မေမေ့ကို သူပြောတယ်"

ဘာပြောတယ်ဆိုတာကို ဆက်မပြောသေးသဖြင့် ခေါင်းဆောင် မေမေ့မျက်နှာကိုပဲ စူးစိုက်ကြည့်နေမိသည်။

"သား"

"ပြောပါ မေ့မေ"

"မင်း သူ့ကို သံယောဇဉ် ဖြစ်နေပြီလား"

ခေါင်းဆောင် မျက်နှာ ရီဝေ မှိုင်းကျသွား၏။

သူ သဘောပေါက်သွားသည်။

မမေးဘဲ နေလိုက်တော့လည်း ဒေါ်ဇင်မာက ပြောလာပြန်သည်။

"သူ သူက ကွာရှင်းဖို့ ပြောနေတာ"

"အားလုံးက ပြီးနေပြီပဲ မေမေ၊ အစကတည်းက သူနဲ့ကျွန်တော် ပတ်သက်ခဲ့တာမှ မဟုတ်တာ၊ ဒီတိုင်းပဲ ဖြစ်သင့်ပါတယ်"





"သားရယ် မေမေတို့က ဟန်ဆောင်နိုင်းခဲ့တာ အားလုံးကို မဟုတ်ဘူး။ အိမ်ထောင်ရေးလေးကိုတော့ သားကြီးနဲ့ မဖြစ်ပေမယ့် သားငယ်နဲ့ နေရာကျသွားမှာပဲလို့ တွက်ခဲ့မိတယ်၊ ရင်းနှီးလာကြရင် ဖန်တီးယူဖို့ မလိုတော့ဘူးလို့ ထင်တယ်"

"မရင်းနှီးခဲ့ဘူး မေမေ၊ အစကတည်းက သူသိခဲ့တဲ့ ပြဿနာမှာ အစကအဆုံးထိ သူ့မျက်လုံးထဲမှာ ကျွန်တော်က လူလိမ် လူညာ ဖြစ်ခဲ့တာ၊ အမှုက ပေါ်နေပြီပဲ၊ ကျွန်တော် နုတ်ထွက်ချင်ပြီ"

"သားရယ် မက်ဆိုတဲ့တစ်ယောက်က အဓိကဆို၊ သူ ရှိသေးတယ်မို့လား။ သူ သတ်ခဲ့တဲ့လူ မသေသေးဘူးဆိုမှ သူ ထွက်လာမှာပေါ့"

"သူ ထွက်လာလည်း ဒီအိမ်ထောင်ရေးနဲ့ မဆိုင်တော့ပါဘူး၊ သူ ကျွန်တော့်ဆီပဲ ရောက်လာမှာ၊ ရှားကို လွတ်လပ်ခွင့် ပေးလိုက်ပါလား။ လူတစ်ယောက်ရဲ့ မုန်းတီးရွံရှာအကြည့်ကို ကျွန်တော် မခံနိုင်ဘူး"

"သားက သူ့ကို နည်းနည်းလေးမှ သံယောဇဉ် မရှိခဲ့ဘူးပေါ့"

"သံယောဇဉ်ဖြစ်လောက်မှုထိ မရှိခဲ့သေးပါဘူး၊ သူနဲ့ ကျွန်တော့်ကြားမှာ အမုန်းတွေ မာနတွေပဲ ရှိခဲ့တာ"

"သူက သားကို မုန်းနေတာလား"

"မသိဘူး။ အဲဒါကို ကျွန်တော် စိတ်ဝင်စားဖို့ မကြိုးစားဘူး။ လူတိုင်းမှာ မာနရှိတယ်ဆိုတာ သူ သဘောပေါက်စေချင်တာ"

ဗျူး၁၀၁၄၅

www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်ကွယ်မှာ ရှိနေသည့် ရှား နွတ်ခမ်းသားလေးတွေ တလှုပ်လှုပ် လှိုက်ခါလာသည်။

တစ်ချက်မှ မရွေ့လျားခဲ့သော မျက်ဝန်းတို့က တလက်လက် တောက်ပလာခဲ့၏။ ကောက္ကူနက်မှောင်သည့် မျက်တောင်ထူထူတို့သည် မျက်ဝန်းထက်မှာ ဖြန့်ကျက်မိုးရံနေသော်လည်း ဖျတ်ခနဲ တစ်ချက်မှ မခတ်ခဲ့။

လူတိုင်းမှာ မာနရှိသတဲ့လား။

■ ■ ■



## အခန်း (၁၉)

"ရှား မနွှးနဲ့"

ခေါ်သံ စူးစူးရှရှ ပေါ်လာသဖြင့် မရမကာ ဖွတ်တိုးလှမ်းနေသည့် ကိုယ့်ကို ပြန်ရိုက်ကာ ခြေထောက်ကို ရုတ်ဖို့ ကြိုးစားသော်လည်း မရ။

ရင်ဝနှင့် ဖိမိုကပ်ထားသည့်တန်းက ပြုတ်ထွက်သွား၏။

ကိုယ်သည် ရှေ့ကို ငိုက်ဆင်းသွားပြီး ရင်ထဲမှာ လှပ်ခနဲ ဖြစ်သွားခဲ့သည်။

အောက်မှ ပေနှစ်ဆယ်နီးပါးမြင်သော ကွန်ကရစ်ကြမ်းခင်းသို့ လူက ကိုယ်ခန္ဓာအရုပ်တစ်ရုပ်လို ဘိုးဆင်းကျလေပြီ။

သို့သော် သူမကိုယ်သည် ရှေ့ကို ငိုက်ကျသွားခြင်း နောက်သို့



www.burmeseclassic.com

www.burmeseclassic.com



မတ်ခနဲ ပြန်လန်သွားခဲ့ခြင်းက လွန်ခဲ့သလိုဖြစ်ခဲ့ပြီး ပက်လက်လဲကျခဲ့၏။

တကယ်ဆို လဲချက်က ပြင်းဖို့ဖြစ်ပေမယ့် သူမ ကျောဘက်မှာ ခေါင်းဆောင်က ပက်လက်ခံပေးထားသလို ရှိနေသောကြောင့်

"အား ထ ထလိုက်"

မှုန်ကိုင်းငေးကြောင်ကာ ပက်လက်ထပ်လျက်အတိုင်း ငြိမ်သက်နေခဲ့ရာ ခေါင်းဆောင်၏ ညည်းသံကြားမှ သတိဝင်လာသည်။

သူမ သူ့ကိုယ်ပေါ်မှ ပြန်ထဖို့ ကြိုးစားသည်။

ဒါပေမဲ့ ကိုယ်က ရုန်းထသည်သာရှိကာ ခြေထောက်က မပါသေး။

"နေ နေ ကိုယ် ထမယ်"

သူ ရှားအခက်အခဲကို သတိရသွားကာ ကိုယ်လုံးနွေးနွေးလေးကို ခါးမှ သိမ်းဖက်ကာ ကိုယ့်ဟာကိုယ်ပဲ ထထိုင်လိုက်ရသည်။

နှစ်ယောက်သားပုံစံက ရှားကို ရင်ခွင်ထဲမှာ ပွေ့ပိုက်ဖက်တွယ်ထားသလိုမျိုး။

"မင်း ဘယ်နာသွားလဲ"

"ရ ရတယ်"

"အတင်း ရုန်းမနေနဲ့လေ"

ရှား မထနိုင်ဘဲ ဖွတ်ရုန်းနေသဖြင့် သူ အရင်ထရပ်ကာ





ရှား ထနိုင်အောင် တွဲထူပေးလိုက်၏။

"ခြေထောက်ထိသွားသလား။ အမှတ်တမဲ့ မြင်လိုက်တော့ မင်း ကျသွားမှာစိုးတာနဲ့ ကိုယ်လည်း ဆွဲမိဆွဲရာ ဆွဲလိုက်တာ၊ အဲဒီတန်းက သံတန်းမဟုတ်ဘူး၊ အဖျားမှာ သံချေးစားနေလို့ သစ်သားချောင်းနဲ့ လဲထားတာ၊ အဲဒီတန်းမှာ ချွတ်ယွင်းချက် ရှိနေတာကို ကိုယ်တောင် တွေ့တာ သိပ်မကြာသေးဘူး"

ရှား ဝရန်တာနှင့် တစ်ဖက်က အုတ်ကြွပ်မိုး အစွန်းကလေးပေါ်မှာ ရှိသည့် ပန်းအိုးကို ထိတ်လန့်စွာ လှမ်းကြည့်နေမိ၏။

သံတန်းတန်းထားသည့် အပေါ်ဆုံး ပြုတ်ထွက်သွားသည့် တန်းနေရာကိုလည်း ကြည့်မိသည်။

သူသာ ရောက်မလာရင် ခုလောက်ဆို ဟိုးအောက် ကွန်ကရစ်လမ်းပေါ်မှာ ရှားတစ်ကိုယ်လုံး စိစိညက်ညက် ကျေသွားနိုင်၏။

"ရှင့်ကို ကျေးဇူးတင်ပါတယ်"

ဟု လှည့်မကြည့်ဘဲ ပြောလိုက်မိသည်။

မျက်နှာကို မကြည့်လိုက်မိသဖြင့် ဟွန်းခနဲ ပြုံးလိုက်သံတစ်ချက်က မဲ့ပြုံးလား၊ သရော်ပြုံးလား မခွဲခြားလိုက်နိုင်။

"မင်း ထပ်ပြီး ကျေးဇူးတင်လို့ရအောင် မင်းစိတ်ချမ်းသာဖို့ ကိုယ် တစ်ခုလုပ်ပေးထားသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူပြောတော့ ရှားက ခပ်စောင်းစောင်းလေး လှည့်ကြည့်၏။

မျက်ဝန်းတို့ ဆုံဆည်းကြစဉ်မှာ ဆတ္တူတန်ပြန်ကြသော မျက်ဝန်းတို့မှ မာနတရားများက ပြိုးပြက်လက်နေ၏။

တွေ့စကလို မဟုတ်ဘဲ အသားတွေ ဖြူဝင်းလာကာ ဦးစီးနှင့် ဘယ်လိုမှ ခွဲမရတော့အောင် ချောမွေ့လာခဲ့ပြီဖြစ်သော ခေါင်းဆောင် မျက်နှာကို ရှား သေချာစိုက်ကြည့်သည်။

တစ်ခုပဲ ဦးစီးနဲ့ ကွဲပြားသည်။

နှုတ်ခမ်းနှင့် မျက်ဝန်းတို့မှ အေးစက်ခက်ထန်ခြင်း။

ဦးစီး မျက်နှာပေါ်တွင်ရှိနေတတ်သော ရီဝေညို့ငင်မှုများ သူ့မှာမရှိ။

''ရှင် ဘာကိုပြောတာလဲ''

''မင်းဖြစ်စေချင်တဲ့အတိုင်း ဖြစ်ဖို့ပေါ့၊ ကွာရှင်းစာချုပ်မှာ ကိုယ်လက်မှတ်ထိုးပေးထားတယ်၊ မင်းဘက်က အဆင်ပြေတဲ့အချိန် သုံးလို့ရပြီ၊ ပြီးရင် ကိုယ့်ကို ပြောပေါ့၊ ကိုယ် ထွက်သွားပေးမယ်''

သူသည် ဘယ်မှမကြည့်တော့ဘဲ အဝေးကို ငေး၍ ပန်းကိုကျော်ကာ လက်ပြင်ကို ဖိနှိပ်နေ၏။

ဟုတ်သည် သူ့မှာဒဏ်ရာတွေနဲ့ပဲ။ ဒါကြောင့် လဲကျသွားကြတော့ သူ ညည်းညူခဲ့သည်။





ဖျတ်ခနဲ သတိရလိုက်ပေမယ့် ရှား မလှုပ်ရှားမိတော့ပါ။

ရှိနေပြီးတဲ့အတိုင်းပဲ ရှိပါစေတော့။ လူတိုင်းမှာ မာနရှိတယ်ဆိုတာ သူ သိပြီးသား။ ရှားမျက်နှာပေါ်မှာ ပြောင်းလဲမှုတွေ ရုပ်တိုက်ပြေးလွှားနေတာကို လှည့်မကြည့်တော့ သူ မသိခဲ့ပါ။

''ဘာပဲဖြစ်ဖြစ် ဒါဟာ မင်းဖြစ်စေချင်တဲ့အတိုင်းပဲဆိုတာတော့ လူကြီးတွေ သိပါစေ၊ ကိုယ့်ဘက်က ယောက်ျားမဆန်တဲ့အပြုအမူမျိုး မဖြစ်ချင်ဘူး''

ပြောပြီးတော့ သူ ဝရန်တာ တံခါးဝမှာ ရပ်လျက်ရှိနေသည့် ဗိုး(လ်)ချဲကို ရှားအနား ဆွဲကပ်ပေးလိုက်၏။

''အောက်ထပ် ဆင်းတော့မလား''

ဟု မေးတော့မှ ရှားက နှုတ်ခမ်းလှလှလေးကို လွန့်တက်သွားအောင် မဲ့ကာ

''မလိုပါဘူး၊ ရှင်နဲ့ကျွန်မ နားလည်မှုရပြီဆိုတော့ ချက်ရာဖာပြုသသဒါ၊ ရွေးမနေတော့ဘူး။ ရှင်နဲ့ကျွန်မ ဇာတ်လမ်း ဒီနေ့ ပြီးသွားပြီ''

ခေါင်းဆောင် ကျောပေးရပ်လျက် ခပ်မဲ့မဲ့ ပြုံးလိုက်သည်။ ပြီးတော့ ခေါင်းတစ်ချက် ဆတ်ပြ၍ နေရာမှ ထွက်လာခဲ့လေသည်။

ရပ်ကျန်ခဲ့သူသည် နှုတ်ခမ်းမှ အောင်နိုင်သော အပြုံးတို့ ခိုတွဲနေသော်လည်း မျက်ဝန်းမှ ပြိုပြက်လက်နေသည့် အရာများက. . .။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

အံ့သြလွန်းသဖြင့် ဟင်ခနဲပင် အသံမထွက်နိုင်။

ဒေါ်ပွင့်ဖြူ ထိုင်နေရာမှ တဖြည်းဖြည်း ထရပ်မိရင်း ပြော[illegible] နေသည့် ရှားမျက်နှာကို မမြင်ဘူး မသိဘူးသူ တစ်ယောက်လို မျက်[illegible] ပြူးလျက် ငေးကြည့်နေမိသည်။

ကြည့်စမ်း ဒါ ဟုတ်ရဲ့လား။ ဒါ တကယ်လား။

သမီး ပြောခဲ့သမျှကို နားထဲမှာ ပြန်ကြားရင်း ဘယ်လို[illegible] မယုံနိုင်။

"မဖြစ်နိုင်ဘူး ဒါ မဖြစ်နိုင်ဘူး သမီး"

ပထမဆုံး အဆက်အစပ်မရှိစွာ ပြောလိုက်မိတော့ ရှား [illegible] ကြည့်သည်။





"ဘာမဖြစ်နိုင်တာလဲ မာမီ၊ ဦးစီး သေပြီး ခေါင်းဆောင် ဝင်လာတယ်ဆိုတာကိုလား"

"မဟုတ်ဘူး ဦးစီးပဲဖြစ်ဖြစ်၊ ခေါင်းဆောင်ပဲဖြစ်ဖြစ် သမီး ဒီလို ထင်ရာလုပ်လို့ မရဘူး၊ လုပ်ချင်ရင်လည်း ဟိုအစက ပြောခဲ့ပါလား၊ ဒါကို သမီး ဘာဖြစ်လို့ မျိုသိပ်ထားခဲ့တာလဲ"

"ရှားလည်း လက်ထပ်ပြီးမှ သိခဲ့တာ မာမီ၊ ပြောဖို့ လာရင်း ကားမှောက်ခဲ့တာ၊ ဒုက္ခတဘဝကြီးနဲ့ အားလုံးကို ဖြေချပြီး မာမီတို့ကို ရှားရဲ့ဒုက္ခတထုပ်ကြီး ပုံအပ်လိုက်ရမှာကို စိုးလို့ မျိုသိပ်ခဲ့တာ၊ အခု ရှား မျက်လုံးမြင်ပြီး ခြေထောက်တွေ စမ်းလျှောက်လို့ရပြီ၊ သူနဲ့အတူ နေဖို့ မလိုတော့ဘူး မာမီ၊ အားလုံးလည်းပြီးသွားပြီ"

ဒေါ်ပွင့်ဖြူ ပြူးကျယ်နေသော မျက်လုံးတွေ ဒီတိုင်းရှိနေဆဲ။ ဆုပ်ထားမိသည့် လက်သီးဆုပ်ကို ဖြည်ဖို့ မေ့နေခဲ့သည်။

"မိုက်လိုက်တာ မိုက်လိုက်တဲ့ သမီး၊ အိမ်ထောင်ရေးကို ညည်းက ဘာမှတ်နေလို့လဲ ဟင်"

"သူနဲ့ရှားနဲ့ လုံးဝ ကင်းရှင်းတယ် မာမီ၊ ဒီကိစ္စမှာ ဘယ်သူမှ နစ်နာတာ မရှိဘူး၊ အတုက အတုပဲ၊ ရှားကို သူတို့ ညာခဲ့တာကိုက မခံချင်စရာ ကောင်းတာ"

"သမီးတစ်ယောက်တည်းကို ညာတာ မဟုတ်ဘူးလေ၊ ဒီနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဒီလိုဖြစ်လာမယ်ဆိုတာ ဘယ်သူ သိသလဲ၊ မာမီတို့တော လုံးဝ မထင်မှတ်ခဲ့ဘူး။ ဒါဟာ အများနဲ့ စုပြုံပြီး ကိုင်တွယ်ဖြေရှင်းရမယ့် ကိစ္စ၊ ဥပဒေနဲ့တိုက်ရိုက် ငြိနေဟာ၊ သူတို့ ဒီလိုမှ မလုပ်ရင် မင်္ဂလာ ကနေစပြီး ဒီကိစ္စက ပေါ်သွားမှာ''

ရှား ငြိမ်သက်စွာ နားထောင်နေ၏။

ဒေါ်ပွင့်ဖြူက အခန်းထဲမှာ ဆေးရိုးနှင့် အိပ်ပျော်နေရှာသည့် ဦးသာကောင်း မကြားရအောင် အသံကို ပို၍ နှိမ့်ချလိုက်ကာ

''အခု ပြီးခဲ့သမျှမှာ ဖင်မာတို့ဘက်ကကော ခေါင်းဆောင်အ နဲ့ကော သမီးအပေါ် ဝတ္တရားပျက်ကွက်တာ ဘာရှိခဲ့သလဲ''

''ရှားလိုချင်တာ အမှန်တရားပဲ မာမီ၊ သူတို့လိမ်တာ လိမ်တာ ပဲ၊ ရှားက မဆီမဆိုင် အသုံးချခံရတာ''

''ဟုတ်လား၊ ဒါဆိုလည်း သမီးက ခေါင်းဆောင်ရဲ့ ဇနီးဖြ သွားပြီလေ၊ သမီးတို့ ဘယ်လောက်ပဲ ကင်းရှင်းပါစေ၊ အခု သမီ တစ်မှလပ်ဖြစ်တာက ဖြစ်တာပဲ၊ ကြမ်းခုနစ်ချောင်း မပြည့်တဲ့ ရပ်ကွက် ကြိုကြားက ဆင်းရဲသားတွေအတွက် ဟောတစ်ယောက် ဟောတ ယောက်ဆိုတာ ဆန်းချင်မှ ဆန်းမယ်၊ မာမီတို့ အသိုင်းအဝိုင်းထဲမှာတော့ ဒါဟာ အဆန်းပဲ၊ သိပ်ကို ရှက်ဖို့ကောင်းတယ် သမီး၊ အခု သမီးတို့ ညားခဲ့တာ ခြောက်လမပြည့်သေးဘူး၊ ဘယ်လောက် ရှက်ဖို့ကောင်းလဲ''





''ဟင့်အင်း၊ ရှား မသိချင်ဘူး မာမီ၊ ရှား သိတာ တစ်ခုပဲ၊ အဲဒီလူကို ရှား မပေါင်းနိုင်ဘူး''

''ဒါဆို ပေါင်းနိုင်တဲ့သူတွေ့ရင် သမီးက စဉ်းစားဦးမယ်ပေါ့''

''မဟုတ်ဘူး''

ဒေါ်ပွင့်ဖြူသည် သမီးဖြစ်သူ မျက်နှာကို စေ့စပ်စွာ ကြည့်၍

''မိုက်လိုက်တဲ့ သမီး''

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

စားသောက်စင်တာ တစ်ခုထဲမှာ ခေါင်းဆောင်တစ်ယောက်တည်း ထိုင်နေသည်။

စားပွဲအသီးသီးမှာ လူတွေအပြည့်။

အုပ်စုလိုက်တွေ၊ အတွဲတွေ ကိုယ်စီကိုယ်ငှနှင့် စိုင်းပြုနေချိန်တွင် စားပွဲကျယ်ကြီးမှာ သူတစ်ယောက်တည်း စီးကရက်တစ်လိပ် မီးညှိလိုက်ရင်း ထိုင်နေသည့်ပုံစံက ခပ်ငေါင်ငေါင်။

သူ ဘယ်ကိုမှ မကြည့်ဘဲ စီးကရက်ကို စိမ်ပြေနပြေ ဖွာရှိုက်ရင်း၊ မီးခိုးတို့ကို လှပစွာ မှုတ်ထုတ်သည်။

ဘေးမှကြည့်လျှင် တစ်စုံတစ်ရာ စိတ်ညစ်ကြေကွဲခြင်းအား တစ်ယောက်တည်း ကြိတ်မှိတ် ခံစားနေရသည့်ပုံမျိုး။





သူ့ရှေ့မှာ နိုင်ငံခြားဖြစ် အရက်ပုလင်းလေးတစ်လုံးက လှပစွာ ရှိနေ၏။

ထိုစဉ် သူ့စားပွဲဘေးသို့ လူရိပ်တစ်စုံ ကျလာ၏။

သူ ဘောင်းဘီအိတ်ထဲကို လက်နှိုက်ကာ ပိုက်ဆံထုတ်သည်။

"ဘယ်ထပြေးမလို့လဲ ဦးစီး၊ ငါက မင်းအဖော်မရှိလို့ စကားပြောဖော်ရအောင် လာတာ"

ပြောလိုက်ပြီး ထိုသူက မထိုင်သေးပါ။

ဦးစီးဟု ခေါ်၍ ပြောလာသူကို ခေါင်းဆောင်ကလည်း မော့မကြည့်ခဲ့။ နှုတ်ခမ်းက စီးကရက်ကို ဖြုတ်၍ လက်ကြားညှပ်လိုက်သည်။

"ဘယ်သူက ပြေးမှာလဲ ကိုယ့်လူ၊ မထိုင်ရဲသေးတာက မင်းမဟုတ်ဘူးလား၊ ကိုယ်က စကားပြောဖော် မလိုပေမယ့် မင်းဆန္ဒအရ ကိုယ့်ရှေ့မှာ ဝင်ထိုင်လိုက်ပါ"

ထိုလူ တစ်ချက်တွေသွားသည်။

"ဒီမှာ စကားပြောလို့ မကောင်းဘူး၊ ငါတို့ တစ်နေရာသွားရအောင်"

ခေါင်းဆောင်က ဟက်ခနဲ ရယ်၍ ဖန်ခွက်ထဲမှာ ဖင်ကပ်မျှကျန်သည့် အရက်ကို မော့ချလိုက်သည်။

မျက်နှာမော့လိုက်ပေမယ့် ထိုလူကို မျက်လုံးတစ်ချက်မျှ ဝေ



www.burmeseclassic.com

www.burmeseclassic.com



မကြည့်။

"ကိုယ်က စကားပြောဖို့ ဆန္ဒမရှိတဲ့အတွက် ဆောရီး။ မင်းမှာ ပြောစရာရှိရင်တော့ ထိုင်ပါ"

ထိုအခါကျမှ ခေါင်းဆောင်ရှေ့မှာ ထိုသူ ဝင်ထိုင်၏။

မျက်လုံးချင်း ဆုံမိကြသည်။

အသားညိုညို ဆံပင်ကောက်ကောက်၊ နှာတံပေါ်သော မျက်နှာနှင့် ကုလားမျက်လုံးများလို မျက်တောင်ရှည်များလည်း ရှိ၏။

မီးခိုးရောင် အနောက်တိုင်း ဝတ်စုံနှင့် ပုံစံက အကျအနနှင့် လူချောတစ်ယောက်ပါ။

"ငါ့ကို မင်းသိမှာ မဟုတ်ဘူး။ ဒါပေမဲ့"

"မင်းကို ကိုယ်သိဖို့ မလိုပါဘူး။ မင်းဟာ မဏ်ရဲ့ လက်ကိုင်တုတ်ပဲ၊ သူ ဘာမှာလိုက်သလဲ အဲဒါပြော"

ထိုသူ မျက်နှာ တစ်ချက်ပျက်သွား၏။

သူသည် အတော်ကြီး ကြွေဆယ်လိုက်ရပြီးမှ

"ဟုတ်တယ် သူဌေးက နိုင်ငံခြားမှာပါ၊ ဒါပေမဲ့ သူ့ဆီက ညွှန်ကြားချက် အားလုံး ငါ့မှာရှိတယ်၊ မင်းနဲ့ငါ ညှိနှိုင်းရအောင်"

"ဟား ဟား"

သူက ဖန်ခွက်ထဲသို့ တစ်ခါငုံ့ထည့်ရင်း ရယ်လိုက်သည်။





"ဟောဒီဆိုင်နဲ့ နီးနီးကလေးမှာ ရှိနေတာကို နိုင်ငံခြားမှာလို့ ပြောတာ ရယ်စရာကြီးကွာ၊ လုပ်မနေနဲ့ ကိုယ့်လူ၊ မင်းအိတ်ထဲက ဟန်းဖုန်းကို ထုတ်ပြီး မမေးရသေးတာရှိရင် ခုမေးလိုက်၊ သူကတော့ သူဌေး ဒီနားမှာ ရှိနေတာ သိနေပြီ၊ ကျွန်တော် ဘာဆက်လုပ်ရမလဲလို့"

ထိုသူ ဟန်မဆောင်နိုင်တော့ဘဲ မျက်လုံးပြူးခနဲ ဖြစ်သွား၏။

သို့သော် ချက်ချင်း မျက်နှာကို တင်းပစ်လိုက်ကာ

"ကောင်းပြီလေ ဒါဆို ပွင့်လင်းကြတာပေါ့၊ မင်းကကော ဘယ်သူလဲ"

"မင်းရှေ့မှာ ထိုင်နေတာ မမြင်ဘူးလား"

"မင်း ဦးစီး မဟုတ်ဘူး"

ခေါင်းဆောင်က ရယ်လိုက်၏။

လက်ကြားထဲက စီးကရက်တိုကို ထိုသူ၏ ရင်ခွင်ထဲသို့ ခပ်ဆတ်ဆတ် တောက်ထုတ်ပစ်လိုက်ပြီး

"ဒါပဲ သိချင်တာလား"

သူ မေးတာကို မဖြေနိုင်သေးပါ။

ထိုသူ ဝုန်းခနဲ ထရပ်ကာ စီးကရက်မီးကို ခါချနေရင်း

သူတို့ စားပွဲဆီသို့ လူတွေ လှမ်းကြည့်လာကြသည်။

ထိုသူသည် ဒေါသတကြီး ပြောင်းလဲသွားသော မျက်နှာနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူရှေ့မှာ ထိုင်ချဉ်းမလို ဖြစ်သွားပြီးမှ လှမ်းကြည့်နေကြသည့် လူတွေကို သတိထားမိသွားပြီး ကုန်းကွသွားရာမှ ပြန်မတ်လိုက်၏။

"တောက် မင်း မင်း သတိထားနေ ဟောကောင်"

ခပ်ကြိတ်ကြိတ် ကြိမ်းဆဲရင်း နေရာမှ ချာခနဲ လှည့်ထွက်သွား၏။ ခေါင်းဆောင် ရယ်နေဆဲ။

■ ■ ■



## အခန်း (၂၂)

အမှုကြောင့်ပဲဖြစ်ဖြစ် ဘာကြောင့်ဖြစ်ဖြစ် သားငယ်အိမ်မှာပဲ ရှိနေသေးသည့်အဖြစ်ကို ဒေါ်ဖင်မာ ကျေနပ်လို့မဆုံး။

ဦးမင်းသော်နှင့်လည်း အပြောအဆို ဆက်ဆံရေး အားလုံး ပြေလည်နေကြ၏။

"သား မင်းအပြင်သိပ်မထွက်နဲ့ကွ၊ ဒါက မိဘအိမ်ဆိုပေမယ့် မင်း ခုနေရှိရမှာက 'သာယာစံ'မှာလေ၊ လင်မယား ကွာရှင်းထားတယ်ဆိုတာ ဒီမိသားစုအပြင် ဘယ်သူမှ သိကြတာ မဟုတ်ဘူး။ ဒီတော့ ငါ့သား လောလောဆယ် အဲဒီအိမ်မှာ ဝင်ထွက်နေတာ အဆင်ပြေလိမ့်မယ်"

"ဝင်ထွက်ဖို့တော့ မဖြစ်ဘူး ဦး၊ သူနဲ့ကျွန်တော် စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လွန်ခဲ့ပြီးပြီ၊ နောက်ထပ် စော်ကားမခံနိုင်တော့ဘူး၊ သူကသာ စကား ဟလာရင် သတင်းစာထဲ ထည့်ပေးဖို့ စကားဟလာရင်တော့ ကျွန်တော် ထည့်ပေးဖို့ အဆင်သင့်ပဲ''

''ဒီလိုလုပ်လို့ မဖြစ်ဘူး သား၊''

ဦးမင်းသော် လက်တကာကာ တားဆီး၏။

''ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုတာမျိုး မဖြစ်ပါစေနဲ့ သား ရယ်၊ အမှုက တကယ့်တရားခံကို မမိသေးဘူး''

''တရားခံ ဖမ်းတာ[illegible]အိမ်ထောင်ရေးထဲမှာ ရောမထားချင် တော့ဘူး၊ ဒါဘာဆိုင်လဲ ဆိုတဲ့စကားနဲ့ လူကို ညစ်သလိုလို လိမ်သလိုလို မျက်လုံးနဲ့ကြည့်တာလည်း မခံချင်ဘူး၊ ကျွန်တော် ဘယ်သူဆိုတာ သိ သွားကြလည်း မထူးတော့ပါဘူး၊ ဒီထိ ပေါ်နေတော့ အမှုက ပေါ်လာမှာ ပဲ''

ဒေါ်ဇင်မာ မနေသာတော့ဘဲ ဝင်ပါရသည်။

''သားငယ်ရယ် သားနဲ့ရှားက တကယ်တော့ မာနပြိုင်နေကြ တာ၊ ရင်ထဲမှာတော့ ရင်းနှီးနေကြပါပြီ၊ သားဘက်က နည်းနည်းလေး အလျှော့ပေးဆက်ဆံလိုက်ရင် မကြာခင် ပြေလည်သွားကြမှာ၊ တကယ်ဆို ဟိုမှာအဖေက လူမမာ၊ သမီးက ဒုက္ခိတ၊ အမေကြီးက တစ်ယောက် တည်း၊ သား ခုလို ဖြစ်မကုန်အောင် ထိန်းသင့်တယ်''





အပြစ်တင်တာ မဟုတ်ပေမယ့် အားလုံး အေးချမ်းသွားစေ ချင်သည့် စေတနာက ရှိနေဆဲမို့ သားကို နားချကြည့်မိသည်။

သို့သော် ခေါင်းဆောင်က မျက်မှောင်ကြုတ်လျက် တင်းတင်း မာမာ။

''ယောက်ျားတစ်ယောက်ဟာ ကိုယ်က စေတနာထားရ ဂရုစိုက် ခဲ့ရပြီး တစ်ဖက်မှတစ်ခုတည်းကြောင့် လိုက်လျောနေတာလို့ အပြောခံ ရရင် ဘယ်သူ သည်းခံနိုင်မှာလဲ၊ သည်းခံရသမျှထဲမှာ စေတနာကို စော်ကားလို့ သည်းခံနေရတာ၊ ခံရခက်[illegible]ပဲ၊ ဒါကို သည်းမခံနိုင်တာ ယောက်ျားမပီသတာလို့ ပြောလည်း မတတ်နိုင်ဘူး''

သားကိုတော့ ဘယ်လိုမှ ပြောမရတော့ပါ။

ဒါပေမဲ့ သေချာတာ တစ်ခုက ရှားကို သားငယ် ချစ်နေပါပြီ။

အချစ်ကြီးလျှင် အမျက်ကြီးသည်ဟု ကြားဖူး၏။

မာနကြီးသော ယောက်ျားတိုင်း၏ ရင်ထဲမှာ ချစ်စိတ်ကြီးမား တတ်ကြသည်။

ဒါတွေ တစ်နေ့နေ့မှာ သူ့အလိုလို အဆင်ပြေသွားနိုင်သည်ဟု မျှော်လင့်ခဲ့သမျှ သွားပြီ။

ဘာမှမတတ်နိုင်တော့သည့် အဖြစ်တွေကို သက်ပြင်းချ၍ ကြည့် နေရုံအပြင် ဘာတတ်နိုင်ဦးမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တော့ သားစိတ်ကို နည်းနည်းလျှော့ပြီး ဒီပစ္စည်းတွေ သွားပို့ပေးပါဦးကွယ်"

"ဗျာ"

ခေါင်းဆောင် ကားသော့ကိုင်၍ ထရပ်လိုက်ပြီးမှ ဖျတ်ခနဲ လှည့်ကြည့်၏။

"ဘယ်ကိုလဲ ဘာပစ္စည်းသွားပို့ရမှာလဲ မေမေ"

"ဆေးနဲ့ စားစရာတွေပေါ့၊ နေ့လယ်တုန်းက ကိုကောင်း တစ်ယောက် ရောဂါသည်းလာတယ်၊ ပွင့်ဖြူ တစ်ယောက်တည်းမို့လို့ မေမေလည်း စိတ်မကောင်းတာနဲ့ တစ်နေကုန် နေပေးခဲ့တာပဲ၊ ခုတော့ ခဏနားချင်တယ် သားရယ်၊ သား သွားပို့ပေးနော်၊ ဘာမှ မပတ်သက်တော့ဘူးဆိုပေမယ့် သက်ဆိုင်နေသေးတယ် သား့ရဲ့ ကလေးကို မတွေ့တာနဲ့ နှုတ်ခမ်းစူ ခြေဆောင့်ပြီး လှည့်ထွက်သွားမယ်ဆိုရင် သားက သဘောထားသေးရာ ကျလိမ့်မယ်၊ ဒီတော့ ရှိခဲ့ဖူးတဲ့ ပတ်သက်မှုလေးကို ထောက်ပြီး သားလည်း သတင်းမေးဖို့တော့ သွားသင့်တယ်မို့လား။ သွားလိုက်ပါ သားရယ်"

သူ ငြင်းရခက်သွားသည်။

ခေါ်သာ တွေဝေချိန်ရကာ မေမေ အတင်းထည့်ပေးနေသည့် အိတ်ကို လက်ပြောင်းယူလိုက်ရ၏။





ဘာတွေပြောပြီး ဖော်ကားဦးမလဲ။

ကားမောင်းလာရင်း ဒါကိုပဲ တွေးမိနေသည်။ ရန်သူတစ်ယောက်ကို ရင်ဆိုင်ဖြေရှင်းလိုက်ချင်သည်။

ဓားတစ်ပြက် တုတ်တစ်ပြက် ဖြစ်စရာရှိလျှင်ဖြစ်၊ သူနိုင်သူစား၊ ကိုယ်နိုင်ကိုယ်စား။ ကိုယ့်ရှေ့မှာ ဒူးထောက်တောင်းပန်လာလျှင်လည်း ကျေအေးနိုင်ရင် ကျေအေးလိုက်ဦးမည်။

ဒါက ရန်သူ။

ကိုယ်က မနိုင်လို့ ရင်ဝကို ဓားနဲ့ထောက်ထားလည်း ရှေ့တိုးပေးချင်ပေးမိမည်။

သူက ကိုယ့်ကို သတ်ချင်တဲ့သူ။ ရှိပစေတော့။

ရှားဆိုသော မိန်းမတစ်ယောက်ကိုတော့ သူ ခွင့်လွှတ်ဖို့ ဘယ်တော့မှ မကြိုးစားပါ။ ချစ်ခဲ့ဖူးသည် တပ်မက်ခဲ့ဖူးသည် ကြိုးစားကြည့်ခဲ့ဖူး၏။

သို့သော် နမ်းရှိုက်ဖို့ ကြိုးစားမိသည့်က စံပယ်ဖြူပန်းကလေး မဟုတ်ပဲ အဆိပ်ပန်းတစ်ပွင့် ဖြစ်နေသည်။

ကားကို ပေါ်တီကိုအောက်မှာ ရပ်လိုက်ပြီးသည်အထိ သူ့ မဆောင်ဖြစ်သေးဘဲ စတီယာရင်ကို ခပ်ဖိဖိ အုပ်၍ အကြာကြီး ငိုင်နေမိသည်။

"ဟင် အစ်ကိုလေး အစ်ကိုလေး လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်မှာ ဝေဝေပါ လိုက်နေရတာမို့ အိမ်ထဲကနေ လှမ်းမြင်လိုက်သည့် ဝေဝေက စေ့ထားသည့်တံခါးကို ပြေးဖွင့်ပေး၏။

ထိုအခါကျမှ သူ ကားပေါ်က ဆင်း၍ အထုပ်ကိုပါ ဆွဲယူလိုက်သည်။

"အထဲမှာ ဘယ်သူတွေ ရှိလဲ ဝေဝေ"

"စောစောကတော့ ဧည့်သည်တွေ ရှိတယ်၊ ခု မမလေး တစ်ယောက်ပဲ ရှိတော့တယ်၊ မေမေကြီးက ဘုရားမှာ ယတြာချေသွားတာ ပြန်မလာသေးဘူး"

သူ တံ့ခနဲ ရပ်သွားပြီးမှ ဆက်၍ လှမ်းလာခဲ့သည်။

ဝေဝေ က အခန်းဝနား မရောက်မီ ရပ်ကျန်ခဲ့ကာ မီးဖိုထဲ ပြေးဝင်သွား၏။

အခန်းထဲမှာ ရှိုက်သံသဲ့သဲ့လေး ထွက်ပေါ်နေသည်။

လူနာက ခုတင်ပေါ်မှာ ပက်လက်အတိုင်းရှိကာ အိပ်ပျော်နေသည်။

ရှားက ပြတင်းပေါက်နားမှာ ခေါင်းကိုမှီ၍ ရပ်ရင်း ငိုရှိုက်နေ၏။ ဝိုး(လ်)ချဲက ခုတင်နားမှာပဲ ရှိနေပြီး လူက တခြားမှာ။

ရှား ခြေ ထောက်တွေ အတော် တိုးတက်လာပြီပဲ။ ဝိုး(လ်)ချဲ ထွက်လျှင် ခပ်စိပ်စိပ်ဆို ခြေရှစ်လှမ်းခန့် လှမ်းရမည်။ ထိုနေရာ





သူမ ဘာသာ သွားခဲ့တာလား။

"အဟမ်း"

သူ ချောင်းဟန့်လိုက်မှ ရှား အလန့်တကြား ပုံစံလေးနှင့် လှည့်ကြည့်၏။

"ဟင် ရှင်"

ခေါင်းဆောင် မျက်နှာတည်တည်နှင့်ပဲ ခုတင်နားကို လျှောက်ဝင်သွားလိုက်သည်။

ပြီးတော့ အိတ်ကို စားပွဲပေါ်မှာ အသာချ၍ သူမနဲ့ မလှမ်းမကမ်းနားထိ လျှောက်လာခဲ့သည်။

နီးနီးလေး ရပ်ချင်၍တော့ မဟုတ်ပါ။

အိပ်နေသည့် လူမမာ နိုးသွားမှာစိုး၍ ဖြစ်သည်။ သူက အသံအုပ်အုပ်ဖြင့်

"ဆေးနဲ့ လူမမာစာတွေ မေမေ ပို့နိုင်းလိုက်လို့ ကိုယ် လာပို့တာ၊ အန်ကယ် နေကောင်းရဲ့လား"

ရှားက မျက်ရည်ကို သုတ်၍ သူ့ကို ပုံမှန်အတိုင်း စကားပြောနိုင်ဖို့ ကြိုးစားနေသည်။

သို့သော် ပြောလာတော့ ငိုလက်စနှင့် ထိန်းမရနိုင်သော အသံတုန်ကလေးနဲ့ပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ ရှင် ဒယ်ဒီ နိုးအောင် စောင့်မလို့လား"

"မစောင့်တော့ဘူး မင်းကော ဒီထိ ကိုယ့်ဟာကိုယ် လျှောက် လာတာလား"

ရှားက မပြောချင်သလိုလို ပုံစံလေးနှင့် နှုတ်ခမ်းကိုက်၍ နှုတ် ဆိတ်နေသေးသည်။ ပြီးမှ

"ဟုတ်တယ်"

ဟု မပွင့်တပွင့် ပြော၏။

"ခြေထောက်တွေ ကောင်းဖို့ အာရုံစိုက်နေရင် မျက်လုံးက ပြန်ဖြစ်ဦးမယ်၊ ဘာဖြစ်လို့ ငိုနေတာလဲ"

"ငိုစရာရှိလို့ ငိုတာပေါ့၊ ဒယ်ဒီ ဒီလောက်ဖြစ်နေတာကို ကျွန်မ က မဆိုင်သလို နေရမှာလား"

"ကိုယ် စိတ်မကောင်းပါဘူး၊ နောက်နေ့တွေကျ မကြာခဏ လာခဲ့ပါ့မယ်"

"မလို့ပါဘူး ကိုယ့်ဟာကိုယ် လွတ်လပ်သလိုပဲ နေပါ၊ ကျွန်မ တို့ သားအမိမှာ ဒီ့ပြင် ကူညီစောင့်ရှောက်ကြမယ့်သူတွေ အများကြီး ရှိတယ်၊ အထူးသဖြင့် ကျွန်မက ဒုက္ခိတဆိုတော့ ပစ်မထားကြပါဘူး"

ရင်ထဲမှာ မခံချင်စိတ် ထောင်းခနဲ ဖြစ်သွားသော်လည်း ရှား စကားပြောတာ ရင်ထဲရှိတဲ့အတိုင်းလား ငေါ့နေတာလားဟု တွေးမိကာ





စိတ်မကောင်း ဖြစ်သွားမိသလိုလို။

"ကိုယ်ကလည်း သူစိမ်းတစ်ရံက ကူညီသလိုမျိုး စေတနာ သန့်သန့်နဲ့ပါ၊ မင်းကိုယ့်ကို နေရာတကာ အမြင်မစောင်းပါနဲ့"

"ကျွန်မက စောင်းတယ်ထင်ရင် ရှင်လည်း ရွဲ့ပေါ့၊ မခက်ပါဘူး ရှင် မတတ်တာမှ မဟုတ်တာ"

"ထင်ထင်ရှား"

"ကျွန်မ ခေါင်းတွေ ကိုက်နေပြီ ခေါင်းဆောင် ရှင်ပြန်ပါတော့"

နောက်ဆုံးတော့ ပြန်လှည့်ခဲ့ရသော ခြေလှမ်းများမှာ ဒေါသ နောင်တများနှင့်ပဲ ဖြစ်ခဲ့သည်။

တကယ်ဆို ကိုယ်ပဲ မနေတတ်ခဲ့တော့။

ဘာဖြစ်လို့ စေတနာတွေ ထားမိနေတာလဲ။

နောက်ကို မင်း နေတတ်အောင်နေတော့ ခေါင်းဆောင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"သမီးရယ် သမီးလေး သိပ်မှားတယ်"

လူနာကို သတင်းမေး ရောက်လာကြသူတွေက တစေ့တစောင်း စပ်စုသွားကြသည်။

နည်းနည်းလေး ဟလိုက်တာနှင့် လင်မယားကွဲနေပြီဆိုတာကို ဒက်ခနဲ သိသွားကြ၏။

စမေးကတည်းက ကွဲနေကြတာဖြစ်မှာပဲဟု တွေးမိ၍ မေးမြန်း အစ်အောက်လာခဲ့ခြင်း ဖြစ်သည်။

"သမီးရယ် မာမီ မြေရတာ ရှက်လိုက်တာ၊ ဘယ်လို လှည့်ပတ် ဖြေဖြေ ကွဲနေကြမှန်း သူတို့ ရိပ်မိကြတယ်"

ဒေါ်ပွင့်ဖြူ လူနာကြောင့် စိတ်ဆင်းရဲရ ရှားကြောင့် စိတ်မချမ်း

ပျ||:၈၁၄ပ



သာရ။ အ..လုံး ပြန်သွားတော့ ထိုင်ငိုလိုက်ချင်တာကို ချုပ်ထိန်းထား ရင်း မျက်ရည်ကဝေ့၏။

ကိုယ့်ဝင်း ကိုယ့်ခြံနဲ့ နေကြတာက မဆိုင်သလိုလို၊ ပါးစပ်တွေ ဟလာတော့မှ သူတို့ရင်ထဲ ပါးစပ်ထဲမှာ တစ်လုံးကြီးပြည့်နေတာကို မြင်လိုက်ရသည်။

သူတို့ မသိတာ မရှိတော့ဘူးလား။

ဒေါ်ပွင့်ဖြူ စကားတွေပြောရင်း စိတ်တွေ ဆင်းရဲလာသည်။

"မပွင့်လည်း သမီးက တစ်ဖက်၊ လူမမာက တစ်ဖက်နဲ့ ပင်ပန်း မှာပဲနော်"

"ဦးစီးက သူ့မိဘအိမ်မှာ ဘာဖြစ်လို့ နေတာလဲ၊ တကယ်ဆို ဒီအချိန် သူက အနားမှာပဲ ရှိရမှာ"

"ဘယ်လိုလဲ ရှားရဲ့၊ နင်တို့ ကြည့်ရတာ ကမ္ဘာမဆန်လိုက်တာ၊ တစ်ခုခုတော့ တစ်ခုခုပဲနော် ငါ သိနေတယ်"

"လူငယ်က မသိတတ်ရင်တောင် မိဘက ပြောရမှာပေါ့၊ ပွင့် တို့ကလည်း နေရာတကာ သည်းမခံနဲ့လေ"

"ဟုတ်တယ် မင်္ဂလာဆောင်ထားတာဖြင့် တစ်နှစ်မရှိသေးဘူး၊ ခွာချင်သလိုလို လုပ်လာတာ ယောကျ်ားတွေ ဒီတိုင်းချည်းပဲ"

"ကောင်လေးက လူချော ပညာတတ် သူဌေး၊ ခုခေတ်က

ပျ||:၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



သွားမပါရင်နေ ကားပါရင် ပြီးတာပဲဆိုတာမျိုး၊ မြင့်မြင့်မြတ်မြတ် နေတတ် စောင့်ထိန်းတတ်တဲ့ မိန်းမတွေ ရှိသလို စုန်းပြူးမတွေက အများသား၊ ကောင်လေးကို သိပ်လွှတ်မထားနဲ့ ကိုယ့်သမီးက ကျွန်မ သေးတာ မဟုတ်ဘူး''

ဒုက္ခိတလို့သာ ပြောလိုက်ပါတော့။

တစ်ယောက်တစ်မျိုး အမျိုးမျိုး အဖုံဖုံ အကြံပေးသလိုလို ဆုံးမသလိုလို ကိုယ့်ဘက်က မခံချင်သလို ပြောတာမျိုးက မရှား။

ဘယ်စကားကိုမှ တုံ့ပြန်မပြောဆိုတတ်လောက်အောင် တစ်ယောက်လာတစ်ခါမေး၊ နှစ်ယောက် သုံးယောက်လာတော့ နှစ်ယောက် သုံးယောက်လုံးက ဟိုပြော ဒီပြော၊ သူတို့ ပြောသွားတာတွေက လင်မယားကွဲနေတာကို သိသိနှင့် လှပစွာ လှည့်ပတ်ချိုးနှိမ်သွားကြတာပါ။

ဒေါ်ပွင့်ဖြူ ဝေ့ဝဲလာသည့် မျက်ရည်ကို ဟန်ဆောင် သိမ်းဆည်းဖို့ မကြိုးစားတော့ဘဲ သမီး မျက်နှာကိုပဲ စူးစိုက်ကြည့်နေမိသည်။

ပန်းအောက်ထိ ဝေ့ကျနေသော ဆံပင်ညိုပျော့ပျော့လေးများနှင့် ဝင်းဖန့်ဖန့် မျက်နှာလေးမှာ အေးစက်ထုံထိုင်းနေခြင်းမှလွဲ၍ ဝမ်းနည်းကြေကွဲခြင်း၊ ကျေနပ်ခြင်း ဘာမှရှိမနေ။

''သမီးကိုလေ ဝေဒနာသည်လေးပါလားဆိုပြီး မာမီ အလိုလိုက်ခဲ့တာ၊ သမီး စိတ်ချမ်းသာသလို ဘာလုပ်နေနေ ခွင့်ပြုထားခဲ့တာ၊ ဒါ





ဒါပေမဲ့ သမီး ဒီလောက် ဆုံးဖြတ်ရဲလိမ့်မယ်လို့လည်း လုံးဝ မထင်ခဲ့တာ အမှန်ပဲ၊ တစ်ဘဝလုံးနဲ့ဆိုင်တဲ့ ပြဿနာတစ်ခုကို စိတ်ရှိတိုင်း ဆုံးဖြတ်ချလိုက်တာ သမီး သိပ်မှားတယ်၊ အခု မာမီတို့မှာ မားမားမတ်မတ် ကူမယ့်ယူမယ့်သူ မရှိတော့ဘူး၊ အရာရာဟာ ငွေကြောင့်ပြည့်စုံသွားမှာ မဟုတ်ဘူး သမီး၊ မာမီတို့မှာ စည်းစိမ်ဥစ္စာ ဘယ်လောက်ပဲရှိရှိ အကာအရံမဲ့သွားပြီ၊ ခုလောလောဆယ် သမီး ဒယ်ဒီက ဘာမှမတတ်နိုင်တဲ့ လူနာ၊ သမီးက ခြေထောက်တွေ မသန်သေးဘူး၊ မာမီ့မှာ တိုးတိုးဖော် ဘယ်သူလဲ၊ အားထားစရာ ဘယ်မှာလဲ၊ မာမီက အားငယ်လွန်းလို့ ညည်းညူနေတာ မဟုတ်ဘူး သမီး''

ဒေါ်ပွင့်ဖြူ့ခမျာ စကားပြောရင်း အသံတွေပါ တုန်လာခဲ့၏။

ရှားမျက်နှာ သူ့ဘက် လှည့်လာသောအခါ ဒေါ်ပွင့်ဖြူ မျက်လွှာကပျာကယာချ၍ နှပ်တစ်ချက် သုတ်သည်။

ငိုရပြီဆို သောကပူတို့က အားလုံးကို လောင်မြိုက်အရည်ပျော်စေခဲ့၏။

ဒါဟာ ဟန်ဆောင်ဖုံးဖိလို့ မရသောအရာ။

မိခင်ဖြစ်သူ မျက်ရည်ကျပြီမှန်း သိလိုက်လျှင် ခံစားချက်ကင်းမဲ့နေသော ရှား မျက်နှာလေး တစ်ချက်ပျက်သွားသည်။

''မာမီ''



www.burmeseclassic.com

www.burmeseclassic.com



သူမ စကားစလိုက်တော့ နီရဲသော မျက်ဝန်းများနှင့် ဒေါ်ပွင့်ဖြူက မော့ကြည့်၍ ခေါင်းခါလိုက်၏။

"မာမီ ပြောတာ သမီး နားထောင်ပါ၊ မာမီ ပြောနေတာ ဒီအိမ်မှာ ယောက်ျားတစ်ယောက်မှ မရှိမဖြစ် လိုအပ်နေတာမျိုး မဟုတ်ဘူး။ သမီး အိမ်ထောင်ပျက်တစ်ခုလပ် ဖြစ်သွားရတဲ့ ကွက်လပ်ကိုပြောတာ၊ မိသားစုသုံးယောက် ဒီတိုင်းနေလာကြတာက ပြဿနာ မဟုတ်ဘူး။ ဒါပေမဲ့ အိမ်ထောင်တစ်ခုကို ခုယူခုကွဲ ဖြစ်သွားခဲ့တာက ပြဿနာ၊ ဒါဟာ ထုံးစံမဟုတ်ဘူး သမီး၊ အထူးသဖြင့် မိဘဖျားနာနေတဲ့ အချိန်မှာ သမီး ဒီလိုမဆုံးဖြတ်သင့်ဘူး။ ဒီကိစ္စကို ပတ်ဝန်းကျင်မသိအောင် ဖုံးရတာ တစ်မျိုး၊ လူနာဘက်ကို ကာကွယ်ရတာက တစ်မျိုး။ ပြီးတော့ သိသင့်သလောက် သိနေကြတဲ့လူတွေကို ဘာမှမဟုတ်သလို မာမီ ပြုံးပြ ဖုံးဖိနေရတာကို ဘယ်လောက် ကြာကြာနေနိုင်မှာလဲ"

"မဖုံးပါနဲ့တော့ မာမီ၊ သိကြတော့ ဘာဖြစ်လဲ၊ အိမ်ထောင်ကွဲတာနဲ့ ဘဝပျက်စရာ မလိုပါဘူး"

"မှန်သင့်သလောက် မှန်တယ်၊ ဒါပေမဲ့ သမီးက လူကောင်း မဟုတ်ဘူး၊ လူတွေက သမီးကို ဒုက္ခိတမို့ ဟိုက ပစ်သွားပြီလို့ ထင်နေကြတာ"

"ခုလည်း သူပဲ စပြီး လက်မှတ်ထိုးသွားတာ"





"ဘယ်သူက စပြီး တောင်းဆိုခဲ့တာလဲ"

ရှား ဆွဲ့အသွားသည်။

ဒေါ်ပွင့်ဖြူက စေ့စေ့ကြည့်နေရင်း ထပ်မေး၏။

"မာမီ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ သမီးကစပြီး တောင်း ဆိုခဲ့တာ မဟုတ်ဘူးလား"

"သူတို့ပဲ စပြီး မရိုးသားကြတာ၊ သူက မာရေကြောရေနဲ့"

"ခယယ ယောက်ျားမျိုးကို သမီးက အထင်ကြီးတာလား"

ရှား မဖြေနိုင်။

"မိန်းမတစ်ယောက်ရှေ့မှာ ပျပ်ဝပ်ရိုကျိုးနေတဲ့ ယောက်ျားမျိုးတွေကို သမီး အထင်ကြီးတတ်နေရင် ဘယ်တော့မှ ယောက်ျားကောင်းကို တွေ့မှာမဟုတ်ဘူး။ အဲဒါ သေချာတယ်၊ မာမီ ပြောမယ် သမီး၊ တည်ကြည်တဲ့ယောက်ျားတွေဟာ မြတ်နိုးတတ်ပေမယ့် ယုယတတ်မှာ မဟုတ်ဘူး။ မြတ်နိုးတာနဲ့ သွေးဆူတာကို သမီး နားမလည်သေးဘူး။ မှားလည်း မှားတယ်၊ ခဏခဏ မှားချင်မှားပစေ ခဏခဏ ဒူးထောက်ဖို့လည်း ဝန်မလေးဘူး။ မိန်းမတစ်ယောက်ကို ခဏအတွင်း အရည်ပျော်သွားအောင် ဆွဲဆောင်နိုင်တဲ့ ယောက်ျားမျိုးပေါ့၊ အဲဒီလို ယောက်ျားတွေဟာ အချစ်မရှိရင် မနေတတ်ကြဘူး သမီးရဲ့၊ သူတို့မှာ ချစ်စိတ်အမြဲရှိနေတာ ဒီတစ်ယောက် သွားရင် နောက်တစ်ယောက် လာ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပွင့်ဖြူက သမီးဖြစ်သူကိုသာ စူးစိုက်ကြည့်၍ စကားပြေ ပြောနေသည်။ ခွန်းတုံ့စကားကို လုံးဝ အဝင်မခံ။

"ယောကျ်ားကောင်းတွေကျတော့ ကဝိပေး မလွယ်ဘူး၊ အမှား ကို ကြောက်ကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ဘယ်တော့မှ ဒူးမထောက်တတ်ခဲ့လို့ပဲ၊ တစ်ခါမှားရင် တစ်သက်စာ မှတ်တယ်၊ သစ္စာ ရှိတယ်၊ သွေးဆူမလွယ်ဘူး။ ကဲ သမီး ဘယ်လိုယောကျ်ားမျိုးကို ကိုးကွယ် မလဲ"

"မာမီက ခေါင်းဆောင်ကို ဒီအရည်အချင်းတွေ အကုန်ပေး လိုက်တာလား"

"မာမီ မသိဘူး၊ သမီးပြောလို့ မာမီက  သိရတာ၊ ဒါကို သမီး ပိုသိမှာပေါ့၊ သူနဲ့သမီး အတူနေခဲ့ကြပြီး သမီးတို့ ကင်းရှင်းခဲ့ကြ တာ ဘာဖြစ်လို့လဲ"

ရှား မျက်လုံးဝိုင်းလေးနှင့် ငေးကြည့်နေပေမယ့် ဘာမျှမပြော နိုင်။

"ငါ့ကို ညာကြတယ်ဆိုပြီး သမီး ရန်လုပ်နေသမျှ သူ ဘယ်လို တုံ့ပြန်ခဲ့သလဲ၊ ဒူးထောက်တောင်းပန်နေခဲ့သလား၊ ဒါမှမဟုတ် သမီးကိုပဲ သူက ဂရုမစိုက်ဘဲ တင်းမာပြခဲ့သလား၊ သမီး ဖြစ်ခဲ့သလောက် ထပ်တူ ပေါ့"





မရှိခဲ့ပါ။ သူမ ပြောသမျှ မျက်နှာတင်းသွားခဲ့သည်။

အမှုအရာ ပျက်သွားခဲ့သည်။

သို့သော် တစ်ခုခု ရှားဖြစ်ပြီဆို သူ ပြေးလာတတ်သည်။

ရှား လိုအပ်သမျှကို ဖြည့်ဆည်းပေးဖို့ ကြိုးစားခဲ့၏။

ဘယ်သောအခါမျှ ချိုသာနူးညံ့စွာ ခယခြင်း မရှိတာကတော့ လုံးဝ သေချာခဲ့၏။

"သမီးဟာ ပစ္စည်းများကို ဆုပ်ကိုင်ပြီးမှ ရွံတုံးဆိုပြီး လွှတ်ချပစ် တာ၊ ဦးစီးကို လက်ခံခဲ့ပြီး ခေါင်းဆောင်ကျမှ ပုတ်ချခဲ့တာ၊ တကယ်ဆို ဟိုက လူဆိုးတစ်ယောက်၊ သမီးဘဝ နစ်မွန်းရဖို့ နည်းနည်းလေး ကပ်ပြီး လွဲချော်သွားတာ၊ အဲဒါ သိလား။ ဒီကိစ္စတွေကို မာမီ စောစောသိခွင့်ရခဲ့ရင် ခုလို အဖြစ်ခံမှာ မဟုတ်ဘူး"

"တော်ပါတော့ မာမီရယ်၊ ဒီကိစ္စကလွဲရင် မာမီ ပြောပါ၊ ရှား ဘာလုပ်ပေးရမလဲ"

"မာမီကတော့ ခေါင်းဆောင်ကိုပဲ"

"ရှား ဘယ်တော့မှ မပေါင်းဘူး၊ အဲဒီလူကို နောက်ထပ် တစ်ခါဆုံဖို့ ဘယ်တော့မှ မစဉ်းစားဘူး"

အာပေါက်အောင် ပြောသမျှ အဆုံးတော့လည်း ဒီစကားပဲ ရရှိခဲ့သောအခါ ဒေါ်ပွင့်ဖြူ နှုတ်ခမ်းတွေ ဖွင့်ဟလျက် သမီးကိုသာ



www.burmeseclassic.com

www.burmeseclassic.com



အထူးအဆန်းလို ကြည့်မိတော့၏။

သမီး နှလုံးသားမှာ ရေညှိတက်နေပြီလား။

■ ■ ■



## အခန်း (၂၄)

ခေါင်းဆောင် အိပ်ရာထက်မှာ ပက်လက်လှန်လှဲရင်း နှဖူးပေါ်တင်ထားသည့် လက်ကြားထဲက စီးကရက်တိုက တဖြည်းဖြည်း ပြာကျသွား၏။

စီးကရက်မှ တလွန့်လွန့်တက်နေသော မီးခိုးဖြူလေးတွေက သူ့မျက်နှာပေါ်မှာ နဂါးတစ်ကောင်လို ကွေ့ပိုက်လူးလွန့်ရင်းမှ တစ်စစ ပျောက်ကွယ်ကုန်သည်။

သို့သော် ပြီးပျောက်သွားသည်မရှိဘဲ မျက်နှာထက်တွင် ပုံရိပ်တစ်ခုပမာ ထင်ရှားလာခဲ့၏။

"အဲဒါပဲ သားရယ်၊ သားရင်ထဲမှာ ငါ ယောက်ျားပဲ ဘာနစ်နာမှာလဲဆိုတဲ့ မာနဆိုးတွေ တကယ်မရှိရင် ရှားကို ပြန်ကြိုးစားပါကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး ဘက်တူနေရင် မေမေ ဘာမှမပြောလိုဘူး။ အခု သူ့ခမျာ ဒုက္ခိတလေးပါ၊ အဖေလုပ်သူက နေ့လား ညလား မသိအောင် ဖြစ်နေ တယ်၊ စဉ်းစားပါဦး သားရယ်''

နေ့လယ်က ရှားတို့အိမ်ကအပြန် မေမေ ငိုတော့မတတ် ညှိုး မည်းနေသော မျက်နှာနှင့် ပြောခဲ့သည်။

တစ်နေ့ တစ်နေ့ ဒီလိုစကားတွေချည်း ကြားနေရပေမယ့် ဒီနေ့တော့ ပြန်ကြိုးစားဖို့ထိ မေမေ ပြောလာခဲ့တာ ဖြစ်သည်။

သူ့ရင်ထဲမှာ ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့သော အစီအစဉ်။ ရှားကို သူချစ်ခဲ့ပါသည်။

ဒါပေမဲ့ ချစ်ခဲ့တာပဲ ဖြစ်၏။

ခုချိန်မှာ မေ့နိုင်အောင် သူ ကြိုးစားနေခဲ့သည်။

အားလုံးက သနားနေကြသည့် ထင်ထင်ရှား ဆိုသော မိန်းမ ဟာ သူ့ရှေ့မှာ အဆိပ်ပြင်းသော မြွေထက် ဆိုးခဲ့တာ ဘယ်သူသိမှာလဲ။

နောက်ထပ်၍ သူ မကြားရဲသော စကား၊ မမြင်ချင်သည့် မျက်လုံးများ၊ တော်ပါပြီ သွားပါတော့၊ လက်ချောင်းကလေးများ ပူလာ တော့မှ သူ စီးကရက်ကို မြော်ကြည့်မိသည်။

အိပ်ရာထက်မှ လက်တစ်ဖက်ထောက်ထရင်း စားပွဲခုံမှာ ရှိသည့် ပြာခွက်ထဲကို လှမ်းထည့်လိုက်မိ၏။





ထိုစဉ် တံခါးက အသာဟသွားကာ

"သား၊ မအိပ်သေးဘူးဆိုတာ သိလို့ မေမေ ဝင်လာခဲ့မယ်နော်"

"ဟုတ်ကဲ့"

ဝေါဖင်မှာ ဝင်လာမှ သူ ငုတ်တုတ်ထထိုင်ဖြစ်၏။

"သား၊ အိပ်လို့မရဘူးလား"

ဟု မေးရင်း ခုတင်မှာ တင်ပါးလွှဲ ဝင်ထိုက်လိုက်တော့ သူ ခေါင်းညိတ်၍

"မအိပ်သေးတာပါ စာသေးလို့"

အိပ်လို့မရတာ မဟုတ်မှန်း မေမေ သိစေချင်သည်။

တော်ကြာ သားရင်ထဲမှာ ဘာတွေရှိတာ ဘာညာ ဘယ်လိုနှင့် ဖူးစမ်းလာနိုင်၏။

"ခုနကပဲ ပွင့်ဖြူ ဖုန်းဆက်တယ် သား၊ ကိုကောင်း အခြေ အနေ မကောင်းဘူးတဲ့"

"ဟင် ဟုတ်လား"

သူ တကယ် စိုးရိမ်သွားမိသည်။

"ဟုတ်တယ် သား၊ အဲဒါ မနက်ဖြန် မေမေတို့ အားလုံး အဲဒီမှာ သွားစောင့်နေရမှာ၊ သားလည်း လိုက်ရမယ်"

"ကျွန်တော်"



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေတစ်ယောက်လို ဖြစ်ဖြစ်ပေါ့ သား။ သားက ကြက်ခုန်နေခဲ့မလို့လား"

"သူ တလွဲထင်မှာစိုးတာ"

"ဝမ်းသာနေမှာကို ဖုံးဖိ ဟန်ဆောင်နေကာဆိုရင်ကော"

"အဲဒါ ကျွန်တော် စိတ်မဝင်စားတော့ဘူး မေမေ၊ ထပ်တော်ကာခံရမှာကိုတော့ ကာကွယ်ရမယ်"

"စိတ်မဝင်စားတော့ဘူးဆိုတော့ အစက စိတ်ဝင်စားခဲ့တယ်ပေါ့"

သူ ခေါင်းမခါမိလိုက်ခင် မေမေက ခေါင်းညိတ်အတည်ပြုလိုက်၏။

"စိတ်ဝင်စားခဲ့တဲ့ မိန်းမတစ်ယောက်ကို ချက်ချင်းပဲ မေ့လိုက်လို့ မရပါဘူး သားရယ်၊ ဖုန်းထဲမှာလေ ပွင့်ဖြူ ငိုရှာတယ် သိလား"

ပွင့်ဖြူ ငိုတယ်ဟု ပြောနေသော မေမေ့ မျက်နှာမှာ မျက်ရည်ဝေ့လာကာ အံ့သြစရာ။

"သနားပါတယ် သားရယ်၊ သူ့ခမျာ အားငယ်နေရှာတာ ရွှေငွေ စည်းစိမ်တွေ အပြည့်နဲ့ မတောင့်မတ မကြောင့်မကြနဲ့ပဲ၊ ဒါပေမဲ့ အားကိုးမဲ့နေတာပေါ့၊ သူ ဖွင့်မပြောပေမယ့် သားနဲ့သမီးကို"

"မဖြစ်နိုင်ပါဘူး မေမေ၊ ကျွန်တော် ဒီအမှုပြီးတာနဲ့ ပြန်မှာ





အားလုံးက သူဖြစ်စေချင်တဲ့အတိုင်းပဲ၊ ဘာမှမလိုတော့ဘူး"

"ဘာမှမဆိုင်ဘူး၊ သူက ဒီလိုလုပ်ပေးဖို့ပဲ တောင်းဆိုခဲ့တာ"

"အဲဒါ သား မလိုက်လျောရဘူးလေ၊ ယောကျ်ားဆိုတာ မိန်းမသားထက် သည်းခံခွင့်လွှတ်နိုင်ရတယ်၊ စဉ်းစားချင့်ချိန်ရမယ် သား။ စဉ်းစားပါကွယ်၊ ကိုယ့်အထက်ကလူကို ဒူးထောက်ခယနေရတာက ရှက်စရာပေမယ့် မျက်နှာငယ်တဲ့သူကို ဦးစားပေးရတာ မြင့်မြတ်တဲ့ နှလုံးသားပါ"

မြင့်မြတ်တဲ့ ဂုဏ်ပုဒ်ကို မရလည်း နေပါစေတော့။

တကယ်တမ်း ကိုယ်ပဲ မျက်နှာငယ်နေရတဲ့အဖြစ်ကို ရင်ထဲမှာ ခါးသီးနေပြီ။

"သားကို မေမေက ချက်ချင်းကြီး ကြိုးစားပါလို့ မဆိုလိုပါဘူး၊ သားတို့ချင်း လက်ထပ်တဲ့ အချိန်က မြန်မြန်ဆန်ဆန်ကြီး၊ ပြီးတော့ ဦးစီးက ဒီမိန်းကလေးကို ချစ်လို့ လက်ထပ်ဖို့ ကြိုးစားတာ၊ သားကတော့ အစီမံသက်သက်နဲ့ သရုပ်ဆောင်ခဲ့ရတာ၊ တစ်ယောက်သဘော တစ်ယောက် မသိကြဘဲ ဘုတောက်ကျနေခဲ့ကြတာ မဆန်းပါဘူး၊ ရှေ့လျှောက်မှာ ရင်းနှီးဖို့ ကြိုးစားရင်း သူ့သဘောကို လေ့လာပါဦး၊ ကိုယ်က ညှာတာ ငိတ်ထားတာမှ သူက အနိုင်ရတယ် ထင်ပြီး ပြုံးနေလည်း ပြုံးပါစေ"

မေမေ တစ်ညလုံး နားချနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့တောင် ဒီအရွယ်ကျမှ လက်ပွန်းတတီး နေခဲ့ဖူးသော စိတ်က ဘယ်သူနဲ့မှ မရင်းနှီးခဲ့ပါ။

ရင်ထဲရှိတာ ပြောချလိုက်ပြီး မေမေ မပြောပါနဲ့တော့လို့ တားမြ ထုတ်ပြန်လိုက်ဖို့ကျတော့ မေမေနဲ့သူက ကိုကိုနဲ့ အနေအထားလောက် မရင်းနှီး၊ ညသည် ရည်လျှားစွာ ကျော်ဆန့်ရင်း နံနက်ခင်းဆီ လျှောက် မေ့နေသလား မသိ။

မိုးလင်းတဲ့အထိ အိပ်ပျော်သွားသဖြင့် မေမေ နိုးမှ နိုးတော့ သည်၊

"သား ညက အိပ်ရေးပျက်သွားမှန်းသိလို့ မေမေ စောင့်နေတာ ရေချိုးအဝတ်အစားလဲ သား၊ သွားရအောင်"

ရှားတို့ဆီ သွားတော့ ဦးမင်းသော် မပါခဲ့ပါ။

အလုပ်အရေးကြီးလို့ ထွက်သွားရသည်။

"သားရေ ဟိုမှာ မိန်းကလေးတွေချည်းပဲ လိုအပ်တာ၊ အားလုံ သား ကူညီလိုက်ပါ သားရယ်၊ အခြေအနေ မကောင်းရင် ဦးဆီ ဖုန်း ဆက် ကြားလား"

ဦးမင်းသော် မှာသွားတော့ သူ ခေါင်းညိတ်ပြမိ၏။

ဟိုကို ရောက်သည်နှင့် တံခါးဝမှာ ထွက်မျှော်နေရှာသော ဒေါ်ပွင့်ဖြူက ပြေးဆင်းလာပြီး ကားတံခါးလာဖွင့်၏။





"မျှော်လိုက်ရတာ ဖင်မာရယ်၊ ကိုကောင်း သတိရလာပြီ သိ သား။ ညက တစ်ညလုံး ခေါ်လို့မရဘူး။ ဆရာဝန်တွေ လှုလဲနဲ့ ခေါ်နေရ တာ"

"အို ဟုတ်လား၊ ဖုန်းဆက်လိုက်ရောပေါ့ ပွင့်ဖြူရယ်"

"အားနာတာပေါ့ ဖင်မာရယ်၊ မနက်ကနေ နေ့လယ်ထိ တစ်ချိန် လုံးညစွာ၊ လာ သား လာ"

ဒေါ်ပွင့်ဖြူက သူ့ကိုပါ လှည့်ခေါ်ရင်း မေမေနဲ့ အတူ ရှေ့က ဝင်သွား၏။

"သားရယ် သားပါလာတာ အတော်ပဲ၊ ဒီမှာ မင်းညီမကို သာသာလေး ပွေ့သွားပြီး သူ့အိပ်ရာထဲ သွားချပေးပါ၊ တစ်ညလုံး လုံးဝ အိပ်လို့မရဘူး၊ မနိုးရက်လို့ပါ"

"အို တစ်ညလုံး ဒီတိုင်းနေတာလား"

"ဟုတ်တယ် ဖင်မာရယ်၊ သူ့အဖေက အခြေအနေဆိုးတော့ ငိုလိုက် ငေးလိုက်နဲ့ ဘယ်လိုမှ အိပ်နိုင်းလို့ မရဘူး"

"သားရေ ပွေ့သွားလိုက်ပါ သားရယ်"

သူ ရုတ်တရက်တော့ ခြေလှမ်းမရွှေ့ဖြစ်ဘဲ နေမိသည်။

ရှားသည် ခုံပုလေးတစ်လုံးမှာ ထိုင်ကာ ခုတင်စောင်းမှာ လက် နှစ်ဖက် ယှက်တင်၍ မျက်နှာလေး မှောက်လျက် အိပ်ပျော်နေ၏



www.burmeseclassic.com

www.burmeseclassic.com



ဦးသာကောင်းသည် မျက်လုံးမှင်လျက်သားနှင့် သူတို့ အားလုံးကို လိုက်ကြည့်နေသော်လည်း စကားမဆိုနိုင်။

ထိုမျက်လုံးတို့ သူ့ဆီရောက်လာသောအခါ တစ်မျိုး အထင်လွဲသွားမည်စိုး၍ သူ ခုရှတက်ကာ နားကို သာသာလေး မေ့ယူလိုက်၏။

အခန်းဝသို့ မျက်နှာမူလိုက်လျှင် ရေနွေးဇလုံကြီးကိုင်၍ ဝင်လာသော ဝေဝေနှင့် မျက်နှာချင်း ဆိုင်မိ၏။

ဝေဝေ့ မျက်နှာ ဖွေးခနဲ ဖြစ်သွားပြီး ဝမ်းသာအားရ ချက်ချင်းဖြစ်သွားသည်။

"ဝေဝေ ညည်း သွားနားတော့လေ၊ ညက အိပ်ရေးပျက်ထားတာ သွားနား သွား"

"ဟုတ်ကဲ့ မမကြီး"

မျက်လုံးတွေ နီနေသော ဝေဝေ့ကို ခေါင်းဆောင် မြင်ကာ ညက တစ်ညလုံး အိမ်သားတွေ အကုန် ဒုက္ခများခဲ့ရာတာပါလားဟု တွေးမိရင်း စိတ်မကောင်းဖြစ်သွားမိသည်။

အိပ်ရာထက်မှာ ချသိပ်ခါနီးမှ ရှား မျက်နှာလေးကို သူ ငုံ့ကြည့်မိ၏။

ညဂတ်ဂါဝန် အဖြူရောင် ပိုးပျော့လေးနှင့် ပန်းရောင်သမ်းနေသော မျက်နှာလုလုလေးသည် နာတာရှည်ကောကော့ မျက်တောင်နက်နက်





လေးများနှင့် ဆေးသားပြေပြေလေး ဖြစ်၏။

ဖူးကြွနီမြန်းသော နှုတ်ခမ်းလေးကို စိုက်ကြည့်မိတော့ မျက်ဝန်းတို့ကို ဖျတ်ခနဲ ပြန်ခွာမိသည်။

နွေးအိနေသည့် ကိုယ်လုံးလေးကို ဖွဖွညင်သာစွာ ချသိပ်လိုက်ပြီး ခုတင်ဘေးမှာ သူ ရပ်ငေးနေမိပြန်သည်။

ဒါပေမဲ့ မင်းရဲ့အလှနဲ့ မာနတွေ အောက်မှာ ငါ့မာနတွေက ကျိုးကြေသွားမှာ မဟုတ်ဘူး။

သူ လှည့်ထွက်ဖို့ ကြံရွယ်ပြီးမှ အပြစ်ကင်းစင်စွာ အိပ်မောကျနေသည့် မျက်နှာလေးကို ပြန်ငဲ့ကြည့်ကာ စောင်လေး အသာဆွဲခြုံပေးလိုက်သည်။

ပြီးတော့ အရောင်ရင့်ရင့် နေခြည်ကို မိတ်ဆွေဖွဲ့၍ ညှိခံနေသည့် ခေါင်းရင်း ပြတင်းတံခါးလေး ဖွင့်ပြီးမှ သူ ထွက်လာခဲ့သည်။

အခန်းတံခါးဝမှာ ရပ်မိတော့ အကွယ်နေရာမှာ ရှိနေသော မေမေ့ကို ဘွားခနဲ တွေ့လိုက်ရသဖြင့် မျက်နှာပူသလိုတော့ ဖြစ်မိသည်။

မေမေကတော့ ရိုးရိုးပဲ မော့ကြည့်ကာ

"သမီးလေး နိုးသွားသေးလား သား"

သူ မျက်နှာခပ်လွှဲလွှဲနှင့်

"မနိုးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်လွယ်လွယ် ဖြေ၍ ရှောင်ထွက်လာခဲ့သည်။

မေမေ ပြုံးနေခဲ့သည်လား။

■ ■ ■



## အခန်း (၂၄)

"ဘယ်လိုလဲ ဝင်ရတော့မလား"

"အေး ဝင်တော့၊ ကံကောင်းချင်တော့ နာရေးနဲ့ လာတိုးနေတယ်"

လူတွေကားတွေ ရှုပ်နေသည့် ဓါကြိုးဆိ မြင်နိုင်သော တစ်နေရာမှ လှမ်းကြည့်ရင်း ညိုကြီးက ကလပ်ကို နင်းထားလျက်မှ မဲ့ပြုံး ပြုံးသည်။

"ဟွန်း စိန်တွေ အားလုံး ရဲလက် အပ်လိုက်တာသာ တကယ်မှန်ရင်တော့ ဒီ့ထက် နာပြီ"

ကားပေါ်က ဆင်းမည်ကြံနေသော ဘိုးတောက်က မဆင်းဘဲ ပြန်လှည့်ကြည့်၍

"လောလောဆယ်က ငါတို့ နာနေတာကွ၊ ဆရာကြီးကိုညည်း



www.burmeseclassic.com

www.burmeseclassic.com



မိသွားပြီ၊ အားလုံးလည်း ပေါ်ကုန်ပြီ၊ ငါတို့သာ လွတ်နေတာ၊ ဦးစီး ယောင်ဆောင်ထားတဲ့ ဒီခွေးသူတောင်းစားကို လျှော့တွက်လို့ မရဘူး"

"မင်းက ကြောက်နေလို့လား"

"မင်းလည်း ကြောက်နေတာပဲ မဟုတ်လား။ ကြောက်လို့ပဲ ကောင်မလေးကို ခွဲဖို့ အတူတူ ကြံစည်ပြီး လာခဲ့ကြတာ၊ ခေါင်းကိုဖြီးချ ပြီးမှ ဂုတ်ကမလဲဘဲ ရှိပါ့မလား"

"အေး ငါကတော့ ဒီကောင့်ကို ကြောက်ပေမယ့် မရှောင်ဘူး။ ကောင်မလေးကိုခွဲရင် ဒီကောင်ပါလာမှာပဲ၊ ရင်ဆိုင်မိလို့ကတော့ သူသေ ကိုယ်သေပဲ၊ ထောင်ကျတာ မဆန်းပါဘူး။ အခုရှောင်နေတာက သင်းကို လက်တုံ့ပြန်ချင်လို့ ငါတို့ ဝေစုရမယ့် စိန်တွေ သင်းကြောင့် ဆုံးရှုံးကုန်တာ၊ ငါတို့ ဆရာကြီး သင်းကြောင့်ပဲ ထောင်ထဲရောက်သွားခဲ့တာ၊ ဟော့ကောင် မင်း ပိပိရိရိ လုပ်နော်၊ လူအများထဲမှာ ဘာမှ ခက်ခဲမှာ မဟုတ်ဘူး"

ညိုကြီးက ကားကို စက်နှိုးလိုက်ရင်းမှ

"အထဲမှာ ဟိုကောင် ခေါင်းဆောင် ရှိနေမှာပဲ၊ တစ်ချက် ဂရုစိုက် မပိုင်သေးဘဲ မသိစေနဲ့"

"အေးပါ"

"ငါ နောက်ဖေးလမ်းက စောင့်မယ်"

"အေး"





ဘိုးတောက် ဆင်းပြီးသည်နှင့် ညိုကြီး ကားမောင်းထွက်သွား၏ အသင့်ဖွင့်ထားသည့် တံခါးဝမှာ ကျောက်ဖြူသားလမ်းကလေးအတိုင်း သူ ခပ်တည်တည် လျှောက်ဝင်ခဲ့သည်။

ပေါ်တီကို အောက်မှာ ပလပ်စတစ်ထိုင်ခုံတွေ တန်းစီချထားတာ လူတွေ ထိုင်နေကြသော မြင်ကွင်းထဲ သိပ်မရောက်အောင် လမ်းကို ဘေးက ကပ်လျှောက်ခဲ့၏။

ပြီးတော့ အခြေအနေကြည့်၍ တိုက်ကြီး၏ ဘေးဘက်ကို ဖျတ်ခနဲ ကပ်သည်။ သေချာပါသည် ရှေ့မှာ ထင်ထင်ရှား မရှိ။

သူ နောက်ကနေ ဝင်ခိုနေပြီး လူလစ်သည်နှင့် ထင်ထင်ရှားကို မေ့ဆေးအုပ်၍ ခေါ်ထုတ်မည်။

ပြီးတော့ ခေါင်းဆောင်ကို ချိန်းကာ ထင်ထင်ရှားနှင့် အကျပ်ကိုင်၍ ခေါင်းဆောင်ကို ကိုယ်ချစ်သော မိန်းမတစ်ယောက်အား ကိုယ့်ရှေ့မှာ အမျိုးမျိုး ယုတ်မာပြမည်ဆိုလျှင် ဘယ်ယောက်ျားက ကြည့်နေမှာလဲ။

အထူးသဖြင့် ခေါင်းဆောင်လို ကောင်က ပို၍ ဆတ်ဆတ်ခါ ဖြစ်လိမ့်မည်။

မိန်းမကြောင့် လက်နက်ချ အညံ့ခံ။

မင်းတို့ ဘာဖြစ်ချင်သလဲ ပြော။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါကျမှ ငါတို့ လိုချင်တာ မင်းအသက်ပဲကွဟု အားရပါးရ ပြောပြီး နပ်နပ်စင်းပစ်ခဲ့သည်။

ပြီးတော့မှ ထောင်ပဲကျကျ တစ်ကျွန်းပဲရောက်ရောက် သေစားသေဆိုလည်း သေပါစေ။

ရင်ထဲမှာ ဒီကောင့်ကို မနိုင်လေ ဒေါသတွေ စုပုံထပ်နေခဲ့လေ။

ရည်ရွယ်ချက်တွေ အပြည့်နှင့် ဘိုးတောက် တိုက်ကြီးထဲ ဝင်လာနိုင်ခဲ့သည်။

ဒီဒုက္ခိတမ ဘယ်ရောက်နေလဲ။

လူကောင်းဆိုလည်း အပြင်ထွက်လာမှာကို စောင့်ဖမ်းရုံပဲ။ ခုတော့

"ဟိတ်"

"ဟာ မင်း"

သူ၏ ဟာသံမဆုံးမီ မျက်နှာမှာ ဖောင်းခနဲမြည်ကာ မီးပွင့်သွား၏။

ခေါင်းဆောင်နှင့် ခုလိုကြီး တည့်တည့်လာတိုးလိမ့်မည်ဟု လုံးဝထင်မထားခဲ့သော နီးချောင်နီးဂုက် ခြေလှမ်းတွေ မှားကုန်သည်။

သတိကတော့ မလစ်သေးပါ။

ခါးကြားထဲမှာပါသည့် ဓားကို မှုးမိုက်နေသည့် ကြားကနေဆွဲထုတ်လိုက်သေးသည်။

သို့သော် မတ်မတ်မရပ်နိုင်သေးသည့် သူ့ဝမ်းဗိုက်ကို ထပ်၍ အကန်ခံလိုက်ရတာ ဓားကိုင်လက်မှာ နာကျင်လွန်းသဖြင့် ဘယ်လောက်ထိ ပြောက်တက်သွားမှန်းမသိခဲ့။

ရိုက်ချက်ကန်ချက်တွေက ဗိုက်နှင့်လက်မှာ ဆင့်ကဲ ကိုက်ကျလာပြီး ဘိုးတောက် ဘာမှလှုပ်ရှားချိန် မရလိုက်ဘဲ ဒူးညွှတ်ကျသွားလျှင် ဖက်ပိုးမှာ ပူထူသွား၏။

သူ ဘာဆိုဘာမှ မသိတော့ပါ။

ကြမ်းပေါ်သို့ ဘိုင်းခနဲ လဲကျသွားသောအခါ

"သား ဘာဖြစ်တာလဲ"

"ဟာ သူခိုးလား"

"ဓားနဲ့ပါလားကွယ်"

နာရေးကြောင့် ရောက်နေကြသော လူကြီးတချို့နှင့် ဦးမင်းသော် ပြေးလွှားရောက်လာကြသည်။

သူ ကြမ်းပြင်မှာ ကျနေသော ဓားကို ခြေဦးနဲ့ တိုက်၍ ဘိုးတောက်နားတပ်ပေးလိုက်ကာ

"လူရှုပ်တုန်း ခိုးဖို့ဝင်လာတာပါ ဦး၊ ရဲစခန်းကို ဖုန်းဆက်လိုက်ပါ"





www.burmeseclassic.com

www.burmeseclassic.com



"အေး အေး"

ဘေးလူမသိပေမယ့် သားအဖချင်း နားလည်ကြသည်။

ထိုကိစ္စကြောင့် နာရေးမှာ ရုတ်ရုတ်သဲသဲ မဖြစ်အောင် ထိန်းသိမ်းလုပ်နေကြဆဲ ရှားကို ခေါင်းဆောင် သတိရလိုက်၏။

"ဝေဝေ ရှား ဘယ်မှာလဲ"

"ခုနကတော့ ခြံထဲဆင်းသွားတယ် အစ်ကိုလေး၊ ငိုနေတယ် ထင်တယ်"

ဝေဝေ ပြောသည်နှင့် သူ ခြံထဲ ပြေးဆင်းလာခဲ့သည်။

ဒီကောင့်တွေ တစ်ယောက်တည်းမှ ဟုတ်ရဲ့လား။

ကံကောင်းလို့ နောက်ဖေးဘက် ထွက်လာခဲ့မိသည်။

ဒီအချိန်မှာ ဒီကောင်တွေ ဒုက္ခပေးဖို့ ကြိုးစားလိမ့်မည်ဟု မထင်ခဲ့ဘဲ သူ ပေါ့ဆသွားခဲ့သည်။

မက်ကို ဖမ်းမိပြီဆိုသော အတွေးက နောက်လိုက်နောက်ပါများပါ မိသည်ဆိုတော့ အေးသွားပြီဟု ထင်ခဲ့မိ၏။

ခုတိုင်းဆို အစွယ်အပွားကောင်တွေ ကျန်နေသေးသည်ပေါ့။

ဘယ်လောက်တောင် ကျန်သေးသလဲ။ ဘာတွေလုပ်ဖို့ ကြံစည်နေကြတာလဲ။

ဒီအိမ်ကို နိုးဝင်တာက သူ့ဆီလာတာ မဟုတ်တာတော့ သေချာ





နေသည်။ ဒါဆို ရှားကို အန္တရာယ်ပေးဖို့သာ ဖြစ်သည်။

ဒါမှမဟုတ် ရှားနဲ့သူ့ကို အကျပ်ကိုင်မလို့လား။

တွေးရင်း စိတ်ပူလာမိ၏။

ရှားကိုများ တစ်ဖက်က ဆွဲသွားကြပြီလား။

သူ့ခြေလှမ်းတွေ ပို၍ မြန်ဆန်လာခဲ့၏။

စိတ်စောကာ နောက်ဖေးမှ ခေါင်းရင်းသို့ ပတ်ပြေးခဲ့ပြီး မတွေ့တော့မှ ဒီဘက်က ပြန်ကွေ့ကာ ခြေရင်းဘက်ကို ပြန်ရောက်ခဲ့၏။

တွေ့ပါပြီ။

အပြာနုနု ဝတ်စုံလေးနှင့် ရှားသည် ခုံတန်းပြာလေးထက်မှာ လျှော့ရဲရဲလေး မှီကာ ငြိမ်သက်စွာ ငိုကြွေးနေသည်လား။

ထိုဆီသို့ သူ ကိုယ်ရှိန်သတ်၍ ခပ်သွက်သွက် လျှောက်ခဲ့သည်။

ရှားကို သတိပေးထားမှပါ။

ဒါဟာ သူမအတွက် ပူပန်တာချည်းသက်သက် မဟုတ်။

ကိုယ့်တာဝန်လမ်း ကိုယ့်အတွက်ကြောင့် သူမကို မထိခိုက်စေချင်တာ ဖြစ်သည်။

သူမ ဘေးနားမှာ သူ ရပ်လိုက်မိတော့ မျက်ဝန်းလေးတွေ ယုက်ပိတ်လျက် အိပ်မောကျနေသလို ဖြစ်နေသည့် ရှားကိုယ်လေးက ခွေခေါက်ပုံကျတော့မလို ဖရိုဖရဲလေး ဖြစ်နေသည်။

www.burmeseclassic.com



"ဟင် ရှား"

သူ သိလိုက်၏။ ဒါ ရှား အိပ်နေတာ မဟုတ်နိုင်။

ပါးပြင်ထက်မှာ မခြောက်တခြောက် မျက်ရည်ကြောင်းလေး များနှင့် မျက်တောင်ကော့တို့မှာ မျက်ရည်ဥတွေ ခိုတွယ်နေဆဲ။

"ရှား"

သူ ရှား ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ရင်း နှိုးသည်။

"အင်း"

ရှား သတိရလာသည်။

လူက မထူထောင်သေးမီ ရှိုက်သံက အရင်ထွက်၏။

"ဒယ်ဒီ"

သူ့ကို မော့ကြည့်ကာ ဒယ်ဒီဟု တမ်းတ၏။

ရှား ငိုကြွေးရင်း ရှော့ခ်ရသွားတာ ဖြစ်လိမ့်မည်။

ခါတိုင်းလို ရန်လို မျက်ဝန်းများ မဟုတ်တော့ဘဲ မျက်ရည်တွေ ပြည့်အိုင်လျက် နူတ်ခမ်းသားလေးတွေ တဆတ်ဆတ် ခုန်လာ၏။

ထိုမျက်ဝန်းတို့ကို သူ မကြည့်ရက်နိုင်။

"ရှား မင်း မင်းပင်ပန်းလှပြီ တိတ်ပါတော့"

"ရှား ရှားလေ ဒယ်ဒီ့ကို ပြန်လိုချင်တာ"

"ဖန်တီးလို့ မရနိုင်တာကို မင်းမတောင့်တပါနဲ့ ဒါဟာ လူတိုင်း





ကြုံတွေ့ရမယ့် လောကဓံတရားပါ၊ လူကြီးမို့ လူကြီးရောဂါနဲ့ ဆုံးသွားတာ င်းဖြေပါ"

"ဟင့် ဟင့်အင်း"

ရှိုက်ငိုရင်း ရှား ကိုယ်လေး တုန်ယင်လာပြန်သည်။

"မင်းလည်း ကျန်းမာတာ မဟုတ်ဘူး၊ အနိုင်တို့ကို မင်းမငဲ့တော့ ဘူးလား၊ သူ့မှာ သေတဲ့လူအတွက် ငိုရတာတောင် မဖြောင့်ရှာဘူး၊ မင်းကို လည်ပြန်ကြည့်နေရတာ၊ သေပြီးတဲ့ လူအတွက် ပူဆွေးနေမယ့် အစား ရှိနေသေးတဲ့လူကို မင်း ညှာတာရမှာ"

ရှား မျက်ရည်တွေကို သုတ်ပေးရင်း ရင်ခွင်တစ်ခြမ်းမှာ မှီစေ လိုက်တော့ ရှားခေါင်းလေး သူ့ရင်ခွင်ထဲမှာ နွဲ့ကျလာခဲ့၏။

"ခြံထဲကို ဝေဝေ ချပေးတာလား"

"ဟင့်အင်း ဦးသော် ချပေးတာ"

ရှား လွတ်လွတ်လပ်လပ် စိတ်အပန်းဖြေရအောင် ဖြစ်မည်။

သူမကို အာရုံပြောင်းသွားစေလိုသော စေတနာဖြင့်

"နောက်ကို အိမ်ထဲကနေ သိပ်မထွက်နဲ့နော်၊ အပြင်မှာပဲ ဖြစ်ဖြစ်၊ အထဲမှာပဲဖြစ်ဖြစ် တစ်ယောက်တည်း မနေနဲ့၊ ဝေဝေ့ကို အနား မှာထား"

ရှား မျက်နှာလေး မော့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ညြော် မင်းခြေထောက်တွေက သိပ်မကောင်းဘူးလေ"

ဟု သူလွှဲဖြေလိုက်ပြီးမှ ရှား သေချာသိထားသင့်သည်ဟု ယင်မိသောကြောင့်

"လူတွေရှိသေးလို့ပါ၊ တကယ်ဆို မင်းနဲ့တော့ မဆိုင်ဘူး၊ သူတို့က ကိုယ်နဲ့ သက်ဆိုင်သူကို ဒုက္ခပေးဖို့ တွေးမိလာရင် ပစ်မှတ်က မင်းဖြစ်လာနိုင်တယ်"

ရှား မျက်နှာလေးမှာ အေးစက်မှုတွေ စတင်ပေါ်ပေါက်လာခဲ့၏။ သူ့ရင်ခွင်ထဲမှာ မှီထားသည့် ကိုယ်ကို ထူပစ်ဖို့ ရုန်းဖယ်ရင်း

"ရှင်နဲ့ကျွန်မ ဘာမှမဆိုင်တော့ဘူးဆိုတာ ကြေညာပေးလိုက်ပါ။ ရှင်လည်း အသွားအလာ ဆင်ခြင်ပေါ့"

ခုပဲခြံထဲရောက်နေပြီဆိုတာ သူ မပြောဖြစ်ပါ။

"အဲဒီလောက်ထိ ပြင်ဆင်ဖို့ အချိန်မရတော့ဘူး ရှား၊ မင်းဟာ ကိုယ့်မိန်းမဆိုတဲ့ အငွေ့အသက်တွေ ရိုက်ခတ်နေသမျှ ဒါတွေ ဖြစ်လာနိုင်တယ်"

သတင်းစာထဲ ထည့်လိုက်ရင် ရှင်းပါတယ်ဟု ပြောမိအံ့ဆဲဆဲမှာ မာမို့မျက်ရည်တွေကို မြင်ကာ ရှား ဆွံ့အသွားခဲ့၏။

စူးရဲတောက်လက်နေသည့် မျက်ဝန်းတို့ကို သူမ မော့ကြည့်





နေမိဆဲ ခေါင်းဆောင် မျက်လုံးတွေ တွန့်ခနဲ လှုပ်ခတ်သွားကာ

"မင်းပြောချင်နေတာ ကိုယ်သိတယ်၊ ဒါပေမဲ့ ဒီရက်ပိုင်းမှာတော့ မင်းနားမှာ ကိုယ် ရှိနေဦးမှာပဲ"

သူ ရှားလက်ချောင်းကလေးတွေကို ဆုပ်ကိုင်လိုက်သည်။

ရှား ရုန်းပေမယ့် အင်အားမပါ။

မျက်ဝန်းမှ မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် ကျလာသောအခါ သူ့ကြောင့်လား၊ ကိုယ့်ကြောင့်လား မသိနိုင်သည့် အဖြစ်အတွက် သူ့ရင်ထဲမှာ အောင့်သွားမိသည်။

"မင်း ကိုယ့်ကို အခွင့်အရေးယူတာလို့ ထင်သွားတာလား၊ ကိုယ် အဲဒီလို မဟုတ်ဘူးနော်၊ မိတ်ဆွေတစ်ယောက်ကို သန့်သန့်စင်စင်ထားမိတဲ့ စေတနာတွေလည်း ပါတယ်၊ ပြီးတော့ မင်းကို စိုးရိမ်လို့"

မျက်တောင်ရှည်တို့ ဖျတ်ခနဲ ပင့်တက်သွားလျက် သူ့ဆီကို မျက်ဝန်းညိုလေးတွေ ရောက်လာသည်။

မျက်ရည်တွေ ပြည့်ဝိုင်းနေသည့် ထိုမျက်ဝန်းလေးတွေကို ကြာကြာ မကြည့်ရက်ဘဲ ရှား ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်မိသည်။

သူမ ရုန်းနေသည်လား မသိ။

ဒါပေမဲ့ သူ ဖွတ်ပဲ ဖက်ထားခဲ့မိသည်။

ရင်ထဲမှာ မြတ်နိုးယုယလိုသော ချစ်စိတ်တို့ကို နှုတ်မှပြောမှ



www.burmeseclassic.com

www.burmeseclassic.com



သန့်စင်စေလို့ရပါမည်။

ရှားရယ် မင်းမျက်ရည်တွေနဲ့ ငါ့မာနတွေ ပျော်ပါတော့မယ် ထင်တယ်။

■ ■ ■



## အခန်း (၂၆)

သူ မပြန်ဖြစ်အောင် အမျိုးမျိုး လှည့်ပြောနေမှန်းကို ခေါင်းဆောင်က သိသည်။

ပြန်ဖို့လည်း ဆုံးဖြတ်ပြီးသား ဖြစ်နေ၏။

ညှို့သည်ဟာ ညှို့သည်ပါပဲ။ အချိန်တန်ရင် ပြန်ရမှာပဲ ဖြစ်သည်။

ကိုကို့အစား သူ ဟန်ဆောင်ကြားဝင်ခဲ့သည်။

ဒါဟာ ပြဿနာတစ်ခုကြောင့် မရည်ရွယ်ခဲ့ဘဲ ဖြစ်၏။

ကိုယ်တိုင်ကလည်း စိတ်ပါလို့ မဟုတ်ဘူးဆိုတော့ မာနတွေနှင့် စကားတွေ အမူအရာတွေ လွှန်ခဲ့ကျွံခဲ့ပြီးပြီ။

ပြောသလိုမှ လုပ်မပြနိုင်လျှင် သူဟာ အလကား ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့မည်။ သူ၏ ဟန်ဆောင်မှုကို ခွင့်မလွှတ်နိုင်အောင် မုန်းတီးနေ
သော ရှား ရင်ထဲမှာ ကိုကို ရှိနေခဲ့တာ မဖြစ်နိုင်ဘူးလား။

ထို့ကြောင့် ရှားကို သူ ဘယ်တော့မှ ပေါင်းဖက်ဖို့ မကြိုးစား
တော့ပါ။

သားရေအိတ်လေးကို ဖော်ဖွဲပိုက်နေသော သူ့နားကို ဦးမင်း
သော် လျှောက်လာ၏။

"ဦးရဲ့ သဘောကတော့ ရှားနဲ့ ပြန်ပေါင်းရေး မပေါင်းရေးထက်
ခုလောက်မြန်မြန်ကြီး သား မပြန်သင့်ဘူးလို့ ထင်တယ်ကွယ်"

"မမြန်ပါဘူး၊ ဟိုမှာ ကျွန်တော့်လုပ်ငန်းတွေ ပစ်ထားခဲ့ရတာက
ကြာလှပါပြီ"

"လူမရောက်ပေမယ့် လူလေး ဖုန်းနဲ့စာနဲ့ ဟိုကလူလည်းလာ
တယ်၊ အဆက်အသွယ် မပြတ်ခဲ့ဘူးလေ၊ ပြီးတော့ သားမှာ စိတ်ချ
အားထားရတဲ့ လူယုံတွေ ရှိနေတာပဲ၊ မင်း ပြန်မယ်ဆိုကတည်းက
မင်းအမေ တငိုငိုနဲ့ကွယ်၊ နည်းနည်းတော့ စဉ်းစားပါဦး၊ ဟိုမှာက မင်း
ပြန်လည်း မျှော်မယ့် ငိုမယ့် သံယောဇဉ် မရှိပါဘူး၊ ဒီမှာက မင်းအမေ
ဦးကိုမင်းက စာရင်းထဲ သွင်းချင်မှ သွင်းမှာပေမယ့် ဦးကတော့ သားကြီး
အစားရတယ်လို့ ထင်မှတ်ပြီးသားပါ၊ ဒီတော့ ဒီက မိသားစုကို ပြန်ငဲ့ပါ
ကွယ်"





"ကျွန်တော် ပြန်လာဦးမှာပါ"

ပြော၍ သူ ဂျာကင်ဝတ်လိုက်၏။

"နောက်ပြန်လာမှာက ခုပြန်သွားမှာလောက် အရေးမပါတော့
ဘူး သား။ မင်းအမေမှာ သားလေး မင်းတစ်ယောက်ပဲရှိတော့တာ၊
ဟိုတုန်းက သားကြီး ရှိနေကတည်းက မင်းရဲ့ဓာတ်ပုံကို ကိုင်ပြီး သူ
ငိုခဲ့ရတာ"

"သား"

သူ ထရပ်လိုက်သည်နှင့် ဒေါ်ဖင်မာ မျက်ရည်အရွှဲသားနှင့်
ဝင်လာကာ သူ့ကို ပွေးဖက်တော့သည်။

"သားလေး မင်း မေမေ့ကို ခွဲထားရက်တယ်ပေါ့ ဟုတ်လား။
သား မေမေ့ကို ဘယ်လို အင်အားတွေနဲ့ရက်စက်နိုင်တာလဲဟင်၊ မေမေ
လေ သားရဲ့ ဖေဖေနဲ့ စိတ်သဘောချင်း မတိုက်ဆိုင်လို့ ကွဲခဲ့ပေမယ့်
သားရဲ့ ဖေဖေ သက်ရှိထင်ရှား ရှိနေသမျှ သစ္စာမပျက်ခဲ့ပါဘူး။ သားရဲ့
ဖေဖေ ဒေါသမာနတွေ ထားပြီး သားကို မေမေနဲ့ တွေ့ခွင့်မပေးခဲ့ပေမယ့်
မေမေ တစ်နေ့မှ မေ့လို့ မရခဲ့ပါဘူး၊ သားရယ်"

"မေမေ"

သူ မေမေ့ပန်းကို ဆုပ်ကိုင်၍ မျက်ရည်တွေကို သုတ်ပေးလိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သားဆိုပေမယ့် ဒေါ်ဇင်မာသည် ခေါင်းဆောင် အရပ်ကြီး ကို မျက်နှာမော့၍ စကားပြောနေရင်း ကော်လံစ နှစ်ဖက်ကို တယုတယ ဆွဲကိုင်ထားမိရင်းမှ

"သားလေး မေမေ့ကို အမြင်ရှင်းတယ်ဆိုရင် မေမေ့ကို မထား ခဲ့ပါနဲ့ သားရယ်၊ မေမေလေ သားကို လာခေါ်ကတည်းက ခဏလေး အစားထိုးဖို့ မဟုတ်ဘူး၊ ရှားနဲ့လက်ထပ်ပေးပြီး မေမေ့သားကို မေမေ ထာဝရပိုင်ဆိုင်ခွင့်ရဖို့ပါ၊ အခု ရှားနဲ့ကိစ္စကို ဖွင့်မတိုက်တွန်းတော့ဘူး သားရယ်၊ မေမေ့ဆီမှာပဲ နေပါနော်"

သူ ဘယ်လိုမှ မငြင်းသာအောင် ဖွင့်ပြောနေရှာသည့် မေမေ့ကို ငုံ့ကြည့်၍ ခေါင်းဆောင် ပြောမထွက်အောင် ဖြစ်နေမိသည်။

မေမေ့ကို အထင်လွဲ၍လည်း မဟုတ်၊

ဟိုမှာ လူလွဲနှင့် စိတ်မချတာလည်း အဓိက မဟုတ်ပါ။

သူ့စိတ်တွေ လေနေတာက အချစ်ကြောင့်ပဲ ဖြစ်၏။

ချစ်တဲ့စိတ်က ကြီးမားလာလေ ငါသွားမှ ဖြစ်တော့မှာဆိုသည့် စိတ်က ပို၍ ပြင်းထန်လာလေ။

ရှေ့နောက်ဝဲယာ ဘယ်ဘက်က ကြည့်ကြည့် လှနေသော သူ့အပေါ်လည်း ဘယ်တော့မှ အကောင်းမြင်မှာ မဟုတ်သည့် ရှားကို သူ မြတ်မြတ်နိုးနိုး ချစ်မိနေပြီ။





ဒါဟာ ရှင်းဖို့မလွယ်သော ပြဿနာတစ်ခုဖြစ်သည်။

ရှင်းဖို့ နည်းလမ်းက သူ ဒီက အမြန်ဆုံး ထွက်သွားဖို့သာ။

"မေမေ ပြောတာတွေ ကျွန်တော့်စိတ်ထဲမှာ ဘာမှ မရှိပါဘူး မေမေ၊ အားလုံးဟာ အစကတည်းက သူ့အတိုင်း သူရှိခဲ့တာပါ၊ အခု ပြန်မှာက ထာဝရ မဟုတ်ပါဘူး၊ ကျွန်တော် ခဏဖြစ်ဖြစ် ပြန်မှဖြစ်မှာ မေမေ၊ ကျွန်တော့်ကို မထားပါနဲ့တော့၊ နောက်ဆို ရန်ကုန်ကို ကျွန်တော် အိမ်ဦးနဲ့ကြမ်းပြင်လို သွားလာနေတော့မှာပါ"

"သွားလာနေတော့မှာဆိုတော့ မေမေ့ဆီမှာ နေမှာတော့ မဟုတ်သေးဘူးပေါ့"

ထပ်၍ စီးကျလာသည့် မျက်ရည်တို့ကို သုတ်ပေး၍ သူ ပြုံးလိုက် မိသည်။

"လုပ်ငန်းကိစ္စတွေ ရှိသေးတယ် မေမေ၊ ဒါတွေ ရွှေ့ပြောင်း ရပ်သိမ်းဖို့က အချိန်ယူရဦးမှာ"

"သားရယ်"

ဒေါ်ဇင်မာကဒို သားဖြစ်သူက ချော့နှင့် ဦးမင်းသော် အခန်း ပြင်မှာ ရပ်ရင်း မျက်နှာမကောင်းစွာ ဖြစ်နေခဲ့၏။

ဇနီးသည်အပေါ် အမြဲထာဝရ စိတ်ချမ်းသာစေချင်ခဲ့၍ ကိုယ် တိုင်လည်း ကြိုးပမ်းခဲ့သမျှ ဒီပွဲမှာတော့ သူ မတတ်နိုင်ဘဲ ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သားအမိကြားမှာ ဘေးကနေ ငုတ်တုတ်ထိုင်ကြည့်နေရသည့်အဖြစ်အတွက် ရင်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်။

တကယ်ဆို သူလည်း ခေါင်းဆောင်ကို ချစ်သည်။

ပထွေးမို့ သန့်စင်စွာ ချစ်ပါသည်ဆိုလျှင် မတန်မရာ ပြောသည်ဖြစ်မည်။ ဦးစိုးကို သူချစ်ခဲ့သလို ခေါင်းဆောင်ကိုလည်း သူ ချစ်မိသည်။

နှစ်ယောက်ဟာ ရုပ်ချင်းခွဲမရအောင် တူနေတာလည်း ပါသည်။

တစ်ယောက်က နူးညံ့၍ သူ့အပေါ် ကြင်နာခဲ့သည်။

ဒီတစ်ယောက်ကတော့ ခပ်စိမ်းစိမ်းနေသော်လည်း ငုတ်ကျိုးနေသည့် နူးညံ့စိတ်လေးမှာ သူ့ကို ပစ်ပစ်ခါခါ သဘောမထားခဲ့။

အေးစက်စက် ထုံခဲနေတတ်သည့် မျက်နှာသည် ဦးစိုး မျက်နှာလို နှစ်လိုဖွယ် အပြုံးတွေ မရှိခဲ့ပေမယ့် သူ ချစ်ခဲ့မိပါ၏။

ဒီသားကို ထပ်၍ လက်မလွှတ်ချင်တော့။

သို့သော် သွားဖို့ပြင်နေပြီဖြစ်သည့် ခြေလှမ်းတို့ကို တားဆီးနိုင်ဖို့ကျတော့ သူ့ဘက်က အင်အားမဲ့နေခဲ့၏။

''သား မင်း ဦးရဲ့ကားကို ယူသွားပါ''

ခေါင်းဆောင်ကို ဦးမင်းသော်က အဆင်သင့် ကိုင်ထားသည့်ကားသော့ကို လှမ်းပေး၏။

ခေါင်းဆောင်က မယူဘဲ သူ့ကို ပြန်ကြည့်သည်။





''ကျွန်တော် ဟိုမှာ''

''နေပါ လူလေး။ အဆင်ပြေမှ ပြန်လာခဲ့၊ ဒါ လူလေး မေမေ့ကား။ ဦးက လက်ဆောင် ဝယ်ပေးထားတဲ့ မင်းမေမေရဲ့ ကားပါ။ ယူသွား၊ အိမ်မှာ ကားတွေ ရှိသေးတာပဲကွယ်''

''ဟုတ်ပါတယ် သားရယ်၊ ယူသွားပါ သား၊ ဒီအတိုင်း ထွက်သွားရင် မေမေ ရင်ကွဲနာကျရလိမ့်မယ် ယူသွားပါ''

သူ ကားသော့ကို ယူလိုက်တော့ သူ့လက်ဖမောင်းကို ဒေါ်ဖင်မာ တင်းကျပ်စွာ ဖက်ကာ

''သားလေး ဖုန်းခဏ ခဏ ဆက်နော်''

''ဟုတ်ကဲ့ပါ''

''လူကြုံရှိရင်လည်း စာရှည်ရှည် ရေးပို့လိုက်နော်၊ လက်ရေးလေးတွေ မြင်ရတော့ သား မျက်နှာလေးကို မြင်နေရသလိုပဲ''

သူ ဆံပင်တစ်ချက်သပ်ရင်း ရင်ထဲမှာ နင့်သွားတာကို ဖုံးကွယ်မိသည်။

''သား ဟို မင်းအစ်ကိုရဲ့ ရန်သူတွေလည်း အစအန ကျန်သေးတယ်ဆို၊ အဲဒါတွေကို ဂရုစိုက်ဦးနော်''

မေမေ မပြီးဆုံးနိုင်စွာ မှာနေသမျှ ကားထွက်သည်အထိ သူ့စိတ်မကောင်းစွာ ကြားနေရသည်။

www.burmeseclassic.com



သံယောဇဉ် မီးဟာ ဒါပဲထင်ပါသည်။

အမြဲတမ်းပေါ့ပါးနေခဲ့သော ရင်ထဲမှာ ပူလောင်ပြင်းထန်နေခဲ့သည်။ ခပ်မှန်မှန် ပြေးလိမ့်နေသည့် ကားပေါ်မှာ သူသည် ဆုံးဖြတ်ချက်တို့ အရောင် မှေးမှိန်လွင့်ပြယ်လျက် ရှိခဲ့ပြီ။

■ ■ ■



## အခန်း (၂၇)

မာမီ ဖုန်းပြောနေတာကို အစိုပ့ါယ်မဲ့ ငေးကြည့်နေမိဆဲ မာမီ ဖျတ်ခနဲ လှည့်လာပြီး 'ခေါင်းဆောင် ဆက်တာ သမီး' ဟု ပြောလိုက်လျှင် မျက်တောင်ရှည်များနှင့် တဖျပ်ဖျပ် ခတ်ဖယ် သိမ်းဆည်းနေရသော မျက်ရည်တို့က တစ်ချက်တည်း ပြည့်လျှံသွား၏။

မာ့မိုရှေ့မှာဆိုသည့် အသိနှင့် ဟန်ဆောင်ဖို့လည်း သတိမရတော့။ လှုပ်ခတ်နေသည့် နှုတ်ခမ်းသားတို့ကို ဖိကိုက်ချုပ်ထားသည့်ကြားမှ ခဏလေးအတွင်းမှာပဲ ရေပူစမ်းက လျှံလေ၏။

"ရော့ သမီး"

မာမီ အနားရောက်လာပြီး ဖုန်းပေးသည်။

မမြင်ရတုန်းက ရှေ့မှာ လူရိပ်တွေ့လျှင် အသံကို မှန်း၍



www.burmeseclassic.com

www.burmeseclassic.com



အလိုက်သင့် ပေးယူလို့ရ၏။

နတော့ မျက်ရည်တို့ဖြင့် ကာဆီးနေကာ မြင်လွှာသည့် ရုတ်တရက် ဘာဆိုဘာမှ မမြင်ခဲ့။

လက်ထဲထိ ထည့်ပေးတော့မှ ဖုန်းကို ဆုပ်ကိုင်မိသည်။

နားမှာ မကပ်ဖြစ်သေး။

ရှင် ထွက်သွားပြီဆိုတာ ကျွန်မ သိနေပြီပဲ။ ရှင် ဘာထပ်ပြောမှာလဲ။ သွားမယ်ဆိုလည်း သွားပါတော့။

"သမီး နားထောင်လိုက်လေ၊ သူ စောင့်နေလိမ့်မယ်"

မာမီ သတိပေးသည်။

နားမှာ ဖုန်းကပ်လိုက်မိ၏။

"ပြောပါ"

မျက်ဝန်းထဲမှာ မှိုးရွာနေသော်လည်း မာနက နှုတ်ခမ်းများမှာ တင်းနေဆဲ။

ဒေါ်မွှင့်ဖြူ စိတ်မသက်သာစွာ ခေါင်းရမ်းမိ၏။

သူမ သဘောပေါက်သွားပါပြီ။

အချစ်တွေက ဒီလိုရှိခဲ့ကြတာပဲ။

သို့သော် ထိုသို့သော အချစ်စိတ်တို့သည် အသက်ရှူကိုပင် အသေခံ၍ ဟန်ဆောင်ဖုံးကွယ်တတ်ကြတာ ရာဇဝင်ထဲမှာ သူမ ဖတ်ဖူးခဲ့သည်။





မာနနဲ့အရှက်ကိုသာ ရှေ့တန်းတင်၍ အသေခံသွားခဲ့သော ...သူဌေးသမီးလို ဖြစ်မှာတော့ နိုးလှပါ၏။

အနားမှ ထွက်ခွာသွားခဲ့သော မာမီ့ကို ငေးကြည့်ကာ ရှား...င့်သက်ရှိုက်၍ အားယူ၏။

တကယ်တော့ သူမ ဘာမှမပြောလိုက်ရပါ။

"နှုတ်ဆက်ချင်လို့ပါ၊ ကိုယ် ခု ကားပေါ်မှာလေ၊ တော်သားခေါင်း တောကိုပြန်ပြီပေါ့၊ မင်း စိတ်ချမ်းသာစေချင်တာက အဓိကပါ၊ ကိုယ်တိုင် မလာချင်တော့လို့ ဖုန်းဆက်လိုက်တာ၊ အန်တီ့ကိုလည်း တောင်းပန်လိုက်သေးတယ်၊ မင်းကတော့ ကျေနပ်မယ် ထင်တယ် ဒါပါပဲ"

ဟုတ်တယ် ကျေနပ်တယ် ရှင် ပြန်သွားပါ။

ဖုန်းကို ကိုင်ထားလျက် စကားပြောတာလည်း မတွေ့။

နားကလည်း မခွာ၊ မျက်ရည်ပြည့်အိုင်သော မျက်ဝန်းတို့က ရှေ့တူရူမှ မရွေ့လျားဘဲ ကျောက်ဆစ်ရုပ်လေးလို တောင့်တောင့်လေး ငြိမ်သက်နေသည့် ရှားကို အတန်ကြာ ရပ်ကြည့်နေမိရင်း စိုးရိမ်စိတ်တို့ ဖြစ်ကာ ဝေဝေ ရှေ့တစ်လှမ်းတိုး၏။

ထိုစဉ် ရှား မျက်ဝန်းတွေ သူမထံ ဖျတ်ခနဲ ရွေ့လျားလာပြီး

"ဘာရပ်ကြည့်နေတာလဲ"

"ရှင် ဟို ဟို"



www.burmeseclassic.com

www.burmeseclassic.com



''သွား ဝေးဝေး သွားနေ''

''ဟုတ်ကဲ့ မမလေး''

ဝေဝေ ထိတ်လန့်ကာ ခလုတ်တိုက်မတတ် ပြေးလွှားလာစဉ် တံခါးဝမှာ ဒေါ်ပွင့်ဖြူနှင့် တိုက်မိတော့သည်။

''ဟယ် မေမေကြီး ကန်တော့ ကန်တော့ပါရဲ့ မေမေကြီးရယ်''

ဒေါ်ပွင့်ဖြူ ဝေဝေ့ကို အပြစ်မယူပါ။

သမီး လက်ထဲက ဖုန်းကို သူမကိုယ်တိုင် ပြန်ယူ၍ နေရာမှာ ပြန်ထားလိုက်သည်။ ပြီးတော့ ဒီဘက်ပြန်လှည့်လိုက်ပြီး

''သမီး ဒီနေ့ အရိုးအကြော ပါရဂူနဲ့ ပြဖို့ ချိန်းထားတယ်လေ၊ ရေသွားချိုးတော့နော်''

ရှား မာမီ့မျက်နှာကို မော့ကြည့်၍ မျက်ရည်တွေကို ကုန်စင်အောင် သုတ်ပစ်လိုက်မိ၏။

''မာမီ''

''ဟင် သမီး''

''ရှား မျက်ရည်ကျတာကို မာမီ ဘယ်လိုတွေးလဲဟင်''

''သမီးရယ်''

''ရှား ရှား ခံပြင်းလို့ပါ မာမီ၊ ဒါတွေဟာ ရှားသဘောနဲ့ ရှား လုပ်ခဲ့တာ ဆိုပေမယ့် အခု သူ့ အပြုံးတိုင်းဟာ ရှားကို သိက္ခာကျ





အရှက်ရစေတာ ရှားကို ခေါင်းစဉ်တပ်ပြီး နှိုးဖွဲ့ပစ်နေတာက သူ၊ ရှားက ရှားသဘောနဲ့ရှား ဖြစ်စေတာလည်းရှား၊ ပျက်စေတာလည်း ရှားကပဲ ဖြစ်ချင်တာ၊ အခု သူကချည်းပဲ လုပ်သွားတာ မာမီ ရှားပါးစပ်ဟလိုက်တာနဲ့ သူက ပြောပြီးပြီ၊ ဒီမှာ ခြေလှမ်းမပြင်ရသေးဘူး။ သူက ထွက်သွားပြီး သူ ဆုံးဖြတ်နေတဲ့အတိုင်း ရှားက ခံရသလို ဖြစ်နေပြီ၊ အဲဒါ မာမီ တွေးကြည့်ပါဦး၊ ဘယ်လောက် ခံပြင်းဖို့ကောင်းလဲ ဟင်''

ဒေါ်ပွင့်ဖြူ ရှားလက်ကလေးကို တယုတယ ဆုပ်ကိုင်ရင်း အနားမှာ အတူတွဲထိုင်လိုက်၏။

''သမီးရယ် လူတစ်ယောက်အတွက် လိုချင်သမျှ အားလုံးကို တစ်ပြိုင်တည်းမှာ ပြည့်စုံအောင် ရကြတယ်ဆိုတာ မရှိပါဘူး၊ တစ်ခုကို လိုချင်ရင် တစ်ခုကို စွန့်လွှတ်ရမယ်၊ ကိုယ့်လက်ကိုယ်တောင်မှ သမီးရဲ့ လက်တစ်ဖက်ကို မှန်ထဲမှာ ဖြန့်ပြီး ထောင်ကြည့်ပါလား၊ လက်ဖဝါးနဲ့ ထောင်ရင် လက်ဖဝါးပဲမြင်မယ်၊ လက်ဖမိုးနဲ့ထောင်ရင် လက်ဖမိုးပေါ့၊ မှန်ထဲမှာ ယှဉ်ကြည့်ချင်လို့ ရမလား၊ သူက သမီးမှမဟုတ်ဘဲ သမီးဖြစ်စေချင်တာ တစ်ခုကိုပဲ သူ လိုက်လျောမှာပေါ့၊ သမီးရဲ့ အလိုအားလုံး ပြည့်စေဖို့ဆိုတာ သူ့မှာလည်း ခံစားချက်ရှိနေမှာပဲ၊ သမီးကို သူ ပေးနိုင်တာ ပေးပြီး မပေးနိုင်တာကို ဆုံးရှုံးရသမျှနဲ့ ဆောကြောပစ်ချင်ပစ်မယ်''

''ဘာကိုလဲ မာမီ''



www.burmeseclassic.com

"အချစ် ဒါမှမဟုတ် မာန တစ်ခုခုပေါ့၊ အဲဒီတစ်ခုခုကို သူ ဆုံးရှုံးခဲ့မယ်ဆိုရင် သူ့ရင်ဟာ အကောင်းတိုင်း ရှိပါ့မလား၊ ဉပမာ စကားနဲ့ မနိုင်လို့ ဖက်ကိုက်တာမျိုးပေါ့၊ အခု သမီးဖြစ်ချင်တဲ့အတိုင်း သူ ကွာရှင်းပေးသွားပြီပဲ၊ သူ နှုတ်ဆက်တာဟာ ပန်းကုံးနဲ့ပဲဖြစ်ဖြစ် ခဲလုံးနဲ့ပဲပေါက်ပေါက် သမီး ခွင့်လွှတ်လိုက်ပါ"

ဒေါ်မွှင့်ဖြူက နားချဖျောင်းဖျရင်း ရှား နဖူးလေးကို နမ်းလိုက်သည်။

"ကောင်းပါပြီ မာမီ၊ အဲဒီကိစ္စကို ထားလိုက်ပါတော့၊ ရှားကို မာမီ နားလည်တယ်ဆိုရင် ကျေနပ်ပါပြီ"

နားလည်တာပေါ့ သမီးရယ် ဒို့ထက်ကို ပိုပါတယ်။

ဒေါ်မွှင့်ဖြူ ပြုံးလိုက်မိပေမယ့် နှုတ်ကတော့ ဖွင့်မပြောဖြစ်ခဲ့ပါ။

ရှားက နေရာမှ ခပ်ဖြည်းဖြည်းထရင်ကာ ဆိုဖာကျောမှီကို ထောက်ကိုင်အားပြု၍ ကျောဘက်ထိ လျှောက်သွား၏။

ဒေါ်မွှင့်ဖြူ ပျာပျာသလဲ လိုက်ထရင်း ဖေးမမည်ပြုပေမယ့် ရှားက သူမဘာသာ ဆိုဖာမှာပဲ တင်ပါးလေးနဲ့ မှီ၍ ရပ်လိုက်၏။

"မာမီ"

"ဟင် ပြောလေ သမီး"

"အခု မာမီနဲ့ရှား နှစ်ယောက်ထဲ ရှိတော့တာ၊ လုပ်ငန်းတွေ





အားလုံးကိုလည်း မာမီကသိပ်သိတာ မဟုတ်ဘူး။ ဒီကြားထဲ ရှားကို ဂရုစိုက်နေရသေးတယ်"

"ဩော် သမီးရယ် အခုဆို အခြေအနေကောင်းနေပြီပဲ၊ နောက်ထပ် ကုရရင် တစ်လ နှစ်လပေါ့၊ ဒီလောက်နဲ့ မာမီတို့ စီးပွားဥစ္စာတွေ ကုန်ခမ်းလေလွင့်မသွားနိုင်ပါဘူးကွယ်"

"မဟုတ်ဘူး မာမီ၊ လူယုံဆိုတာ ဇာတ်လမ်းတွေ စာအုပ်တွေ ထဲမှာပဲရှိတတ်တာ ရှား ဘယ်သူ့ကိုမှ မယုံဘူး၊ ကြာရင် ရှားတို့ သားအမိကို လူတွေ အထင်သေးပြီး အစက ရှိုးနေတဲ့ လူကောင်း ဆန်းလာနိုင်တယ်၊ လုပ်ငန်းထဲမှာ လိမ်တာ ညာတာ ဝှက်တာခိုးတာတွေ ဖြစ်မလာဘူးလို့ မပြောနိုင်ဘူး"

"အဲဒါ သမီးက ဘာလုပ်ချင်လို့လဲ ပြောပါဦး"

"ဦးလေးတိုးနဲ့ ကိုအာကာ နှစ်ယောက်ထဲမှာ ဦးလေးတိုးကိုတော့ ယုံသင့်တယ်၊ ကိုအာကာက အသုံးအစွဲ ကြီးတယ်၊ ပကာသနမက်တယ်၊ မိန်းမလည်း ရှုပ်တယ်၊ သူ့ကို မယုံကြည်ထိုက်တဲ့ စာရင်းထဲ ထည့်ပြီး အလုပ်က ထုတ်ပစ်ချင်တယ်"

"အို သူ ခုချိန်ထိ ဘာအမှားမှ မလုပ်ခဲ့သေးတာကို သမီးရယ်၊ လူရိုးတွေ ငြိုးမှ ပိုကြောက်စရာကောင်းတာ၊ သူ့ကိုဖြုတ်ပြီး သမီးက ဘာလုပ်နိုင်မှာလဲ"

www.burmeseclassic.com



"လူရိုးမဟုတ်ပါဘူး မာမီ၊ သူ့မှာ အပြစ်တွေ ရှိခဲ့မှုတော ဒယ်ဒီ ဒိုင်ယာရီထဲမှာရော နှစ်ချုပ်လယ်ဂျာ တချို့မှာပါ ရှား တွေ့ထား တယ်၊ ဒါပေမဲ့ ဒယ်ဒီက ကျွန်းမာရေးက မကောင်း၊ လုပ်သက်ကြာလာတဲ့ လူတစ်ယောက်ကို ပြုပြင်ယူသွားလို့ ရရင် ကောင်းလာမှာဆိုတဲ့ သည်း စိတ်နဲ့ မဖြုတ်ခဲ့တာ၊ ခုဆို ဒယ်ဒီ မရှိတော့ဘူး၊ လုပ်ငန်းတွေကို သိထား တဲ့ ရှားက ဒုက္ခတာ၊ ဦးလေးတို့ ဘယ်လောက်ပဲ ရိုးသားတယ်ဆိုဆို ကျောက်စိုင်ကျောက်သားတောင် တိုက်စားမှုကို မခံနိုင်ဘူး။ သူတို့ မှ ပေါင်းမိမသွားခင် ရှား ကာကွယ်ချင်တယ်"

"သမီးရယ် သမီးက လူကောင်းဆိုရင် သမီးတွေးတာ စိစဉ်တာ တွေအားလုံးကို မာမီ ဝမ်းသာအားရ အားပေးမိမှာပါ ခုတော့ သမီးက လူမမာ မာမီက နားမလည်ပါးမလည်၊ အေးဆေးပဲ နေပါကွယ်၊ ပစ္စည်း ဥစ္စာဆိုတာ စားထိုက်မှ စားရတာ၊ ထိပေါက်ပြီး ပေါက်တဲ့သူက မရဘဲ တခြားတစ်ယောက်က ရသွားတာတွေ ဒုနဲ့ဒေး၊ လူလိမ်ခံရတော့လည်း အလှူပေါ့၊ ဒီလုပ်ငန်းတစ်ခု ပြုတ်သွားတာနဲ့ မာမီတို့ မွဲသွားမှာ မဟုတ်တာ"

ဒေါ်ပွင့်ဖြူ ပြောသော်လည်း ရှား လက်မခံပါ။

"တစ်ခုတည်းပြုတ်သွားပြီး ပြီးသွားမှာ မဟုတ်ဘူး မာမီ၊ ဒီ နေရာမှာ ပန်းကြွေမှန်းသိရင် ပန်းကောက်မယ့်သူ လာမှာပဲ၊ ကောက်သူ

ဗ၂၂း၈၁၄၉



တွေများလို့ ပန်းက ကြွေစရာမရှိတော့ရင် တံခြူနဲ့ရိုက်ချကြမှာ၊ ကိုယ့် ပစ္စည်းနဲ့ကိုယ် လူအသနား မခံနိုင်ဘူး၊ ရှား ဦးလေးတိုးနဲ့အတူ ပွဲရုံမှာ ထိုင်မယ်"

"ဘယ်လို ဘာပြောလိုက်တယ် သမီး"

နားကြားများ မှားသွားသလားဆိုသော မျက်နှာနှင့် ဒေါ်ပွင့်ဖြူ မျက်လုံးပြူးလျက် ရှား မျက်နှာကို သေချာကန်းကြည့်သည်။

ရှားကတော့ ဆုံးဖြတ်ပြီးသားပါ။

အိမ်မှာထိုင် သူ့များပြုစုတာ ခံပြီး တွေးငေးနေမယ့်အချိန်တွေ ကို အကျိုးရှိရှိ အသုံးချချင်သည်။

ဒယ်ဒီ့ စာရင်းနှင့် ဒိုင်ယာရီတွေကို ဖတ်ရှု၍လည်း စိုးရိမ်မိ၏။

အထူးသဖြင့် ဒယ်ဒီ့ ခြေရာလက်ရာတွေ ရှိနေခဲ့သော စားပွဲ မှာ ထိုင်ချင်သည်။ ဒယ်ဒီ သံယောဇဉ်ကြီးစွာ အုပ်စီးခဲ့သည့် လုပ်ငန်း မို့လည်း ပျက်စီးမခံနိုင်။

"သမီး သမီးက ကောင်းကောင်း သွားလာနိုင်တာ မဟုတ်ဘူး လေ၊ ဘာတွေပြောနေတာလဲ သမီးရယ်၊ မာမီ့မှာ ဒီသမီးလေးပဲ ရှိတော့ တာ၊ စည်းစိမ်တွေကို ဆုံးရှုံးခံနိုင်တယ်၊ သမီးကိုနည်းနည်းလေးမှ မထိ ခိုက်စေချင်ဘူး"

"ဘာထိခိုက်စရာ ရှိလဲ မာမီ၊ ကိုယ့်လုပ်ငန်း ကိုယ်ဦးစီးတော့

ဗ၂၂း၈၁၄၉

www.burmeseclassic.com

www.burmeseclassic.com



ဟာ''

''ထိုနိုက်နိုင်တာပေါ့ သမီးရယ်၊ သမီးက အခု သန်သန်စွမ်းစွမ်း မှမဟုတ်တာ၊ ဒီကြားထဲ အာကာ့ကို အလုပ်ဖြုတ်ပစ်မယ်၊ အဲဒီမှာပဲ လူမှန်းခံရပြီ၊ ပြီးတော့ သမီးဟိုမှာ စာရင်းတွေ ပြန်ကိုင်ရင် မှုမမှန်တာတွေ တွေ့လာမယ်၊ အဲဒီကျ သမီးက ခွင့်လွှတ်မှာ မဟုတ်ဘူး။ အလွန်ဆုံး အုပ်ပူကြိမ်းမောင်းတာ ရှိမှာပဲ၊ သူ့လို ဒုက္ခိတကများ လုပ်ငန်းထဲမှာ ကြီးကြီးကျယ်ကျယ် ဝင်လုပ်တယ် ဆိုတဲ့ မိုက်ရိုင်းစိတ်နဲ့ တစ်စုံတစ်ယောက်က အငြိုးထားနေတာမျိုး ရှိရင်ကော သမီး ကြိုသိမလား။ ဘယ်လို ကာကွယ်မလဲ''

''ဥပဒေမဲ့ နိုင်ငံမဟုတ်ပါဘူး မာမီ၊ ရှားကို မတားပါနဲ့၊ မသန်စွမ်းဘူးဆိုပေမယ့် ရှား သွားလာနိုင်နေပါပြီ၊ တော်ရုံ လူမသိအောင် အလုပ်သမားတွေ မစုံခင် ရောက်အောင် သွားမယ်၊ လူရှင်းမှ ပြန်မယ်၊ အနားမှာ ဦးလေးတို့ ရှိနေမှာပဲ''

''သမီး ပြောသလို ဦးလေးတို့ကပါ မယုံကြည်ရတဲ့သူ ဖြစ်လာရင်ကော''

ရှား ခေါင်းတွင်တွင် ခါ၏။

''ဒီလို မဖြစ်နိုင်ဘူးလို့ ရှား ယုံကြည်တယ်''

ဟု အနိုင်အမာ ပြော၏။





သမီးဟာ လက်မျှားခါလောက်အောင် ခေါင်းမာတတ်မှန်း ငယ်ငယ်ကတည်းက ဒေါ်ပွင့်ဖြူ လက်ခံခဲ့ရသည့်အဖြစ်တွေ ရှိခဲ့ဖူးသည်။

ခုလည်း ဘယ်လိုတားတား မဖြစ်မနေ လုပ်တော့မည်ဆိုတာ သိသာပါ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဦးတိုး သမီးလေးကို ဂရုစိုက်ပေးပါနော်၊ ကျွန်မလေ လုပ်ငန်း ထဲကို စိတ်မချရလို့ သမီးကို ထည့်ပေးတာ၊ မဟုတ်ပါဘူးရှင်၊ အိမ်မှာ တငိုငို တရယ်ရယ် ဖြစ်နေလို့ သမီးလေး စိတ်ပြေလက်ပျောက် ဖြစ် အောင် အလုပ်ထဲ လွှတ်ပေးမိတာပါ၊ ဟိုမှာ သမီးလေး အပြောအဆို လုပ်တာကိုင်တာ အမြင်မတော်ရင် ဆုံးမပါ၊ ကျွန်မဆီကို ဖုန်းအမြဲဆက် ပါ"

ကားနားကို သမီးထွက်မလာမီ ကပျာကယာ ဆင်းလာ၍ ဦး တိုးလင်းကို တတွတ်တွတ် မှာရသည်။

ကိုယ့်မန်နေဂျာ တစ်ယောက်ကိုပဲ ခယယ တောင်းပန်နေမိတ၏ သမီးလေးက တစ်နေကုန် သူ့လက်ထဲမှာ ရှိတော့မည်။

ပ၂၂း၁၇၆ပ



ဒေါ်ပွင့်ဖြူ စိုးရိမ်ကြီးနေသော်လည်း ဦးတိုးလင်းက သဘော ထားကြီးတတ်သော နှုတ်ခမ်းထူထူတို့ကို မဖွင့်ဘဲ ပြုံးပြ၏။

"စိတ်ချပါ မပွင့်ဖြူ၊ လုပ်ငန်းကိုကော ကလေးမကိုပါ ကျွန်တော် ဂရုစိုက်မှာပါ"

"ကျေးဇူးတင်ပါတယ် ဦးတိုးရယ်"

ညွှတ်ခနဲ ယိုင်ခနဲ မခိုင့်တခိုင်ကို အံကြိတ်ရင်း ဝေဝေကို တွဲ ၍ သမီးလေး ထွက်လာတော့ ဒေါ်ပွင့်ဖြူ မျက်ရည်လည်၏။

"သမီးလေးဖြစ်ရဲ့လား၊ သမီးရယ် ဇွတ်မလုပ်ပါနဲ့ကွယ်"

မာမီ့ကို ပြုံးပြ၍ ရှား ခြေထောက်တွေ နာကျင်တာကို မျက်နှာ မပျက်အောင် အံကြိတ်ထားခဲ့၏။

"ရပါတယ် မာမီ၊ ဟိုကျတော့ ထိုင်နေရမှာပဲဟာ ညောင်းလို့ ဟိုနား ဒီနား ထသွားတာက ရှား ဖာသာ ဖြစ်နေတာပဲ"

မျက်စိအောက်က ပျောက်ကွယ်သွားတော့ ဒေါ်ပွင့်ဖြူ ဟင့်ခနဲ ရှိုက်ငိုမိ၏။

မိသားစု၏ နေမင်းကြီး ပျောက်ကွယ်ခဲ့သောအခါ ဘဝနှစ်ခုဟာ ညအမှောင်ထဲမှာ စမ်းတဝါးဝါး ဖြစ်ရပြီပေါ့။

သူ့ဒယ်ဒီသာ ရှိရင် သမီးလေး ခုလို မသန်မစွမ်းနဲ့ ထွက်လုပ် ရမှာ မဟုတ်ဘူး။ ဝမ်းနည်းကြေကွဲစိတ်က ကွယ်လွန်သွားသူကို တ...

ပ၂၂း၁၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



ရင်း ရှင်လျက်ကျန်ခဲ့သူအတွက် ပူပန်ရင်းဖြင့် ပူဓလောင်စွာ ကူးခတ်နေခဲ့၏။

ရှားကတော့ ကျေနပ်ခဲ့သည်။

ဆန်ပွဲရုံကြီးက မကြီးကျယ်လှသော်လည်း ရုံးခန်းက ကျယ်ဝန်းလှပြီ၏။

ပင်မအဆောက်အဦးထဲမှာ ကုန်ပစ္စည်း မထားဘဲ ရုံးခန်းနှင့်တွဲလျက် စာရေးအခန်း၊ ထမင်းစားခန်း ရှိသည်။

ဒီဘက် မျက်နှာချင်းဆိုင်မှာ သူ့ဒွောနဲ့ မန်နေဂျာ စာရေးတို့၏ နားနေခန်း၊ ထမင်းစားခန်း။

အခန်းတို့၏ အလယ်မှာ ညွှန်ခန်းကျယ်ကြီး ရှိသောကြောင့် တည်ဆောက်မှုက ရှင်းလင်းအေးချမ်း၏။

ဘေးတစ်ဖက်ဆီမှာ ဆန်ဂိုဒေါင်တွေ ရှိနေသည်။

ဒီဘက်မှာ ကားဂိုဒေါင်နှင့် ညစောင့်အလုပ်သမား ပစ္စည်းကြိုတင်ပို့သော ညဘက် အလုပ်သမားများ၊ တန်းလျား၊ အဆောက်အဦးတွေက သေသပ်စွာ ရှိနေ၏။

ပင်မ အဆောက်အဦးထဲကို ကုန်သည်များနှင့် သက်ဆိုင်သော အလုပ်သမားများသာ ဝင်ကြထွက်ကြသဖြင့် လူသိပ်မရှုပ်။

ဦးသာကောင်း ရှိစဉ်က ဦးတိုးလင်းက ကပ်လျက် အခန်းမှာ





နေသော်လည်း ရှား ရောက်လာတော့ ရုံးခန်းထဲမှာပဲ စားပွဲရှေ့၍ တစ်ဖက်စီမှာ ထိုင်သည်။

အခန်းထဲဝင်သည့် လူစိမ်းဆို၍ ကုန်သည်များနှင့် စာရေးတွေ တရင်းလာအပ်တာသာ ရှိ၏။

ဒါတောင် ဝင်ခဲ့ဆိုမှ ဝင်ခွင့်ရတာ။

ရှားအတွက်က အနှောင့်အယှက် ဖြစ်စရာ ဘာမှမရှိပါ။

ဒီနေ့ ဝင်လာကတည်းက ဦးတိုးလွင်က ပြော၏။

"သမီးရှား၊ မနက်ဖြန် ဦးလေးတိုး လာမကြို့တော့ဘူးနော်၊ တရေးမိန်းမ ကလေးမီးဖွားနေတာ၊ သွားမေးလိုက်ဦးမယ်၊ ဒီမှာလည်း ဝက်လေ့တွေ ရောက်မှာဆိုတော့ အလုပ်မပျက်ရအောင် မနက်စောစောသွားလုပ်မလားလို့"

"သွားလေ လိုအပ်တာလည်း မေးလိုက်ပါ၊ မွေးဖွားဖို့ စရိတ်သပ်သပ်လည်း ရှား ထပ်ပေးလိုက်မယ်၊ မိုက်ခွဲထားရတယ်လို့ ကြားတယ်၊ တော်တော် ဒုက္ခရောက်သွားမှာပဲ"

ရှား၏ အလုပ်သမားတွေအပေါ် ညှာတာစိတ် ရှိတာကို ဦးတိုးလင်း ကျေနပ်သွားမိ၏။

"သမီး ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ဦးလေးတိုးရဲ့၊ ရှားပဲ နေ့တိုင်း ကားမောင်းတဲ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



သူဌေးပေးထားသည့် ကားနှင့် သူ ဝင်ဝင်ခေါ်သွားလည်း ကားပေါ် ရောက်ပြီဆို ရှားက သူမကိုယ်တိုင်ပဲ မောင်းသည်။

"ရှားပဲ မောင်းမယ် ဦးလေးတို့။ စိတ်ချမ်းမြှင့်တင်ခြင်း တစ်မျိုးပေါ့၊ ဘေးလူတွေ မြင်တော့လည်း ရှိန်တယ်လေ"

ရှားက သူ့အကြောင်းပြချက်နဲ့ သူ အမြဲနိုင်မာနေသည့် မိန်းကလေး။ ဘာပဲဖြစ်ဖြစ် သူဌေး၏ ကျေးဇူးတွေ အများကြီး ရှိသည်။

အလုပ်ကိုလည်း ကြိုးစားရင်း ရှားကိုပါ သူ ဝေစောင့်ရှောက်ဖို့ ဆုံးဖြတ်ထားသည်။

သူဌေး မိသားစုအပေါ် ကြိုးစားစောင့်ရှောက်ခြင်းဖြင့် သစ္စာရှိဖို့ ဦးတိုးလင်း ရင်ထဲမှာ သူဌေးကွယ်လွန်စဉ်ကတည်းက ဆုံးဖြတ်ခဲ့၏။

ထို့ကြောင့် အဝယ်တော် အာကာကို အလုပ်ဖြုတ်ခဲ့စဉ်ကတောင် သူဌေးကတော်နဲ့ သမီးအမိန့် လုံးဝ မပါစေဘဲ သူ့သဘောနဲ့သူ လုပ်သလို စီစဉ်ခဲ့၏။

"စိတ်ချပါ မပွင့်ဖြူတို့ ပါဖို့မလိုဘူး၊ သမီးလေး လုပ်ငန်းမဝင်ခင် ကျွန်တော် ဆောင်ရွက်ထားပါ့မယ်"

ဒေါ်ပွင့်ဖြူကို သူ ကတိပေးပြီး

"သူဌေးရဲ့ သေတမ်းစာအရ လယ်ဂျာဟောင်းတွေလည်း သက်သေရှိနေပြီဆိုတော့ မင်းကို ငါ ဒီမှာ ဆက်ခိုင်းလို့ မရတော့ဘူး





အာကာ၊ ဒီပွဲရုံမှာ စားပွဲထိုင်တဲ့သူ မရှိသေးသရွေ့ ပွဲရုံကိစ္စအဝဝကို ငါ ဆုံးဖြတ်ခွင့်ရှိတယ်၊ ဒီတော့ မင်း မလာနဲ့တော့ကွာ"

အာကာ့ အမုန်းမာန်ကို သူ့ကိုပဲ ပွဲပါစေဟု စေတနာ ထားခဲ့တာ ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ရှေ့မှာ ကားတစ်စီးနှင့် အမျိုးသမီးတစ်ယောက်။ စက်ဖုံးဖွင့်ထားသဖြင့် ကားပျက်နေတာမှန်း သိသည်။

ရှား၏ကားကို လှမ်းမြင်လိုက်တော့ အမျိုးသမီးက လမ်းလယ်မကျတကျထိတက်ကာ လက်ပြတား၏။

ယောက်ျားလေး မောင်းလာသည်ထင်၍ ကားပြင်ပေးပါ ပြောချင်၍လား ဒါမှမဟုတ် ကားကို ထားခဲ့ပြီး လမ်းကြုံလိုက်ပါရစေလို့ အကူအညီတောင်းချင်တာလားတော့ မသိ။

သူမ ကားမပြင်တတ်ပါ။

ပြင်တတ်သည့်တိုင် လမ်းခရီးမှာ ကားပေါ်က မဆင်းဖို့ ဆုံးဖြတ်ထားသည်။





ဒါပေမဲ့ မိန်းမချင်းမို့ တတ်နိုင်သမျှ ကူညီရန် ကားကို ရပ်ပေးလိုက်မိသည်။

"ဘာဖြစ်လို့လဲ အစ်မ"

ဘေးမှန်ကို ချ၍ မျက်နှာငုံ၍ မေးလျှင် ရောင်စုံခြယ်ထားသော မျက်ဝန်းမှာ တောက်ပလျက် အမျိုးသမီးက ပြုံးပြပြီး အနားမှာ လာရပ်၏။

"တို့ ကားပျက်နေလို့ လမ်းကြုံလိုက်လို့ ရမလားဟင်"

"ဘယ်ကိုလဲ"

"ဗိုလ်တထောင်ဘက်ကိုပါ"

လမ်းလည်း ကြုံနေတာမို့ ရှား ခေါင်းညိတ်၏။

ခေါင်းလည်းညိတ်ကာ တစ်ဖက်က ကားတံခါးသော့ကိုပါ ခလုတ်နှင့် လှမ်းဖွင့်ပေးလိုက်၏။

"ရပါတယ် တက်လေ"

"ရတယ်တဲ့ ကျေးဇူးပဲ လာကြ"

မျက်နှာရှေ့မှ အမျိုးသမီး၏ ကိုယ်ကို ရုတ်ဖယ်လိုက်လျှင် ယောက်ျားနှစ်ယောက်၏ ခါးအောက်ပိုင်းကို မြင်လိုက်ရ၏။

စောစောက အမျိုးသမီး၏ ကိုယ်လုံးကွယ်နေ၍ မမြင်ခဲ့ရ။ ရှား 'ဟင်' ခနဲ ဖြစ်သွားခဲ့စဉ် သုံးယောက်လုံး ကားပေါ်ရောက်နေခဲ့သည်။

www.burmeseclassic.com



"ရှင် ရှင် ကိုအာကာ"

ရှားစတော်ယာရင်ကို ကိုင်ထားသည့်လက်က တင်းခနဲ ဖြစ်သွား၏။

ယောက်ျားနှစ်ယောက်ထဲမှာ အာကာသည် သူမဘေးမှာ ထိုင်ချလိုက်ပြီး နှစ်ယောက်က နောက်မှာ။

နောက်ကလူက ရှား လည်ဂုတ်နုနုလေးမှာ ဓားနှင့်ကပ်ထောက်ထားလိုက်ပြီး

"မလှုပ်နဲ့ မအော်နဲ့နော်"

အာကာက သူမ ခါးလှလှလေးမှာ ဓားနဲ့ထောက်၏။

"မောင်းလေ သူဌေးသမီးရဲ့၊ အဲ မှားလို့ သူဌေးမလေးရဲ့၊ ဟို အဘိုးကြီးက လူမိုက်ဝင်လုပ်ပေမယ့် တရားခံ ဘယ်သူဆိုတာ ငါက သိပါတယ်၊ ဟဲ ဟဲ အာကာ ဒီလောက် မအဘူး"

"ဘာမှပြောမနေပါနဲ့ ရှင်အပြစ်ရှိလို့ ထွက်ပေးခဲ့ရတာပဲမို့လား"

"မှန်တယ် မင်း ဝင်မရှုပ်ရင်လည်း ငါ ဘာမှဖြစ်မှာ မဟုတ်ဘူး"၊

ပြော၍ အာကာ ရှားနား ပို၍ တိုးကပ်သည်။

နာခေါင်းချွန်ချွန်သည် နားသယ်စပ်ဆံစလေးများနှင့် ထိတော့မတတ် တိုးလိုက်၏။

ရှား ရွံရှာစွာ ဆတ်ခနဲ လှည့်ပစ်လိုက်တော့ သူက ရယ်နေ



သည်။

"သိပ်လှတာပဲ သူဌေးမလေးရယ်၊ မင်းက မသန်မစွမ်းလေးပေမယ့် အရမ်းထက်နေတာကိုး၊ ငါအစက မင်းကို ပက်ပက်စက်စက်ကျဆုံးစေဖို့ပဲ၊ ဒါပေမဲ့ အစီအစဉ်တွေ ပြောင်းပစ်ခဲ့တယ် သိလား။ ဟိုမှာ တချုပ်ရှိတယ် သိလား။ ဟိုမှာ တချုပ်ရှိတယ် မင်း ငါ့ကို လက်ထပ်ရမယ်၊ ဒါလေးပါပဲ၊ မင်းနဲ့ မင်းပိုင်သမျှတွေကို ငါ တယုတယ စောင့်ရှောက်မှာပါ"

"တောက်"

"ဟား ဟား ဟား"

"လူယုတ်မာကောင်"

"ဟုတ်တယ်ကွာ ကဲ မောင်း"

"မမောင်းဘူး"

"မင်း သေသွားမှာပေါ့"

ရှားက နာကျည်းရွံမုန်းစွာ မဲ့ပစ်လိုက်ပြီး

"သေမှာ ကြောက်တတ်ရင် ဒုက္ခိတဘဝနဲ့ လမ်းပေါ်ထွက်ကားမမောင်းဘူး၊ ထိုးလိုက်စမ်းပါ၊ ဓားရိုးတွေပါ ဝင်သွားပါစေ"

"ဘာ"

အာကာ တကယ်ဖျားသွားသည်။

ထိုးလိုက်စမ်းဆိုပြီး ဓားဦးနှင့်ကိုယ်ကို ကပ်ပစ်လိုက်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူပင်လန့်ဖျပ်ပြီး ဓားကို ဆုတ်လိုက်ရသည်။

ထို့နောက် ဒေါသ ထောင်းခနဲ ဖြစ်ကာ

"တောက် ငါကွာ လူကို မက်နေမိလို့ မဟုတ်ရင် ဒီမှာတင် ပွဲချင်းပြီးသွားမယ်၊ မင်းက ငါ့ကို မလုပ်ရဲဘူး မှတ်လို့လား"

"မမှတ်ပါဘူး ရှင် ဓားကိုင်ထားတာပဲ၊ ထိုးချလိုက်လို့ ရတဲ့ဟာကို မသေရဲတဲ့လူက သွေးတိုးစမ်းရဲမှာလား"

"ရှုပ်တယ် အာကာ အကြမ်းနည်းနည်းပြလိုက်"

"ဟုတ်တယ် ပြရမယ်၊ ဒါပေမဲ့ မင်းမပြနဲ့နော်၊ ဂုတ်သားဝင်းဝင်းလေးမှာ စင်းရာထင်လို့ မဖြစ်ဘူး ကဲ"

ခါးစပ်မှာ ဓားဦး တိုးဝင်လာသည်။

နာကျင်လွန်းသောကြောင့် ရှားကိုယ်လေး တုန်ခါသွား၏။

သို့သော် မအော်မိအောင် အံကြိတ်နေလိုက်သည်။

"ထိုးလေ ထိုးလိုက်ပါ၊ နင့်လို လူယုတ်မာကို ဘယ်တော့မှ မယူဘူး"

"အမလေး အရေးထဲ သူက သတ္တိတွေ ကောင်းနေပြန်ပြီ၊ အာကာနော် ယူလက်လွန်သွားဦးမယ်၊ တို့ကူညီတာ ဒါတွေမပါဘူး၊ အခြေအနေမကောင်းရင် ဆင်းနေခဲ့တော့မယ်"

နောက်က အမျိုးသမီးက ထိတ်လန့်လာသလို လှမ်းပြော၏။





"မလုပ်သေးပါဘူး ငါ လိုတာ ယူရဦးမှာ၊ ကဲ မင်းက ခေါင်းမာနေတော့ မမာနိုင်တဲ့နည်းကို ထပ်သုံးမယ်၊ ဆွေး ဖုန်းနံပါတ် (...)ကို ဆက်စမ်း"

အာကာက ကျေကျေနပ်နပ်ကြီး ကြည့်ကာ

"ဒေါ်ပွင့်ဖြူကိုဆက် သူ့သမီးကို မိုးမြင့် ကွန်ထရက်ရှင်းမှာ ချုပ်ထားတယ်လို့ တတိယထပ်ကို ငွေသိန်းနှစ်ဆယ်နဲ့ လာရွေးပါလို့ ရဲတိုင်ရင် ရှားကို သတ်ပစ်မယ်လို့ ဆက်၊ ခုဆက် ဟိုမှာ ဂါလူတွေ ရှိတယ်၊ အဘွားကြီးလာတာနဲ့ ငွေကိုယူ ဒီလိုအပေါ်က ပြုတ်ကျတာကို လုပ်သမားတွေကြားမှာ မတော်တဆ ပြုတ်ကျမှုပဲ ဖြစ်မယ်"

"အာကာ နင် နင် မယုတ်မာနဲ့နော် မဆက်နဲ့နော် မာမိဆီ လုံးဝ မဆက်နဲ့"

"ဟား ဟား ဟား"

"ခစ်ခစ်"

ဒီလိုသာ ခေါ်လိုက်လျှင် မာမီ ချက်ချင်းပြေးလာမည်က သေချာသည်။

သူတို့ လုပ်ကြံမည့်နည်းကလည်း လွယ်သလောက်ပဲ ရှိနေ၏။

အမှုအခင်း ဖြစ်မှာက နောက်မှ လောလောဆယ် မာမီ့ကို ရှား ထပ်မံဆုံးရှုံးရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



မတတ်သာ၍ မာန်လျှော့လိုက်ရသောအခါ ကားလေးက စေညွှန်ရာအတိုင်း ပြေးလွှားသွားလေသည်။

■ ■ ■



## အခန်း (၃၀)

"ထမင်းတော့ စားသွားပါကွာ၊ ရန်ကုန်ကို ရောက်မှာပါ၊ မင်းကလည်း ဟိုအရင် ခုနစ်လ၊ ရှစ်လတက်လာတာလည်း ငါ့ဆီ မဝင်ဘူး၊ အခုလာတော့လည်း မိုးတိုးမတ်တာပ်၊ မင်းနော် မင်း မဟုတ်တော့ဘူး"

"ဘာမဟုတ်တာလဲကွ"

ခေါင်းဆောင်က ရယ်၍ ထိုင်ခုံလေးကနေ ထရပ်လိုက်သည်။

ဇော်မြင့်သူက အချိုရည်တစ်ဘူး သူ့ကို လှမ်းပေး၍ မကျေမနပ် မျက်နှာကြီးနှင့် စိုက်ကြည့်၏။

"မရဘူး တစ်ညကတော့ မင်းအိပ်ရမယ်"

"ဟာ ဟိတ်ကောင် အဲဒါတော့ မဖြစ်ဘူးနော်၊ မေမေ နေမကောင်းဘူးဆိုလို့ ငါ ပြန်လှည့်လာတာ တကယ်ဆို ရန်ကုန်ကိုငါ



www.burmeseclassic.com

www.burmeseclassic.com



မလာချင်ဘူး''

''တော်ပါ တစ်ခုလပ်ကြီးရယ် မင်း အသည်းကွဲထားတာ ထပ်မပြောပါနဲ့၊ ရင်ထဲမှာ အစိုင်အခဲကြီးနဲ့ ရှိနေတာများ မသိတာကျလို့''

''မင်းပဲပြောတော့''

သူ ပြင်းခုန် မပြောချင်တော့၍ ဝရန်တာတန်းမှာ ကျောမှီနေရင်း အချိုရည်ဘူးကို ဖွင့်လိုက်သည်။

မြို့ကြီးက ကျယ်ကာ ပန်းပင်လှလှမရှိတဲ့ မြို့ကြီးက ခြွေသည်။

တိုက်ကြီးကျတော့လည်း တိုက်အိုကြီးဖြစ်ကာ ကြီးလည်းကြီးသေးသည်။

''ငါတို့ ဝယ်လိုက်တာကွ၊ အဲဒါ မြို့ကိုရှင်းမယ်၊ တိုက်ပြန်ဆောက်မှာ၊ မာမီတို့ နောက်ကလာမှာ ငါက ဒီမှာ ကဒ္ဒါလေးစပ်၊ သီချင်းလေးရေးရမလားလို့ ဒရိုင်ဘာနဲ့ အရင်လာမိပါတယ် တစ်ယောက်တည်း မအိပ်ရဲလို့ အိပ်ရေးတောင် ပျက်ရသေးတယ်''

သူ ရောက်လာတော့ ဖင်မြင့်သူက ဆီးကြို၍ ညည်း၏။

''အေး ငါ့မှာ မင်း အိမ်ရောက်ပြီးမှ ဒီဆက်လာရတာ မင်း ထက်ပိုပင်ပန်းတယ်၊ အဲဒါ လာချင်လွန်းလို့နေ့၊ မဖြစ်လို့ မနေနိုင်တာကို နည်းနည်းပါးပါး နားလည်''

စာဓတာကပဲ ရန်ဖြစ်ခဲ့ရသေးသည်။





ခုလည်း ဖင်မြင့်သူ ဒါပဲ ပြန်ဆက်သည်။

''နေပါဦး မင်းအစ်ကိုဆိုတာက မင်းနဲ့ ဒီလောက်ထိ တူသလား။ တကယ် လျှို့ဝှက်နိုင်ပါ့ကွာ၊ ငါတို့ ကျောင်းနေဘက် သူငယ်ချင်းတွေတောင် အမွှာညီအစ်ကိုရှိတယ်ဆိုတာကို မသိခဲ့ရဘူး''

''အဲဒါကြောင့်လည်း ခုလို လုပ်ခဲ့နိုင်တာပေါ့၊ ဒါပေမဲ့ သူကတော့ သိနေပါတယ်''

''ထင်ထင်ရှား ဆိုတာလား''

''အင်း''

''သူတို့က ချစ်သူတွေလား''

''မဟုတ်ဘူး ကိုကိုကချစ်ပြီး လူကြီးချင်း စေ့စပ်ခဲ့တာ''

''သူကရော''

ခေါင်းဆောင် မျက်နှာ ချက်ချင်း သုန်မှုန်သွားသည်။

တစ်ဝက်ကျသွားပြီဖြစ်သည့် အအေးဘူးကို ထိုင်ခုံလေးပေါ် တင်ထားလိုက်ပြီး ဘူးကိုပဲ အဓိပ္ပါယ်မဲ့ စိုက်ကြည့်၍

''သူ့ရင်ထဲကို ငါ ဘယ်သိမလဲ''

''မဟုတ်ဘူးလေ မိန်းကလေးတွေက သူတို့မချစ်ဘဲ စေ့စပ်တောင်းရမ်းခံရတာဆို သိပ်ကို ပြောချင်ကြတာ၊ မင်းကို သူ တစ်ခုခုတော့ ပြောပြမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ မမေးနဲ့ကွာ၊ ရင်ထဲက အပျော်တွေ ပျောက်ကုန်ပြီ"

"ဒါဆို မင်း သေချာပါပြီ"

"ဘာလဲ"

"ထင်ထင်ရှားကို မင်းချစ်နေတာ"

သူ မငြင်းဖြစ်ခဲ့ပါ။

ဒါကို ဇင်မြင့်သူက ခေါင်းညိတ်၍

"ဒါနဲ့များ လူစွမ်းကောင်းလုပ်ပြီး ကွာရှင်းပေးခဲ့သေးတယ်၊ ယောက်ျားပဲကွ ချစ်နေပြီဆိုလည်း ပြောပေါ့၊ သူကြိုက်ကြိုက် မကြိုက်ကြိုက် လင်မယားပဲဟာ နောက်တော့လည်း ဟဲ ဟဲ"

"သူတောင်းစား အဲဒါ မင်းကျမှလုပ်"

"မဟုတ်ပါဘူး ရည်းစား စကား ဖွင့်မပြောဖို့ကို ငါက ပြောတာ ကိုယ့်မိန်းမဖြစ်နေတာကိုက တစ်ဝက်သေချာပြီးနေတာ မင်းမို့ လက်ချည်း ပြန်လာတယ်"

"လုပ်ပြန်ပြီ ဒီကောင်"

"မင်းအသည်းကွဲတာ မကြည့်ရက်လို့ ပြောတာ"

"မပြောနဲ့"

"မပြောဘူးကွာ"

အမြင်ကတ်ကတ်နှင့် ဇင်မြင့်သူကို ကျောပေးရပ်လိုက်တော့

၇၂၂း၀၁၆၀



မျက်လုံးတို့က တစ်ဖက်ခြံထဲမှာရှိသည့် တိုက်လှလှလေးကို ဂရုစိုက်မိသွား၏။

"ဟိုမှာကြည့်ပါဦး တိုက်ပြာလေး ဆောက်ထားတာ ခေတ်မီလိုက်တာ မင်းတိုက်ကြီးနဲ့ ကွာပဲ"

သူ မေးဆတ်ပြ၍ ပြောတော့ ဇင်မြင့်သူ သူ့နားရောက်လာပြီး ထိုတိုင်လေးဆီသို့ လှမ်းကြည့်၏။

"လှမှာပေါ့ကွာ အဲဒါ အချစ်ညပဲဟာ"

"ဘာ"

"ခြံနာမည်လေ မင်းလာတာ အဲဒီခြံဝမှာ မမြင်ခဲ့ဘူးလား"

"အမှတ်တမဲ့ပဲ"

"အေး မှတ်ထား တိုက်နာမည်ကိုက 'အချစ်ည' တဲ့ ပိုင်ရှင်က မှဆိုးမို အဘိုးကြီး တစ်ယောက်တည်း၊ ဒါပေမဲ့ ဘာတော်မှန်းမသိတဲ့ ကောင်တစ်ကောင် ရှိတယ်၊ တိုက်ဆောက်တုန်းကလည်း သူ ဦးစီးတာလို့ ပြောတာပဲ၊ အဲဒါသူ့ရဲ့ သူငယ်ချင်းလို့ ထင်ရတဲ့ ကောင်ကို သော့အပ်ထားတာ"

"မင်းရဲ့ တစ်ကောင်တွေ များလှချေလား"

"အဲဒီ တစ်ကောင်ပဲလေ တိုက်ထဲကိုလာတာ အနားယူတယ်၊ သူက သော့ရထားတာကိုး၊ ဒါပေမဲ့ တစ်ယောက်တည်း လာတာ မဟုတ်

၀၂၂း၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''ဩော်''

ခေါင်းဆောင်က ပြုံး၍ ခေါင်းညိတ်နေသည်။

တိုက်တိုက်ဆိုင်ဆိုင် ပြောနေတုန်းမှာပဲ အဖြူရောင်ကားလေး တစ်စီး မောင်းဝင်လာတာ မြင်လိုက်ရ၏။

ကားကို သူကြည့်၍ မျက်မှောင်ကုတ်သွား၏။

ကားက ပေါ်တီကို အောက်မှာ ခေါင်းတိုးဝင်လိုက်သောအခါ သူတို့တိုက်မြင့်ကြီးပေါ်က လှမ်းကြည့်တော့ ဖင်မြီးပိုင်းလေးကိုသာ မြင်ရတော့သည်။

သူ့ကိုယ်ကြီးလက်တန်းမှာ ပို၍ ဖိကပ်ရင်း ခါးကုန်း၍ လိုက်ကြည့်၏။ စိတ်ထဲမှ အားမလို အားမရ ဖြစ်လာကာ

''ဖိုးဇင် ငါ့ကို မင်းရဲ့ မှန်ဘီလူး သွားယူပေးစမ်းပါ''

''ဘာလုပ်ဖို့လဲကွ ဝါသနာပါနေပြန်ပြီ''

ဇင်မြင့်သူ ပြေးပင်သွားတုန်းမှာ ယောကျ်ားနှစ်ယောက်နှင့် မိန်းမတစ်ယောက်တို့၏ ခြေထောက်ပိုင်းတို့ကို မြင်လိုက်ရသည်။

''ရော့ ဟော့ကောင်''

ဖိုးဇင် သူ လှမ်းပေးသည့် မှန်ဘီလူးနှင့် ကားနံပါတ်ကို လှမ်းချောင်းကြည့်လိုက်မိလျှင် သူ့မှာ အံ့သြလွန်း၍ မှန်ဘီလူးကို လန့်ဖျပ် ခွာလိုက်





မိ၏။

''ခေါင်းဆောင် မင်း ဘာတွေ့လို့လဲ''

''ဒါ ဒါ ထင်ထင်ရှားအိမ်က ကားကွ''

''ဟင်''

ဇင်မြင့်သူပါ မျက်နှာပျက်သွားခဲ့သည်။

''မင်းဟာ ဟုတ်ရဲ့လားကွာ''

''ဟုတ်တယ် သေချာတယ်''

''ဘယ်သူပါလို့လဲ ထင်ထင်ရှားလား''

''ငါမှ မမြင်ရတာ ဖိုးဇင်၊ ငါ ဘာလုပ်ရမှာလဲ''

''သူတို့အိမ်က တစ်ယောက်ယောက်မှာ ကိစ္စရှိလို့ လာသလား''

မေးသာ မေးရသည်။ ဒီခြံပိုင်ရှင်က ကလောမှာ နေတာဖြစ်သည်။ ခြံကို တူလိုလို တပည့်လိုလိုကောင်က ကြည့်ရှုနေတာဖြစ်ပြီး ဒီကောင်လည်း ခြံကို လာတယ်လို့ သိပ်မရှိပါ။

တစ်ခေါက် တစ်ယောက် တွဲလာတတ်သည့် ဟိုတစ်ကောင်သည်သာ သူတို့ ကြည့်နေဆဲမှာ စက်ဘီးလေးတွန်း၍ အမျိုးသမီး တစ်ယောက် ထွက်လာ၏။

ယောကျ်ားနှစ်ယောက် ကျန်ခဲ့သည်။

ခေါင်းဆောင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com





ဘာလုပ်ရမှန်းမသိ။ အိမ်မှာ ဦးသာကောင်းက ဆုံးပြီ။

ဒေါ်မွှင့်ဖြူက စီးပွားရေးတွေထဲမှာ ဘာမှဝင်ပါတာ မဟုတ်။

ရှားက ကားကို ရောင်းပစ်လိုက်တာလား။

ဒါလည်း မဖြစ်နိုင်ပါ။

ဒီကားက ဦးသာကောင်း စီးသည့်ကား။

ဒီလိုပစ္စည်းမျိုးကို ဒေါ်မွှင့်ဖြူ ရောင်းပစ်မှာမဟုတ်။

"ဟာ ခေါင်းဆောင် ခေါင်းဆောင် ဘယ်လဲ၊ ဘာမှန်းမသိဘဲနဲ့ သူများခြံထဲကို နေဦး"

ရုတ်တရက်ကြီး ပြေးဆင်းသွားသည့် ခေါင်းဆောင်နောက်ကို လိုက်အော်၍ ဇင်မြင့်သူ ပျာယာခတ်သွားသည်။

■ ■ ■



## အခန်း (၃၁)

ဝင်လာတုန်းက သုံးယောက် ဖြစ်သည်။

တစ်ယောက်က ဘယ်မှာ ပျောက်သွားမှန်းမသိဘဲ အခန်းထဲ ရောက်တော့ အာကာနဲ့ရှား နှစ်ယောက်တည်း ဖြစ်သွား၏။

ကျောနောက်မှာ ပန်းရင့်ရောင် မွေ့ရာခင်းနှင့် ခုတင်ကြီး တစ်လုံး။

"မင်း ငြင်းမရအောင် ငါ ကြိုးစားရမှာပဲ ရှား၊ ပြီးတော့ မင်းလက်မှတ်ထိုးရမယ်"

"လူယုတ်မာ"

ရှား ခုတင်ရှိရာသို့ မဆုတ်ပါ။

စားပွဲပေါ်မှာ ရှိသမျှပစ္စည်းများကို ဆွဲယူပြီး တအားလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သည်။

လက်နဲ့ကာပေမယ့် အာကာ ကိုယ်ကို ထိမှန်တာ မှန်တာတွေက ဒေါက်ခနဲ ဒေါင်ခနဲ။

"ရှား မင်း တော်တော် လက်သွက်နေတယ်ဖေ့ါ ဟုတ်လားလာစမ်း"

"အား ရှင် လွှတ်စမ်း ခွေးတိရစ္ဆာန်"

စိတ်ကသာ ရှိပေမယ့် ရှား မဟန်နိုင်။ လက်တို့ဖြင့် ပုတ်ခတ်ရုန်းဖယ်နေရင်း ခြေထောက်တို့က မစွမ်းသာ။

ရာဂဘီလူးက အိပ်ရာဆီရောက်အောင် ကြိုးစားနေ၏။

နောက်ဆုံး အိပ်ရာဆီ ပါမသွားအောင် ရှား ကြိုးစားရင်း ကြမ်းပေါ်မှာပဲ ခွေခနဲ လဲကျသွား၏။

အာကာက မလွှတ်ပါ မသန်စွမ်းနိုင်မှန်း သိထားသဖြင့် ငုံ့၍ ပွေ့ယူလိုက်သည်။

"ကဲဟာ"

"အား"

ရှား လက်ထဲမှာ ဆုပ်မိသွားသည့် ဆေးပုလင်းလေး တစ်လုံးနှင့် သူ့ခေါင်းကို တအားလွှဲထုပစ်လိုက်သဖြင့် အာကာ ဖင်ထိုင်လျက် လဲကျသွား၏။





"မင်း မင်း တောက်"

ရှား သူနဲ့ဝေးအောင် လိမ့်ထွက်လိုက်သည်။

အာကာက ဒဏ်ရာက ထွက်နေသည့် သွေးတွေကို လက်နဲ့ အုပ်ရင်း ဒယိမ်းဒယိုင် ထရပ်၏။

ရှားလည်း ထရပ်သည်။

ထရပ်ပြီး ပြေးဖို့ ခြေလှမ်းပြင်ပြီးမှ ကိုယ့်ခြေထောက်တွေ မသန်တာ သတိရသွားသည်။

သို့သော် သူမ ဒီနေရာမှာ ရှုံးလို့မဖြစ်။

ခြေလှမ်းကို အကိုင်မပါဘဲ ဆုတ်၏။ နှစ်လှမ်း သုံးလှမ်း ဆုတ်မိတော့ ယိုင်သွား၏။

အာကာ ခြေလှမ်းနိုင်နိုင် ရပ်နိုင်သွားတာမြင်တော့ ရှား သွေးပျက်လာသည်။ မျက်ဝန်းလေးတွေ ပြူးကာ နောက်ထပ်ဆုတ်နေမိ၏။

ခြေလှမ်းတို့က မယိုင်ဘဲ ခပ်ရဲရဲ ဖြစ်လာသည်။

"မင်း မင်း ပြေးလို့ မလွတ်ဘူးနော်၊ အပြင်မှာ ငါ့လူရှိသေးတယ်၊ ပြန်လာခဲ့ပါ မင်းနဲ့ငါ အေးအေးဆေးဆေး ဆွေးနွေးကြမယ်"

အာကာ ခေါင်းမှ သွေးတွေ တအားကျနေသည်။

သူ့ကိုယ်သူ မဟန်နိုင်တော့ ရှားကို လှမ်းတား၏။

ရှား မရပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အသက်နဲ့အရက် ဘာကိုယူမလဲဆိုတာ ခေါင်းထဲမှာ ရှိပြီးသား။ အခန်းတံခါးနဲ့ ကျောကပ်မိတော့ ဖျတ်ခနဲ လှည့်၍ တံခါးဖွင့်လိုက်သည်။

ရှားကို သူတို့ ဒုက္ခိတဟု တွက်၍ တံခါးကို သေချာမပိတ်ခဲ့ကြတာ ရှား ကံကောင်းသွားပါသည်။

"ဟိတ် မပြေးနဲ့"

အာကာ မဟန့်နိုင်ဘဲ ရှားကို ခုန်ဆွဲသည်။

ရှား လွတ်ရုံလေး ရှောင်လိုက်နိုင်ကာ တံခါးအပြင်ရောက်သွား၏။ အာကာ့မှာ ရှားကို မမိလိုက်ဘဲ ဝုန်းခနဲ လဲကျသွားသည်။ ရှား တစ်ချက်မှ ပြန်လှည့်မကြည့်ဘဲ တံခါးဝဆီ ပြေးခဲ့၏။

"ဟေ့ ရပ်နေစမ်း"

အသံက အနားမှာ ဘွားခနဲ ပေါ်လာကာ ရှား လက်ကလေး တစ်ဖက်ကို ထိုသူက ဆောင့်ဆွဲလိုက်၏။

"လွှတ် လွှတ်စမ်း ဟဲ့ကောင်"

အတင်းရုန်းနေသော ရှားကို ချုပ်နှောင်ဖို့ ကြိုးစားရင်း ထိုသူ့ လက်ထဲမှာ ကိုင်ထားသည့် စာရွက်လိပ်ကလေး ကျသွား၏။

ကြည့်လိုက်တော့ လက်ထပ်စာချုပ်။

"ဟဲ့ကောင် နင် ငါ့ကိုလွှတ်၊ ငွေဘယ်လောက်ယူမလဲ ပြော၊ ဘာအမှုမှ မလုပ်ဘူး၊ ငွေလည်းရမယ်"





"အံမယ် နင်က ငါ့ကို အရူးမှတ်နေသလား၊ ငြိမ်ငြိမ်နေစမ်း"

ထိုသူက ကားပေါ်မှာ ပါလာသည့် တစ်ယောက်ဖြစ်၏။

ရှားကို အခန်းထဲပြန်သွင်းဖို့ ကြိုးစားရင်း ခါးကြားထဲက ဓားကို ထုတ်လိုက်၏။

"ဟေ့ကောင်"

ရုတ်တရက် အသံတစ်ချက် ဝင်လာသည်။

ထိုသူ မျက်နှာလှည့်လိုက်သည်နှင့် မည်းခနဲ လွင့်လာသော အရာတစ်ခုက နဖူးလယ်တည့်တည့်ကို ခွမ်းခနဲ ပစ်မှန်သွား၏။

"အား"

နဖူးမှာ ဟက်တက်ကွဲလျက် သွေးတွေ ချက်ချင်း ဖြာကျလာသည်။

"ကဲ ဟာ"

ရှား ထိုလူကို တံတောင်နှင့် ဆောင့်တိုက်ပစ်လိုက်၏။

သူက အလွှတ်မပေးဘဲ ဆွဲထားလျက်နှင့် ရန်သူကို ပြန်ကြည့်သည်။

ခေါင်းဆောင်က အချိန်ဆွဲမနေဘဲ ထိုသူ့နား ပြေးကပ်၍ ရင်ဘတ်ကို ခုန်ကန်ပစ်လိုက်မှ အားခနဲ လွင့်ကျသွား၏။

ကြမ်းပေါ် ပြုတ်ကျသွားသည့် ဓားကို တံခါးဝမှ အပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



လှင့်ထွက်သွားအောင် သူ ကန်ထုတ်ပစ်လိုက်၏။

ဒီဓားက ရှားကို ဖောက်ထောက်၍ ကောင်းကောင်း အကြပ်ကိုင်သွားလျှင် သူ ဘာမှ မတတ်နိုင်ဘဲ အရှုံးပေးရတော့မည် ဖြစ်သည်။

ထို့ကြောင့် ဓားကို အရင်ရှင်းပြီးမှ ရှားကို လက်ဆွဲ၍ သူ ပြေးထွက်ခဲ့သည်။

"ရှား မင်း သူတို့ကို သိလား"

"သိတယ် အဲဒါ ရှားတို့ ပွဲရုံက အဝယ်တော်"

သူ သဘောပေါက်သွား၏။

ငုံ့ကြည့်လိုက်တော့ ရှား ကိုယ်မှာ ချွေးသံရွှဲရွှဲနှင့် ဆံစလေးများက နဖူးပြေပြေလေးမှာ ငှါးနှင့်ရောစေ၍ ကပ်ငြိနေ၏။

လည်တိုင်မှာ ဖာပွင့်ကလေး ကပ်၍ ချုပ်ထားသော အင်္ကျီလှလှလေးမှာ ဖာပွင့်ကလေးက တစ်ဖက်ပြုတ်နေ၏။

ပြီးတော့ အရောင်လှပသော အင်္ကျီခါးစပ်လေးတစ်ဖက်မှာ သွေးကွက်ကြီး စွန်းထင်းနေ၏။

"ရှား မင်း မင်းကို ထိသွားသလား"

သူ မျက်လုံးပြူးသွားကာ ရှားကို ဖွေ့ခနဲ ပွေ့၍ ကားပေါ် ကောက်တင်လိုက်၏။

ကားကလည်း သော့တန်းလန်းနှင့်ထားတာမို့ အဆင်ပြေ





သည်။

"ရှင် ဘယ်ကိုမောင်းမလို့လဲ"

"ဆေးရုံကိုလေ"

"ဟင့်အင်း သူ ခြိမ်းခြောက်ပြီး ထိုးတာပါ၊ ဘာမှမဖြစ်ဘူး၊ ရှား မာမီဆီ ပြန်ချင်တယ်၊ အိမ်ကိုပဲ ပို့ပေးပါ"

"မဟုတ်ဘူးလေ ဒဏ်ရာက"

"ခေါင်းဆောင်"

ရှား ဒေါသသံလေးနှင့် ကျုံးအော်ကာ တဟင့်ဟင့် ရှိုက်ငိုတော့သည်။

"ရှင် ရှင် ကျွန်မကို ပြန်ပို့ပေးပါ"

ဒါပဲထပ်ပြောတော့ သူ ကားကို အပြင်ရောက်အောင် မောင်းထွက်လာပြီးမှ ရပ်ပစ်လိုက်၏။

"ရှား ကိုယ် မင်းကို စိုးရိမ်လို့ ပြောတာပါ၊ ဘာကို ဝမ်းနည်းနေတာလဲ၊ မင်းကို ဟိုကောင်"

ရှားက ခေါင်းတွင်တွင်ခါ၍ ငိုနေသည်သာ။

သူ ရှား ပခုံးလေးကို ကိုင်ကာ မျက်နှာချင်းဆိုင်လိုက်၏။

"တိတ်ပါ ရှားရယ် မင်းခုလို ဖြစ်ရတာ ကိုယ့်အပြစ်လည်း ပါပါတယ်၊ ကိုယ်လေ အခု မေမေ နေမကောင်းလို့ ခဏပြန်လာတာ၊



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုက်လွန်းလို့ ဟိုဘက်တိုက်ပေါ်မှာ ရှိနေတုန်း ဒီကားကို လှမ်းမြင်လိုက်လို့"

ရှား သူ့ကိုမော့ကြည့်လာတော့ မေးဖျားလေးကို ပင့်ကိုင်ပြီး မျက်ရည်တွေကို သုတ်ပေးမိသည်။

"ကိုယ်အခု မပြန်တော့ဘူး။ မာနတွေ ထားခဲ့မိတဲ့ ကိုယ့်အမှားကို ကိုယ် မြင်မယ်၊ ကိုယ့်ကို လက်ထပ်ခွင့်ပေးပါ ရှားရယ်နော်၊ မင်းကို ကိုယ် လက်သယ်ပါရစေ။ ကိုကိုနဲ့ လက်ထပ်ခဲ့တဲ့ အဖြစ်တွေကို မေ့လိုက်ပါ"

ရှား သူ့ကို နှုတ်ခမ်းစေ့၍ မော့ကြည့်နေရင်း

"ဦးစီးက မာမီတို့ဆီမှာ ခွင့်တောင်းခဲ့တာ"

"သိတယ် အခု ကိုယ်က မင်းဆီမှာ ခွင့်တောင်းနေတာပါ၊ ပြီးခဲ့တာတွေကို အားလုံးမေ့လိုက်ပါကွာ၊ ကိုယ်တို့ အသစ်က ပြန်စမယ်နော်"

"ရှင့်မာနတွေကော"

"ချစ်တဲ့မာနတွေပါ ရှားရယ်၊ ကိုယ် မင်းကို ထိန်းချုပ်နေတဲ့ကြားကနေ မြတ်နိုးသွားခဲ့မိတယ်၊ ဒါပေမဲ့ မင်းက မုန်းနေတော့"

"ခုလည်း ရှားက မုန်းနေသေးတယ်ဆိုရင်ရော"

"ဒီမျက်ဝန်းလေးတွေကို ကိုယ် မယုံဘူး"

သူ ရှားကိုယ်လေးကို ထွေးပွေ့ရင်း တွဲလွဲကျနေသည့် ပန်းလေး





ကို အသာလေး ပြန်ကပ်ပေးလိုက်သည်။

ရှား ပါးပြင်လေးတွေ ရဲတွတ်သွားကာ မျက်ရည်တွေ ဝေ့တက်လာပြန်သည်။

"ရှားလေ ရှင်သာ ရောက်မလာရင် သူတို့လက်ထဲမှာ"

"မင်းဟာ ကိုယ့်အတွက် နတ်သမီးတစ်ပါးပဲ ရှားရယ်၊ ဘယ်ကောင်မှ ဖျက်ဆီးလို့ မရပါဘူး။ ခုဆို စိတ်ကဆောင်လို့ မင်းခြေထောက်တွေတောင် ပြန်ကောင်းသွားပြီ၊ ဒါ အဆိုးထဲက အကောင်းပေါ့၊ မငိုနဲ့တော့ကွာ၊ ပြော ကိုယ် ဘယ်ကိုမောင်းရမလဲ"

ရှား မျက်လွှာလေး ချထားရင်း

"မာမီ့ဆီ ပြန်မယ်"

"ကိုယ့်ကိုရော"

"ဘာဆိုင်လို့လဲ"

"ပို့ပေးပြီး ကိုယ့်ကို မောင်းထုတ်ဦးမှာလား"

"ရှင်ပဲ မာနတွေ မထားတော့ဘူးဆို"

"ဒီလိုလား ကိုယ် တောင်းပန်ရင် မင်း ခေါင်းညိတ်မှာပေါ့ဟုတ်လား"

ရှား ဝေဒနာကို မေ့သွားသည်။

သူ့မျက်နှာကို ပြုံး၍ မျက်ဝန်းလေး ထောင့်ကပ်ကြည့်မိတော့



www.burmeseclassic.com

www.burmeseclassic.com



နဖူးလေးမှာ အနမ်းတစ်ပွင့် ကြွေဆင်းလာ၏။

"ရှား"

"ဟင်"

"မင်းကို ကိုယ် သိပ်ချစ်တယ်"

ကိုယ်လေးကို တင်းခနဲ ထွေးဖက်ကာ ပါးချင်းကပ်ထားလိုက်မိသည်။

"ခေါင်းဆောင် မာဃီ စိတ်ပူနေလောက်ပြီ ဖုန်းဆက်ပေးပါလား ဟင်"

သူက ခပ်ဟာဟာရယ်ကာ

"ကိုယ့် ဟန်းဖုန်းက ဟိုကောင့်နဖူးနဲ့ မိတ်ဆက်ပြီး ကွဲသွားပြီလေ၊ ရပါတယ် ဒီမှာ ဖုန်းတွေပေါ်တယ်၊ မင်းသာ ကိုယ့်ကို လက်ထပ်မယ်လို့ပြော၊ လူကြီးတွေကို ချက်ချင်းဖုန်းပြေးဆက်မယ်၊ သူတို့ ကျေနပ်သွားမှာပါ"

ရှား ငြိမ်ငြိမ်လေး ကုတ်နေသဖြင့် တင်းကျပ်စွာ ပွေ့ထားရင်း သူ ငုံ့ကြည့်မိသည်။

"ရှား ပြောလေကွာ"

"ဟင့်အင်း"

"ကိုယ့်ကို မုန်းနေတုန်းပဲလား"





"ဟင့်အင်း"

"လက်မထပ်ဘူးလို့ မပြောဘူး မဟုတ်လား"

ဟင့်အင်းလို့ ထပ်မပြောဘဲ ရှားက ပြုံးလိုက်သည်။

လှလည်း

တကယ်ဆို အချစ်က ရင်ထဲမှာ ရှိနှင့်ခဲ့ပြီးသား။ ဖွင့်ပြောရမှာက စောပါသေးသည်။

"ရှား"

"ဟင်"

"ကိုယ့်ကို နှိပ်စက်ဖို့နည်းတွေ စဉ်းစားနေတာဆိုရင် ပြောထားမယ်နော်၊ ခေါင်းဆောင် ဆိုတဲ့ကောင်က ဒေါသဖြစ်ရင် တအားနမ်းတတ်တယ်"

"အို သွား"

ရှား ရှန်းပေမယ့် မရပါ။

သူ့အနမ်းတွေကြားမှာ ရင်တွေ တလှပ်လှပ် တုန်လာသည်။ ကားဆီ ပြေးလာခဲ့သော ဇင်မြင့်သူ ခြေလှမ်းတွေ ရပ်တန့်သွား၏။

"အချစ်ည" စံအိမ်လေးထဲမှာ တစ်ယောက်ကိုတစ်ယောက်တွဲထွက်လာကာ ဟိုလူနှစ်ယောက် ကားရှိနေသေးတာကို မြင်ကာ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြေးဝင်သွားကြတာကိုလည်း ဖင်မြင့်သူ မြင်လိုက်၏။

ရန်သူတွေကို ဘယ်လိုစီရင်ကြမှာလဲ။

ရှေ့ ဘာတွေဆက်လုပ်ကြမှာလဲ။

သူတို့မှာ ကားပေါ်မှာ နှစ်ယောက်တည်း တစ်ကမ္ဘာလုံးကို မေ့နေသလားမသိ။ ပြောတော့ဖြင့် ရန်ကုန်ကိုတောင် မလာချင်ဘူးတဲ့။

ဖင်မြင့်သူ မျက်နှာကြီး ရှုံ့မဲ့လျက် ခေါင်းက ဆံပင်တွေကို သပ်၏။

ဒီကောင် လုပ်လိုက်ရင် တကယ့်ကို ဖွတ်တာရွတ်။

BURMESE CLASSIC .com

ပရိသတ်အတွက်
အမြဲတမ်း
ဂျူး

ဂျူး ၅၇၆ပ

www.burmeseclassic.com